www.burmeseclassic.com



www.burmeseclassic.com

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး။
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စီစဉ်သူ

ကိုဖြိုး/ဇာခြည်

လျှို့ဝှက်ဆန်းကြယ်စာရေးဆရာကြီး

# သူရိန်ခေတ္တ

# အိုင်အိုနန်းထိုက်

နှင့်

# သွေးလမ်းပေါ်မှာချစ်ပူးစာ

ဖြန့်ချိရေး
စိန်မိုးယံစာပေ
အမှတ်-၃၀၊ လမ်း-၉၀၊ ၆-လွှာ(ယာ)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၃၈၂/ ၂၀၀၃ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀ ၂၈၀၅၈၇
ပုံနှိပ်ခြင်း - (ပထမအကြိမ်)
ထုတ်ဝေသည့်လ - ၂၀၀၅-ခုနှစ်၊ စက်တင်ဘာ၊
အောက်တိုဘာလ
တန်ဖိုး - ၇၀၀ ကျပ်
အုပ်ရေ - ၅၀၀
အတွင်းပုံနှိပ်သူ - ဒေါ်ခင်စန်းမြင့် (၀၅၅၄၉)
ဟသ်ာပုံနှိပ်တိုက်၊ ၁၁/၁ ၂၅-လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ်သူ - ဦးမောင်မောင်လေး (၀၇၀၅၁)
စန္ဒာဝင်းပုံနှိပ်တိုက်
၂၀၉၊ ၃၆-လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးနှင်းဆွေ (၀၉၈၃)
ပန်းလက်ဆောင်စာပေ
၅၁၆(ခ)၊ ပုလဲ ၄-လမ်း၊
၅-ရပ်ကွက်၊ မြောက်ဥက္ကလာပ၊
ရန်ကုန်မြို့ ။



လျှို့ဝှက်ထွေပြား ညမင်းသားနှင့် ပဥ္စလက်အဘိုးအို

တထောင့်နှစ်ရာ တစ်ဆယ့်ရှစ်ခု, တော်သလင်း လ၏ လကွယ်ညဟုဆိုရပေမည်။

တစ်လောကလုံးမှာ အမည်းရောင် ကမ္ဗလာကြီး ခြုံလွှမ်းထားသည့် အလားပီဘိမည်းမှောင်လွန်းလှသည်။

မင်္ဂလာဒုံ အင်းစိန်လမ်းနဘေးရှိ ကြီးမား၍ အိုးဟောင်းလှသည့် ခြံကျယ်ကြီးအတွင်းရှိ အိမ်အိုကြီးတစ်လုံးမှာ အမှောင်ထုရှေ့အောက်တွင် မကောင်းဆိုးရွား တစ်ကောင် ဝုတ်တုတ်ထိုင်နေသည့် မမာရှိနေလေ၏။

အုပ်ဆိုင်းညို့မှိုင်းနေသည့် မရမ်းပင်နှင့် အခြားအပင်များမှာလေတိုးလိုက်တိုင်း တဟဲဟဲ တရှဲရှဲ အော်မြည်လျှက်ရှိသည်သာမက အခက်အလက်အရွက်များမှာ အသံပလံပေါင်းစုံ မြည်ဟီးလျှက်ယိမ်းထိုးနေကြ၏။

အားငယ်တတ်သူများအဖို့ တစ္ဆေသရဲများ ယိမ်းထိုးကခုန်နေသည်ဟု ထင်မှတ်ကာ ကြောက်လန့်တကြားထွက်ပြေးကြမည်မှာ သေချာလှပေ၏။

"ဂူး . . . . ဂစ် . . . . . ဂီး"

"ဝူး . . . . အို . . ဝု . . . ဝူး"

www.burmeseclassic.com

www.burmeseclassic.com



ထိုမှုမက ညဉ့်ငှက်၏ အော်မြည်သံက တိတ်ဆိတ်သော အမှောင်လောကကို တွင်းဖောက်၍ ပေါ်ထွက်လာတတ်သကဲ့သို့ ခွေးအူသံကလည်း ခြံကျယ်ကြီးမနီးမဝေးမှ စူးစူးရှရှ ပေါ်ထွက်လာလေ့ရှိရာ ကျောချမ်းဖွယ်အတိ ဖြစ်နေလေတော့၏။

သို့ရှိစဉ် . . အိမ်အိုကြီးဆီက ဖျပ်ခနဲမီးရောင်တစ်ခုထွက်ပေါ်လာခဲ့သည်။

မီးရောင်မြင်ရသည်နှင့် မရှေးမနှောင်းမှာပင် သစ်ရွက်ခြောက်များပေါ် ခပ်ရွရွခပ်ဖွဖွနင်းလာသည့် ခြေသံသည်လည်း ခြံကြီးအတွင်းတွင် ထွက်ပေါ်လာ၏။

ခြေသံရှင် လူရိပ်က ခန္ဓာကိုယ်ကို ညင်သာစွာရွေ့လျားကာ အိမ်ကြီးဆီသို့ တရွေ့ရွေ့တိုးကပ်သွားသည်။

"ဝှီး . . . . ဝှစ် "

" ဟိုက် . . . "

ထိုအခိုက် . . . အရှိန်ပြင်းစွာ ပျံသန်းလာသော လင်းနို့တစ်ကောင်က ထိုလူကိုဝင်တိုက်မိရာ အလန့်တကြားလျှက်တစ်ပြက်ပင် လက်ကိုဆန့်ထုတ်၍ ရိုက်ချလိုက်၏။

"ကဲကွာ . . . "

" ဖျပ် . . . "



"ဘုတ် . . . "

လင်းနို့မှာ အရိုက်ခံရသဖြင့် ဒါဏ်ကြောင့်မြေပြင်တစ်နေရာသို့ကျသွားကာ လူးလွန့်လျှက်ရှိနေရှာ၏။

ထိုသူက စူးရှသော တောက်ပသော မျက်လုံးအစုံနှင့် လင်းနို့ကိုကြည့်လိုက်ပြီးလျှင် နှုတ်ခမ်းတွန့်ယုံမျှ ပြုံး၍ မီးရောင်လဲ့လဲ့တွေ့မြင်ရသည့် အိမ်အိုကြီးဆီသို့ ဆက်လက် လျှောက်လှမ်းသွားတော့သည်။

နှင်းစက်နှင်းပေါက်တို့က သစ်ရွက်ကြွေများပေါ်သို့ ဟာဖောက်ဖောက် ကျရောက်လျှက်ရှိနေဆဲ . . . ။

မိုးမှောင်ညမှာ သတိပေးစာ

"ဟူး . . . ဟူး . . . ဟူး"

"ဝေါ . . . ဝေါ . . . "

လျှပ်ရောင်များနှင့် မိုးခြိမ်းသံများ အကြားမှကြီးမားကျယ်ဝန်းလှသော ခြံကြီးအတွင်းရှိ ပိန္နဲ, မာလကာ, သရက်စသည့် အပင်ကြီးများကို လျှပ်တစ်ပြတ်တွေ့မြင်ရပေမည်။

အထီးတည်း မားမားမတ်မတ် ရှိနေသည့် အိမ်ကြီးကား သွန်စွာခြောက်ကပ် တိတ်ဆိတ်သည့် အနေအထားရှိနေပေသည်။

www.burmeseclassic.com



မည်သည့်အရောင်ဟူ၍ ခွဲခြားခြင်းငှါမစွမ်းသာသည့် ကန့်လန့်ကာများသည် လေကြမ်းအဝှေ့တွင် တဖျပ်ဖျပ် တလှုပ်လှုပ် ရှိနေပေသည်။

"သမီးရေ . . . သမီးလေး . . ."

မှောင်မိုက်သော အခန်းတွင်းမှ အဘိုးအိုတစ်ဦး၏ ခေါ်သံနှင့်အတူ အပေါ်ထပ်မှ ထူးသံသည် ရုတ်ချည်းထွက်ပေါ်လာ လျှက်လှေကားမှ တဒုံးဒုံးပြေးဆင်းလာသံကို ကြားလိုက်ရသည်။

" သမီး . . . သမီးရေ . . ."

လေသံ သဲ့သဲ့က မိုးသံလေသံများကြားမှ ထပ်မံပေါ် ထွက်လာပြန်သည်

"လာပါပြီဖေဖေ . . . လာနေပါပြီ။

အခန်းဝမှ မိန်းမပျိုတစ်ဦး၏ ပုံရိပ်သည် လျှပ်ရောင်များ အောက်၌ ပီပြင်လှသည့် ပန်းချီကားချပ် တစ်ခုပမာပေါ်လွင်နေ သည်။

"သိပ်အေးပြီး , အဖေရင်ကြပ်လာတယ်, အဟွတ် . . . အဟွတ် . . . ဟွတ် . . ဟွတ် "

"အို . . ဒီလိုဆိုရင် သမီး မီးအိမ်ကို ထွန်းညှိလိုက်မယ် ပေးပြီးတော့မှ ဖေဖေ့ကိုဆေးတိုက်ရမယ်"



"အေး . . . . အေး"

မိန်းမပျိုက အခန်းထောင့်စားပွဲဆီသို့ စမ်းလျှောက်သွား ကာ ကြေးဝါးမီးခြစ်ကြီးကို လှမ်းယူ၍ အဆက်မပြတ်ခြစ်လိုက် သည်။

"ထောက် . . . ထောက် "

"အရေးထဲမှာ ဒီမီးခြစ်ကလဲ"

" အဟွတ် . . . ဟွတ် . . ဟွတ် "

မီးခြစ်ခြစ်သံ, မိန်းမပျို၏ စိတ်မရှည်စွာ ရေရွတ်သံနှင့် အဘိုးအို၏ ချောင်းဆိုးသံများသည် ဆက်တိုက်ဆိုသကဲ့သို့ အိမ်ကြီး အတွင်း၌ ဆင့်ကဲ့ဆင့်ကဲ့ ထွက်ပေါ်လျှက်ရှိသည်။

ကံအားလျော်စွာ မီးခြစ်မှ မီးကထတောက်လာသည်တွင် မိန်းမပျိုကစားပွဲတွင် အသင့်ရှိနေသော စတွန်းကင်းမီးအိမ်၏ မီးဇာတွင်ထွန်းညှိလိုက်သဖြင့် တစ်ခန်းလုံး အလင်းရောင်ဖြန့်ကြက် သွာတော့သည်။

ချက်ချင်းပင် မိန်မပျိုက ကုတင်ဆီသို့ရွေ့လျားသွားကာ တင်ပလ္လင်ထိုင်၍ လဲလျောင်း အိပ်စက်နေသော အဘိုးအို၏ ရင်ဘက်သို့ဖြူဖွေးနုရွသော သူမ၏လက်အစုံဖြင့် ညင်ညင်သာသာ ဖိနှိပ်ပေးရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်း . . . သမီးလေး ဖိပေးလို့လားမသိဘူး တော်တော်လေး သက်သာသွားတယ် ဆိုရမယ်"

"ဒါဖြင့် . . . ပိုသက်သာသွားအောင် ဟောဒီ အမောဖြေဆေးကို သောက်လိုက်နော် ဖေဖေ"

"အေး . . . . . အေး"

မိန်းမပျိုက ကြေးဇွန်း ကလေးတွင် ဆေးထည့်၍ ဖျော်နေစဉ် . . . အပြင်ဖက်၌ကား . . . လေမိုးသည် ပို၍သည်းလာသကဲ့သို့ ပို၍လည်း သည်းထန်လာသည်။

"ဒီညကျမှ လေမိုးတွေကလဲ ထန်လိုက်တာ ဖေဖေရယ်"

"အဟွတ် . . . ဟွတ် . . . ဘာလဲ, သမီးကြောက်နေလို့လား . . . ကွယ်"

မိန်းမပျိုက ပြန်လည်ဖြေကြားခြင်း မပြုဘဲဆေးတိုက်ရန် အသင့်ကိုင်ထားသော ကြေးဇွန်းမှတဆင့် သူမမျက်လုံးများကို အခန်းတွင်းသို့ ဝေ့ဝဲကြည့်ရှုလိုက်သည်။

ဤတွင် . . . အရွယ်အစား အမျိုးမျိုး, ပုံပန်းသဏ္ဌာန် အမျိုးမျိုးရှိနေသည့်, ပန်းပုရုပ်, ဖယောင်းရုပ်, ပလာစတာရုပ်များသည် သူမအားလှောင်ပြောင်သည့် အနေအထားဖြင့် ကြည့်နေသည်ဟု မှတ်ထင်လိုက်မိ၏။



"ဟင်း . . . ."

သူမက သက်ပြင်း တစ်ချက်ချလိုက်ပြီး နောက် . . . အိပ်ယာပေါ်မှ ဖခင်ဖြစ်သူ အဘိုးအိုကိုဖေးမလျက် ဆေးတိုက်လိုက်၏။

"ဗျောင်း . . . ဝုန်း"

"အမေ့ . . ."

ထိုအခိုက် အိမ်ကြီး၏ သွပ်မိုးပေါ်သို့ သစ်ကိုင်းတစ်ကိုင်း ကျိုးကျသံ ရုတ်ချည်းထွက်ပေါ်လာသဖြင့် မိန်းမပျိုမှာလန့်ဖြန့်၍ ဟစ်အော်လိုက်မိတော့သည်။

အဘိုးအိုက အသည်းငယ်ပုံရသည့် သမီးဖြစ်သူကို လှောင်ပြုံးပြုံးရင်း . . . .

"သစ်ကိုင်းကျိုးကျတာပါ သမီးရယ်, လန့်တတ်ရန်ကော" ဟုပြောလိုက်၏။

"ဖျက် . . . . ဖျက်"

"ဂျိန်း . . . ဒလိန်း"

ထိုအခိုက်, လျှပ်စီးများလက်လျက် မိုးကြိုးပြစ်ချသံကြားမြိုန်ရာ သားအဖနှစ်ဦးမှာ လွန်စွာပင် တိတ်ဆိတ်လျက်ရှိနေကြသ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရှိစဉ် . . . . မှန်ပြတင်းမှ တွင်းဖောက် အိမ်ကြီးဆီသို့ ရွေးရှုလာနေသော လူရိပ်တစ်ခုကို လျှပ်စီးရောင်များအောက်၌ မိန်းမပျိုထင်ထင် ရှားရှား တွေ့မြင်လိုက်ရသည်။

"ဖေ . . . ဖေဖေ "

"ဟင် . . . ဘာလဲသမီး"

" အပြင် . . . အပြင်မှာ . . "

"အို . . . သမီးကလဲ, အပြင်မှာ ဘာတွေလို့လဲ"

"သူ . . . သူလေ. . . "

"ဟုတ်ပါတယ် ဖေဖေ, သူလာနေတယ်"

" ဟင် . . . ဟုတ်လား"

ယင်းသို့ ပြောခြင်းနှင့်အတူ အိပ်ယာပေါ်၌ လဲနေသော လူကြီးသည် သန်မာသော လူရွယ်တစ်ဦးပမာ ကုတင်ပေါ်၌ဝေါက်ခနဲ ထထိုက်လိုက်၏။

" ဒုတ် . . . . "

ထိုအခိုက်မှာပင် . . . အဆောက်အဦ၏ အပြင်ဖက်၌ တစ်စုံတစ်ရာ အရှိန်ပြင်းစွာ တိုးဝင်စိုက်သွားသံကို ကြားလိုက်ရတော့သည်။

" အင်း . . . တစ်ခိုခုတော့ တစ်ခုခုဘဲ, ကဲ . . . သမီး



ကစတွန်းကင်းမီးအိမ်ကို ကိုင်စမ်းဟေ့ "

မိန်းမပျိုက ထိတ်လန့်လျှက် မျက်လုံးလေးများဝိုင်းသွားသည်။

ထို့ကြောင့် သူမက . . . .

" အို . . . ဖေဖေ ဖေဖေ, အခန်းထဲမှာနေတာ ကောင်းပါတယ် ဖေဖေရယ်" ဟုဆိုလိုက်၏။

သို့သော် . . . အဘိုးအိုက ကုတင်ပေါ်မှဆင်းရန်ဟန်ပြင်ရင်း ခပ်သွဲ့သွဲ့ ပြုံး၍လျှက် . . . .

"မဟုတ်သေးဘူးသမီး, သူကတစ်နေ့ မဟုတ်တစ်နေ့ မှာ မုချရောက်လာမှာဆိုတော့ အခုဘဲသွားပြီး ရင်ဆိုင်တာ အကောင်းဆုံးဖြစ်လိမ့်မယ်"

" မသွားပါနဲ့နော် . . . ဖေဖေ"

ထိုအခိုက်လျှပ်စီးများ ဖျက်ခနဲ လက်ပြန်လေရာ အုတ်တံတိုင်းပေါ်မှ အပြင်ဖက်သို့ခုန်ကျော်ထွက်သွားသော လူရိပ်ကို တွေ့လိုက်ရပြန်၏။

" သူ. . . ထွက်သွားပြီ ဖေဖေ"

အဘိုးအိုက ခေါင်းညိတ်သည်။

ပြီးလျှင် . . . စတွန်းကင်းမီးအိမ်ကို ဆွဲကာသားအဖ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ဧည့်ခန်းကိုဖြတ်လျှောက်၍ အဝဖြစ်သော တံခါးဆီသို့ ခပ်ဖြေးဖြေးလျှောက်လာခဲ့ကြသည်။

"ဂျလောက် . . ."

"ကျွီ . . . အီ . . . အီ . .

ဂျက်ဖြတ်၍ တံခါးကိုဖွင့်လိုက်သည်တွင် သဲခနဲဝဲခနဲတိုက်ခတ်လာသော လေနှင့်မိုးတို့၏ အတွေ့အထိကို ခံလိုက်ရပြီး သကာလတံခါးဝ၌ စိုက်ဝင်နေသော ရှမ်းဓါးမြှောင်တစ်ချောင်းကို တွေ့လိုက်ရသည်။

"ဓါးရိုးမှာ စာတစ်စောင်ဖေဖေ "

"အေး . . . အေး "

အဘိုးအိုက ဓါးကိုသွက်လက်စွာ နှုတ်၍ ဓါးမြှောင်ရိုးမှ စာကိုလျှင်မြန်စွာဆွဲယူဖြန့်ဖတ်လိုက်ရာ အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရပေတော့၏။

ပန်းပုဆရာကြီး,

လာမယ့် လကွယ်ညမှာ ခင်ဗျားရဲ့ သေမင်းဖြစ်တဲ့ ကျုပ်က ခင်ဗျားကို ဆက်ဆက် လာတွေ့ပြီးဇီဝိန်နှုတ်ဖေးပါမယ် . . . မပျက်ကွက်စေရပါ ။ ။



မိုက်ခဲမြွေငန်း

မကြာမီ အိမ်အိုကြီး၏ ဆင်ဝင်ခေါ် ပေါ်တီကိုအောက်သို့ရောက်လာခဲ့တော့သည်။

' ကျွီ . . . ကျွီ . . . အီ . . . အီ '

ဆီထည့်ထားခြင်းမရှိသည်မှာ နှစ်ပေါင်းကြာညောင်းလှပြီဖြစ်ကြောင်း တံခါးရွက်လေတိုးသံက ဖော်ပြနေတော့သည်။

ညဥ့်ဧည့်သည်က တံခါးရှေ့တွင် ခေတ္တရပ်လျက် အိတ်ထဲမှ တစ်စုံတစ်ခုကို ထုတ်ယူရာ အိမ်ကြီးပေါ်မှ မှုန်ပျပျအလင်းရောင်အောက်တွင် လက်ခနဲဝင်းသွားသည်ကို တွေ့မြင်မိလေ၏။

အမှန်စင်စစ် ထိုအရာမှာ လွန်စွာထက်မြက်ရသည့် ဂေါ်ရခါး ဓားကောက်တစ်ချောင်းသာ ဖြစ်ပေတော့၏။

သူသည် ခပ်နဲ့နဲ့မျှသာ ရှိသည် အပေါ်ထပ်တက်သည့်လှေကားကြီးမှ အေးဆေးညင်သာစွာ တက်လာခဲ့၏။

၎င်း၏ အမူအရာမှာ လွန်စွာအေးဆေးငြိမ်သက်လျက်ရှိသည်ဟု ထင်မှတ်ရသော်လည်း သိန်းငှက်ကဲ့သို့ တောက်ပြောင်ဝင်းလက်လှသည့် စူးရှလှသည့် မျက်လုံးအစုံကမူ နေရာအနှံ့အပြားသို့ လျှင်မြန်ဖျပ်လပ်စွာ အကဲခတ် ကြည့်ရှုသာကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တွေ့နိုင်လေ၏။

မည်မျှပင် သတိဖြင့် ဖြည်းဖြည်းမှန်မှန် တက်လာသည်ဆိုစေကာမူ၊ ယိုင်နဲ့လှသော လှေကား၏ အခြေအနေကြောင့် တဒုန်းဒုန်းမြည်သော ခြေသံမှာ အတိုင်းသားထွက်ပေါ်လျက်ပင် ရှိ၏။

သူသည် အသင့်ပွင့်လျှက်ရှိသည့် အပေါ်ထပ် အခန်းဝတွင်ခြေကိုခွဲ၍ သတိရှိရှိရပ်နေလိုက်၏။ ညာလက်တွင်မူ ဂေါ်ရခါး ဓားကောက်ကို ခပ်ဆဆကိုင်ထားလေသည်။

'အဟမ်း . . . အဟမ်း'

သူကချောင်းသံပေးလိုက်၏။

ထိုအခိုက် အခန်းတွင်မှ ရယ်မောသံကြီးတစ်ခု ထွက်ပေါ်လာလေ၏။

' ဟား . . ဟား . . . ဟား '

အမှောင်၏ အကာလ ညအခါ၌ ထိုကဲ့သို့ အောင်မြင်စွာ ရယ်မောသံကြီးမှာ တစ္ဆေသရဲ တစ်ကောင်၏ မြူးတူးသံကဲ့သို့ မှတ်ယူနိုင်ပေတော့၏။

တံခါးဝမှလူက ရှေ့သို့ခြေတစ်လှမ်းတိုး၍ ရပ်လိုက်၏။

'ဩော် . . . မင်းရောက်လာပြီကိုး ၊ ဟား . . . ဟား . . . ဟား



သဘောကျတယ်ဟေ့၊ ချီးလဲ့ချီးကျူးတယ်၊ ဒီတော့ တို့က အိမ်ရှင်အနေနဲ့ ဧည့်ခံရမှာပေါ့ကွာ'

အတွင်းခန်းမှ စကားသံအဆုံးတွင် . . .

'ဝှစ် . . . ဝှစ် . . . ဝှစ် '

'ထန်း . . . ထင်း . . . ဒလောင် '

'ဒုတ် . . . ဒုတ် . . . ဒုတ်'

အခန်းပတ်လည် နေရာ အသီးသီးမှ ဓားပျံ သုံးချောင်းမှာ ပိတုန်းမှုံများအလား ရှတ်တရက် တဝီဝီ ဝဲပျံ ထွက်ပေါ်လာရာ တံခါးဝမှ လူက ဓားပျံများကို ၎င်း၏ လက်တွင် ကိုင်ဆောင်ထားသောဂေါ်ရခါး ဓားကောက်ဖြင့် ဇယ်စက်သဖွယ်သို့ လျင်မြန်ဖျတ်လပ်စွာ ရိုက်ချလိုက်နိုင်သောကြောင့် ဓားပျံသုံးချောင်းမှာ အခန်း၏ ဘေးနံရံများတွင် စူးဝင်နစ်မြုပ်လျက်စိုက်နေတော့၏။

'ဝှီး'

ထိုစဉ် ထုပ်တန်းပေါ်မှ လေးပင်စွာကျလာသည့်ကြိုးကွင်းတစ်ကွင်းက ထိုသူအပေါ်သို့ စွပ်မိသွားတော့သည်။

သို့ရာတွင် ထိုသူက ကျားသစ်တစ်ကောင်အလား ကြိုးကွင်းအတွင်းမှ လျင်မြန်စွာ ခုန်ထွက်၍ လက်ထဲမှ ဂေါ်ရခါး ဓားကောက်ကို ပစ်လွှတ်လိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



'ဝှစ်'

'အား'

'ဒုန်း . .'

အသံများသည် ဆက်တိုက်ထွက်ပေါ်လာပြီးလျှင် မုတ်ဆိတ်ဖွေးဖွေး၊ နှုတ်ခမ်းမွေးဖြူဖြူနှင့် ခွန်အားဗလကောင်းမွန်လှသည့် လူကြီးတစ်ဦးမှာ အပေါ်မှကျလာ၍ အခန်း၏ အလယ်ဗဟို၌ မျက်လုံးအပြူးသားဖြင့် ပက်လက်အနေအထား ရှိနေပြီးနောက် ရင်ဝတွင်မူ တဆတ်ဆတ် လှုပ်လျက် ရှိသည့် ဂေါ်ရခါး ဓားကောက်ကြီးကို အသည်းယားစဖွယ် တွေ့မြင်ရတော့၏။

'ဝှီး'

'ဒေါက်'

လုံရှည်တစ်ချောင်းက မတ်တက်ရပ်နေသူထံ ပြေးဝင်လာပြန်လည်တွင် ထိုသူက တစ်ပတ်ကျွမ်းဖြင့် လှိမ့်လျက်လဲကျ သေဆုံးနေသူ၏ အပေါ်မှ ကျော်သွားရာ လုံရှည်မှာ ဇင်းမှူလ ရပ်နေသည့် နေရာတွင် စိုက်လျက် ယမ်းခါနေသည်ကို တွေ့မြင်ရတော့၏။

ထိုအခိုက် မှုန့်မျပျ အလင်းရောင်မှာ လုံးဝ ပျောက်ကွယ်သွားပြီးနောက် မရှေးမနှောင်းမှာပင် အရိပ်နှစ်ခုသည် အခန်းတွင်း



သို့ ကျရောက်လာပြန်လေ၏။

'ဒီလိုလုပ်ကြမှပေါ့ဗျ . . . ဟဲ . . . ဟဲ. . . ဟဲ '

တစ်ယောက် သမားက သဘောကျစွာ ပြော၍ ရယ်၏။ နှစ်ယောက်အနက်မှ တစ်ယောက်က . . .

'အေးလေ . . . ချက်ချင်းသေသွားမှာစိုးလို့ တို့က အချိန်ဆိုင်းထားတာကို အဟုတ်အောက်မေ့နေတာကိုး ၊ ကဲ . . . လာဗြို '

' ဝှီး . . . ဝှစ် . . . ဝှစ် '

'ဝှီး . . . ဝှီး '

ဒလောင် . . . ဒလောင် . . . ဒင်'

ပြူအောင်းပေါက်မှ ဝင်ရောက်လာကြသည့် ကြယ်ရောင်တချို့၏အလင်းဖြင့် တွေ့မြင်နေရသော တစ်ဖက်မှ ဗလ ကောင်းကောင်း လူနှစ်ယောက်၏ ဓားချက်များကို ဂေါ်ရခါး ဓားကောက်ဖြင့် လျင်မြန်ဖျတ်လတ်စွာ ဖမ်းထား၍ တိမ်း၏။ ယိမ်း၏။ ရှောင်၏။ ... ၏။ ခုတ်၏။ ပူး၏။ ဝှေ့၏။ ဗန်တိုနည်းဖြင့် ကိုင်ပေါက်၏။

လူနှစ်ယောက်နှင့် တစ်ယောက်၏ သက်လုပွဲကြီး တစ်ပွဲ ... ဝင်မည်းတိတ်ဆိတ်လှသည့် အိမ်ပျက်ကြီး၏ အခန်းတစ်ခု၌ ... နွှဲနေသည်မှာ အသသည်းငယ်သူများအဖို့ လိပ်ပြာလွင့်စဉ်

www.burmeseclassic.com



စေမည့် မြင်ကွင်း [illegible]

'ဟား ဟား ဟား . . . မင်း မှဆိုးပါဘူး ၊ ဒါပေမယ့် . . ဒီ တစ်ခါတော့ မင်းဇီဝိန်ကို အပြတ်ချွေပေးရတော့မှာပေါ့ကွာ . . . ကဲ . . .'

'ဟုတ်တယ် . . . ကြားတယ် . . . ခုတ်ကွာ'

'ဝှီး . . . ဝှီး '

'ဝှီး . . . ရွှပ်'

အရောင်များ တဖျပ်ဖျပ် လက်သွားပြီးနောက်၊ အခန်းတွင်း၌ လေတိုးသံများ တဝှီးဝှီး ထွက်ပေါ်လာပြန်တော့၏ ။သို့သော် မကြာမီတွင် . . . .

'အိုး'

'ဒုန်း'

နှစ်ယောက်သမားများအနက်မှ လူတစ်ယောက်သည် အော်ဟစ်၍ ကြမ်းပြင်ပေါ်သို့ လဲကျသွားတော့၏။

'ဟင်'

'ဟဲ ဟဲ . . . အစုနေ ပြေးချင်ရင်ပြေးလေ၊ ခင်ဗျား ကျုပ်လွှတ်လိုက်ပါ့မယ် . . . . ဘယ့်နှယ်လဲ'

' ဘာကွ . . . ကဲကွ '

'ဝှစ် . . . ရွှပ် '



နှစ်ယော[illegible]ဦးက ဒေါသဖြင့် တရှုးထိုး ဝင်ရောက်ခုတ်ပိုင်းသည်တွင် ညဥ့်ချည်သည် အလိုက်သင့် ပေါ့ပါးသွက်လက်စွာ ဘယ်ညာ တိမ်းရှောင်လိုက်ပြီးနောက် ဂေါ်ရခါး ဓါးကောက်ကြီးကို ဝှေ့ယမ်းလိုက်တော့၏။

'ဝှီး '

'အား '

'ဒုန်း '

အသံနက်ကြီးသည် အိမ်ကြီး တစ်အိမ်လုံး သိမ့်သိမ့်တုန်မျှ ထွက်ပေါ်သွားပြီးနောက် ကြမ်းပြင်ပေါ်သို့ ပြင်းထန်စွာလဲကျသွားသံကြီးကိုပါ ကြားလိုက်ရပြန်သည်။

ထိုအခိုက် အခန်း အမြောက်အများရှိသည့်အနက် အခန်းတစ်ခန်းမှ မီးရောင်တစ်ခု လင်းလာတော့သည်။

'ကျွီ . . . အီ အီ'

' ဖျပ် . . . ဖျပ် '

ခြေသံသည် ညဥ့်ချည်သည် ရှိရာသို့ ရှေ့ရှု၍ တည့်မတ်စွာ ချွလျားလာနေရာ ထိုသူက မျက်စိနှင့် နားများကို အမွမ်းကုန် ဖွင့်၍ သွေးစွန်နေသည့် ဂေါ်ရခါး ဓားကောက်ကို အသင့်ကိုင် ဆောင်လျက် အန္တရာယ်ကို စောင့်စားနေလေ၏။

သို့ရှိစဉ် လေပြင်းတစ်ချက်သည် ပြင်းထန်စွာ တိုက်ခတ်

www.burmeseclassic.com

www.burmeseclassic.com



လေရာ အိမ်ကြီးပေါ်ရှိ အရာဝတ္ထုများ အသံစုံထွက်ပေါ်လျက် တလှုးလှုးတလွင့်လွင့် ဖြစ်သွားကြကုန်တော့၏။

ဤတွင် လျှောက်လာသူ၏ ဆံစရှည်ကြီးများသည် လေတွင်လွင့်ပျံဝဲသွားရာ လွန်စွာရှည်လျားလှသော ဆံကေသာ ပိုင်ရှင်မှာ ယောကျာ်းသားတစ်ဦး မဟုတ်ဘဲ မိန်းမသားတစ်ဦးသာ ဖြစ်ကြောင်း ထိုသူ သတိပြုမိလေတော့၏။

မိန်းမပျိုသည် လက်တစ်ကမ်းအကွာ၌ ခြေစုံရပ်လိုက်ပြီး လျှင်ထိုသူအား စူးရှသော မျက်လုံးများနှင့် စိုက်ကြည့်လိုက်၏။

ကြယ်ရောင်ဖြင့် ဝိုးတဝါး မြင်တွေ့ရသော်လည်း သူမ၏ အာလှမှာ ထူးထူးခြားခြား လှပနေပြီးလျှင် အမှောင်တွင်းမှပင် ထိုးထွက်လျက် ဝင်းပစွာရှိနေကြောင်း ထိုသူ သတိပြုလိုက်မိ၏။ ထိုသူက . . . . .

'မင်း . . . မင်း'

'ရှင် . . . ဟို . . . ဟိုလေ'

ထိုသူ၏ စကားတစ်ဝက်တပျက်မှာပင် သူမကလည်း ပြည့်စုံခြင်းမရှိသည့် စကားများကို ပြောဆိုလိုက်ပြီးလျှင် သူမလာ ခဲ့ရာ အခန်းဆီသို့ ချာခနဲ လှည့်ထွက်သွားတော့၏။

ထိုသူလည်း သူမနောက်မှ ထက်ကြပ်မကွာလိုက်ပါသွား



ခဲ့ရာမကြာမီ ကျယ်ဝန်းသည့်အခန်းကြီး တစ်ခန်းသို့ဝင်သွားကြောင်း တွေ့ရသည်တွင် ထိုသူလည်း ဝင်လိုက်သွားပြန်လေ၏။

အခန်းတွင်း၌ ကျွန်းသားခုတင်ကြီးတစ်လုံးရှိပြီးလျှင် ခုတင်ဘေးရှိ စားပွဲလေးတစ်လုံးပေါ်တွင် ဆီမီးခွက်တစ်ခွက်ကို မီးထွန်းလျက်သား တွေ့ရလေသည်။

ထိုမီးခွက်၏ အလင်းရောင်ဖြင့် ခုတင်ပေါ်၌ ပက်လက် လဲလျောင်းနေသည့် မှတ်ဆိတ်ကျင်စွယ်ဖြင့် ပိန်လှီသော်လည်း ခန့်ညားသည့် အဘိုးအိုတစ်ဦးကို တွေ့ရပြန်တော့သည်။

ဧည့်သည်လူစိမ်းအား ထိုအဘိုးအိုက ခပ်ယဲ့ယဲ့ ပြုံး၍ ကြိုးဆိုလိုက်၏။ မိန်းမပျိုမှာမူ တစ်ဖက်ခုတင်ဘေးတွင် ဆံပင်ဖားလျားချ၍ တိတ်ဆိတ်စွာ မတ်တတ်ရပ်နေ၏။

မီးခွက်၏ အလင်းရောင်တွင် သူမ၏ ပြစ်မျိုးမှည့်မထင် သောအလှသည် ဝင်းဝင်းပပ ပေါ်လွင်လျက်ရှိပေတော့၏။

သို့သော် သူ၏လှပသော နှင်ဆီးပွင့်သဏ္ဌာန် နှုတ်ခမ်းများ ကိုမူကား တင်းတင်းကြပ်ကြပ် စေ့ထားလေ၏။

ခုတင်ပေါ်မှလူကြီးကိုတွေ့ရသည့် ခဏတွင် ဧည့်သည် လူစိမ်း၏ ကိုယ်ခန္ဓာသည် ဆတ်ခနဲ တုန်လှုပ်သွားပြီးနောက် ညာလက်၌ အသင့် ကိုင်ဆောင်ထားသည့် မာ်ါရခါဓား

www.burmeseclassic.com

www.burmeseclassic.com



ကောက်ကြီးသည် လေထဲသို့ လျင်မြန်စွာမြောက်တက်သွားလေတော့၏။

ခုဘင်ပေါ်မှ အဘိုးအိုးကား မြှောက်ထားသည့် ဂေါ်ရခါးဓားကို မကြည့်ဘဲ မွန်ရည်၍ တည်ကြည်လေးနက်ကာ စူးရှထက်မြက်သော မျက်လုံးများပိုင်ရှင် လူရွယ်၏ မျက်နှာကိုသာ ခပ်ပြုံးပြုံးဖြင့် မမှိတ်မသုဉ်ကြည့်နေလေ၏။

ထို့နောက် ဦးခေါင်း တဆတ်ဆတ် ညိတ်လျက် ဗင်း၏ ဦးခေါင်ကို ခေါင်းအုံးဘေးသို့ လှည့်ကြည့်လိုက်တော့၏။

'ခုတ်လိုက ခုတ်ပေတော့ 'ဟူသော သဘောပင်ဖြစ်ပါ၊ပေ၏။

ဧည့်သည်လူစိမ်းကလည်း ထိုအခွင့်အရေးကို လုံးဝလက်လွှတ်ခံခြင်းမပြုဘဲ ဂေါ်ရခါး ဓားကောက်ကြီးကို အဘိုးအို၏ လည်ပင်းရှိရာသို့ အရှိန်ဖြင့် ခုတ်ချလိုက်တော့၏။

'ဝှီး'

သို့ရာတွင် ထိုအချိန်၌ လေပြင်းတစ်ချက် တိုက်ခတ်လာပြီးလျှင် ၊ မီးခွက်မှာ ငြိမ်းသွားပြီးနောက် . . .

'ဒေါက် '

ဗင်း၏ ဓားချက်မှာ အဘိုးအို၏ လည်ပင်းနေရာအား



ခေါင်းအုံးဘေးမှ ခုတင်ပျဉ်ခင်းကိုသာ ခုတ်မိတော့၏။

'ဟင် '

အဘိုးအိုနှင့် မိန်းမပျိုးကား ထူးဆန်းစွာ ရုတ်ချည်း ပျောက်ကွယ်သွားတော့၏။ ဆန်းပြားလှပေစွ။

ဧည့်သည် လူစိမ်းသည် 'ဓားကောက်' တစ်ချက်ကို ပြင်းပြင်း ခေါက်လျက် အခန်းပတ်လည် နှံ့စပ်စွာ ကြည့်ရှု၏။ သို့သော်လည်း မိန်းမပျိုနှင့် အဘိုးအိုတို့ နှစ်ဦး၏ အရိပ်အယောင် တစ်စွန်းနတစ်စတို့မျှ မတွေ့ရပါတော့ချေ။

နောက်ဆုံးတွင် သူသည် မှောင်မည်း တိတ်ဆိတ်လှသည့် ချောက်ချားဖွယ်ရာ အိမ်အိုကြီးအတွင်းမှ မကျေမနပ်ဖြင့် ထွက်ခွာသွားလေတော့၏။

✧✧ ✧✧ ✧✧

[illegible]တိုက် ဆိုင်ဆိုင်

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က မေဂျာအောင်ဒင်သည် တပည့်ကျော်ဖိုးချစ် ပြင်ဆင်ပေးသော လက်ဖက်ရည်တစ်ခွက်နှင့် ကြက်ဥပေါင်း မုန့်ကြော်ကို နံနက် စာအဖြစ်စားသောက်ရင်း၊ သူရိယသတင်းစာကို စိမ်ပြေနပြေ ဖတ်ရှုနေခိုက်ဖြစ်၏။

'ကျွိ'

အိမ်ရှေ့ပေါ်တီကိုအောက်တွင် ဖို့ဒ်ကားလေး တစ်စီး ရပ်လာသဖြင့် တပည့်ကျော်ဖိုးချစ်က သွားရောက် တံခါးဖွင့်ပေးသည် တွင် ခန့်ညားတည်ကြည်၍ ပိရိသေသပ်သော နှုတ်ခမ်းနှင့် စူးရှထက် မြက်သည့် မျက်လုံးများပိုင်ရှင် လူရွယ်တစ်ယောက်ကို တွေ့လိုက် ရတော့၏။

ထိုအခါ မေဂျာအောင်ဒင်က . . . .

လာဟေ့ . . . ကိုနန်းထိုက်၊ ရုံးက လှည့်လာတာလား . . . ထိုင်ကွာ'

အိုင်အိုနန်းထိုက်က မေဂျာအောင်ဒင်သို့ အလေးပြုလိုက် ရင်းမှ . . .

' ဟုတ်ကဲ့ . . . မေဂျာ ၊ ဘာရယ်မဟုတ်ပါဘူးဗျာ ပျင်းပျင်းရှိတာနဲ့ ကန်တော်ကြီးဘက်ကားပတ်မောင်းရင်း



ဆရာ့အိမ်လှည့်ဝင်လိုက်တာပါ'

' ဖိုးချစ်ရေ . . . ကိုနန်းထိုက် အတွက် လက်ဖက်ရည် တစ်ခွက်ဖျော်ခဲ့ပါဦးကွာ'

'ဟုတ်ကဲ့ ဆရာ'

ဖိုးချစ်လည်း မီးဖိုဆောင်သို့ ခပ်သုတ်သုတ် ထွက်ခွာသွား ပြီးနောက် ခေတ္တအကြာ၌ အငွေ့တထောင်းထောင်းထနေသည့် လက်ဖက်ရည် ခွက်ကို ကိုင်ကာ ပြန်လည်ရောက်ရှိလာ လေတော့ ၏။

ဗြိတိသျှတပ်ရင်းတွင် စစ်မှုထမ်းကြစဉ်က မေဂျာအောင်ဒင် နှင့် ကိုနန်းထိုက်မှာ တပ်ရင်း တစ်ရင်းစီ ဖြစ်ကြ သော်လည်း သတ္တိ အရာ၌ ပြောင်မြောက်လှသည့် မြန်မာအမျိုးသားများပီပီ တစ်ဦး နှင့်တစ်ဦး လေးစားချစ်ခင်ပြီး ဖြစ်ကြလေ၏။ တစ်ဦးနှင့် တစ်ဦး မကြာခဏလည်း တွေ့ဆုံသိကျွမ်းပြီး ဖြစ်နေလေသည်။

မေဂျာအောင်ဒင် တစ်ယောက် ဗိုလ်မှူးရာထူးရရှိနေစဉ် အိုင်အိုနန်းထိုက်မှာ ထိုစဉ် လက်ဖတင်နင်မျှသာ ရှိလေသေး၏။ သို့ရာတွင် သတ္တိအရာ၌ ထူးချွန်လှသည့် လက်ဖတင်နင်နန်းထိုက် အား ထိုအချိန်ကပင် မေဂျာအောင်ဒင် လေးစားနှစ်သက်ပြီး

မေဂျာအောင်ဒင် စစ်တပ်မှ ထွက်ခွင့်ရ၍ ပုလိပ်ဌာန၌

www.burmeseclassic.com



အမှုထမ်းစဉ်တွင် ကိုနန်းထိုက်မှာ အမှတ် (၃၆) ရှိချိမင့် တပ်ရင်း၌ ကပ္ပတိန်အဖြစ် ရာထူးတိုးမြှင့်ခြင်းခံရလေသည်။

ထို့နောက် အိုက်အိုနန်းထိုက်တစ်ယောက် ဗိုလ်မှူးရာထူးဖြင့် စစ်တပ်မှ ထွက်ခဲ့စဉ်၊ ပုလိပ်ဌာန၌ (. . . . .) အဖြစ် တာဝန်ထမ်းဆောင်နေသည့် မေဂျာအောင်ဒင်၏ တိုက်တွန်းမှု အရ စုံထောက်အရာရှိအဖြစ် ကိုနန်းထိုက် ဝင်ရောက် အမှုထမ်းခြင်းဖြစ်လေသည်။

ကိုနန်းထိုက်၏ သူရသတ္တိ၊ စွန့်စားမှုနှင့် စုံထောက်ကောင်းတစ်ယောက်၏ အရည်အချင်းများကြောင့် နှစ်အနည်းငယ်အတွင်း၌ လူဆိုးလူတေများ ဖိန့်ဖိန့်တုန်မျှ ကြောက်လန့်လာကြပြီးလျှင် အိုင်အိုနန်းထိုက်လိုက်ရသည့် အမှုမှန်သမျှ တရားခံသည် သိကြားမင်းဖြစ်ပါစေ ပြေး၍မလွတ်နိုင်ဟုပင် ဆိုစမှတ်ပြုကြရတော့၏။

မှတ်ချက်။ ။ အသေးစိတ်သိလိုပါက၊ ကျွန်ုပ် ရေးသားသည့် 'အိုင်အို နန်းထိုက်နှင့် လူမည်းကြီး ဦးပန်းသီး' ဝတ္ထုကို ဖတ်ရှုပါက ပိုမိုပြည့်စုံစွာ သိရှိကြမည်ဖြစ်ပါပေ၏။

စာရေးသူ၊



'ကိုနန်းထိုက်ရေ . . . အခုတလော ငါတို့တော်တော်လေး စိတ်ချမ်းသာတယ်ဆိုရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ခိုးမှု၊ လုယက်မှု လိမ်လည်မှု ဆိုတဲ့ အမှုသေးလေးတွေပဲ ရှိတော့ စီအိုင်ဒီက စုံထောက်တွေ အနားရပြီး အအိပ်အစားမှန်နေလေတော့ ဗိုက်ရွှဲကြီးတွေဖြစ်လာမှာတောင် စိုးရိမ်နေရတယ်၊ ဟဲ . . . ဟဲ . . . ဟဲ'

မေဂျာ အောင်ဒင်က သတင်းစာကို ဘေးသို့ချ၍ ထိုသို့ ပြောလိုက်ရာ အိုင်အိုနန်းထိုက်က စီးကရက် တစ်လိပ်ကို မီးညှိဖွာရှိုက်ရင်းမှ . . . .

'ကျွန်တော်တော့ ဒီလို မထင်ဘူး မေဂျာ၊ ကျွန်တော့်ရဲ့ ဆဋ္ဌမအာရုံက နှိုးဆော်နေလို့လားတော့ မသိဘူး၊ အခုအခြေအနေဟာ တနည်းအားဖြင့် မုန်တိုင်းမတိုက်မီ ငြိမ်သက်ခြင်းမျိုးလို့ ကျွန်တော့်စိတ်မှာ ထင်မြင်နေမိတယ်၊ မကြာခင် အနှေးနဲ့အမြန် ဆိုသလို ရှုပ်ထွေးနက်နဲလှတဲ့ အမှုအခင်း တစ်ခုဖြစ်ပွားတော့မှာ သေချာနေသလိုပဲ'

မေဂျာအောင်ဒင်က တည်ကြည်စွာဖြင့် ခေါင်းညိတ်လျက် ရေခဲ့တောင် စီးကရက် တစ်လိပ်ကို ထုတ်ယူမီးညှိနေသည်။ ပြီးလျှင် . . .

'မင်းပြောတာလဲ မဖြစ်နိုင်ဘူး မပြောနိုင်ဘူး ကိုနန်းထိုက်

www.burmeseclassic.com



ဘာကြောင့်လဲဆိုတော့ ဝေလမင်းသား မြန်မာပြည်က ပြန်သွားတာ လေးလနီးပါးရှိနေပြီ၊ အခုထိ အမှုကြီးရယ်လို့ တစ်စုံတစ်ရာ မဖြစ်ပွားခဲ့တာ အံ့ဩစရာအဖြစ်သနစ် တစ်ခုလို့ ပုလိပ်အဖွဲ့ အနေနဲ့ မှတ်တမ်းတင်ရမလို ဖြစ်နေပြီကော၊ ဟုတ်တယ် မဟုတ်လား '

'မှန်ပါတယ် မေဂျာ '

'ဩော် . . . ဒါနဲ့ အခုန မင်းပြောတဲ့ ဆဌမအာရုံ ဆိုတာနဲ့ ပတ်သက်ပြီး ငါကြားဘူးနာခဲ့ ရှိတာတခုကို ပြောပြရဦးမယ် ကိုနန်းထိုက်၊ ကိုယ်တွေ့ ဖြစ်ရပ်ဆိုလဲ မမှားဘူးပေါ့လေ'

'ပြောပါ ခင်ဗျာ '

'ဒီလိုကွ . . . ငါတို့တပ်ရင်း မက်ဆိုပိုတေးမီးယား စစ်မြေပြင်ကို ထွက်ခွာရတော့ ငါ့လက်အောက်မှာ လက်ဖတင်နင် အဖြစ်တာဝန်ယူရသူက ဘနာဂျီဆိုတဲ့ အိန္ဒိယပြည်သား တစ်ဦး ဖြစ်တယ်၊ ဒီရဲဘော်ဟာ ထူးဆန်းမှုတွေပြည့်နှက်နေတဲ့ ရဲဘော် တစ်ဦးလို့ သတ်မှတ်ရမလို ဖြစ်နေတယ်'

' ဟုတ်ကဲ့ မေဂျာ '

မေဂျာ အောင်ဒင်က စီးကရက် တစ်လိပ်ကို ဖွာရှိုက်ပြီး နောက် လက်ဖက်ရည်ကို တစ်ငုံ ငုံလိုက်သည်။ ပြီးမှ . . . .



'ပြောရရင်တော့ ကိုနန်းထိုက်ရာ . . . . ဒီ ကောင်ဟာ သူအခါမှာ အလန့်တကြား အော်ဟစ် တတ်သလို၊ တစ်ခါတစ်ရံကျ တော့လဲ အချိန်မတော် အိပ်ပျော်နေရာက ဘယ်နေရာရယ်လို့ အတိကအကျ မသိရတဲ့နေရာတွေ ပြေးထွက်သွားတတ်တယ်'

'အင်း . . . . မလွယ်ပါလား မေဂျာ ၊ ရန်သူ့ နယ်မြေဆို တော့ ဒီကိစ္စဟာ အလွန် အန္တရာယ်များတဲ့ ကိစ္စတစ်ခု ဖြစ်နေတော့ မှာပေါ့'

'မှန်တာပေါ့ကွာ . . . သို့ပေမယ့် သူ့ကြောင့် တို့ တပ်ရင်း မှာဘာအန္တရာယ်မှ မတွေ့ပါဘူး၊ သူကသာ တပ်ရင်းတစ်ရင်းလုံးက ရဲဘော်တွေ့ရဲ့ အသက်တွေကို နှစ်ခါသုံးခါကယ်ခဲ့ဘူးတာပါပဲ '

'ဩော် . . . ဒီလိုကိုး'

'တစ်ခါက ရန်သူ နယ်မြေမှာ ငါကိုယ်တိုင် တာဝန်ပေးထား တဲ့ တာဝန်ကျ ကင်းသမားလေးယောက်ဟာ အရက်ခိုးသောက်ပြီး မူးမူးနဲ့ ကုလားသေကုလားမော အိပ်ပျော်နေကြချိန်မှာ ငါ့တဲနဲ့ အားချင်းကပ်ထဲမှာ အိပ်နေတဲ့ လက်ဖတင်နင် ဘနာဂျီဟာ ရုတ်တရက် အော်ဟစ်ပြီး . . . ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော်ဆောင်ရွက်ပါ့မယ်၊ ကျွန်တော်ဆောင်ရွက်ပါ့မယ် ဘိုးဝါးစပ်က ပြောရင်း . . . မရှင်းဂန်းတစ်လက်နဲ့ အမှောင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ကိုတရစပ်ဂစ်ခတ်ပါလေးရာ'

'အဆန်းပါလား မေဂျာ'

မေဂျာအောင်ဒင်က ပြုံး၍ ခေါင်းညိတ်ပြ၏။ ထို့နောက် ဆက်လက်၍ ပြောလေ၏။

'သူ့ရဲ့ ပစ်ခတ်သံကြောင့် တစ်ရင်းတစ်ရင်းလုံး အော်တော် မစ်တစ် နိုးကြတော့ တာပေါ့၊ ဒီမှာတင် အပြေးအလွှားလက်နက် စွဲကိုင်းရင်း နေရာယူ အသင့်ပြင်ကြတော့တာပေါ့ ကိုနန်းထိုက်'

'ဟုတ်ကဲ့ . . . မေဂျာ'

'နောက်ဆုံး လက်ဖတင်နန်ဘနာဂျီကို ဖမ်းချုပ်ပြီး စစ်မေးကြည့်တဲ့အခါမှာ သူက သူ့ရဲ့ပစ်မှတ်တွေ့ကို လိုက်ပြတယ်လေ ဒီတခါမှာ ဘာတွေ့ရတယ်ထင်သလဲ ကိုနန်းထိုက်'

မေဂျာအောင်ဒင်က ကိုနန်းထိုက်ကို ပြုံး၍ မေးသည်တွင် အိုင်အိုနန်းထိုက်က ခေါင်းခါပြသည်၌ . . . .

'ရန်သူရဲ့ အသေခံကွန်မင်ဒို ဆယ်ယောက်ရဲ့ အလောင်းနဲ့အတူ လက်နက်မျိုးစုံကိုလဲ တွေ့ရတယ်လေ'

ထိုအခါ အိုက်အိုနန်းထိုက်က မရှင်းသဖြင့် မေးလိုက်၏။

'အဲဒီရန်သူတွေလာတာကို လက်ဖတင်နင် ဘနာဂျီက သိလို့လား'



'အဲဒါပြောတာပေါ့၊ သူလဲနှစ်နှစ်မချိုက်ချိုက် အိပ်မောကျနေတာပါတဲ့၊ ဒါပေမယ့် သူ့ရဲ့ ဆဌမအာရုံလို့ ပြောရမလား၊ အိပ်မက်လို့ပြောရမလား၊ ဒါမှမဟုတ် သူ့ဘကြီးရဲ့ ဝိညာဉ်က နှိုးဆော်မှုလားတော့ မပြောတတ်ဘူး၊ စခန်းရှေ့မှာ ရန်သူတွေလာနေကြပြီ ထွက်ပြီးခုခံစမ်းလို့ သူ့ဘကြီးနဲ့တူတဲ့ အသံတစ်သံက နှိုးဆော်လို့ နိုးလာပြီး စခန်းရှေ့ကို ရမ်းသမ်း ပစ်တာပါပဲတဲ့'

'ဆန်းတော့ အဆန်းသားပဲ မေဂျာ ၊ ဒါနဲ့ သူ့ဘကြီးက ဘယ်လိုပုဂ္ဂိုလ်မျိုးပါလဲ'

'အိန္ဒိယပြည် တောနက်ကြီးတစ်ခုမှာ ယောဂီ အကျင့်တွေ ကျင့်ဆောင်နေတဲ့ ဆာဒူးဘုန်းကြီးတစ်ပါးလို့ သိရတာပဲကို နန်းထိုက်၊ အန္တရာယ်တွေ၊ ဘေးရန်တွေကြုံလာပြီဆိုရင် အဲဒီလို အသံနဲ့ အစဉ်အမြဲ သတိပေးလေ့ရှိတယ်လို့ လက်ဖတင်နင် ဘနာဂျီက ပြောတာပဲကွ'

'နောက်အဖြစ်ကရော မေဂျာ'

'နောက်အဖြစ်အပျက် တစ်ခုကတော့ တစ်နေ့ တိုက်ကင်းအထွက်မှာ လက်ဖတင်နင် ဘနာဂျီ ဦးဆောင်တဲ့ တပ်စိပ်တစ်စိပ်ဟာ ရှေ့ပြေးကင်းတာဝန်ကျတယ်လေ၊ ဒီအချိန်မှာ ဆီးနှင်းတွေကျလဲ ရှေ့ကိုက်တစ်ရာတောင် မမြင်ရပဲ ပိတ်ဆီးနေတဲ့ အချိန်ပေါ့

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ လက်ဖတင်နင့်ဘနာဂျီဟာ အန္တရာယ်ရဲ့အငွေ့ အသက်ကိုအလိုလိုရှူရှိုက်မိပြီး သူ့လူတွေကို ခဏာရပ်ခိုင်းတယ်၊ ပြီးတော့ သူတစ်ယောက်ထဲရှေ့ကို တက်သွားတာမှာ 'အား' ခနဲအော်သံကြီးနဲ့ အတူ ဘနာဂျီဟာ အလွန်နက်ရှိုင်းလှတဲ့ ချောက်ကြီးထဲကို ကျသွားတော့တယ်'

'အင်း . . . . . ထူးတော့ အတော့်ထူးသားပဲ '

အိုင်အိုနန်းထိုက်က ထိုသို့အသိအမှတ်ပြုလိုက်သည်တွင် မေဂျာအောင်ဒင်က တိုနေပြီဖြစ်သော စီကရက်ကို ဆေးလိပ်ခွက်အတွင်းသို့ ချေလိုက်ပြီး . . . . .

'လက်ဖတင်နှင့် ဘနာဂျီဟာ ကျန်ရစ်တဲ့ ရဲဘော်တွေအသက်ကို ကယ်ဆယ်လိုက်တယ်လို့ ဆိုရမယ်လေ'

'ဟုတ်တာပေါ့မေဂျာ ၊ ဒါနဲ့ဘနာဂျီ သေရောလားဟင်'

'အမှန်ပြောရရ င် ပေပေါင်းတစ်ထောင်ကျော် နက်ရှိုင်းတဲ့ချောက်ကမ်းပါးကြီးပဲကွာ ၊ သေရုံအပြင် ဟိုဘက်တောင်လွန်သွားသေးတာပေါ့ ၊ ဒါပေမယ့် ဘနာဂျီ မသေခဲ့ဘူး'

'ဟင် . . . . . ဘာကြောင့်မသေတာလဲ'

'ပြောရရင်တော့ ယုံနိုင်စရာမရှိစေဘူး ကိုနန်းထိုက် အော်ခေါ်သံကြားလို့ သွားကြည့်တော့ ချောက် နှုတ်ခမ်းဘေးမှာ



တစ်ပင်တည်းကပ်ပေါက်နေတဲ့ နွယ်ပင်တစ်ခုကို ခိုလျှက်သားတန်းလန်းကြီး ဖြစ်နေတဲ့ ဘနာဂျီကို အံ့ဩစွာ တွေ့ရတာနဲ့ ကြိုးချပြီး ကယ်လိုက်ကြရတယ်'

'ဟုတ်တယ် မေဂျာ . . . . တချို့ အဖြစ်တွေစာပြောပြရင်တောင် ယုံနိုင်စရာမရှိပါဘူး ၊ တစ်ခါက ပစိဖိတ်သမုဒ္ဒရာထဲမှာ ခုတ်မောင်းနေတဲ့ သင်္ဘောတစ်စင်းက သင်္ဘောသားလေးတစ်ယောက်ဟာ ဘာကီရိယာ၊ ဘာအကူအညီမှမပါ ပါပဲနဲ့ ရေပြင်တစ်နေရာကို လက်ညှိုးထိုးပြပြီး ဒီနေရာမှာ ရတနာတွေရှိတယ်လို့ ပြောတယ်တဲ့၊ သူပြောတဲ့ အတိုင်း မယုံကြည်လို့ ရေငုပ်ကိရိယာတွေ အကူအညီနဲ့ ရေငုပ်ရှာဖွေကြရာမှာ အလွန်တန်ဖိုးများတဲ့ ရွှေငွေရတနာသေတ္တာ တစ်လုံးကိုတွေ့ကြရတယ် ဆိုပဲ '

ထိုနောက် နှစ်ဦးသားသည် ရောက်တက်ရာရာ စကားများကိုဆက်လက် ပြောဆိုကြရာမှ စုန်း၊ တစ္ဆေ၊ သရဲနှင့် နာနာဘာဝ အကြောင်းများသို့ရောက်ရှိသွားကြ ပြန်လေ၏။ ထိုသို့ ဆွေးနွေးရာတွင် မေဂျာအောင်ဒင်က . . . . . .

'သြော် . . . ဒါနဲ့ ကိုနန်းထိုက်ရေးမင်္ဂလာဒုံ အင်းစိန်သမ်းဘေးကမရမ်းပင်တွေ တစ်အုပ်ကြီးပေါက်နေတဲ့ အိမ်ပျက်ကြီးတစ်အိမ်ကို မင်းသတိထားမိရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ . . . . သွားရင်လာရင်တော့ အမှတ်မထင် သတိထားမိပါရဲ့ မေဂျာ ၊ ဒါနဲ့ပဲ ဒီအိမ်ပိုင်ရှင်က ဘယ်သူတဲ့လဲ'

'မာမွတ်အလီလို့ခေါ်တယ်၊ အန္တိယပြည်သား တစ်ဦးပဲကွ၊ သူဟာ သူ့ရဲ့ နေရင်းဌာနကို ပြန်သွားတာ ရှင်နှစ်ရှိသွားပြီ၊ လွန်ခဲ့တဲ့ နှစ်က သေဆုံးသွားတယ်လို့ အိန္ဒိယက ပြန်လာတဲ့ ငါ့မိတ်ဆွေ တစ်ဦးက ပြောပြတယ်'

'အိုး . . . . ဒီလိုလား '

'အေးကွ . . . . အိမ်ကြီးဟာ ပျူပြင်မယ့် သူကလဲ မရှိပြန် နောက်ပြီး မရမ်းပင်တွေက အုံ့ဆိုင်းပြီး လူနေလဲ အင်မတန် ဝေးတဲ့ အပြင်၊ ပိုင်ရှင်ကလဲ သေဆုံးပြီး ဖြစ်လေတော့ တချို့တွေက တစ္ဆေ သရဲတွေမြူးတူးကျက်စားသလိုပြောနေကြတယ်'

'ကောလဟာလပြောကြတော့မှာပေါ့လေ'

' အင်း . . . . . ပိုပြီး ပြေလို့ကောင်းအောင် ဖြစ်နေတာက အဲဒီအိမ်နားကို နေ့စဉ်နှလီဝေလင်းမှာ ဖြတ်သွားရတဲ့ နို့ပို့ သမား တချို့က တစ်ခါတစ်ရံ မီးရောင်အချို့ တွေ့ရကြောင်းနဲ့ တစ်ခါတစ်ရံ အရိပ်မည်းမည်းတွေကို တွေ့ရကြောင်း ပြောကြလို့ တစ်ယောက် စကားတစ်ယောက်နားမှာ ထပ်မနား တိုးပွားပြီး ကျော်ကြားနေ တယ်လို့ ဆိုရမှာပဲလေ'



'ကလင် . . . . ကလင် . . . ကလင်'

ထိုအခိုက်မှာပင် တယ်လီဖုန်းမြည်သံက စူးစူးဝါးဝါး ပေါ်ထွက်လာသဖြင့် မေဂျာအောင်ဒင် တယ်လီဖုန်းရှိရာ အိမ်ပေါ် ထပ်သို့ တပ်သွားစဉ် အိုင်အိုနန်းထိုက်က လက်ကျန် လက်ဖက်ရည် ကို မော့သောက်နေလေတော့၏။

မကြာမီ မေဂျာအောင်ဒင် ပြန်ဆင်းလာပြီးနောက် ရောက် ဆိုက်မှာပင် . . . . .

'ကဲ . . . ဆဋ္ဌမ အာရုံရှင်ကြီးရေ ၊ မင်းပြောတဲ့ အတိုင်း ဖြစ်လာပြီ ဆိုပါတော့ဗျာ ၊ လူသတ်မှုလေ . . . တစ်ယောက်တည်း ထောက်ဘူး၊ သုံးယောက်ဗျ . . . . သုံးယောက် ၊ ကဲ . . . . အခင်းဖြစ်ပွားရာကို သွားကြစို့ ၊ အခုန ဖုန်းဟာ ပုလိပ်မင်းကြီး ကိုယ်တိုင်ဆက်တာပဲ၊ မင်းကိုပါ တစ်ပါတည်း ခေါ်သွားပါတဲ့ '

'ဟင် . . . . ဟုတ်လား မေဂျာ၊ ဖြစ်ပွားတာက ဘယ်နေရာ တဲ့လဲ'

'ဟဲ ဟဲ ဟဲ . . . . . အခုန တို့ပြောကြတဲ့ မင်္ဂလာဒုံ ဆင်းစိန်လမ်း နံဘေးက အိမ်ကြီးမှာလေ'

'ဗျာ'

အိမ်ကြက်ကြီးနှင့် သုံးလောင်ပြိုင်သတ်မှု

www.burmeseclassic.com

www.burmeseclassic.com



မေဂျာအောင်ဒင်နှင့် အိုက်အိုနန်းထိုက်တို့သည် အိုင်အိုနန်းထိုက်၏ ဖို့ဒ် ကားလေးဖြင့် ထွက်ခွာလာခဲ့ကြရာ နာရီဝက်ခန့်အကြာ၌ အခင်းဖြစ်ပွားရာ မင်္ဂလာဒုံ အင်းစိန် လမ်းနံဘေးမှ အိမ်အိုကြီးဆီသို့ ရောက်ရှိလေကြသည်၏။

အတွင်း၌ ရပ်နားထားသည့် လင်ရိုဘာ ကားတစ်စီးနှင့် မောရစ် မိုင်နာ ကားတစ်စီးကို တွေ့ရခြင်း အားဖြင့် စီအိုင်ဒီ စုံထောက်များ စုံထောက်မင်းကြီးတို့ပါ ရောက်ရှိနေပြီ ဖြစ်ကြောင်း သိရတော့၏။

ကားကို ခြံအတွင်းသို့ မောင်းဝင်ပြီး စက်သတ်လိုက်သည်နှင့် ခြံဝမှ တာဝန်ကျ ပုလိပ်သားတစ်ဦးက ဆလုရိုက်လိုက်လေ၏။

မရှေးမနှောင်းမှာပင် အိမ်အိုကြီး၏ ဝရန်တာအဝမှ မျက်နှာဖြူအရာရှိ နှစ်ဦးထွက်ပေါ်လာ၍ ၎င်းတို့အား ကြည့်ရှုနေတော့၏။

'အင်း . . . စုံထောက်မင်းကြီးပါမက၊ ပုလိပ်မင်းကြီးပါ လိုက်ပါလာပါလား၊ ပွဲကတော့ တော်တော်[illegible]တယ်လို့ ပြောရမလို ဖြစ်နေပြီ ကိုနန်းထိုက်ရေ'

'ဟုတ်ကဲ့ မေဂျာ '



'ထိုအခိုက် ပုလိပ်မင်းကြီးက . . . .

'ဟဲလို . . . . မေဂျာ အောင်ဒင်၊ ဟဲလို . . . . အိုင်အိုနန်းထိုက်၊ အပေါ်ကအဖြစ်ကို မောင်မင်းတို့သေသေချာချာ လာကြည့်ကြပါဦး၊ သားသတ်ဆိုင်က နွားတွေ ဆိတ်တွေလို အတုံးအရုံးပဲ '

တု ပြောလိုက်သည်တွင် စုံထောက်မင်းကြီး ကရစ်ပင်က

'အိုး . . . . ရက်စ် . . . ရက်စ်၊ ဘိုဝါးစစ်ပွဲမှာ ကျဆုံးတဲ့ စစ်သားတွေ အတိုင်းပဲ၊ လူသတ်သမားဟာ ရော်ဘင်ဟုဒ်လို လက်မြန်တဲ့ ပုဂ္ဂိုလ်ဖြစ်လိမ့်မယ် လူကလေးတို့"

တု ပြောပြန်လေ၏။

မှတ်ချက်။ ။ ထိုခေတ်ထိုအခါက ရော်ဘင်ဟုဒ်ဆိုသည်မှာ ဓားပြ လူသတ်သမား ဖြစ်သော်လည်း စိတ်ကောင်းရှိ၍ လက်မြန်သူ တစ်ယောက်ဖြစ်ကြောင်း မျက်နှာဖြူ လူမျိုးတိုင်း သိရှိထားကြလေ ၏။

စာရေးသူ

မေဂျာအောင်နှင့် အိုင်အိုနန်းထုက်တို့မှာ ရယ်ချင်သည့် စိတ်ကို မျိုသိပ်၍ အိမ်အိုကြီး၏ အပေါ်ထပ်တက်သည့်လှေကားဝ

www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်လာခဲ့ကြလေ၏။

မေဂျာအောင်က အပေါ်ထပ်သို့ တောက်လျှောက်တက်သွားသော်လည်း အိုအိုနန်းထိုက်က လှေကားဝတွင် ရပ်တန့်ကျန်ရစ်၍ ခြေရာများကို စစ်ဆေးကြည့်ရှုနေလေ၏။

ထိုသို့ စစ်ဆေးရာ၌ အားမရသောကြောင့် ၎င်း၏ဘောင်းဘီအိပ်ထဲမှ အားကောင်းလှသည့် မှန်ဘီလူးတစ်ခုကို ထုတ်ယူကာ စိမ်ပြေနပြေ ကြည့်ရှုလေတော့၏။

ရှုပ်ထွေးလှသောခြေရာများအား စိတ်ဝင်စားစွာကြည့်ရှုနေရာမှ အိုင်အိုနန်းထိုက်၏ မျက်လုံးများ အရောင် ဝင်းလက်သွားပြီးလျှင် ၎င်း၏ဘောင်းဘီအိတ်ထဲမှ ပစ္စည်းအချို့ကို ထပ်မံနှိုက်ထုတ်လိုက်ပြန်လေ၏။

တစ်ဖန် ခြေရာတစ်ခုအား ပေကြိုးဖြင့် နှစ်ခါသုံးခါ တိုင်းပြီးလျှင် အတိုင်းအထွာကို မှတ်စုစာအုပ်၌ ရေးမှတ်ပြီးနောက် စိတ်တိုင်းကျသည်တွင် အပေါ်ထပ်သို့ တက်လာခဲ့တော့၏။

'ဂျွိ. . . အီ. . . အီ'

အိုင်အိုနန်းထိုက် ခြေသံမကြားရစေရန် အတတ်နိုင်ဆုံးကိုယ်ဖော့၍ တက်လာသော်လည်း တဒုန်းဒုန်းမြည်နေသည့် ၎င်း၏ခြေသံကို ယိုင်နဲ့လှုပ်ရှားနေသည့် လှေကားပျဉ်များက ဖော်ပြနေ



ကြောင်း သတိပြုမိလေ၏။

လှေကား အဆုံးမှ အပေါ်ထပ် အခန်းဝသို့ ရောက်သောအခါ အိုင်အိုနန်းထိုက်သည် တစ်စုံတစ်ရာကို တွေ့သွားကာ ဝမ်းလျားမှောက်လိုက်ပြီးနောက် ရှေ့ဦးအတိုင်း မြေမှုန့်များကို ပြန့်ကျဲနေသော အလောင်းများနားတွင် အသုဘကမ္မဋ္ဌာန်း စီးဖြန်းနေကြသူများကဲ့သို့ ဒူးထောက်ထိုင်နေကြသည့် စီအိုင်ဒီစုံထောက်ကျော်များက အိုင်အိုနန်းထိုက်အား တအံ့တသြ ကြည့်ရှုနေကြလေ၏။

ဝရန်တာ၌ ရပ်နေသည့် ပုလိပ်မင်းကြီး မစ္စတာသောမတ်စ်နှင့် ကရစ်ပင်တို့ကလည်း အိုအိုနန်းထိုက်အား မမှိတ်မသုန်ကြည့်၍ အံ့သြနေကြတော့သည်။

ထိုအခိုက်မှာပင် အိုင်အိုနန်းထိုက်က ရုတ်တရက် မတ်တပ်ရပ်၍ ထိုနေရာမှပင် အနှံ့အပြားသို့ ဖြည်းညှင်းစွာ ကြည့်ရှုနေတော့သည်။

အခန်းအနှံ့ပတ်ချာလည် ကြည့်ရှုနေသော အိုင်အိုနန်းထိုက်၏ မျက်လုံးများသည် စားသုံးချောင်းစိုက်နေသည့် တံခါးအနီး၌ ရပ်တန့်သွားလေတော့၏။

စားခြောင်းများမှာ နေရာအကွာအဝေး ညီညွှတ်မှုမရှိဘဲ စိုက်နေခြင်းဖြစ်ရာ အိုင်အိုနန်းထိုက်က ပြုံးရွှင်စွာဖြင့် လက်ဖျောက်

www.burmeseclassic.com



တစ်ချက် တီးခတ်လိုက်ပြီးနောက်၊ ဆက်လျှောက်လာခဲ့တော့၏။

မေဂျာအောင်ဒင်ကမူ အခန်းအလယ်မှ မုတ်ဆိတ်မွေး ဖွေး ဖွေး၊ နှုတ်ခမ်းမွေးဖြူဖြူနှင့် ခွန်အားဗလ ကောင်းမွန်လှသည့် လူကြီး၏ ရင်ပတ်မှဒဏ်ရာကို မှန်ဘီလူးဖြင့် သေချာစွာ ကြည့်နေလေ၏။

ပြီးမှ ခေါင်းညိတ်လျက်. . .

"ကိုနန်းထိုက်ရေ. . . ဒီကို လာကြည့်စမ်း၊ ဒါဟာ ဓားဒဏ်ရာတော့ ဓားဒဏ်ရာပဲ၊ ဘယ်လို ဓားလဲ ဆိုတာသာ မပြော တတ်တာ"

"ဟုတ်ကဲ့. . . မေဂျာ"

အိုင်အိုနန်းထိုက် ဝင်လာသဖြင့် အလောင်းဘေးနားတွင် ဝိုင်းပတ်၍ ထိုင်နေကြသည့် စီအိုင်ဒီစုံထောက်များက အလိုက်သိစွာ ဘေးသို့ ဖယ်ပေးလိုက်ကြသည်။

အိုင်အိုနန်းထိုက်က ဒဏ်ရာကို လက်ဖြင့် မရွံ့မရှာဘဲကြည့် သည်။ တစ်ဖန် ဟိုဟိုသည်သည်ကြည့်လိုက်ပြီးလျှင် အလောင်း၏ နောက်စေ့ကို ကြည့်ပြန်လေသည်။

ပြီးမှ. ...

"မေဂျာ၊ ဒီလူဟာ ထုပ်တန်းပေါ်က ပြုတ်ကျတာ ဖြစ်လိမ့် မယ်၊ အမှန်တော့ ဓားချက်ကြောင့် ထုပ်တန်းပေါ်က ကျလာတာ



ပဲ"

'အေး. . . မင်းပြောတာ ဖြစ်နိုင်တယ်။ ဒီလိုဆိုရင် သူဟာ အောက်မှာရှိတဲ့ လူသတ်သမားကို တစ်စုံတစ်ရာ အန္တရာယ်ပေး လိုက်လို့ ဟိုကပြန်တွယ်တာ ဖြစ်လိမ့်မယ်"

ထိုအခါ အိုင်အိုနန်းထိုက်က အနီးပတ်ဝန်းကျင်တစ်ဝိုက်ကို ထူးရှသော မျက်လုံးများဖြင့် ဝေ့ဝိုက်ကြည့်ပြီးလျှင် တိုင်ခြေမှ ကြိုး ထိုးပိုက်ကြီးအား အသေအချာကြည့်လိုက်ပြီးနောက်. . .

"မှန်တယ်မေဂျာ၊ ဒီလူဟာ အပေါ်ကနေပြီး ဟိုလူ့ကိုပိုက် နဲ့ ဆီးဖမ်းတာဖြစ်လိမ့်မယ်"

"ဒါဖြင့် ဟိုလှံတံက ဘယ်လိုဖြစ်မလဲကွ"

မေဂျာအောင်က ကြမ်းပြင်တွင် အတော်နက်သည်အထိ ဝင်နေသည့် လှံကြီးအား လက်ညှိုးထိုးပြလေ၏။

အိုင်အိုနန်းထိုက်က လေးဘက်ကုန်း၍ ကြမ်းပြင်တွင် သွားနေပြီးလျှင် လှံကြီးနံဘေးမှ ခြေရာများအား မှန်ဘီလူးဖြင့် ကြည့်နေပြန်သည်။

ပြီးလျှင် အပေါ်သို့မော့၍ ပက်လက်လန် လဲကျနေသော အလောင်းအား တစ်ချက်ကြည့်ပြီးလျှင် ရုတ်တရက် ခုန်ထွက်လိုက် သည်. . .

www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . .'

'ဟင်. . .'

'အို. . .'

'ဟိုက်. . .'

တအံ့တသြဆူညံသံများသည် အခန်းထဲ၌ အထိတ်တလန့် ဆူညံစွာ ထွက်ပေါ်လာလေရာ ပုလိပ်မင်းကြီး မစ္စတာ သောမတ်စ် နှင့် စုံထောက်မင်းကြီး မစ္စတာကရက်ပင်တို့လည်း လှမ်းကြည့်ရာမှ. . .

'အိုး. . . ဂေါ့ဒ်'

'အိုး. . . ဗီရိုးဝမ်းဒါးဖူးလ်'

ဟု တစ်ပြိုင်တည်း ရေရွတ်မြည်တမ်းလိုက်ကြလေတော့၏။

အိုင်အိုနန်းထိုက်သည် အလောင်း၏နံဘေးသို့ ကျဲရောက်၍ ခေတ္တရပ်နေပြီးမှ မေဂျာအောင်ဒင်အား ခေတ္တဖယ်ပေးရန် တောင်းပန်ပြီးလျှင် လူသေအလောင်းကြီးအားကျော်၍ တစ်ဖက်သို့ လျှိုမ့်ထွက်သွားပြန်တော့၏။

မေဂျာအောင်ဒင်က အိုင်အိုနန်းထိုက်၏ အပြုအမူများအတွက် နှစ်မြို့က်သဘောကျစွာ ပြုံးနေသော်လည်း အကြောင်း မသိ



သည့် စီအိုင်ဒီစုံထောက်များမှာမူ အိုင်အိုနန်းထိုက် မကြီးမငယ် ကမြင်းကြောထနေသည်ဟု မှတ်ယူမိကြလေ၏။

ပုလိပ်မင်းကြီး မစ္စတာသောမက်စ်ပင် မနေနိုင်တော့ဘဲ. .

"အလို. . လူကလေး နန်းထိုက်၊ သိုင်းလေ့ကျင့်နေတာလား ဟု ပြောသကဲ့သို့ စုံထောက်မင်းကြီး မစ္စတာကရစ်ပင်ကလည်း. . .

'လူကလေး ကျွန်ုပ်တို့ကို ကျွမ်းဘားပညာစွမ်း ပြနေတာလားဟင်'

ဟူ၍မေးကြလေ၏။

အိုင်အိုနန်းထိုက်ကမူ အရေးလုပ်၍ စကားပြန်ခြင်း မရှိ။ တစ်နေရာတွင် နီးကပ်လျက်ရှိသည့် အလောင်းနှစ်လောင်းကိုင့်ကာ အသေအချာ စစ်ဆေးပြန်တော့သည်။

အလောင်းတစ်လောင်းမှာ ဝမ်းပိုက်တွင် ကန့်လန့်ဖြတ် ဒဏ်ရာကြီးအား တွေ့ရပြီး နောက်ကျန်တစ်လောင်းတွင်မူ ဒဏ်ရာ မှာ လည်ပင်းကို ပြတ်လုတည်းတည်းရှိသည်အထိ ကြီးမားကြောင်း တွေ့ရတော့သည်။

မေဂျာအောင်ဒင်က စီအိုင်ဒီစုံထောက်များအား ညွှန်ကြား ခြင်းသည်များ ညွှန်ကြားနေစဉ်မှာပင် အိုင်အိုနန်းထိုက်သည် အခန်း၏အပြားသို့ သွားရောက်စစ်ဆေးတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုခဏ၌ စီအိုင်ဒီမှ အငယ်ဆုံးစုံထောက်ကလေးဖြစ်သည့် မောင်သင်က အခန်းတစ်ခန်းမှ ထွက်လာပြီးလျှင်. . .

'ဆရာ. . . ဆရာ၊ ဒီကို ခဏလောက်လာပါ၊ ဒီမှာထူးခြားချက်တစ်ခုကို တွေ့ရတယ်ဆရာ'

'ဟုတ်လား'

အိုင်အိုနန်းထိုက် အခန်းတွင်းသို့ ဝင်လိုက်သောအခါ အခန်းတွင်း၌ တွန့်ကြေနေသော အိပ်ရာခင်းတစ်ခုနှင့် ခေါင်းအုံးတစ်လုံးကို တွေ့လိုက်ရသည်၌ ၎င်းမျက်လုံးများဝင်းပသွားပြီးလျှင် အမှိုက်ပုံထဲသို့ အပ်တစ်ချောင်းကျပျောက်သွားသည့်အလား စိမ်ပြေနပြေ ကြည့်ရှုစစ်ဆေးနေပေတော့၏။

အတန်ငယ် စစ်ဆေးပြီးသောအခါ စွေစောင်းနေသည့် ခေါင်းအုံးကို ဖယ်လိုက်သည်၌ ပြတ်သတ်နေသော အိပ်ရာခင်း အရာတစ်ခုကို တွေ့ရပြန်လေသည်။

ဤတွင် အိပ်ရာခင်းကို ဖယ်ရှား၍ ကျွန်းသားခုတင်၏ ပျဉ်ခင်းကို ကြည့်ပြန်သည်တွင် သစ်သားပျဉ်ခင်း၌ နက်ရှိုင်းသော အရှည်စင်းကြီးတစ်စင်းကို တွေ့လိုက်ရတော့၏။

အိုင်အိုနန်းထိုက်က ခေါင်းတစ်ဆတ်ဆတ် ညိတ်လိုက်ပြီးမှ အခန်းအနှံ့သို့ မှန်ဘီလူးဖြင့် စေ့စေ့စပ်စပ် ရှာဖွေပြန်လေသည်။



ခေတ္တအကြာ၌ တစ်စုံတစ်ရာကို တွေ့ရသည်တွင် လွန်စွာအံ့ဩနေသည့် အမူအရာ ဖြစ်ပေါ်သွားပြီးနောက် အနည်းငယ် ရပ်တန့်စဉ်းစားနေပြီးလျှင် စုံထောက်မောင်သင်အား ခေါ်ဆောင်၍ မေဂျာအောင်ဒင်နှင့် စုံထောက်များရှိရာသို့ ထွက်ခွာလာခဲ့တော့၏။

အိုင်အိုနန်းထိုက်၏ မှတ်ချက်

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

'ဘယ်နှယ့်လဲ မစ္စတာအောင်ဒင်နဲ့ လူကလေးနန်းထိုက်တို့ လူသတ်တရားခံကို ဖမ်းမိဖို့ တော်တော်နီးစပ်ကြရဲ့လား'

ပုလိပ်မင်းကြီး မစ္စတာသောမတ်စ်၏ အမေးကို မေဂျာအောင်ဒင်က. . .

"ထင်သလောက် မလွယ်သေးဘူးမင်းကြီး၊ ဒါနဲ့ဒီအလောင်းတွေကို ဘယ်သူကစပြီး တွေ့တာလဲ"

ထိုအခါ စုံထောက်များအကြားမှ ရာဇဝတ်အုပ်တစ်ဦးသည် ရှေ့သို့ထွက်လာ၍ မေဂျာအောင်ဒင်ကို ဆလုရိုက်ပြီးနောက်. . .

'ကျွန်တော်က အင်းစိန်ဂါတ်တဲရဲ့ ရာဇဝတ်အုပ် ခင်မောင်အေးပါဆရာ၊ ဒီအိမ်ရဲ့ အနောက်ဘက် နွားခြံတစ်ခုက လူငယ်လေးတစ်ဦး ညဆယ့်တစ်နာရီလောက်မှာ သူ့အမေ နေမကောင်းလို့

www.burmeseclassic.com



လမ်းရဲ့ တစ်ဘက်မှာနေတဲ့ ဆေးဆရာကြီးဆီ ဆေးသွားယူပြီးအပြန်မှာ ဒီအိမ်က အော်သံဟစ်သံတွေ ကြားရတာနဲ့ သူလဲကြောက်လန့်ပြီး အိမ်အရောက် တစ်ချိုးတည်း လစ်ပြေးတော့တာပါပဲ၊ အဲ- မနက်မိုးလင်းမှ နွားနို့ပို့ရင်း ကျွန်တော်တို့ဂါတ်တဲကို ဝင်အကြောင်းကြားတာနဲ့ လိုက်ကြည့်တော့ အခုလို တွေ့ရတာပါပဲ'

'အင်း . . . အင်း'

'တကယ်လို့ လိုအပ်မယ်ဆိုရင် ဒီသူငယ်လေးကို ခေါ်ပေးပါ့မယ်ဆရာ'

'နေ . . . နေပါစေ ကိုခင်အေး၊ မလိုအပ်သေးပါဘူး'

ရာဇဝင်အုပ် ကိုခင်အေးဆိုသူမှာ နှုတ်ခမ်းမွေးစစနှင့်သွက်လက်ပုံရတာ အရည်အချင်းရှိသူ ပုလိပ်အမှုထမ်း တစ်ဦးဟု အိုင်အိုနန်းထိုက် မှတ်ထင်လိုက်လေ၏။

မေဂျာအောင်ဒင်က အိုင်အိုနန်းထိုက်ဘက်သို့လှည့်၍ . . .

'ဘယ့်နှယ်လဲ ကိုနန်းထိုက်'

'လူသတ်သမားဟာ တော်တော်ကို ရဲစွမ်းသတ္တိရှိပြီး အင်မတန်မှလဲ ပါနပ်ထက်မြက်တဲ့ လူတစ်ယောက်ဆိုတာ ပြောလို့မရအောင်ဖြစ်နေပါတယ် မေဂျာ'

'ဒီလူတွေ အချင်းချင်း ခိုက်ရန်ဖြစ်ပွားပြီး သတ်ကြပုတ်ကြ



တာလို့ကော တွက်လို့မရနိုင်ဘူးလား'

'မရနိုင်ပါဘူး မေဂျာ၊ ဘာဖြစ်လို့ ဒီလိုပြောရသလဲ ဆိုရင် အခုသေဆုံးသူတွေဟာ တစ်ယောက်မှ ဖိနပ်စီးမထားကြပါဘူး၊ လူသတ်သမားကတော့ ဖိနပ်စီးထားပါတယ်'

'ဪ . . . ဪ . . .'

မေဂျာအောင်ဒင်က လက်ခံဟန်ဖြင့် ခေါင်းညိတ်လိုက်စဉ် အိုင်အိုနန်းထိုက်က ဆက်လက်၍ . . .

'လူသတ်သမား လာမယ်ဆိုတာ အခုသေဆုံးနေသူ သုံးယောက်က သိထားပြီးထားပါ၊ ဒီကြားထဲက အန္တရာယ်ကို မကြောက်မရွံ့ ရင်ဆိုင်ရဲတာ ကျွန်တော်ဖြင့် အဲဒီလူကို သိပ်ချီးကျူးမိတယ်၊ ပြီးတော့ အလင်းက လူနဲ့ အမှောင်ထဲက လူအများနဲ့တစ်ယောက် ဘယ်လောက် အန္တရာယ်ကြီးမယ်ဆိုတာ မေဂျာ စဉ်းစားကြည့်ပါတော့'

'အေးကွ . . . အခုန မင်း လုပ်လိုက်တဲ့ပုံ အတိုင်းအပေါ်ကလှံ့သွားနဲ့ တည့်တည့်စိုက်အချလိုက်မှာ ခုန်ထွက်ပြီး အလောင်းရဲ့ ရင်ဝမှာ စိုက်နေတဲ့ ဓားကို နှုတ်ယူသွားတာကလဲ အင်မတန် ပါးရည်နပ်ရည်ရှိကြောင်းနဲ့ ထက်မြတ်ကြောင်းလဲပြဆိုနေတာပဲ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



မေဂျာ အောင်ဒင်၏ စကားကြောင့် အိုင်အို နန်းထိုက်က လေးစားစွာ ဦးညွှတ်၍ . . . .

ရင်ဝမှာ ဓားစိုက်ခံရသူဟာ သူ့ကိုပိုက်နဲ့ အမိဖမ်းတော့ ရုန်းထွက်ပြီး လက်ထဲက ဓားနဲ့ပစ်စိုက်လိုက်တာပဲ မေဂျာ. . . မြန်ပါလေရဲ့"

'အဲဒီမဲတိုင်မီ. . . ဓားမြှောင်တွေနဲ့ ဝိုင်းပစ်ကြသေးတယ် . . . ကိုနန်းထိုက်"

'ဟုတ်ပါတယ် မေဂျာ. . . ဒါက တံခါးဝကို ရောက်ရောက်ချင်း ထုပ်တန်းပေါ်က ဝိုင်းပစ်ကြတာပဲ။ ဒီမှာ ကြည့်လေ. . . ဓားမြှောင်တွေက ခပ်စိုက်စိုက်ဖြစ်နေတာ'

အိုင်အိုနန်းထိုက်က နံရံတွင်စိုက်နေသည့် ဓားမြှောင် သုံးချောင်းကို လက်ညှိုးထိုးပြလိုက်သည်။

ထိုအခိုက် တစ်စုံတစ်ရာကို မြင်တွေ့သွားဟန်ဖြင့် မှန်ဘီလူးကို ဆွဲထုတ်၍ ဓားမြှောင်များကို ကြည့်ရှုနေလေတော့၏။

မေဂျာအောင်ဒင်က-

'ဘာထူးခြားလို့လဲကွ. . . ဟေ'

'ဒီမှာ လာကြည့်စမ်းပါ မေဂျာ'

မေဂျာအောင်ဒင်လည်း မှန်ဘီလူးဖြင့် သေချာစွာကြည့်



လေရာ ဓားမြှောင်ရိုး၌ ကျားခေါင်း ပုံစံများ ရေးဆွဲထားပြီးလျှင် 'ရှိုးမ'ဟူသော အမည်ကိုလည်း ရေးထားသားကြောင်း တွေ့ရတော့၏။

'အလို. . . ရှိုးမကျား ဓားပြဂိုဏ်းနဲ့ ဆက်နွယ်နေတဲ့ ကိစ္စပါလားကွ. . . ကိုနန်းထိုက်'

'ဟုတ်တယ်. . . မေဂျာ၊ အမှုကတော့ တော်တော်လေးကို ရှုပ်ထွေးနက်နဲလိမ့်မယ်၊ ရှိုးမကျား ဓားပြဂိုဏ်းကြီးဟာ လုံးဝလှုပ်ရှားမှုမရှိတာ နှစ်ပေါင်းအတော်ကြာနေပြီပဲ၊ အခုမှ သူတို့ရဲ့ အရိပ်လက္ခဏာကို တွေ့ရတော့ဖြင့် တော်တော်လေး ထူးခြားတယ် ဆိုရမှာပေါ့'

အိုင်အိုနန်းထိုက်စကားကို မေဂျာအောင်ဒင်က ထောက်ခံဟန်ဖြင့်. . .

'မှန်တယ် ကိုနန်းထိုက်'

ဟု ပြောလေ၏။

ပုလိပ်မင်းကြီး မစ္စတာ သောမတ်စ်နှင့် စုံထောက်မင်းကြီး မစ္စတာကာရစ်ပင်တို့အပြင် စီအိုင်ဒီစုံထောက်များမှာမူ မေဂျာ အောင်ဒင်နှင့် အိုင်အိုနန်းထိုက်တို့ ပြောဆိုနေသည်များကို သာမျှ နားမလည်သော်လည်း နားလည်ကြသကဲ့သို့ ခေါင်းညှိတ်ညိတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် နားထောင်နေကြလေ၏။

'ကိုနန်းထိုက်. . . လူသတ်သမားဟာ သေသူတစ်ယောက်ထဲက မဖြစ်နိုင်ဘူးဆိုတော့ ဘာကိုမူတည်ပြီး ဆုံးဖြတ်တာလဲဆိုတာ ပြောပြပါလား'

"ဒီလိုပါ မေဂျာ. . . အခု ကျွန်တော်တို့ အားလုံးဟာ ရှူးဖိနပ်တွေ စီးထားကြပါတယ်။ တစ်ခါ သေဆုံးသူ သုံးယောက်မှာ ဖိနပ်စီးကြတာ မတွေ့ရပါဘူး'

'အင်း. . . အင်း'

'အဲဒီမှာ ရှုပ်ထွေးနေတဲ့ ခြေရာတွေကြားထဲမှာ ထူးခြားစွာတွေ့ရတဲ့ ဖိနပ်ရာက ကင်းပတ်ဖိနပ် ခြေရာတစ်ခုပဲ၊ ဒီခြေရာရှင် အိမ်လှေကားဝမှာ တစ်ခါရပ်တယ်၊ ဟောဒီအခန်းအပေါက်ဝမှာ တစ်ခါရပ်တယ်၊ ဟောဒီ လှံစိုက်ရာမှာ တစ်ခါရပ်တယ်၊ ဟိုအလောင်းနားကို ခုန်ပျံပြေးထွက်ပြီး လိမ့်ရှောင်ထွက်ပြီး လိမ့်ရှောင်သွားတယ် မေဂျာ၊ ဒါကြောင့်. . . ဒီလူဟာ လွတ်ထွက်သွားတဲ့ လူသတ်သမားလို့ ကျွန်တော်ယူဆတာပေါ့"

'ကောင်းပါလေ ကိုနန်းထိုက်၊ ကဲ. . . ကဲ. . . ရာဇဝတ်အုပ် ကိုခင်အေးနဲ့မောင်သင်တို့က ပုလိပ်သားတွေနဲ့အတူ အလောင်းတွေကို ဆေးရုံပို့ဖို့ စီစဉ်ကြကွာ'



'အမိန့်အတိုင်းပါ ဆရာ'

'ဟုတ်ကဲ့. . . ခင်ဗျ'

'ဩော်. . . စုံထောက် ကိုကျော်တင့်'

'ခင်ဗျာ'

ဖြူဖြူဝဝချောချော နှုတ်ခမ်းမွေးစစရှိသည့် စုံထောက်ကိုကျော်တင့်က အရိုအသေပေး၍ အမိန့်ကိုစောင့်နေစဉ် မေဂျာအောင်ဒင်က. . .

'မားမြောင်သုံးချောင်းနဲ့ လှံရှည်ကြီးအပြင် အလောင်းတွေအိတ်ထဲက ရှာဖွေတွေ့ရမယ့် သဲလွန်စတွေကို သေသေချာချာ ထုပ်ပိုးသိမ်းဆည်းပါ'

'စိတ်ချပါ ဆရာ'

မကြာမီ လူအားလုံးသည် အလောင်းများ သယ်ယူရေးအတွက် အလုပ်ရှုပ်နေကြလေတော့သည်။

မေဂျာအောင်ဒင်၊ အိုင်အိုနန်းထိုက်၊ စုံထောက်မင်းကြီးနှင့် ပုလိပ်မင်းကြီးတို့ လေးဦးမှာ အမှုအကြောင်းအရာများကို ဆွေးနွေးနေကြလေ၏။

ထိုအခိုက် အိုင်အိုနန်းထိုက်က လက်ညှိုး၌ ပတ်ထားသော အရာဝတ္ထုတစ်စုံကို ဖြည်လိုက်ပြီးလျှင်. . .

www.burmeseclassic.com

www.burmeseclassic.com



'ဒီအမှုထဲမှာ အမျိုးသမီး တစ်ယောက်လဲ ပါဝင်နေတာ တွေ့ရတယ် ခင်ဗျ'

'ဟုတ်လား'

'အိုး'

'ဟိုက်. . . ရှာလပါ. . . ဗုဟိတ်ဂဲလ်'

'မှန်ပါတယ် မေဂျာ၊ ဒီဆံပင်ကို ကြည့်ပါ၊ ကျွန်တော်တို့ မြန်မာအမျိုးသမီးတွေ သာမာန်ရှိတတ်ကြတဲ့ အဆင့်ထက် ပိုရှည်ပါတယ်"

'အင်း. . . ဟုတ်ပေသားပဲ'

'ဒီ ဆံပင်ရှည်ကိုကြည့်ပြီး ကောက်ချက်ချရရင်တော့ အမျိုးသမီးဟာ ရုပ်ရည်လှပပြီး သတ္တိအရာမှာလဲ မညံ့လှတာ တွေ့ရမှာဖြစ်သလို၊ နူးညံ့သိမ်မွေ့တဲ့အပြင် အရပ်အနည်းငယ်ရှည်မယ်လို့ ခန့်မှန်းမိပါတယ်'

အိုင်အိုနန်းထိုက် စကားအဆုံးတွင် မေဂျာအောင်ဒင်က ခေါင်းညိတ်လျက် တွေးတွေးဆဆဖြင့်. . .

'အင်း. . . ဟုတ်မယ်၊ အထူးသဖြင့် ဆံပင်ဟာ ဒီအမျိုးသမီးရဲ့ ဒူးကောက်ကွေးအထိ ရှည်လိမ့်မယ် ထင်တယ်'

ထိုအခိုက် ပုလိပ်မင်းကြီးက. . .



'ကိုင်း. . . လူကြီးမင်းတို့ ကျွန်ုပ်တို့ပြန်ကြစို့၊ သင်တို့၏ ကြိုးစားမှုကြောင့် မကြာမီ တရားခံကို ဖမ်းမိနိုင်မယ်ဆိုတာ ကျွန်ုပ် ယုံကြည်ပြီးသားပါ'

ပြောသကဲ့သို့ စုံထောက်မင်းကြီးကလည်း. . .

'ရက်စ်. . . ရက်စ်. . . ၊မေဂျာအောင်ဒင်နဲ့ အိုင်အိုနန်းထိုက်တို့ နှစ်ယောက်လိုက်တဲ့ အမှုဆိုတော့ တရားခံဖြစ်သူကို ကျွန်ုပ် အနေနဲ့ အထူးပဲ ဗဲရီးဆောရီးဖြစ်မိတယ်"

ဟု ပြောပြန်လေ၏။

ထို့နောက် အားလုံးပင် အိမ်ပျက်ကြီးမှ ထွက်ခွာလာခဲ့ကြလေတော့၏။

ပျောက်ဆုံးနေသော စီအိုင်ဒီစုံထောက်များ

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

နောက်နေ့ထုတ် သူရိယသတင်းစာ၏ မျက်နှာဖုံးတွင်. . .

'သုံးလောင်းပြိုင် ရက်စက်သည့် လူသတ်မှုကြီး'

ဟူသော ခေါင်းစဉ်ဖြင့် စုံစေ့စွာ ရေးသားဖော်ပြသည်ကို တွေ့ရပြီးနောက် ပုလိပ်အဖွဲ့မှ တရားခံကို အမြန်ဆုံး ဖော်ထုတ်ရှိနိုင်ရန် အပူတပြင်း ကြိုးစားလျက်ရှိကြောင်း စိတ်ဝင်စားဖွယ် ရေးသားဖော်ပြထားသည်ကို တွေ့ရှိဖတ်ရှုကြရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မေဂျာအောင်ဒင်မှာ ထိုနေ့တစ်နေ့လုံး စီအိုင်ဒီရုံးခန်း၌ ရာဇဝင်လူဆိုးများ၏ မှတ်တမ်းဖိုင်များကို ပြန်လည်ကြည့်ရှုလေ့လာနေသကဲ့သို့ 'ရိုးမကျား' ခေါ်ပြဂိုဏ်းကြီးနှင့် ပတ်သက်သည့် ရည်ညွှန်းစာတွဲ၊ မှတ်တမ်းများကိုလည်း စိမ်ပြေနပြေ ကြည့်ရှုလေ့လာလျက် ရှိနေတော့၏။

အိုင်အိုနန်းထိုက်ကား တစ်နေ့လုံး ပေါ်လာခြင်းမရှိဘဲ ပျောက်ကွယ်နေလျက် မည်သည့်နေရာသို့ သွားရောက်နေကြောင်း မည်သူမျှ မသိရှိနိုင်ဘဲ ဖြစ်နေရလေ၏။

သုံးလောင်းပြိုင်လူသတ်မှု ဖော်ထုတ်နိုင်ရေးအတွက် စီအိုင်ဒီ စုံထောက်များမှလည်း လွန်စွာ မအားမလပ်နိုင်အောင် ဖြစ်နေကြလေ၏။

လူဆိုးလောကသို့ သွားရောက်စနည်းနာနေသည့်အပြင် ရုံးသို့ပြန်ရောက်လျှင်လည်း စုံထောက်မင်းကြီး မစ္စတာကရစ်ပင်က အလိုမကျသည့် အခါများ၌ ဟိန်းဟောက် မောင်းမဲတတ်သည်ဖြစ်ရာ၊ ၎င်းတို့မှာ ပျာပျာယာယာ၊ ကုတ်ကုတ် ကုတ်ကုတ် ဖြစ်နေတတ်သောကြောင့် ပြာတာဖိုးတက်ဆိုသည့် လူပုကလေးကပင် 'ပျာကုတ်ခဲတွေ' ဟု နောက်ပြောင်တတ်လေ့ရှိလေ၏။

စုံထောက်မင်းကြီးမက ဘူရင်ခံကိုပင် ကြောက်ရွံ့ခြင်း



အလျှင်းမရှိသည့် မေဂျာအောင်ဒင်နှင့် အိုင်အိုနန်းထိုက်တို့ကို ၎င်းတို့အားလုံး လွန်စွာအားကျကြလေသည်။

ယခုကဲ့သို့ လူသတ်မှုကြီးများ ဖြစ်ပွားလာပြီဆိုလျှင် တရားခံ မမိမချင်း စုံထောက်မင်းကြီးမစ္စတာ ကရစ်ပင်၏ နီမြန်းသော မျက်နှာကြီးမှာ ရွာတော့မည့် မိုးကဲ့သို့ အုံ့ဆိုင်းနေတတ်ကြောင်း အားလုံးသတိပြုမိပြီး ဖြစ်နေကြ၏။

မေဂျာအောင်သည် ပြာတာဖိုးထက် ယူလာပေးသည့် လက်ဖက်ရည် ခပ်ညံ့ညံ့ တစ်ခွက်ကို ဆာဆာဖြင့် သောက်လိုက်၏။ ပြီးနောက် ဖိုင်တွဲများကို ဘေးဖယ်၍ ရေခဲတောင် စီးကရက်တစ်လိပ်ကို မီးညှိသောက်နေလေသည်။

'ကလင်. . . ကလင်. . . ကလင်'

ထိုအခိုက် စားပွဲပေါ်မှ တယ်လီဖုန်းက အော်မြည်လာသောကြောင့် ကောက်ယူနားထောင်လိုက်တော့၏။

'ဟဲလို. . . စီအိုင်ဒီရုံးက မေဂျာအောင်ဒင်ပါ၊ ဘာ. . . အိုင်အိုနန်းထိုက်လား၊ ဟုတ်လား၊ အေးအေး ကျေးဇူးပါပဲကွာ၊ ငါလဲ အဲဒါကို တော်တော်စဉ်းစားနေရတာ၊ ဖြစ်နိုင်ပါတယ်၊ ဟုတ်တာပေါ့၊ ခွပ်ကရီးပဲ ဖြစ်မှာပါ. . အိုဒေ'

မှတ်ချက်။ ။ ခွပ်ကရီးဆိုသည်မှာ ဝေါရခါးစစ်သား

www.burmeseclassic.com

www.burmeseclassic.com



များ ကိုင်တွယ်အသုံးပြုလေ့ရှိသည့် လွန်စွာထက်မြက်လှပြီးလျှင် လေးလံလှသည့် ဓားကောက်ဖြစ် ပါပေ၏။

စာရေးသူ

မေဂျာအောင်ဒင်က ကျေနပ်သောအပြုံးဖြင့် တယ်လီဖုန်းကို ချလိုက်စဉ် စုံထောက်မင်းကြီး မစ္စတာကရစ်ပင်က လမ်းလျှောက်လာရင်းမှ. . .

'ဘယ်သူ့ဆီကလဲ မေဂျာ၊ အရေးကြီးတဲ့ ကိစ္စလား၊ ဒါမှမဟုတ် လူသတ်သမားကို တွေ့ပြီလို့ သတင်းပေးတာလား'

'တစ်ခုမှ မဟုတ်ဘူး မင်းကြီး၊ အိုင်အိုနန်းထိုက် ဆက်တာပါ၊ သူဟာ လူသတ်သမားကိုင်တဲ့ဓားကို ဘယ်လိုဓားဖြစ်နိုင်တယ်ဆိုတာ တွေးခေါ်စဉ်းစားရင်း ခွပ်ကာရီး ဓားကောက်ဖြစ်ဖို့များတယ်လို့ ထင်မြင်ချက်ပေးတာပါ'

'အိုး. . . ဒီလိုလား၊ ဒါနဲ့ပ လူကလေးနန်းထိုက်က ဒီအိုင်ဒီကို မလာဘဲ ဘယ်လျှောက်သွားနေတာလဲဟင်'

'စီအိုင်ဒီမှာ အလကားအချိန်လာဖြုန်းလို့ ဘာအကျိုးရှိမှာလဲ မင်းကြီး၊ လူသတ်သမားနောက်ကို သူ့နည်း သူ့ဟန်နဲ့ လိုက်စုံစမ်းနေတာ ဖြစ်မှာပေါ့'



မေဂျာအောင်ဒင်က မျက်နှာထားတည်တည်ဖြင့် ခပ်မာမာပြောလိုက်ရာ စုံထောက်မင်းကြီးက. . .

'အိုး. . . ရက်စ်. . . ရက်စ်၊ သဲ့စထရိုက်၊ ကျွန်ုပ်ကိုခွင့်လွှတ်ပါ မေဂျာ၊ ကျွန်ုပ်အနေနဲ့ တရားခံဖမ်းမိရေးအတွက် အထူးစိတ်စောနေမိလို့ပါ၊ လိုအပ်တာရှိရင် ကျွန်ုပ်ကိုပြောပါ၊ အားလုံး ကျွန်ုပ်ဆောင်ရွက်ပေးပါမယ်'

ပြောပြောဆိုဆို ထွက်ခွာသွားသော စုံထောက်မင်းကြီး၏နောက်ကျောအားကြည့်၍ တစ်ချက်ပြုံးလိုက်ပြီး ကြည့်လက်စ ဖိုင်တွဲများကို မေဂျာအောင်ဒင် တစ်ယောက် ဆက်လှန်ကြည့်ရှု နေလေတော့၏။

အနီးအပါးမှ စီအိုင်ဒီ စုံထောက်အချို့ကမူ စုံထောက်မင်းကြီးအား မာမာထန်ထန်ပြန်ပြောလိုက်သည့် မေဂျာအောင်ဒင်အား လေးစားကြောက်ရွံ့စွာ ကြည့်နေကြလေ၏။ ထိုစုံထောက်များထဲမှ စုံထောက်ထွန်းလင်းက လေသံတိုးတိုးဖြင့်. . .

'မင်းကြီးက တို့ဆရာမေဂျာအောင်ဒင်နဲ့တွေ့တော့မှ ကြောင်လေး တို့နဲ့တွေ့တော့ခွေးဆိုတာလို ဖြစ်နေတာကွ'

ဟုပြောလိုက်ရာ စုံထောက်များအားလုံး စုံထောက်ထွန်းလင်း၏စကားကို ပွဲကျ၍ ဟက်ဟက်ပက်ပက် ရယ်မောကြလေရာ

www.burmeseclassic.com

www.burmeseclassic.com



အခန်းအပြင်ဝရောက်နေသည့် စုံထောက်မင်းကြီးက 'ဘယ်လိုဖြစ်နေကြတာလဲ'ဟူသော အမူအယာဖြင့် တစ်ချက်စောင်းငဲ့၍ ကြည့်လိုက်သည်တွင် အားလုံးမှာ အမြီးကုတ်လျက် ငြိမ်သက်သွားကြတော့၏။ စုံထောက်မင်းကြီးက ၎င်း၏အခန်းသို့ ဝင်သွားသောအခါ အငယ်ဆုံးစုံထောက်ကလေး မောင်သင်က. . .

'နေစမ်းပါဦးဗျ ကိုထွန်းလင်းရ၊ ကျွန်တော်တို့ ဆရာမေဂျာအောင်ဒင်နဲ့တွေ့တော့ ကလေး၊ ကျွန်တော်တို့နဲ့ တွေ့တော့ ခွေးဆိုတာလေး ရှင်းစမ်းပါဦး'ဟု မေးမြန်းသည်တွင် စုံထောက်ကိုထွန်းလင်းက. . .

'ဟာကွာ ဒါများ၊ ဒီလိုကွ၊ တို့ဆရာနဲ့တွေ့တော့ မင်းကြီးဟာ လူကြီးကို ကြောက်တဲ့ကလေးလို ကုတ်နေတတ်ပြီး၊ တို့နဲ့လဲတွေ့ရော ကိုက်တတ်တဲ့ခွေးကြီးလို အစွယ်တွေထုတ်ပြတော့တာပဲကဲ. . . ရှင်းပြီလား၊ ဟား. . . ဟား. . . ဟား. . .'

'ဟား. . . ဟား. . . ဟား. . .'

'ဟဲ. . . ဟဲ. . . ဟဲ. . .'

'ကျိုက်တယ်ကွာ'

စုံထောက်များမှာ စုံထောက်မင်းကြီးအား ခွေးနှင့်နှိုင်းလိုက်သော ကိုထွန်းလင်းစကားကို သဘောအကျကြီး ကျလျက်ရှိနေကြ



ရာ၊ တစ်စွန်းတစ်စ ကြားလိုက်ရသော မေဂျာအောင်ဒင် မသိမသာ ပြုံးလိုက်မိတော့၏။

အမှောင်တွင်းမှ အမည်းရောင်လူရိပ်နှစ်ခု

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

'ဒေါင်. . .'

အဝေးဆီမှ လွင့်ပျံလာသည့် သံချောင်းခေါက်သံသည် ညတစ်ချက်ထိုးရှိပြီဖြစ်ကြောင်း အသိပေးနေလေ၏။

လေတိုးမှုကြောင့် မရမ်းပင်များ ဘယ်ညာယိမ်းထိုးလှုပ်ရှားပြီးလျှင် သစ်ရွက်ခြောက်အချို့ တရှဲရှဲလွင့်စဉ်သွားသည်မှာ ကြောက်တတ်သောသူများအဖို့ အသည်းယားစဖွယ် ဖြစ်ပေတော့၏။

ကောင်းကင်သို့ ထိုးထွက်နေသည့် အိမ်ကြီး၏ အမိုးစွန်းမှာ ခုံတိုက်ကြီးအလား ထီးထီးမားမား မြင်နေရလေတော့၏။

'ဖြုန်း. . .'

ဝုန်း. . .'

ဒုန်း. . .'

www.burmeseclassic.com

www.burmeseclassic.com



'ကျွီ. . . အီ. . . အီ. . .'

လေကြမ်းများအတိုက်တွင် တံခါးရွက်များ ဆောင့်မိသံ၊ ပစ္စည်းပစ္စယအချို့ လဲပြိုကျသံများနှင့် ဆီထည့်ခြင်းကင်းမဲ့သည့် ပတ္တာများ၏ အော်မြည်သံမှာ စိတ်နှလုံး ချောက်ချားဖွယ်ရာ အတိ ဖြစ်နေလေတော့၏။

အဆုံးဆိုရလျှင် ထိုအိမ်ပျက်ကြီးမှာ ဝိညာဉ်လောကသား မကောင်းဆိုးဝါးများ မှီခိုနေထိုင်သည်ဟုပင် ထင်မြင်ယူဆရမည့်တဲ့ သို့ဖြစ်နေလေတော့သည်။

လောလောလတ်လတ် လွန်ခဲ့သောညက သုံးလောင်းပြိုင် လူသတ်မှုကြီး ဖြစ်ပေါ်ခဲ့သော အိမ်ပျက်ကြီးမှာ ၎င်း၏ဂုဏ်ပုဒ်များ ပိုမိုလှစ်ကြူးနေသည့်သို့ ကြောက်လန့်ခြင်းရသ ပေးစွမ်းလျက် မထီ တရီ ရှိနေလေ၏။

ထိုအချိန်၌ သစ်ရွက်ခြောက်များကို နင်းလာသည့် ခြေသံ တစ်သံသည် မရမ်းပင်အုပ်များကြားမှ တိုးညှင်းစွာ ထွက်ပေါ်လာပြီး နောက် အိမ်ပျက်ကြီး၏ ဆင်ဝင်အောက်၌ ပျောက်ကွယ်သွားလေ တော့၏။

ခေတ္တအကြာ၌ အရိပ်မည်းမည်းတစ်ခုသည် လှေကား မှတစ်ဆင့် အပေါ်ထပ်သို့ တက်ရောက်ပျောက်ကွယ်သွားလေသည်။



ချက်ချင်းပင် အပေါ်ထပ်မှ မီးရောက်ထွက်ပေါ်လာပြီးလျှင် ထိုမှသည်မှ လျင်မြန်စွာ လှုပ်ရှားနေပြီးနောက် မီးရောင်မှိန်သွား ပြန်၏။

တစ်ဖန် မီးရောင် ပြန်လင်းလာပြီးနောက် ဆက်လက်၍ ရွေ့လျားနေပြန်လေ၏။ မီးရောင်မှာ လက်နှိပ်ဓာတ်မီးရောင်ဖြစ်ပြီး လျှင် အလင်းရောင်မှာ စူးစူးရှရှမဟုတ်ဘဲ ခပ်မှိန်မှိန်သာ လင်းပြ နေခြင်းအားဖြင့် အဝတ်စ သို့တည်းမဟုတ် လက်ကိုင်ပဝါ တစ်ခုခု ကို အုပ်ဆိုင်း၍ အသုံးပြုခြင်းဖြစ်ကြောင်း သိသာလေသည်။

မကြာမီ မီးရောင်သည် လုံးဝမှိတ်သွားပြီးနောက် လူရိပ် သည် အပေါ်ထပ်လှေကားမှတစ်ဆင့် ခပ်မှန်ဆင်းသက်လာခဲ့ပြီး လျှင် တစ်စုံတစ်ရာကို သဘောကျဟန်ဖြင့် ခပ်အုပ်အုပ် ရှယ်မော တိုက်ပြီးနောက် မရမ်းပင်အုပ်များရှိရာသို့ တိုးဝင်လိုက်တော့သည်။

တတိယမြောက် မရမ်းပင်အောက်သို့ ရောက်သောအခါ သစ်ပင်ပေါ်မှ တစ်စုံတစ်ရာသည် အောက်သို့ 'ဖုတ်'ခနဲ ပြုတ်ကျလာ ပြီးနောက် ထိုသူ၏ ဇက်ပိုးအား ရိုက်ချလိုက်တော့၏။

'ဂုတ်. . .'

'အင့်. . .'

ထိုသူသည် လဲကျသွားရာ မြေပြင်မှ သူ့အား ငုံ့ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



သူကို အံ့အားသင့်လျက် ပြန်ကြည့်နေလေ၏။

'မလှုပ်ပါနဲ့ မိတ်ဆွေ၊ ကျုပ်ဟာ အိုင်အိုနန်းထိုက်ပါ။ မိတ်ဆွေဟာ တရားခံမဟုတ်ဘူးဆိုတာ ကျုပ်ရိပ်မိနေပါတယ်၊ ဒါပေမယ့် မိတ်ဆွေရဲ့ အကူအညီ ကျုပ်မှာ လိုအပ်နေပါတယ်၊ ခုခံဖို့ လုံးဝမကြိုးစားပါနဲ့'

'ဗျာ. . . လက်စသတ်တော့ အိုင်အိုနန်းထိုက်ကိုး'

ထိုသူသည် ပြောပြောဆိုဆိုဖြင့် ကိုယ်ကိုတစ်ပတ်လှည့်လှည့်လျက် ရုတ်တရက် ခြေထောက်ကို ဆန့်ထုတ်ကာ အိုင်အိုနန်းထိုက်၏ သေနတ်ကိုင်လက်ကို လှမ်းကန်လိုက်တော့၏။

ထိုသို့ တိုက်ခိုက်လာမည်ဟု သတိပြုပြီးဖြစ်သော်လည်း ဤမျှ ကြောင်တစ်ကောင်အလား မြန်ဆန်စွာ တိုက်ခိုက်လိမ့်မည်ဟု မျှော်လင့်မထားသော အိုင်အိုနန်းထိုက်မှာ အငိုက်မိသွားပြီးလျှင် လက်တစ်ခုလုံး ထုံကျင်၍ သေနတ်လွင့်သွားတော့၏။

ထိုသူက တစ်ဆက်တည်းပင် သွက်လက်စွာ ခုန်ထ၍ အိုင်အိုနန်းထိုက်အား လျှပ်တစ်ပြက် တိုက်ခိုက်တော့၏။

ပထမတွင် ခပ်ခွာခွာတိုက်ခိုက်သော်လည်း ထိုသူသည် သိုင်းပညာကျွမ်းကျင်လှသူ တစ်ဦးဖြစ်ကြောင်း ရိပ်မိလိုက်သည်။ အတတ်နိုင်ဆုံး လူချင်းပူး၍ တိုက်ခိုက်ရန် အိုင်အိုနန်းထိုက် ဆုံးဖြတ်



လိုက်တော့၏။

'ဝှီး. . . ဝှီး'

ဖုင်း၏ တိုက်ခိုက်မှုများမှာ လွန်စွာ လျင်မြန်ဖျပ်လပ်လွန်းသဖြင့် အိုင်အိုနန်းထိုက်က ခုခံအားကိုသာ အသုံးချပြီးလျှင် အလစ်ကိုချောင်းလေ၏။

တစ်ကြိမ်တွင် ထိုသူက ကိုယ်ကိုရှိုကာ လေထဲတွင်ဝဲ၍ ခြေကန်တစ်ချက်ကို အပိုင်ကန်သွင်းလိုက်တော့၏။

'ဟိတ်. . .'

'ဟိုင်း. . .'

အိုင်အိုနန်းထိုက်က ဝင်လုပ်မည့်ဟန်ပြု၍ ရုတ်တရက် ကိုယ်ရှိန်သတ်လိုက်ရာ ခြေကန်ချက်လွဲချော်သွားသည်တွင် ထိုသူ၏ လည်တိုင်စောင်းသို့ ပြင်းထန်သည့် လက်ဝါးစောင်းရိုက်ချက်ကို သွင်းလိုက်တော့၏။

'ဖောင်း. . .'

'အား. . .'

ထိုသူမှာ သစ်ရွက်ခြောက်များပေါ်သို့ လဲကျသွားပြီးလျှင် နှစ်ပတ်သုံးပတ်မျှ လိမ့်ဆင်းသွားပြီးနောက် ငြိမ်သက်သွားပေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက်သည် ဦးစွာ လက်နှိပ်ဓာတ်မီးကိုယူ၍ ၎င်း၏သေနတ်အား ရှာဖွေလေရာ မရမ်းပင်တစ်ပင် ပင်စည်နားတွင် တွေ့ရသောကြောင့် ကောက်ယူ၍ ချိုင်းအောက် စလွယ်အိတ်ထဲသို့ ထည့်လိုက်တော့၏။

ပြီးလျှင် လက်ထိပ်ကို ထုတ်ယူ၍ လဲကျနေသူထံ သွားကာ လက်နှစ်ဘက်ကို ပူးတွဲခတ်လိုက်တော့၏။

ထို့နောက် လေးလံလှသော ထိုသူ၏ခန္ဓာအား ဆွဲ့ခန့်မြှောက်ချီထမ်းပိုးပြီးလျှင် မရမ်းပင်များအောက်မှ လမ်းမဘက်သို့ လျှောက်လာခဲ့လေတော့သည်။

အတန်ကြာ လျှောက်လာကြပြီးသည့်နောက် ချုံပုတ်တစ်ခုသို့ ရောက်လာသည်တွင် တစ်ချက်ပြုံးလိုက်ပြီးလျှင် ချုံတောထဲသို့ တိုးဝင်သွားတော့၏။

ချုံတောထဲ၌ ၎င်း၏ ဖို့ဒ်ကားနက်လေးကို တွေ့ရသည်တွင် ကားတံခါးကို ခက်ခဲစွာ ဖွင့်ပြီးနောက် သတိလစ်နေသူအား ကားနောက်ပိုင်း၌ ထည့်လိုက်ပြီးလျှင် ကား ဒက်ရှ်ဘုတ်ထဲမှ ကြိုးခွေတစ်ခုကို ထုတ်ယူကာ ထိုသူ၏ ခြေထောက်များကို စနစ်တကျ ချည်နှောင်တုပ်ဆိုင်းထားလိုက်တော့၏။

'ဒေါင် . . . ဒေါင်'



ထိုစဉ် အဝေးဆီမှ နံနက်နှစ်နာရီ ထိုးပြီဖြစ်ကြောင်း သံချောင်းခေါက်သံကို အတိုင်းသား ကြားလိုက်ရတော့၏။

'ဝူး . . . ဝူး'

ပထမဦးစွာ ကားအတွင်းမှ မီးကို ထွန်းကြည့်ပြီးနောက် ငြိမ်လည် မီးမှတ်လိုက်ပြီးလျှင် ကျေနပ်စွာ တစ်ချက်ပြုံးလိုက်ပြီးနောက်၊ ဖို့ဒ်ကားလေးကို အင်းစိန်လမ်းမကြီးအတိုင်း ရန်ကုန်ဘက်သို့ မောင်းနှင် ထွက်ခွာလာခဲ့လေတော့သည်။

မမှိတ်တမှိန် လင်းနေသော လမ်းမမှ ဓာတ်မီးတိုင်များ၏ အလင်းရောင်ဖြင့် နောက်ဘက်မှ သတိမေ့လျော့လျက်ရှိနေသူကို တစ်ခါတစ်ရံ ကြည့်ရှုပြီးနောက် ကားလေးကို ဆက်လက်မောင်းနှင်ခဲ့လေ၏။

ကားနောက်ခန်းမှ လူမှာကား လောကကြီးကို စာဒင်မျှ ဘောခိုင်းလျက် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက် ရှိချေလေတော့သည်။

ဓနိဿလာမြို့မှ သိုင်းဆရာ ဇော်ဝိတ်

နံနက်စောစော၌ တယ်လီဖုန်းလာသဖြင့် မေဂျာအောင်ဒင် ကောက်ယူနားထောင်ရာ အိုင်အိုနန်းထိုက်ထံမှ ဆက်ခြင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



၍ အိမ်သို့ အလျင်အမြန်လာခဲ့ပါရန် အကြောင်းကြားခြင်း ဖြစ်လေသည်။

ထို့ကြောင့် မေဂျာအောင်ဒင်သည် သူ၏ ကားကလေးဖြင့် အိုင်အိုနန်းထိုက် နေထိုင်ရာ ကုက္ကိုင်းနေအိမ်သို့ ချက်ချင်းပင် ထွက်လာခဲ့တော့၏။

ခြံထဲသို့ ရောက်သည့်တွင် ပေါ်တီကို အောက်၌ ကားရပ်သည်နှင့် အိုင်အိုနန်းထိုက် ကိုယ်တိုင် တံခါးဖွင့်ပေးပြီးလျှင် မေဂျာအောင်ဒင်ကာ ဦးဆောင် ခေါ်ယူသွားလေ၏။

ကုလားထိုင်တစ်လုံးပေါ်၌ လက်ထမ်တန်းလန်းနှင့် ထိုင်နေသူကို တွေ့ရသော မေဂျာအောင်ဒင်မှာ ပါးစပ်ဟလျက် အံ့ဩသွားရတော့သည်။ အသေအချာကြည့်ပြန်သည့်တွင် ပိုမို၍ မျက်လုံးပြူးမျက်ဆံပြူးရပြန်တော့၏။ ပြီးမှ သက်ပြင်းတစ်ချက်ကို ချ၍. . .

ကျားသားမိုးကြိုး. . . တူလှချည်လား. . . ကိုနန်းထိုက်ရေ ငါတောင် တော်တော်ကြည့်နေရတယ်၊ ဒါနဲ့. . . သူက ဘယ်သူလဲကွ'

'ကျွန်တော့်နာမည်. . . ဇော်ဝိတ်တဲ့ခင်ဗျ'

ထိုင်နေသူက မေဂျာအောင်ဒင်၏ အမေးကို ဝင်ရောက်ဖြေဆိုလိုက်လေ၏။ ပြီးလျှင် မေဂျာအောင်ဒင်အား ကြောက်ရွံ့ခြင်း



အလျင်းမရှိသည့် အကြည့်ဖြင့် ဝံ့ဝံ့စားစား ကြည့်နေလေတော့သည်။

ထိုစဉ် အိုင်အိုနန်းထိုက်က. . .

'ညက. . . လူသတ်မှု ဖြစ်ပွားတဲ့ အိမ်ကြီးကို ကျွန်တော်အနေနဲ့ တစ်စုံတစ်ခု ထူးလိုထူးငြား သွားကြည့်တဲ့အခါမှာ မမေ့ထင့်ဘဲ ကိုဇော်ဝိတ်ကို တွေ့ရတော့တာပါပဲ မေဂျာ ခြောက်. . . ကိုဇော်ဝတ်၊ ဒါက. . . ကျွန်တော်တို့ ပုလိပ်အဖွဲ့က အရာရှိမေဂျာအောင်ဒင်တဲ့ဗျ. . . မှတ်ထားပေါ့ဗျာ'

'ဟုတ်ကဲ့'

ကိုဇော်ဝိတ်က ခေါင်းညိတ်လျက် အသိအမှတ်ပြုကာ မေဂျာအောင်ဒင်ကာ. . .

'ကိုဇော်ဝိတ်. . . မောင်ရင်ဟာ သိုင်းသမားတစ်ယောက်ဖြစ်တယ်လို့ ခန့်မှန်းမိပါတယ်၊ အဲဒါ ဟုတ်ရဲ့လား'

'သိပ်ဟုတ်တာပေါ့ဗျာ. . . ကျွန်တော်က မိဘတော့ အထင်ကရ သိုင်းဆရာ တစ်ယောက်ပါပဲ'

'အင်း. . . ဒီအတိုင်းသာမှန်ရင် ကိုနန်းထိုက် အတော်ကြီးစားပမ်းစား ဖမ်းရလိမ့်မယ်ထင်တယ်၊ ကိုနန်းထိုက်'

ဟု မေးလိုက်ရာ အိုင်အိုနန်းထိုက်က. . .

www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . . မေရှာ၊ ဇော်ဇော့်ကို သတိထားပြီး တိုက်ခိုက်သတ်ပုတ်ရတယ်၊ တစ်ချိန်မှာ သူဟာကွက်စောင့်ပြီး ပွဲသိမ်းတိုက်ခိုက်ခဲ့လို့ ကျွန်တော့်မှာ ဒဏ်ရာအကြီးအကျယ်မရခဲ့တာပါ'

ထိုအခါ ကိုဇော်ဝိတ်က. . .

'ကိုနန်းထိုက်ရဲ့ တိုက်ရည်ခိုက်ရည်ဟာ အင်မတန်ကောင်းလှပါတယ်၊ ကျွန်တော် တွေ့သမျှ သိုင်းသမားတွေထဲမှာတော့ စိတ်ရှည်ရှည် သွေးအေးအေးနဲ့ အတတ်နိုင်ဆုံး အချိန်စောင့်နိုင်သူ တစ်ယောက်ပါပဲ၊ ကျွန်တော် ချီးကျူးပါတယ်'

ဟု ပြော၏. ကိုနန်းထိုက်က. . .

'ကျေးဇူးတင်ပါတယ် ကိုဇော်ဝိတ်၊ ပြီးတော့ ခင်ဗျားကို တောင်းပန်ချင်ပါတယ်၊ အဲဒါက ညက တိုက်ပွဲမှာ ကျွန်တော့် တိုက်ခိုက်မှု ပြင်းထန်သွားတဲ့ အတွက်ရယ် ဆိုပါတော့၊ အဲဒီ အတွက် ခွင့်လွှတ်ပါဗျာ၊ ဒါပေမယ့်. . . ခင်ဗျား တစ်ခုခု စားသောက်နိုင်အောင်တော့ ကျွန်တော်စီစဉ်ပေးပါ့မယ်'

ကိုနန်းထိုက်သည် ပြောပြောဆိုဆိုတိုင်ရာမှထ၍ ကိုဇော်ဝိတ်ရှိရာသို့ လျှောက်လာခဲ့ပြီးနောက်၊ လက်ထိပ်ကို သော့ဖြင့်ဖွင့်၍ လက်တစ်ဖက်နှင့် ကုလားထိုင်လက်ရမ်းကို သတိကြီးစွာ ထားကာ ခပ်ပေးလိုက်သည်။ ထိုအခါ ကိုဇော်ဝိတ်က. . .



'ကျေးဇူးတင်ပါတယ်ဗျာ'

'ကဲ. . . အဲဒီမှာ ကြက်ဥ ပေါင်မုန့်ကြော်၊ လက်ဖက်ရည်နဲ့ မုန့်တွေရှိတယ်၊ ကိုယ့်အိမ်ကိုယ့်ယာလို သဘောထားပြီး နေနိုင်တယ် ကိုဇော်ဝိတ်'

'ဟုတ်ကဲ့. . . ကိုနန်းထိုက်'

ကိုဇော်ဝိတ်တစ်ယောက် ဆာဆာနှင့် လက်ဖက်ရည်နှင့် မုန့်များကို စားသောက်နေစဉ် မေရှာအောင်ဒင်နှင့် အိုင်အိုနန်းထိုက်တို့က စီးကရက်တစ်ယောက်တစ်လိပ် သောက်လျက် ငြိမ်သက်စွာ ကြည့်နေကြတော့သည်။

ထိုသို့ ကြည့်နေရာမှ မေရှာအောင်ဒင်က. . .

'ကိုဇော်ဝိတ်ဟာ ထို့မိတ်ဆွေ တစ်စုံတစ်ယောက်နဲ့ ထူးထူးခြားခြား တူညီနေတာကို မင်းသတိပြုမိရဲ့လား ကိုနန်းထိုက်'

ဟု မေးလိုက်၏။

အိုင်အိုနန်းထိုက်ကပြုံး၍. . .

'အတိအကျကို တူတာ မေရှာ. . . ကျွန်တော့်အထင်တော့ ပထမဦးဆုံးက သူပဲလို့ မှတ်ထင်မိတာခင်ဗျ'

ဟုပြောလေ၏။

'ဗျာ. . . ကျွန်တော့်က ဘယ်သူနဲ့ တူနေလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်ဝိတ်အမေးကို အိုင်အိုနန်းထိုက်က. . .

'မဟိုဒင်းပါ ကိုဇော်ဝိတ်၊ ကျွန်တော်တို့ မိတ်ဆွေတစ်ယောက်နဲ့ တူသလိုရှိတာကို ပြောတာပါ'

ဟု လျော့ချလိုက်တော့သည်။

ပြီးလျှင် အတန်ငယ် ဗိုက်ပြည့်သွားဟန်ဖြင့် ကိုဇော်ဝိတ်က စားပွဲပေါ်မှ စတိုင်လို စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို မီးညှိသောက်နေလေ၏။

မေဂျာအောင်ဒင်က ဆေးလိပ်ပြာခံခွက်ထဲသို့ စီးကရက်ပြာများ ချေထည့်ရင်းမှ. . .

'ကဲ. . . ကိုဇော်ဝိတ်၊ လောတယ်လို့ မထင်ပါနဲ့၊ ဒီလူသတ်မှုမှာ မောင်ရင်ဟာ ဘယ်လိုကဏ္ဍက ပါဝင်ခဲ့တယ် ဆိုတာရယ်၊ မောင်ရင်ရဲ့ ဘဝရေးရာရယ်ကိုပါ ပြည့်စုံအောင် ပြောပြပါလို့ တိုက်တွန်းချင်တယ်၊ ကိုနန်းထိုက်က စာရွက်တစ်ရွက်နဲ့ လိုက်လံ မှတ်သားလိမ့်မယ် ဟုတ်ပြီလား'

ကိုဇော်ဝိတ်က ပြုံးရယ်ရင်း. . .

'ရှင်းရှင်း ပြောရရင်တော့ ကျွန်တော့်ဘဝ အကြောင်းကို ကျွန်တော် မပြောလိုပါဘူး၊ ဒါပေမယ့် အခုလို အဖမ်းခံနေရပြီဆိုတော့ မလွှဲမရှောင်သာ ပြောရတော့မှာပေါ့လေ'



ဤကဲ့သို့ အစချီကာ ကိုဇော်ဝိတ်က သူ၏ဘဝနှင့် သူ၏မိသားစုအပြင် လူသတ်မှုတွင် ငင်းပါဝင်ခဲ့ရသည့် ကဏ္ဍများ၊ သူ၏ ရည်ရွယ်ချက်များကို ပြည့်စုံစွာပြောပြလေတော့၏။

ထိုသို့ ပြောရာတွင် အလွန်တစ်ရာကျ္ချေကြီးလှသည့် မေဂျာအောင်ဒင်နှင့် အိုင်အိုနန်းထိုက်တို့နှစ်ဦးမှာ စိတ်ဝင်စားလွန်းသဖြင့် တစ်ခါတစ်ရံ၌ ပါးစပ်ဟာလျက် လည်းကောင်း၊ တစ်ခါတစ်ရံ၌ မျက်လုံးများတွန့်သွားကြ၍ လည်းကောင်း အမူအရာပျက်လျက်နားထောင်နေကြတော့၏။

မှတ်ချက်။ ။ ကိုဇော်ဝိတ်၏ ဘဝနှင့်အဖြစ်အပျက်များကို ရှေ့ခန်းအခန်းစဉ်တစ်ခုတွင် စာရှုသူများသိစေရန် ဖော်ပြပေးမည်ဖြစ်ကြောင်း ပြောကြားလိုပါသည်။

စာရေးသူ

ကိုဇော်ဝိတ်၏ စကားဆုံးသွားသောအခါ မေဂျာအောင်ဒင်က. . .

'အင်း. . . ခင်ဗျားဘဝနဲ့ ခင်ဗျားမိသားစုအကြောင်း ကြားရတာ စိတ်မကောင်းစရာပါပဲဗျာ၊ အဲ. . . အဲ ဒီမှာ ခဏနေဦးကိုဇော်ဝိတ်၊ ကိုနန်းထိုက် ခဏလာကွာ၊ တို့ကိစ္စတစ်ခု တိုင်ပင်ကြ

www.burmeseclassic.com

www.burmeseclassic.com



ရအောင်'

'ဟုတ်ကဲ့ . . . မေဂျာ'

မေဂျာအောင်ဒင်နှင့် အိုင်အိုနန်းထိုက်တို့သည် မလှမ်းမကမ်းမှ စာကြည့်ခန်းရှိရာသို့ လျှောက်လာကြလျက် ကိုဇော်ဝိတ်နှင့်ပတ်သက်သော ကိစ္စကို အထူးစိတ်ဝင်စားစွာ ခေါင်းချင်းဆိုင် ဆွေးနွေးနေကြလေ၏။

အိုင်အိုနန်းထိုက်ကလည်း တစ်ခါတစ်ရံ အကြံပြု၏။ သူတို့နှစ်ဦး၏ မျက်လုံးများမှာ မျှော်လင့်ချက်တစ်ခုဖြင့် ဝင်းပလျက် ရှိနေကြောင်း သိရှိနိုင်လေသည်။

မကြာမီ တယ်လီဖုန်းဖြင့် အလုပ်ရှုပ်လျက်ရှိကြပြန်လေ၏။ ထို့နောက် ရောက်ရှိလာသော စီအိုင်ဒီမှ စုံထောက်များနှင့် တွေ့ဆုံကာ ညွှန်ကြားချက်များ ထုတ်ပြန်ပြီးနောက် လက်ဖက်ရည် သောက်သုံးကြလေ၏။

ခေတ္တမျှအကြာ၌ ကားတစ်စီး ဆိုက်လာပြန်၏။

ဤသို့ဖြင့် ရှိနေကြပြီးလျှင် ညမှောင်ချိန်တွင် လူတစ်ယောက်ကို ခြံတွင်းမှ ထွက်ခွာစေလေတော့၏။ ထိုသူသည်ကား ဖမ်းဆီးထားသည့် ကိုဇော်ဝိတ်ပင်ဖြစ်ပါလေတော့၏။

ဒုတိယအကြိမ်မြောက် လူသတ်မှု



◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ခြံဝမှာ ကိုဇော်ဝိတ်ထွက်သွား၍ မကြာမီပင် နန်းထိုက်၏ တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသဖြင့် ကောက်ယူနားထောင်လိုက်ရာ . . .

မြို့ထောက်မင်းကြီး ကရစ်ပင်ကိုယ်တိုင် ဆက်ခြင်းဖြစ်၍ ပြည်လမ်းရှိ အိမ်နံပါတ် . . . . . . ၌ လူသတ်မှု ဖြစ်ပွားကြောင်းနှင့် အမြန်ဆုံး သွားရောက် စစ်ဆေးကြရန် အမိန့်ပေးလေတော့၏။

အိုင်အိုနန်းထိုက်က အကျိုးအကြောင်း ပြောပြသည်တွင် မေဂျာအောင်ဒင်က စုံထောက်များအား . . .

'ကဲ ဟော့ တိုင်းယက်တဲ့ ကဗ္ဗလာ၊ မိုးရွာသည်နှင့် အခန့်သင့်ဆိုတာလို အလိုလို လူစုပြီးသားဖြစ်နေတဲ့ တို့အားလုံး ပြည်လမ်းက အိမ်နံပါတ် . . . . . . ကို မှန့်ဟင်းခါးစား ကြွလိုက်ကြဦးစို့'

ဟု နောက်ပြောင်ပြောဆိုလိုက်ရာ စီအိုင်ဒီစုံထောက်များမှာ 'ဝါး' ခနဲ ပွဲကျသွားလေတော့၏။

ထို့နောက် မေဂျာအောင်ဒင်က လိုအပ်သည်များကို ညွှန်ကြားပြီးနောက် ထွက်ခွာလာခဲ့ရာ ကားတစ်စီးမှာ စီအိုင်ဒီရုံးသို့ ထွက်ခွာလျက် ကျန်ကားတစ်စီးမှာ အခင်းဖြစ်ပွားရာ ပြည်လမ်းနေ

www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ ထွက်ခွာခဲ့တော့၏။

မေဂျာအောင်ဒင်နှင့် အိုင်အိုနန်းထိုက်တို့မှာ ဖို့ဒ်ကားလေးဖြင့် ထွက်ခွာခဲ့ကြရင်း လမ်း၌အမှုအကြောင်းနှင့် ပတ်သက်သော ကိစ္စများကို ဆွေးနွေးပြောဆိုလာခဲ့ကြလေသည်။

မကြာမီ ပြည်လမ်းရှိ ခမ်းနားထည်ဝါလှသော ခြံကျယ်ကြီးအတွင်းမှ တိုက်အိမ်ကြီးတစ်အိမ်သို့ ရောက်ရှိလာခဲ့ကြ ၊တော့၏။

မြေနီကုန်းဂါတ်တဲမှ ရာဇဝတ်အုပ်ကိုထွန်းရွှေသည် ခြံဝမှ စာသင်ပုလိပ်ကိုမောင်အုန်းနှင့်အတူ စီအိုင်ဒီစုံထောက်များကို စောင့်ကြိုနေ၏။

မေဂျာအောင်ဒင်နှင့် အိုင်အိုနန်းထိုက်တို့ ရောက်လာသော အခါ ဆလုရိုက်၍ အလေးပြုရင်း သတင်းပို့လေ၏။

'စတီးဘရားသား အဝယ်တော်သူဌေးကြီး ဦးကျော်ခေါင် သတ်ခံရတယ်ဆရာ၊ တခြားအိမ်သားတွေနဲ့ အစေခံတွေအားလုံး ဘာမှအန္တရာယ်မရှိကြပါဘူး၊ အလောင်းကိုလဲ ဆရာတို့ စစ်ဆေးနိုင်အောင် ခြေရာလက်ရာမပျက် ထားပါတယ်၊ အလောင်းကိုတွေ့သူကတော့ အိမ်စေမအေးညွန့်ဆိုတဲ့ အမျိုးသမီးပါပဲ'

'အေး. . . အေး'



'ဟုတ်ကဲ့. . . စစ်ရမေးရ လွယ်အောင် အိမ်စေ၊ မာလီနဲ့ ဒရိုင်ဘာအပြင်. . . ဦးကျော်ခေါင်ရဲ့ ဇနီး သမီးတို့ကို အခန်းထဲမှာ အဆင်သင့် ထားရှိပါတယ်'

'အင်း. . . မောင်ထွန်းရွှေ စေ့စပ်သေချာပေကွယ်၊ ကျေးဇူးတင်တယ်ဟေ့၊ အလောင်းကို သွားကြည့်ကြစို့'

မေဂျာအောင်ဒင်က ကျေနပ်စွာ ပြုံးရင်း အိုင်အိုနန်းထိုက်နှင့်အတူ ခြံကြီးထဲသို့ လျှောက်လာရင်းမှ လေသံဖြင့်. . .

'ဒီရာဇဝတ်အုပ်လေးဟာ တစ်နေ့မှာ ပုလိပ်လောကကြီးထဲက ကြယ်တစ်ပွင့် ဖြစ်လာလိမ့်မယ်လို့ ငါတော့ ထင်မိတယ် ဘယ့်နှယ်လဲ ကိုနန်းထိုက်'

ဟု ပြောလေ၏။

'မှန်ပါတယ် မေဂျာ၊ သူ့ကြည့်ရတာ. . . ဖျတ်လတ်တယ်၊ စေ့စပ်သေချာတယ်၊ အကင်းပါးတယ်၊ ဒါတွေဟာ စုံထောက်ကောင်းတစ်ယောက်အတွက် အထူးလိုအပ်ချက်တွေပဲ မဟုတ်ပါလား၊ ဒီတော့. . . သူဟာ အမှန်ထူးချွန်မယ့်သူ ပါပဲ'

မှတ်ချက်။ ။မေဂျာအောင်နှင့် အိုင်အိုနန်းထိုက်တို့ ခန့်မှန်းပြော ဆိုသကဲ့သို့ပင် နောက် ဆယ်နှစ်ကြာသောအခါ၌

'ခရမ်းပြာ'လူသတ် မှုတွင် ရှုပ်ရှုပ်ချချ ထမ်းဆောင်၍

www.burmeseclassic.com

www.burmeseclassic.com



တရားခံဖမ်းပေးခဲ့သည့် ရာဇဝတ်အုပ် ကိုထွန်းရွှေအား ဘုရင်ခံကိုယ်တိုင် ရွှေတံဆိပ်ချီးမြှင့်၍ ဂုဏ်ပြုကြောင်း သိရလေသည်။

စာရေးသူ

စတီးဘုရားသားတုမွှေဏီ၏ အဝယ်တော် သူဌေးကြီးဟူသော ဂုဏ်ပုဒ်နှင့် ညီညွှတ်အောင် တိုက်အိမ်ကြီး အတွင်း၌ ခန့်ညားလှပနေပြီးလျှင် အသုံးအဆောင် ပစ္စည်းများမှာလည်း အထူးပင် ခမ်းနားလှပပေတော့၏။

တစ်နေ့ရာတွင် ပြာလဲ့လဲ့ခန်းဆီးများကို နောက်ခံထား၍ မဟော်ဂနီရောင် စန္ဒယားကြီးတစ်လုံးကိုလည်း တွေ့ရပြန်လေ၏။

ထူးဆန်းသည်ဟု ဆိုနိုင်သည့်ကိစ္စမှာ စန္ဒယားပေါ်၌ ကျားခေါင်းပုံ ပလာစတာ ရုပ်လုံးတစ်ခုကို စနစ်တကျ တင်ထားခြင်းဖြစ်၍ ထိုရုပ်လုံးဘေး၌ အသက်ဝင်လှသော လက်မောင်းလုံးခန့် မြွေတစ်ကောင်မှာ စန္ဒရားခလုတ်များပေါ်၌ ကိုယ်တစ်ပိုင်းတင်၍ ရှိနေခြင်းပင်။

စီအိုင်ဒီစုံထောက်များမှာ မည်သို့ပြုလုပ်ရမည်မသိဘဲ မှိုတိုင်းမတ်တတ် ဖြစ်နေရှာကြ၏။

သို့ရှိစဉ် စန္ဒရားကြီး ဘေး၌ ခွေခွေလေးလဲနေသည့် လူတစ်



ယောက်ကို တွေ့ကြရလေတော့၏။

'အဲဒါ. . . သေဆုံးနေတဲ့ စတီးဘုရားသား အဝယ်တော် သူဌေးကြီး ဦးကျော်ခေါင်ပါပဲ ဆရာ'

မေဂျာအောင်ဒင်နှင့် အိုင်အိုနန်းထိုက်တို့ နောက်ပါးမှ လိုက်ပါလာသည့် ရာဇဝတ်အုပ်ကိုထွန်းရွှေ အလောင်းကို လက်ညှိုးညွှန်၍ပြောပြလိုက်သည်။

မေဂျာအောင်ဒင်က အလောင်းအနီးသို့ ကပ်သွားမည်အပြုတွင် အိုင်အိုနန်းထိုက်က. . .

'ခဏနေပါဦး မေဂျာ၊ ဒီမြွေက သိပ် စိတ်ချရတာ မဟုတ်ဘူး၊ သေသေချာချာ ကြည့်ဦးမှ'

ဟုဆိုကာ အနီးရှိ ဖုန်သုတ်သည့် ကြက်မွေးတံဖြင့် ကြည့်လိုက်၏။

'အင်း. . . ငါက ပလာစတာကိုင်ပြီး ဆေးခြယ်ထားတဲ့ ရုပ်တစ်ခုပဲ အောက်မေ့နေတာကွ၊ ဟင်. . . လည်ပင်းက အနီစက်နဲ့ပဲ ဒါ. . . ငန်းမြွေပေါ့ကွ၊ ကျွတ်. . . ကျွတ်. . . ဦးကျော်ခေါင . . . တုန်းခနဲ ဖြစ်သွားရရှာမှာပဲဟေ့'

မေဂျာအောင်ဒင်စကားကြောင့် စန္ဒရားအနီးသို့ ရောက်နေသည့် စုံထောက်ကလေးမောင်သင်မှာ ထိတ်လန့်၍ နောက်သို့ ခုန်

www.burmeseclassic.com

www.burmeseclassic.com



ဆုတ်လိုက်သည်အထိ ဖြစ်သွားရသည်။

ထိုအဖြစ်ကို စုံထောက်ကျော်တင်နှင့် စုံထောက်ထွန်းလင်းတို့က ကြိတ်၍ ရယ်နေကြလေသည်။ အိုင်အိုနန်းထိုက်က . . .

'သေသွားပါပြီ ဆရာ၊ အလောင်းကို စိတ်ချလက်ချ ကြည့်လို့ရပါပြီ'

'အေး. . .အေး'

မေဂျာအောင်ဒင်က ဦးကျော်ခေါင်၏ အသားအရေမွဲပြ နေသော အလောင်းအား စစ်ဆေးကြည့်ရှုမနေစဉ်၊ အိုင်အိုနန်းထို က စန္ဒရားနောက်မှ ကုလားထိုင်တွင် ဝင်ထိုင်ရင်း ငန်းမြွေကြီးအာ အသေအချာ ကိုင်တွယ်၍ စိတ်ဝင်တစား စစ်ဆေးနေကြလေ

ပြီးမှ ကျေနပ်စွာ ဦးခေါင်းညိတ်၍ ကျားခေါင်းပုံ ပလာ တာ အရုပ်ကြီးကို လှမ်းကိုင်လိုက်ပြန်သည်။ ထိုအရုပ်ကို ဖော လှန်ကြည့်လိုက်သောအခါ အခေါင်းပွဖြစ်ကြောင်း သိ ထိုအခေါင်းပေါက်ထဲမှ စာရွက်တစ်လိပ် ထွက်ကျလာခဲ့လေ

အိုင်အိုနန်းထိုက်က ဖြန့်၍ဖတ်ရှုကြည့်ရာ စာ အောက်ပါအတိုင်း ရေးသားထားလေ၏။

ဒုတိယကျား

ငန်းမြွေစားပြီ . . .



ပထမကျား

ဝေးရာရှားလော့ . . .။

အိုင်အိုနန်းထိုက်က စာဖတ်ပြီးလျှင် လက်ဖျောက်တစ်ချက် တီး၍ စာကို မေဂျာအောင်ဒင်သို့ ပေးလိုက်ပြီးလျှင် လူသေ အလောင်းကို သေချာစွာ စစ်ဆေးလေတော့၏။

အလောင်းမှာ မြွေဆိပ်ကြောင့် အသားများ ပြာစိမ်းလျက် ရှိလေတော့၏။ သေသူ၏လည်ပင်း၌ အပ်ပေါက်ခန့်ရှိ အပေါက်နှစ် ပေါက်ကိုတွေ့ရာ ငန်းမြွေမှာ ဦးကျော်ခေါင်း၏လည်ပင်းကို ကိုက် ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားစွာ သိရှိရတော့၏။

အိုင်အိုနန်းထိုက်က အလောင်းအနီးမှထကာ 'ကျားခေါင်း ပုံ ပလာစတာရုပ်လုံး၏ ဖင်ပိုင်းကို ထပ်မံကြည့်ရှုပြန်သည်။ ပြီးလျှင် တင်းပေါက်သို့ သွားပြန်၏။ တစ်ဖန် လျှောက်လာလျက် စန္ဒရား နောက်ဘက်ရှိ အခန်းတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားလေ၏။

မေဂျာအောင်ဒင်သည် ရာဇဝတ်အုပ် ကိုထွန်းရွှေနှင့်အတူ အခန်းတစ်ခန်း၌ အဆင်သင့်စုဆောင်းထားသည့် အိမ်သားများ၊ အစေခံများအား လိုအပ်သည်များကို သွားရောက်မေးမြန်းလေ၏။

စတီးဘရားသား အဝယ်တော် ဦးကျော်ခေါင်၏ ဇနီးသည် ထားအိမှာ နာမည်နှင့်လိုက်ဖက်အောင် ဖြိုးဖြိုးအိအိဖြင့် လုံးကြီး

www.burmeseclassic.com



ပေါက်လှ ခန့်ချော ချောလှသည့် အမျိုးသမီးတစ်ဦးဖြစ်၍ သမီးဖြစ်သူမှာလည်း မိခင်နှင့် ရုပ်ချင်းဆင်တူကာ ဘိုဆန်၍ လှပသူလေး ဖြစ်၏။ အမည်မှာမူ အိသူဇာဖြစ်ကြောင်း သိရလေ၏။

ရင်းတို့သားအမိ ထွက်ဆိုချက်အရ ယခုည ရှစ်နာရီခန့်တွင် ဦးကျော်ခေါင်သည် မည်သို့ စိတ်ကူးရသည်မသိ အရေထွေထွေနှင့် ထမင်းပင်မစားသေးဘဲ အိမ်ထောင်ကျသည်မှ ယခုအထိ တစ်ခါမျှ မတီးဘူးသည့် စန္ဒရားခလုပ်များကို ဟုတ်တိပတ်တိ မတီးဘဲ တောင်ခေါက်မြောက်ခေါက် ခေါက်လျက်ရှိသည်ကို တစ်အိမ်လုံး ကြားကြရကြောင်းနှင့်. . .

ခေတ္တမျှအကြာ၌ ရပ်တန့်သွားပြီးလျှင် အရာဝတ္ထုတစ်ခု ဝုန်းခနဲပြိုကျသွားသံ ကြားရကြောင်း ကုလားထိုင် လဲကျသံဟု ထင်မြင်သောကြောင့် ထွက်ကြည့်ခြင်းမပြုကြောင်းနှင့်. . .

ထူးဆန်းသည်မှာ တခဏအတွင်းတွင် စန္ဒရား၏ နှစ်သက်ဖွယ် သံစဉ်များ ထွက်ပေါ်လာပြီးနောက် ယမုံနာ သီချင်း၏ ဒုတိယပိုဒ်ကို တီးခတ်နေသံကြားရကြောင်း. . .

စန္ဒရားတီးသံမှာ အသက်ပါလှသဖြင့် မိမိတို့သားအမိ အိပ်ခန်းထဲ၌ ငေးမောနေမိစဉ်မှာပင် အိမ်စေမအေးညွန့် ရုတ်တရက်တက်လာပြီး ထမင်းပြင်ပြီးကြောင်းပြောရန် ဧည့်ခန်းသို့ ထွက်



သွားရာ စန္ဒရားသံမှာ လုံးဝတိတ်ဆိတ်သွားတော့၏။

ထို့နောက် အိမ်စေမအေးညွန့်၏ စူးစူးဝါးဝါး အော်ဟစ်သံကြောင့်ထွက်၍ကြည့်ကြသောအခါ စန္ဒရားအနီးကုလားထိုင်အောက်၌ သေဆုံးလျက်ရှိသည့် ဦးကျော်ခေါင်ကို တွေ့ကြရကြောင်း ထွက်ဆိုကြလေ၏။

ကျန်သည့် မာလီကုလားနှင့် ဒရိုင်ဘာတို့ကလည်း သူဌေးကတော် ဒေါ်ထားအိနှင့် သမီးဖြစ်သူ အိသူဇာတို့ အော်ဟစ်သံကြောင့် အိမ်ပေါ်ထပ်သို့ ရောက်ရှိလာကြကြောင်း ပြောပြကြလေသည်။

ထိုအချိန်တွင် အိုင်အိုနန်းထိုက်သည် ကြိုးခွေတစ်ချောင်းကို ကိုင်၍ အခန်းတွင်းသို့ ဝင်လာခဲ့လေ၏။

ငင်းက မေဂျာအောင်ဒင်အား. . .

'မေဂျာ လူသတ်သမားဟာ ဟောဒီကြိုးနဲ့ အိမ်ဘေးနားက ခြံပန်းပင်ကြီးပေါ် တက်ပြီး စန္ဒရားနောက်ဖက်က အခန်းမှာ အသေအချာ ပုန်းအောင်း စောင့်ဆိုင်းနေခဲ့တဲ့ လက္ခဏာ တွေ့ရတယ်'

'ဟုတ်လား ကိုနန်းထိုက်၊ ဒီ့ နေ်းမြွေကိစ္စကရော ဆက်စပ်သို့ ရပြီလား'

'ဒီလိုဖြစ်လိမ့်မယ် ခင်ဗျ၊ သူဟာ စန္ဒရားခုံပေါ်မှာ ထိုင်နေ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဦးကျော်နောက်ကိုရောက်သွားပြီး ဂန်းမြွေကို ပတ်ထားလို
တော့တာပဲ၊ ပြီးမှ သေဆုံးသူ ဦးကျော်ခေါင်ကို သူမျက်နှာပြလို
အတွက် စန္ဒရားဘေးက ပတ်သွားတဲ့ လက္ခဏာတွေ့ရပြန်တယ်

'အင်း. . . သူဟာ ဦးကျော်ခေါင်အပေါ်မှာ တော်တော
အညိုးထားပုံရတယ်ကွ၊ ဒါနဲ့ သူတို့ကို မင်းမေးချင်တာ မေးဦးလေ

ထိုအခါ အိုင်အိုနန်းထိုက်က. . .

'မမေးတော့ပါဘူး မေဂျာ၊ ကျွန်တော် ဝင်လာကတည်းက
ကြားသင့်သလောက် ကြားပြီးပါပြီ၊ ဒါပေမဲ့ ဒေါ်ထားအိ
မေးခွန်းတစ်ခုတော့ မေးပါရစေဗျာ'

'ဟုတ်ကဲ့. . . မေးပါရှင်'

အိုင်အိုနန်းထိုက်သည် သမီးဖြစ်သူ အိသူဇာအား တစ်ချ
ကြည့်လိုက်ပြီးလျှင်. . .

'ဒီလိုပါ ဒေါ်ထားအိနဲ့ ဦးကျော်ခေါင်တို့ အိမ်ထောင်
တာ တော်တော်ကြာပြီလား၊ အင်း. . . ဒီက အိသူဇာဟာ ဦးကျေ
ခေါင်နဲ့ ဒေါ်ထားအိတို့က မွေးတဲ့ သမီးအရင်းလားဆိုတာ သိပါ
ရစေ၊ ဒီမေးခွန်းအတွက် ခင်ဗျားတို့ရဲ့ ဂုဏ်သိက္ခာ ထိခိုက်မယ်ဆို
ကျွန်တော်အနူးအညွတ် တောင်းပန်ပါရစေဗျာ'

'ဩော်. . . ကိစ္စမရှိပါဘူးရှင်၊ ကျွန်မနဲ့ ဦးကျော်ခေါင် အိ



ထောင်ကျတာ ငါးနှစ်လောက်ပဲ ရှိပါသေးတယ်၊ ကျွန်မရဲ့ အရင်
အိမ်ထောင်က အတွင်းဝန် အိုင်စီအက်စ်ဦးအုန်းလှပါ၊ ဒီသမီးလေး
က အရင်အိမ်ထောင်နဲ့ ရတာဆိုပါတော့'

'ကျေးဇူးတင်ပါတယ် ဒေါ်ထားအိ၊ ဒါဆိုတော့ ဦးကျော်
ခေါင်ရဲ့ နောက်ကြောင်းရာဇဝင် အသေးစိတ်ကို ဒေါ်ထားအိ သိတ်
သိသေးဘူးဆိုပါတော့၊ အဲ သိသလောက် ပြောပြမယ်ဆိုရင်ဖြင့်. .'

အိုင်အိုနန်းထိုက်က အားတုံ့အားနာဟန်ဖြင့် စကားတစ်
ခတ်တစ်ပျက်တွင် ရပ်နားထားလိုက်ရာ ဒေါ်ထားအိက. . .

'သူနဲ့ ကျွန်မဟာ အရေးပိုင်တစ်ဦးရဲ့ ညစ်ခံပွဲတစ်ခုမှာ တွေ့
ကြရင်း ရင်းနှီးခဲ့ကြတာပါ၊ ဒီအချိန်က ကျွန်မရဲ့ယောကျ်ား
အိုင်စီအက်စ် ဦးအုန်းလှဆုံးတာ ပူပူနွေးနွေး ဆိုပါတော့'

'ဟုတ်ကဲ့. . . ညားပြီးကြတဲ့ နောက်ပိုင်းမှာ သူ့ရဲ့ဧည့်သည်
အနေနဲ့ ဘယ်လိုပုဂ္ဂိုလ်တွေ လာတတ်ကြပါသလဲ၊ ထူးထူးခြားခြား
ရှိတဲ့ ဧည့်သည်များကို ဒေါ်ထားအိ သတိပြုမိလိမ့်မယ်လို့ ကျွန်တော်
ယူဆမိပါတယ်'

အိုင်အိုနန်းထိုက်က ထိုသို့ပြောရင်းမှ စတိုင်လို စီးကရက်
တစ်လိပ်ကို ဟန်ပါပါ မီးညှိရှိုက်ဖွာလိုက်ရာ ဒေါ်ထားအိမှာ အိုင်အို
နန်းထိုက်အား အငေးသား စိုက်ကြည့်နေရှာလေ၏။ ပြီးမှ-

www.burmeseclassic.com

www.burmeseclassic.com



'စတီးဘရားသား ကုမ္ပဏီနဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်အချို့ လာကြပါတယ်၊ ဒါကလဲ လာခဲ့လှပါတယ်၊ အင်း. . . ဒါပေမယ့် အရုပ်ဆိုးဆိုး မျက်နှာမှာ အမာရွတ်ရှိတဲ့ လူကြီးတစ်ဦးကတော့ ကျွန်မတို့ အိမ်ထောင်ကျပြီးကတည်းက သုံးခါလောက် ရောက်လာခဲ့ဘူးပါတယ်၊ အို. . . အခုမှ သတိရတယ်၊ လွန်ခဲ့တဲ့ နှစ်ရက်လောက်ကတောင် ညဘက်မှာ သူရောက်လာသေးတယ်'

'ဟုတ်လား. . . ဆက်ပြောပါလား၊ ဒေါ်ထားအိ'

'အဲဒီအချိန်မှာ ကျွန်မလဲ မအိပ်နိုင်သေးတာနဲ့ နိုင်လွန်ဆွယ်တာ အင်္ကျီတစ်ထည်ကို ထိုးနေလက်စနဲ့ ဆက်ထိုးနေတာမို့ သူတို့ရဲ့ စကားပြောသံကို တစ်ချို့တစ်ဝက် မသဲမကွဲ ကြားနေတယ်ရှင့်'

'ဟုတ်ပြီ. . . ပြောပါ ဒေါ်ထားအိ'

'အဲဒီမှာ ကျော်ခေါင် အထူးသတိထား၊ မြွေဝန်းဟာ အစိုးလို လိုက်နေတယ်တဲ့'

'အင်း. . . အင်း၊ ဒါထက် ကိုကျော်ခေါင်က အဲဒီလူကြီးကို ဆက်ဆံပုံ ပြောပါဦး၊ ဘယ်လိုအနေအထားရှိတယ်ဆိုတာ'

ကိုနန်းထိုက်က အနည်းငယ်ပြုံး၍ ပြောလိုက်ရာ ဒေါ်ထားအိကလည်း ပြုံးလျက်. . .'



'ဟုတ်ကဲ့ရှင့်. . . အတော်ကလေးကို ရိုကျိုးတဲ့ အနေအထားလို့ ဆိုရမှာ ဖြစ်ပါတယ်'

'ကျေးဇူးတင်ပါတယ် ဒေါ်ထားအိ၊ အဲဒီလူကြီးရဲ့ နာမည်ကိုရော မသိဘူးလား. . . ဟင်'

'ဒါကိုတော့. . . ကျွန်မကလဲ မမေးမိလို့ ကိုကျော်ခေါင်ကလဲ မပြောပြခဲ့ဘူးရှင့်'

'ဟုတ်ကဲ့. . . ကိစ္စမရှိပါဘူး၊ ခင်ဗျားရဲ့ ခင်ပွန်း အသတ်ခံရတဲ့အတွက်. . . ဝမ်းနည်းကြောင်း ပြောပါရစေ'

ဒေါ်ထားအိနှင့် သမီး မသူဇာတို့မှာ မည်သည့်စကားမျှ မဆိုတော့ဘဲ မျက်လုံးများကို ကြမ်းပြင်သို့ စိုက်ကြည့်နေရှာလေတော့၏။

ရှုပ်ထွေးနက်နဲသည့် လျှို့ဝှက်ချက်များနှင့်အတူ

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

အလောင်းကို ရန်ကုန်ဆေးရုံကြီး ရင်ခွဲရုံသို့ ပို့ဆောင်ရန် အစီအစဉ်များကို ပြုလုပ်ဆောင်ရွက်ပြီးလျှင် မြေနီကုန်း ဂါတ်ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်အုပ် ကိုထွန်းရွှေအား ပုလိပ်အစောင့်နှစ်ယောက်ကို ချပေး ထားစေရန် ညွှန်ကြားပြီးနောက် ပြန်လည်ထွက်ခွာလာခဲ့ကြတော့၏။

အပြန်၌ မေဂျာအောင်ဒင်အား ၎င်း၏ ကန်တော်ကြီး စောင်းနေအိမ်သို့ ဝင်ပို့ရင်း မေဂျာအောင်ဒင်၏ တပည့်ကျော် ဖိုး ချစ်ဖျော်ပေးသည့် လက်ဖက်ရည်တစ်ခွက်နှင့် ပေါင်မုန့်တစ်ချပ်စီ ကို ဆာဆာနှင့် စားသောက်ကြလျက် စကားစမြည်ပြောဆိုကြလေ ၏။ အိုင်အိုနန်းထိုက်က

'ဒီလူဟာ. . . မြွေလဲ အတော်နိုင်နင်းပုံရတယ် မေဂျာ ပြီးတော့. . . မင်္ဂလာဒုံ-ခေင်းစိန် လမ်းနံဘေးက အိမ်ပျက်ကြီးရဲ့ သုံးလောင်းပြိုင်လူသတ်မှု တရားခံလဲဖြစ်တယ်'

'ဟင်. . . မင်းဥစ္စာက သေချာရဲ့လား'

'သေချာပါတယ်. . . ကျွန်တော် စစ်ဆေးကြည့်တော့ သစ်ပင်တစ်ပင်အောက်က ခြေရာနဲ့ ပြတင်းဘောင်ပေါ်က ခြေရာ ဟာ ဟိုအိမ်မှာ တွေ့ရတဲ့ ခြေရာနဲ့ တစ်ပုံတည်းပဲ၊ နောက်ပြီး. . . ကင်းပတ်ဖိနပ်ကို စီးထားလေရဲ့'

'ဒီ အထောက်အထားတစ်ခုနဲ့ စွပ်စွဲတာလား ကိုနန်းထိုက်'

မေဂျာအောင်ဒင်က ထိုသို့မေးလိုက်ရာ အိုင်အိုနန်းထိုက်က မီးညှိမည့်ဆဲဆဲ စီးကရက်ကို လက်ကြားတွင်ညှပ်၍. . .



'မေဂျာပဲ သိသားနဲ့၊ ဟိုအိမ်ကြီးရဲ့ နံရံမှာ စိုက်ဝင်နေတဲ့ ဓားမြှောင်တွေလေ၊ အရိုးမှာ ဘာရေးထားတယ်ဆိုတာ'

'ဪ. . . ဟုတ်ပေသားပဲ၊ ကျားခေါင်း အမှတ်အသား အောက်မှာ ရိုးမကျားလို့ ရေးထားတယ်'

'မှန်ပါတယ်. . . ဦးကျော်ခေါင်ရဲ့ စန္ဒရားပေါ်မှာ တင်ထား တဲ့ စန္ဒရားရုပ်လုံးကို မေဂျာ သတိပြုမိပါလိမ့်မယ်၊ အဲဒါဟာ ကျား ခေါင်းရုပ်ဖြစ်ပါတယ် မေဂျာ'

'အိုး. . . သိပ်ဟုတ်တာပေါ့၊ ကြည့်စမ်း. . . ငါတောင် ဒီအထိ လုံးဝမတွေးမိဘူး၊ မင်းသိပ်တော်တယ် ကိုနန်းထိုက်၊ ဘွန်ကရက်ကြျူလေးရှင်း'

ဟု ချီးကျူးလေ၏။

အိုင်အိုနန်းထိုက်မှာမူ ထိုချီးကျူးမှုကို မည်သို့မျှ မသိသကဲ့ သို့ စတိုင်လိုစီးကရက်ကိုသာ မီးညှိရှိုက်ဖွာနေလေ၏။ ပြီးမှ. . .

'အဲထဲက တွေ့ရတဲ့ စာရွက်မှာ ရေးသားထားတဲ့ ဒုတိယ ကျား ငန်းမြွေစားပြီ၊ ပထမကျား ဓေးရာရှားလော့. . . ဆိုတဲ့ စာပိုဒ် ရေ သူ့ရဲ့ စာကြည့်ခန်းထဲကို မွှေနှောက်ရှာကြည့်တဲ့အခါ စာအုပ် စာအုပ်ကြားထဲက အမှတ်မထင် ဟောဒါကို တွေ့ခဲ့ရတယ် မေဂျာ'

အိုင်အိုနန်းထိုက်က သတင်းစာ တစ်ခုမှ ဖြတ်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ပိုင်းတစ်ခုကို ထုတ်ပြလိုက်လေ၏။ ထိုအရာမှာ ဓာတ်ပုံတစ်ပုံ ဖြစ်၍ ဓာတ်ပုံအောက်၌. . .

'ပဲခူးမြို့ဘဏ်ကို ဓားပြတိုက် လုယူသွားသည့် 'ရိုးမကျား' ဓားပြအဖွဲ့ ဒုတိယခေါင်းဆောင် 'ကျော်ဗလ'ဟူသော ခေါင်းစဉ်ဖြင့် ပဲခူးမြို့ဘဏ်ကို ဓားပြတိုက်သွားသည့် သတင်းအား ဖော်ပြထားပြီး လျှင် ထိုပုဂ္ဂိုလ်အား ဖမ်းဆီးပေးနိုင်သူအား ဘုရင်ခံမှ ငွေငါးထောင် ချီးမြှင့်မည်ဖြစ်ကြောင်း ဖော်ပြထားလေ၏။

'အလို. . . ဒီဓာတ်ပုံဟာ'

'ကျော်ဗလခေါ် စတီးဘရားသား အဝယ်ကိုယ်စားလှယ် သူဌေးကြီး ဦးကျော်ခိုင်ပေါ့ မေဂျာ'

'ဒီလိုဆို. . . လူသတ်သမားရဲ့ စာအရ သူဟာ ဒုတိ ဂိုဏ်းခေါင်းဆောင်. . . ဒုတိယကျား ဆိုပါတော့'

'မှန်ပါတယ်'

'အမှုကတော့ ရှင်းမလိုနဲ့ရှုပ်. . . ရှုပ်သည်ထက်နက်နဲ တာလို ဖြစ်နေပြီ ကိုနန်းထိုက်ရေ'

'ဟုတ်ပါတယ်. . . မေဂျာ'

ဟု အိုင်အိုနန်းထိုက်က ပြောလိုက်လေသည်။

ထို့နောက် အိုင်အိုနန်းထိုက်က ဆက်လက်၍. . .



'လူသတ်သမားဟာ ဖွဲ့လဲကြီးတယ်၊ ပါးရည် နပ်ရည်လဲ ရှိပြီး၊ အလွန်ပဲ သွေးအေးသူတစ်ယောက် ဖြစ်ကြောင်း သိရတယ် ခင်ဗျ၊ သူဟာ မြွေကို ဦးကျော်ခေါင်ရဲ့ လည်ပင်းမှာ ရစ်ပတ်စေပြီး . . . မြွေရဲ့ ဦးခေါင်းကို ကိုင်ထားပုံရတယ်၊ ပြီးမှ သူပြောချင်တဲ့ စကားတွေ ပြော. . . သူ့မျက်နှာကို မြင်စေပြီးမှ ငန်းမြွေကို ကိုက်စေ တော့တာပဲ'

'အေး. . . ဒါနဲ့ ကိုနန်းထိုက်၊ ငန်းမြွေက ဘယ်လိုပုံစံနဲ့ သေရတာလဲ. . . ဆိုစမ်းပါဦး'

အိုင်အိုနန်းထိုက်က. . .

'အမှန်က ဦးကျော်ခေါင်ဟာ မြွေကိုက်ကိုက်ခြင်း ကြောက် အားလန့်အားနဲ့ မြွေကို ညစ်ထားပါ လိမ့်မယ်၊ ပြီးမှ လက်တစ်ဖက်က ကျားခေါင်းပလပ်စတာရုပ်ကို လှမ်းဆွဲပါလိမ့်မယ်၊ မမှီမကမ်းဆိုတော့ ကျားခေါင်းရုပ်လုံးဟာ လဲကျသွားလိမ့်မယ်လို့ ယူဆရပါတယ် မေဂျာ'

'ဩော်. . . ဒီလိုကိုး'

'ဟုတ်ပါတယ် ခင်ဗျာ၊ ဒီမှာတင် လူသတ်သမားဟာ ကျားခေါင်းရုပ်ရဲ့ လျှို့ဝှက်ချက် အံဝှက်ကို တွေ့ရှိသွားပြီး အဖိုးတန် စာနာတစ်ခု သို့တည်းမဟုတ် အတော်များများကို ရရှိသွားခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်'

'တယ်ဟုတ်ပါလား ကိုနန်းထိုက်၊ ငါတော့ အဲဒီလောက် အထိကို တွေးယူလို့မရခဲ့သေးတာ အမှန်ဖြစ်ကြောင်း မင်းကို ဝန်ခံရလိမ့်မယ်'

မေဂျာအောင်ဒင်က ထိုသို့ဝန်ခံသော်လည်း ဘဝင်မမြင့် တတ်သည် အိုင်အိုနန်းထိုက်မှာ. . .

'မဟုတ်ပါဘူး မေဂျာ၊ ကျွန်တော်လဲ အမှတ်မထင် သုံးသပ် ကြည့်ရာက အဲဒီ သဲလွန်စတွေကို ဆွဲကိုင်မိတာပါ'

'ဘာပဲဖြစ်ဖြစ်လေ၊ မင်းရဲ့တွေးခေါ်မှုနဲ့ ထောက်လှမ်းမှုအ မြင် တို့စီစဉ်ထားတဲ့ ကိစ္စတွေကြောင့် တရားခံဟာ အနေးနဲ့အမြန် ဆိုသလို မိလိမ့်မယ်လို့ ယူဆမိတာပါပဲ'

အိုင်အိုနန်းထိုက်က လက်ကျန်လက်ဖက်ရည်ကို မော့ သောက်လိုက်ရင်းမှ. . .

'ရတနာတွေကို ထုတ်ယူသွားပြီး စာရွက်ခေါက်လေးကို ရေးထွင်းခဲ့တာက ရိုးမကျားဂိုဏ်းခေါင်းဆောင်ကို ရည်ရွယ်ထားတာ ပဲ မေဂျာ၊ ဒီတော့ မကြာမီ လူသတ်မှု တစ်ခု အသေအချာ ထပ်မံ ဖြစ်ပွားဦးမှာပဲ'

လိုအခါ မေဂျာအောင်ဒင်က. . .



'ဟုတ်ပါတယ် ကိုနန်းထိုက်၊ ဒီကိစ္စကို ကြိုတင်တားဆီးနိုင် အောင် ရိုးမကျားဂိုဏ်းခေါင်းဆောင်ကို စုံစမ်းကြည့်ဖို့က ရှိသေး တယ်'

'ကျွန်တော်တော့ မထင်ဘူးမေဂျာ၊ ဦးကျော်ခေါင်သေဆုံး သွားမှန်း ဒီလူသိတာနဲ့ ရုပ်ဖျက်ပြီး ရှောင်တိမ်းနေတော့မှာပဲ၊ ဒီတော့ သူ့ကို စုံစမ်းဖို့ အတော်ခက်လိမ့်မယ်၊ ဒါပေမယ့် တစ်ခုခုတော့ ကြိုး စားကြည့်ရမှာပေါ့လေ'

မေဂျာအောင်ဒင်က စီးကရက်တစ်လိပ်ကို မီးညှိရင်း တစ်စုံ တစ်ရာကို နက်နဲစွာ တွေးနေလေ၏။ ပြီးလျှင်. . .

'အင်း. . . မကြာခင် တို့ရဲ့စီစဉ်မှုက ရလာဒ်တစ်ခုတော့ ထွက်ပေါ်လာကောင်းတယ်လို့ ထင်မြင်ယူဆမိတာပဲလေ'

အိုင်အိုနန်းထိုက်ကလည်း. . .

'ကျွန်တော်လဲ အဲဒီလိုပဲ ယူဆပါတယ် မေဂျာ'

ထို့နောက်နှစ်ဦးသားသည် အရေးကြီးသည့် ကိစ္စများကို စိတ်ပါဝင်စားစွာ တီးတိုးတိုင်ပင်ကြလေတော့၏။ တစ်နာရီနီးပါး တိုင်ပင်ကြပြီးနောက် သဘောတူညီမှု တစ်ရပ်ကို ရရှိလိုက်ကြဟန် မြင့် ရပ်ဆိုင်းလိုက်တော့သည်။

ညဆယ့်နှစ်နာရီ ထိုးကာနီးမှပင် အိုင်အိုနန်းထိုက်တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် သူ၏ကုက္ကိုင်းနေအိမ်သို့ ဖို့ဒ်ကားလေးကို မောင်းနှင်ထွက်ခွာလာခဲ့လေတော့၏။

စီအိုင်ဒီရုံးမှ ရယ်မောသံများ

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စီအိုင်ဒီရုံးမှ အိုင်အိုနန်းထိုက်မှအပ လူစုံတက်စုံ ရှိနေကြတော့သည်။

ပုလိပ်မင်းကြီး မစ္စတာသောမတ်စ်လည်း ရောက်ရှိနေ၏။ အထူးသဖြင့် စုံထောက်မင်းကြီး မစ္စတာကရစ်ပင်၏ မျက်နှာမှာ ပို၍ ရွှင်ရော်၍ ညိုမှောင်နေသည်ဟု မှတ်ထင်ရလေ၏။

မေဂျာအောင်ဒင်ကမူ ရေခဲတောင် စီးကရက်တစ်လိပ်ကို ခဲ၍ ခပ်တည်တည် ရပ်နေလေ၏။

ပုလိပ်မင်းကြီး မစ္စတာသောမတ်က လည်ချောင်း ရှင်းလိုက်၏။

'အဟမ်း. . . အဟမ်း. . . လူကြီးမင်းတို့ သိကြတဲ့အတိုင်း ဒီနေ့ သူရိယ သတင်းစာမှာ စတီးဘရားသားကိုယ်စားလှယ် ဦးကျော်ခေါင် အသတ်ခံရတဲ့သတင်း ပါရှိလာတာ အားလုံးသိရှိကြပြီး ဖြစ်ပါလိမ့်မယ်'

ပုလိပ်မင်းကြီးက အခန်းထဲမှ ခုံထောက်များကို တစ်ဦးစီ



ကြည့်လိုက်ရာ အားလုံးတည်ငြိမ်စွာရှိကြောင်း တွေ့ရသည်တွင် ဆက်လက်၍. . .

'ဒီကိစ္စနဲ့ ပတ်သက်ပြီး လူသတ်တရားခံ မဖမ်းမိနိုင်သေးတဲ့အတွက်ရော နောက်တစ်ခါ လွန်ခဲ့တဲ့ရက်က သုံးလောင်းပြိုင်အသတ်ခံရမှုအတွက် တရားခံမမိသေးတဲ့ကိစ္စကိုပါ သတင်းစာတွေက ပုလိပ်အဖွဲ့ကို အပုတ်ချပြီး ရေးသားနေတာ လူကြီးမင်းတို့ သိရှိပြီးဖြစ်လိမ့်မယ်'

တစ်ခန်းလုံးပင် အပ်ကျသံကြားရမတတ် တိတ်ဆိတ်နေလေတော့၏။

'ဒီတော့ တရားခံတွေ ဖမ်းမိအောင် အထူးကြိုးစားကြပါလို့ ကျွန်ုပ်နှင့်တကွ စုံထောက်မင်းကြီးတို့က တိုက်တွန်းပါတယ်၊ ဒီကိစ္စအတွက် ဘုရင်ခံကလဲ ကျွန်ုပ်တို့ကို ကြိမ်းနေပြီ၊ တရားခံမမိရင်တော့ ရာထူးကထွက်ပေးဖို့တောင် ဖြစ်နေတယ်၊ နားလည်ကြသလား'

ထုံးစံအတိုင်း ငြိမ်သက်လျက် ရှိနေလေ၏။ မေဂျာအောင်ဒင်ကမူ စီးကရက်တစ်လိပ်ကို ထပ်မံထုတ်ယူ၍ မီးညှိသောက်နေသည်။ ပုလိပ်မင်းကြီးက ဆက်လက်ပြောဆိုပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အထူးသဖြင့် စတီးဘရားသားကိုယ်စားလှယ် တစ်ယောက်ဟာ လူဆိုးဟစ်ယောက်ရဲ့ လက်ချက်ကြောင့် အသတ်ခံရတဲ့ကိစ္စအပေါ်မှာ ဘုံဘေဘားမားကုမ္ပဏီနဲ့ စတီးဘရားသားကုမ္ပဏီတို့က မကျေမနပ် ကန့်ကွက်စာပို့ပြီး တရားခံကို အမြန်ဖမ်းဆီးပေးဖို့လဲ တိုက်တွန်းထားကြတယ်'

ထိုနေရာအရောက်၌ မေဂျာအောင်ဒင်က . . .

'ကျွန်တော် တစ်ခုပြောပါရစေ မင်းကြီး၊ စတီးဘရားသားကုမ္ပဏီဟာ ကိုယ်စားလှယ်နေရာမှာ လူဆိုး ဓားပြတစ်ဦးကို ခန့်ထားရသလား၊ အဲဒါ ကုမ္ပဏီရဲ့ ဥပဒေလားဆိုတာ မေးပေးစမ်းပါ'

ထိုစကားကြောင့် ပုလိပ်မင်းကြီး မစ္စတာသောမတ်စ်သားမက ကျန်စုံထောက်မင်းကြီး၊ မစ္စတာကရစ်ပင်နှင့် စုံထောက် အရာအပြားပင် ထိန်လန့်အံ့သြသွားကြလေ၏။ ပုလိပ်မင်းကြီး အဆိပြုန်နေသော မျက်နှာနီနီကြီးအား လက်ကိုင်ပုဝါဖြင့် ပွတ်သုတ်လိုက်ပြီးလျှင် မယုံကြည်သော မျက်နှာနှင့် . . . . .

'လူကြီးမင်း မေဂျာအောင်ဒင် . . . ဘယ်လိုပြောလိုက်တာလဲ၊ စတီးဘရားသားကုမ္ပဏီဟာ လူဆိုးအဖွဲ့အစည်း မဟုတ်ဘူး ဘာကြောင့် ဓားပြ တစ်ဦးကို ကိုယ်စားလှယ်အဖြစ် ခန့်အပ်ရမှာလဲ



လူကြီးမင်းစကားဟာ လွန်စွာ ဒိန်းဂျရပ်စ် ဖြစ်နိုင်ပါတယ်'

ဟု ပြောလိုက်လေ၏။၏

'ဒီလိုဆိုရင် ကျွန်တော် ပြောပြပါမယ်၊ စတီးဘရားသား ကိုယ်စားလှယ် ဦးကျော်ခေါင်ဟာ ရိုးမကျားလို့ နာမည်ကြီးနေတဲ့ ဓားပြဂိုဏ်းက ဒုတိယဂိုဏ်းခေါင်းဆောင် တစ်ယောက်ပါပဲ၊ သာဒါကိုကြည့်ရင် သိနိုင်ပါတယ်'

'ဟာ . . . '

'ဟင် . .'

'အို . . .'

'ဟိုက် . .'

' အိုး . . . ဂေါ့ဒ်'

'အိုး . . . ဝဲရီးဝမ်းဒါးဖူးလ်'

စီအိုင်စီစုံထောက်များပင်မက ပုလိပ်မင်းကြီးနှင့် စုံထောက်မင်းကြီးတို့လည်း အံ့သြသွားရာမှ မေဂျာအောင်ဒင် လှမ်းပေးသော သတင်းစာဖြတ်ပိုင်းကို ယူကြည့်လိုက်ကြလေ၏။

ထို့နောက် မယုံကြည်နိုင်ဟန်ဖြင့် ခေါင်းများကို ဘယ်ညာခါယမ်းလိုက်ကြပြီးလျှင် သတင်းစာဖြတ်ပိုင်းကို အနီးအနားမှ စုံထောက်မောင်သင် လက်သို့ ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်သင်မှ တစ်ဆင့် အခြားစုံထောက်များသို့ တစ်ဆင့် စီလက်ပြောင်း၍ ကြည့်ရှုကြပြီးနောက်၊ ထိုသတင်းစာ ဖြတ်ပိုင်းလေးမှာ မေဂျာအောင်ဒင်ဆီ ပြန်လည် ရောက်ရှိလာခဲ့လေ၏။ ဤတွင် မေဂျာအောင်ဒင်က . . .

'ကျွန်တော်တို့လဲ နည်းမျိုးစုံနဲ့ တရားခံ ဖမ်းမိရေးအတွက် ထောက်လှမ်းစုံစမ်းနေကြတာပါပဲ၊ ဒါကို မကျေနပ်လို့ ဘုရင်ခံကရာထူးကနေထွက်ခိုင်းမယ်ဆိုရင်လဲ ထွက်ပေးဖို့ အဆင်သင့်ရှိပါတယ်၊ လူကြီးမင်းတို့လဲ ကြားဖူးမှာပါ၊ ဂေါ့ဆီးသည် ထရုသိဘတ်သိဝိတ် . . . ဆိုတာ အမှန်တရားကိုတော့ ဘုရားသခင်ဟာ လစ်လျူမပြုပါဘူး၊ သို့ပေမယ့် . . . အချိန်တော့ စောင့်ရမယ်ဆိုတာလေ'

ထိုအခါစုံထောက်မင်းကြီး မစ္စတာကာရစ်ပင်က . . .

'အိုး . . . ရိုက်တ် . . . ရိုက်တ် . . . , ဗဲရီးဂွတ်၊ လူကြီးမင်းမစ္စတာ အောင်ဒင်ပြောကြားတဲ့ စကားဟာ အထူးမွန်မြတ်ကောင်းမွန်ပါတယ်'

ဟု လျှောချလေ၏။

မေဂျာအောင်ဒင်ကမူ . . . .

'စ ခန့်ကတည်းက လူဆိုးတစ်ယောက်ကို ကိုယ်စားလှယ်



ခန့်ထားတာဟာ သူတို့ကုမ္ပဏီရဲ့ ပေါ့လျော့မှုတစ်ခုလို့ဆိုရမှာပဲ။ ဒါကြောင့် အခုလိုအရှုပ်အထွေး ဖြစ်လာတာပေါ့၊ အချိန်တန်ရင်တော့ တရားခံကို မိရမှာပေါ့၊ သို့ပေမယ့် . . . ဒီကြားထဲမှာ ကျွန်တော်တို့ ပုလိပ်အဖွဲ့ကို ဩဇာလာမပေးဖို့ အခုန အချက်ကို တိုင်ပြီး မင်းကြီးတို့ကိုယ်တိုက် ကန့်ကွက်ပေးစေလိုပါတယ်'

'ဟုတ်တယ်'

'မှန်တယ်'

'ဘဲရီးဂွတ်ဒ်'

ဟူ၍ တစ်ယောက် တစ်ပေါက်ထ၍ ထောက်ခံ ကြသော စီအိုင်ဒီစုံထောက်များကို ကြည့်၍ ပုလိပ်မင်းကြီးနှင့် စုံထောက်မင်းကြီးတို့မှာ မျက်လုံးမျက်ဆန်ပြူးနေကြပြီးနောက် စုံထောက်မင်းကြီး မစ္စတာ ကာရစ်ပင်က . . .

'မှန်တယ် လူကလေးတို့ . . . ကျွန်ုပ်တို့ရဲ့ လူကြီးမင်း မေဂျာအောင်ဒင်ရဲ့ ဆောက်ရွက် ညွှန်ကြားမှု၊ ပြီးတော့ . . . ကျွန်ုပ်တို့စီအိုင်ဒီရဲ့ဇာတ်လိုက် အိုင်အိုနန်းထိုက်တို့ရဲ့ စွန့်စားကြိုးစားမှုတွေကြောင့် မကြာခင် လူသတ်တရားခံကို ဖမ်းဆီးနိုင်လိမ့်မယ်ဆိုတာ ယုံကြည်ပြီးသားပါ၊ ဒီတော့ . . .'

စုံထောက်မင်းကြီးသည် လူအားလုံးကို အကဲခတ်ကြည့်ရှု

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးနောက် . . . .

'မေဂျာအောင်ဒင် လိုလားသလို၊ ကျွန်ုပ်နှင့်တကွ ဟောဒီပုလိပ်မင်းကြီး မစ္စတာသောမတ်စ်ကိုယ်တိုင် ဘုရင်ခံဆီစာရေးပြီး ဘုံဘေဘဏ်အားမားနဲ့ စတီးဘရားသား ကုမ္ပဏီတွေရဲ့ ကန့်ကွက်ရုံချုံ ကိုရပ်တန့်ခိုင်းရမယ်၊ အထူးသဖြင့် . . . မေဂျာအောင်ဒင်ပြောပြ တဲ့သတင်းကို သူတို့သိအောင် ပြောပြလိုက်မယ်'

'ဖြောင်း . . . ဖြောင်း'

' ဖြောင်း . . . ဖြောင်း . . . ဖြောင်း'

စီအိုင်ဒီစုံထောက်များက လက်ခုပ်သြဘာ ပေးကြသည် တွင်ပုလိပ်မင်းကြီးနှင့် စုံထောက်မင်းကြီးတို့ နှစ်ဦးလည်း ပြုံးရွှင် စွာဖြစ်လျက် ရှိကြတော့၏။

ကိုအခိုက် လက်ခုပ်သံတဖြောင်းဖြောင်းမြည်သံကို မင်းကြီး နှစ်ဦး စိတ်ဆိုးဆိုးဖြင့် ဒီအိုင်ဒီစုံထောက်များကို ရိုက်ပုတ်နေပြီး ယူဆကာ ပုန်းလျှိုးကွယ်လျှိုးဖြင့် လာရောက်ကြည့်မိသောပျာသော ဖိုးတက်အား တံခါးကြား၌ ရှိနေသည်ကို စုံထောက်မင်းကြီး မ ကရစ်ပင် မြင်တွေ့သွားတော့၏။

ထိုအခါ မင်းကြီးက ကပျာကယာဖြင့် . . .

ဟေ့ . . . ပျာတာဖိုးတက်၊ လူပု . . . မြန်မြန်လာ



ပျာတာဖိုးထက် မျက်စိမျက်နှာ ပျက်လျက် . . . .

'ကြောက် . . . ကြောက်ပါပြီ မင်းကြီး '

စုံထောက်မင်းကြီးက နားမလည်ဟန်ဖြင့် . . .

'ကြောက်တယ် . . . . ဗုတ် . . . ဘာကို ကြောက်တာလဲ'

ဖိုးထက်က ကြောက်ရွံ့စွာဖြင့် . . . .

'မင်း . . . မင်းကြီးကိုပါ '

'အိုး . . . ကျွန်ုပ်ကို'

မင်းကြီးမှာ အံ့သြလျက် သူ့ကိုယ်သူ ငုံ၍ နှံ့နှံ့ စပ်စပ် ကြည့်နေလေတော့၏။ ပြီလျှင် . . . .

'ကျွန်ုပ် . . . ဒီလူအားလုံးအတွက် သင့်ကို လက်ဖက်ရည် မှာခိုင်းဖို့ လုပ်တယ်၊ သင်က ကျွန်ုပ်ကို နောက်ပြောတယ်၊ ဒါ . . . ကောင်းသလား ၊ ဒမ်ဘလင်ဒီဖူး ဂတ်ဒေါက်၊ အားလုံးအတွက် လက်ဖက်ရည် ယူခဲ့ . . . မြန်မြန်'

ထိုအခါကျမှပင် ငုင်းပုန်းကွယ်နေသည့် အပြစ်အတွက် အရေးယူရန်မဟုတ်ဘဲ လက်ဖက်ရည်မှာရန် ခေါ်ခြင်းသာဖြစ် ကြောင်းသိရသည်တွင် ပြာတာဖိုးတက်မှာ ဝမ်းသာမိလျက် အားရ ဝမ်းသာ ပြေးထွက်သွားတော့၏။

စုံထောက်များလည်း စုံထောက်မင်းကြီးနှင့် ပြာတာဖိုးတက်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကိုသဘောပေါက်ကာ ပတ်တုတ်၍မရဘဲ တဝါးဝါး တဟားဟား ရယ်ကြလေရာ၊ စီအိုင်ဒီ ရုံးခန်းကြီး တစ်ခုလုံးမှာ ရယ်သံများဖြင့် လွှမ်းခြုံနေလေတော့သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ဆန်စက်ဟောင်းကြီးအတွင်းမှ ရိုးမကျော့

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

နောက်နှစ်ရက်အကြာ ညနေစောင်းအချိန် သာသာတွင် မေဂျာအောင်ဒင်၏ ကန်တော်ကြီးစောင်း ခြံဝင်းအတွင်းသို့ ဖိုဒ်ကားလေး ဝင်လာခဲ့လေ၏။ ကားမောင်းလာသူမှာ ပျောက်ချက်သားကောင်းနေသည့် အိုင်အိုနန်းထိုက် ဖြစ်ပါတော့၏။

'လာဟေ့ . . . ကိုနန်းထိုက်၊ လာ. . . လာ. . .'



မေဂျာအောင်ဒင်က ဝမ်းသာစွာ ကြိုဆိုသကဲ့သို့ ဖိုးချစ်ကလည်း. . .

'လာဗျို့ ဆရာနန်းထိုက်၊ လက်ဖက်ရည်တစ်ခွက်တည်းဖျော်ရတိုင်း ဆရာနန်းထိုက်ကို သတိရနေတာဗျ၊ ဟဲ. . . ဟဲ. . . ဟဲ . . .'

'ကဲ. . . ဒီလိုဆိုလဲ ကျွန်တော်တို့ ဆရာတပည့်နှစ်ဦးအတွက် လက်ဖက်ရည်နှစ်ခွက်ကို ကိုဖိုးချစ်ရဲ့ အကောင်းဆုံးလက်ရာနဲ့ ဖျော်ပေးပေတော့ဗျာ'

'စိတ်ချ. . . စိတ်ချ'

ဟု ဖိုးချစ် ထွက်သွားသည်နှင့် မေဂျာအောင်ဒင်က မေးလေသည်။

'မင်း ဘယ်တွေ သွားနေတာလဲကွ ကိုနန်းထိုက်'

'ကျွန်တော် ကိုဇော်ဝိတ်အကြောင်း ကိတိကျကျ သိချင်တာနဲ့ မတ္တီလာဘက် တက်သွားတာပဲဗျ၊ ဒီမှာ ဘာထူးသေးလဲ'

ဟု မေးလိုက်၏။

'ဘာမှ မထူးပါဘူးကွာ၊ ထူးတာကတော့ စီအိုင်ဒီမှာ အပြောရတဲ့ကိစ္စ၊ မပြောဘဲ နေလို့ ဖြစ်တာပဲ'

အိုင်အိုနန်းထိုက်မှာ အံ့ဩသွားလျက်. . .

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုဖြစ်တာလဲ၊ ဘယ်လိုကြောင့် ဒီလိုဖြစ်အောင် လုပ်လိုက်တာလဲမေဂျာ'

မေဂျာအောင်ဒင်က ပြုံးရယ်ရင်းမှ စီအိုင်ဒီတွင် အချေအတင် ပြောဆိုရသည့် ကိစ္စများတွင် အတိုက်အခံ ပြန်ပြောရပုံတို့ကို အသေးစိတ် ပြန်လည်ပြောပြလိုက်တော့သည်။ သို့ရှိစဉ်. . .

'ကလင်. . . ကလင်. . . ကလင်. . .'

'ခဏထိုင်ဦး ကိုနန်းထိုက်၊ လက်ဖက်ရည်သောက်နှင့်ပေါ့ အခုပဲ ဖိုးချစ် ယူလာတော့မှာပါ။ ငါ အပေါ်ထပ်မှာ ဖုန်းသွားနားထောင်လိုက်ဦးမယ်'

'ဟုတ်ကဲ့ မေဂျာ'

အပေါ်ထပ်သို့ မေဂျာအောင်ဒင် တက်သွားစဉ် ကိုဖိုးချစ်က လက်ဖက်ရည် ယူလာပေးသဖြင့် သတင်းစာဖတ်ရင်း လက်ဖက်ရည်သောက်နေစဉ် မေဂျာအောင်ဒင် ပြန်ဆင်းလာသည်ကို တွေ့ရလေသည်။

မေဂျာအောင်ဒင်က ပြုံးရွှင်စွာ ရယ်မောလျက်. . .

'ဟဲ. . . ဟဲ. . . တော်တော်တော့ ထူးခြားတယ်၊ တို့မျှော်လင့်တဲ့လူလေ၊ သူ့သတင်းပေးချက်မှာ ဒီည ဆယ့်တစ်နာရီတိတိ ကြည့်မြင်တိုင် တစ်ဘက်ကမ်းမှာ ဆန်စက်ဟောင်းကြီးကို သွားဝိုင်း



ပါတဲ့၊ ဒါပဲပြောတယ်'

'တရားခံကိုတော့ မိမယ်လို့တော့ ကျွန်တော် မယူဆဘူး မေဂျာ'

'ငါလဲ မင်းလိုပါပဲ၊ ကဲ. . . ဒါနဲ့ မိတ္ထီလာမှာ ဘာသတင်းတွေ ရခဲ့သလဲ၊ ပြောပါဦးကွ'

အိုင်အိုနန်းထိုက်က လက်ဖက်ရည် တစ်ငုံသောက်လိုက်ရင်း. . .

'ကိုဇော်ဝိတ်ဟာ သိုင်းသမားကောင်းတစ်ယောက်ဖြစ်ပြီး ကိုယ်ကျိုးထက် သိမ်ဒးအကျိုးကို ပိုမိုလိုလားသူ ဖြစ်ကြောင်းအပြင်၊ သူရဲ့ကောင်းသတင်းတွေကိုသာ ကြားသိခဲ့ရပါတယ် မေဂျာ'

'အင်း. . . ဒါတော့ စိတ်ချမ်းသာစရာပေါ့လေ'

'မှန်ပါတယ် မေဂျာ၊ ဒီလူဟာ လူသတ်မှုမှာ နက်ရှိုင်းတဲ့ တဏှာ၊ ဥပမာ အရေးယူခံရမည့် ကြံရာပါကဏ္ဍက ကင်းလွတ်ပါစေလို့သာ ကျွန်တော်တို့ ဆုတောင်းရတော့မှာပဲ'

'ဒါပေါ့ကွာ၊ လူကောင်းတစ်ယောက် ဖြစ်တယ်ဆိုရင် တို့ကူညီလို့ရတာပေါ့၊ မဟုတ်ဘူးလား'

'ဟုတ်တာပေါ့၊ မေဂျာ'

ထို့နောက် နှစ်ဦးသား ခေတ္တမျှ တိတ်ဆိတ်သွားကြလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

မေဂျာအောင်ဒင်က သတိရဟန်ဖြင့်. . .

'ကိုနန်းထိုက်ရေ အခုပဲ ညခုနှစ်နာရီ ထိုးပြီ၊ ဆယ့်တစ်နာရီတိတိမှာ ဝိုင်းဖမ်းဆီးရမယ်ဆိုတော့ အချိန်ရှိတုန်း စီစဉ်သင့်တာ စီစဉ်မှ ဖြစ်လိမ့်မယ်'

'ဟုတ်ကဲ့ မေဂျာ'

မကြာမီ ၎င်းတို့ ဆရာတပည့်နှစ်ဦးသည် တယ်လီဖုန်းတစ်လုံးဖြင့် အလုပ်ရှုပ်နေကြပြန်တော့သည်။

ပုလိပ်မင်းကြီးထံသို့လည်း ဖုန်းဆက်၏။ စုံထောက်မင်းကြီးထံသို့လည်း ဖုန်းဆက်၏။ ပြီးလျှင် အသေးစိတ် လိုအပ်သည်များကို တောင်းခံ၍ စီအိုင်ဒီ စုံထောက်များကိုလည်း ညွှန်ကြားသင့်သည်များကို အမိန့်ပေး ညွှန်ကြားလိုက်တော့၏။

ည ဆယ်နာရီ ရှိချေပြီ။ ကမ်းနားရှိ သမ္ဗန်ဆိပ် ကင်းတဲမှ နာရီ သုံးချောင်းခေါက်သံ ဆယ်ချက်တိတိ ထွက်ပေါ်လာသည်။

'မိကျောင်း' မော်တော်ဘုတ်သည် ရေစုံကိုမျော၍ လှိုင်မြစ်ရိုးအတိုင်း စုံဆင်းလာပြီးနောက် ညင်သာသော စက်သံဖြင့် မြစ်ရိုးကို ဖြတ်ကာ ပြန်လှည့်ခုတ် ဖြတ်တက်ခဲ့လေ၏။

မိကျောင်းမော်တော်ဘုတ်၏ အတွင်းဘက်၌ မည်းမှောင်နေလေရာ လသာသာတွင် မြစ်ရေပြင်၌ ပကတိ မိကျောင်းတစ်ကောင် မျောပါလာသည့်အလား မှတ်ထင်ရတော့၏။

'မိကျောင်း' မော်တော်ဘုတ်သည် တစ်ဘက်ကမ်း ဓနိပင်များကြားသို့ တိုးဝင်သွားပြီးလျှင် ငြင်သာသော စက်သံလည်း ပျောက်ကွယ်သွားလေတော့၏။

လသာသာ၌ လူရိပ်အချို့သည် ဟိုမှသည်မှ လှုပ်ရှားသွားသည်သို့ ဆန်စက်ဟောင်းကြီး၏ မှောင်ရိပ်၌ ပျောက်ကွယ်သွားကြသည်က များပေတော့၏။

တစ်ခါတစ်ရံ မြစ်ပြင်မှ ဖြတ်သန်းတိုက်ခိုက်လာသော လေနုအေးသည် လမုနှင့်ဓနိအပြင် ချုံနွယ်အချို့ကို ယိမ်းထိုးသွားစေသည်အထိ တိုက်ခိုက်သွားတတ်၏။

သို့ရှိစဉ် မှောင်မည်းနေသော မိကျောင်းမော်တော်ပေါ်မှ အရိပ်မည်းအချို့သည် ဓနိပင်များကို အကွယ်ယူ၍ ဆန်စက်ဟောင်းကြီးရှိရာသို့ လျှင်မြန်စွာ သွားနေကြောင်း တွေ့ရှိရတော့၏။

'ဂစ်. . . ဂစ်. . .'

ထိုအခိုက် ကောင်းကင်မှ ငှက်တစ်ကောင်က စူးရှစွာ အော်တစ်ရင်း အရှေ့မှ အနောက်ဘက်သို့ ပျံသန်းသွားသည်။

ဤသို့ဖြင့် အချိန်များသည် အတော်များများ ကုန်လွန်သွား

www.burmeseclassic.com



ခဲ့ပြီးနောက် ခေတ္တမျှအကြာ၌ နာရီသံချောင်း ဆယ့်တစ်ချက်ခေါက်သံကို ပီပီသသကြားရပြန်တော့သည်။

'ဒီးဒုတ်. . . ဒီးဒုတ်. . .'

အထက်ပါ ငှက်အော်သံနှင့် မရှေးမနှောင်း စူးရှသောအလင်းတန်းကြီးကြောင့် ဆန်စက်ဟောင်းကြီးမှာ နေပြီးလျှင် ရုတ်ရုတ်သဲသဲ ဖြစ်နေသော လူဆယ့်ငါးယောက်ခန့်ကိုလည်း မီးရောင်ဖြင့် မြင်တွေ့လိုက်ရတော့၏။

အမှန်မှာ မိကျောင်းမော်တော်မှ တော့(ချ်)လိုက်ခေါ်မီးမောင်းကြီးဖြင့် ထိုးထားခြင်းဖြစ်လေသည်။

'ဟေ. . . ရိုးမကျားတွေ၊ မင်းတို့အားလုံးကို ပုလိပ်ဘက်ကထွက်ပေါက်မရှိအောင် ဝိုင်းထားပြီး တစ်. . . နှစ်. . . သုံး. . . ခေါ်တာနဲ့ လက်နက်ချပြီး လက်မြှောက်ထွက်ခဲ့ကြ၊ ဒါမှမဟုတ်ရင် ပစ်လိမ့်မယ်'

'အော်ဟစ် အမိန့်သံအဆုံး၌ 'ဒိုင်း'ခနဲ သေနတ်ပစ်သံတစ်ချက် ထွက်ပေါ်လာတော့၏။ ထိုသေနတ်ကျည်ဆံမှာ မီးမောင်းကြီးဘေးမှ ပွတ်ကာသီကာ ဖြတ်ထွက်သွားကြောင်း သိရသည်၌. .

'ပစ်. . .'

'ဒိုင်း. . . ဒိုင်း. . .'



'ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . .'

'ဖောက်. . . ရွှီ. . .'

'ဒိုင်း. . .'

အဝီစိပွက်သည့်အလား သေနတ်သံများ ဆူညံသွားပြီးနောက် ဆန်စက်ဟောင်းကြီးအတွင်းမှ. . .

'အား. . .'

'အီး. . .'

'အင့်. . .'

ဟူသော အသံများနှင့်အတူ. . .

'အပစ်ရပ်ပါ၊ ကျွန်တော်တို့ လက်နက်ချပါတော့မယ် ဟု အော်ဟစ်သံကို အတိုင်းသား ကြားရတော့၏။

ပုလိပ်ဘက်မှ အရာထမ်းတစ်ဦးက. . .

'ကောင်းပြီ၊ ဒါဆိုရင် လက်နက်ချခဲ့ပြီး အပြင်ကို လက်မြှောက်ထွက်လာကြ၊ မီးမောင်းကို သေသေချာချာ ထိုးထားစမ်းဟေ့'

မကြာမီ လူဆယ့်လေးယောက်သည် လက်မြှောက်၍ မီးရောင်အတွင်းသို့ လှမ်းဝင်လာကြတော့သည်။

လေးဘက်လေးတန်၌ ဝိုင်းဝန်းထားကြသော ပုလိပ်တပ်

www.burmeseclassic.com

www.burmeseclassic.com



သားများက လျင်မြန်စွာ ပြေးဝင်၍ လက်ထိပ်ခတ်လိုက်ကြတော့၏။

ပုလိပ်ဝန်ထမ်းများထဲမှ မေဂျာအောင်ဒင်က. . .

'မင်းတို့ ခေါင်းဆောင် ဘယ်မှာလဲ. . . ပြောစမ်း'

'သူ. . . သူ ထွက်ပြေးသွားပါပြီ'

ပြန်ပြောသည့် လူဆိုးကို မေဂျာအောင်ဒင်က. . .

'ဘယ်ကနေပြေးတာလဲ. . . မှန်မှန်ပြောကွာ'

ထိုသူက ကြောက်ကြောက်လန့်လန့်ဖြင့်. . .

'တိုင်းချစ်ဟာ မီးရောင်လဲတွေ့ရော. . . ဆန်စက်နောက်ဘက်ကနေ လှစ်ကနဲပြေးထွက်သွားတာ အမှန်ပါပဲ ခင်ဗျာ'

'ကဲဟေ့. . . ဆန်စက် နောက်ပေါက်က လမ်းအတိုင်း လိုက်ကြစမ်း၊ ဂရုစိုက်ပြီး လိုက်၊ ပြန်လာခဲ့ဖို့ နာရီဝက် အချိန်ပေးမယ်၊ အမြန်ဆုံးရှာ'

ဟု အမိန့်ပေးလိုက်လေ၏။

ပုလိပ်ငါးယောက်သည် အမိန့်အတိုင်း ဆန်စက်နောက်ပေါက်မှ တဆင့် တောလမ်းအတိုင်း ပြေးလိုက်သွားကြတော့၏။

မေဂျာအောင်ဒင်နှင့် အိုင်အိုနန်းထိုက်တို့သည် ရိုးမကျား



ဓားပြဂိုဏ်းသားများအား ကြိုးဖြင့် တသီတတန်းတုပ်နှောင်၍ မိကျောင်း မော်တော်ဘုတ်ပေါ်သို့ တင်ဆောင်ထားလိုက်တော့သည်။

နာရီဝက်ခန့်အကြာတွင် လူဆိုးခေါင်းဆောင်နောက် လိုက်သွားသည့် ပုလိပ်ငါးဦး ပြန်ရောက်ရှိလာပြီးလျှင်၊ အစအနပင် မတွေ့ရကြောင်း သတင်းပို့လေ၏။

မှတ်ချက်။ ။ နောင်တွင် သိရသည်မှာ ရိုးမကျား ဓားပြဂိုဏ်းခေါင်းဆောင် တိုင်းချစ်သည် ရေထဲသို့ ဆင်း၍မန်ိုဒုတ်များကြားတွင် ခေါင်းဖော်လျက် ပုန်းနေခြင်းကြောင့် လွတ်ခဲ့ရခြင်းဖြစ်ကြောင်း သိရလေသည်။

စာရေးသူ

'ကဲ. . . ဟေ့. . . တို့လူတွေ သွားကြမယ်၊ အထဲက သေနတ်မှန်သွားတဲ့ ဓားပြသုံးယောက်ကို မင်းတို့ရဲ့ မင်္ဂလာမော်တော်နဲ့တင်ခဲ့ကြ၊ တစ်ယောက်မှ မကျန်စေနဲ့နော်. . . ကိစ္စပြီးရင် ပြော'

ခေတ္တမျှအကြာတွင် ပုလိပ်အမှုထမ်း တစ်ဦးက. . .

'လူအားလုံးစုံပြီ ဆရာ၊ ထွက်ခွာဖို့ အဆင်သင့်ဖြစ်နေပါပြီ'

'ဟုတ်ပြီ. . . ဒါဆို မော်တော်စထွက်တော့မယ်'

www.burmeseclassic.com



မော်တော်နှစ်ဆီးသည် မငေးကွာလှသော နေရာများမှ စက်ကုန်ဖွင့်၍ လှိုင်မြစ်ကို ဓားလွယ်ကုတ်ဖြတ်ကူးပြီးနောက် ရန်ကုန်ဘက်ကမ်းသို့ ရှေ့ရှုနေလေတော့သည်။ မြစ်ပြင်မှ လေသည်အေးမြလေ၏။ လူဆိုးဓားပြများ၏ ရင်ထဲ၌ကား. . .

ပျံ့လေသည့် ငှက်ခါးအတွက် ဆွေးနွေးချက်

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

'ပုလိပ်အဖွဲ့၏ ကြိုးစားမှုကြောင့် နိုင်ငံကျော် ဓားပြဂိုဏ်းကြီးအား ဖမ်းဆီးခြင်း'ဟူသော ခေါင်းစဉ်ဖြင့် သူရိယသတင်းစာ၌ ဓဝဝေဆာဆာ ဖော်ပြထားသည့် သတင်းသည် ပုလိပ်မင်းကြီး မစ္စတာသောမတ်စ်နှင့် စုံထောက်မင်းကြီး မစ္စတာ ကရစ်ပင်တို့အတွက် အားသစ်လောင်းပေးသည့် သတင်းတစ်ပုဒ်ပင် ဖြစ်ပါလေတော့၏။

စုံထောက်မင်းကြီး မစ္စတာကရစ်ပင်သည် မှုံရသော မျက်နှာနှင့် ရုံးခန်းအတွင်း ဟိုသည် လျှောက်နေရင်းမှ. . . 'အိုင်ဆေး. . . ဒွတ်. . . ဒက်. . . ရွတ်. . . ရှက်. . . ဟဲလို. . . ရက်စ်များ မိုးမွှန်အောင် စကားပြောနေရာ၏။

စီအိုင်ဒီစုံထောက်များမှာလည်း အနည်းငယ် နေသာထိုင်



သာရှိသကဲ့သို့ ကုတ်ချောင်းချောင်း၊ ပျာတာတာ ဖြစ်မနေတော့ဘဲ သက်တောင့်သက်သာ ရှိနေကြတော့၏။

'ပူး. . . ပူး. . . ကျွိ'

ထိုအခိုက် သစ်လွင်တောက်ပသော ကားတစ်စီး ဆိုက်လာပြီးလျှင် ပုလိပ်မင်းကြီး မစ္စတာသောမတ်စ် ဆင်းလာရာ၊ စီအိုင်ဒီမှ စုံထောက်ထွန်းလင်းက သွားရောက်ကြိုဆိုလာလေ၏။

'မောနင်း မစ္စတာ'

'မောနင်း. . . မောနင်း'

ပုလိပ်မင်းကြီး စုံထောက်မင်းကြီးတို့နှစ်ဦးသည် လက်ချင်းဆက်၍ ပြုတ်ထွက်မတတ် ခါယမ်းလိုက်ကြပြီးနောက် စုံထောက်များကို ပြုံးဖြဲဖြဲ ကြည့်နေကြလေ၏။ ပြီးမှ ပုလိပ်မင်းကြီးက. . .

'အားလုံး ကွန်ကရက်ကျူလေးရှင်းပဲဟေ့၊ အားလုံးတော်တယ်၊ ဘဲရီး. . . ဘဲရီးဂွတ်ဒ်ပဲ'

ဟု ချီးကျူးလေ၏။

ထိုအခါ စုံထောက်ကျော်တင့်က မကြားတကြားဖြင့် လက်အုပ်၍ တီးတိုးလေသံဖြင့်. . .

'သတိထားကြဟေ့. . . လာပြန်ပြီ. . . ဒုတိယ လက်ချာစတော့မယ်၊ ကျရောက်လာမည့် နားဒုက္ခ အန္တရာယ်အတွက် တတ် ၏

www.burmeseclassic.com



နိုင်သမျှ ကြိုတင်ကာကွယ်ထားကြ'

ဟု ဆိုလေ၏။

'ဟုတ်တယ်ဟေ့'

ဟု စုံထောက်ထွန်းလင်းကလည်း ပြောရင်း မျက်နှာရှုံ့ပြရာ အားလုံး ကြိတ်ရယ်လိုက်ကြ၏။

ပုလိပ်မင်းကြီး မစ္စတာသောမတ်စ်က အသံသြသြကြီးနှင့်. . .

'ဟဲလို မစ္စတာ. . . လူကြီးမင်း မေဂျာအောင်ဒင်နှင့် အိုင်အိုနန်းထိုက်တို့ကို မတွေ့ပါလားဗျ၊ ဘာအော်ပရေးရှင်းတွေ လုပ်နေကြပြန်ပြီလဲ'

ဟု မေးလိုက်လေ၏။

စုံထောက်မင်းကြီး မစ္စတာကရစ်ပင်က. . .

'အိုး. . . ကျွန်ုပ်ရဲ့ လူကြီးမင်းများဟာ. . . လူသတ်တရားခံဖမ်းမိရေးကိုလဲ အထူးကြိုးစားပါတယ် မစ္စတာ'

'ကောင်းတယ်. . . ကောင်းတယ်၊ ကျွန်ုပ်တို့ အင်္ဂလန်မှာဆိုရင် ဘုရင်မကြီးဟာ သူတို့ရဲ့ယောက်ကို ဆာဘွဲ့တောင် ချီးမြှင့်လိမ့်မယ် ထင်တယ်. . . မစ္စတာ'

'မှန်ပါတယ်. . . သိပ်တော်တဲ့ လူတွေပါ'



ဟု ချီးမွမ်းလိုက်လေ၏။ ပုလိပ်မင်းကြီးက. . .

'မားပြဂိုဏ်း ခေါင်းဆောင် မမိဘူး၊ ဘယ်ရောက်သွားလဲ လူကလေးတို့'

ဟု မေးပြန်၏။

စီအိုင်ဒီစုံထောက်များမှာ မည်သို့ဖြေဆိုရမှန်း မသိသည့်အတွက် အကြပ်ရိုက်နေစဉ်မှာပင် မေဂျာအောင်ဒင်၏ ကားကလေး ထိုးစိုက်လာပြီးလျှင် အိုင်အိုနန်းထိုက်နှင့် နှစ်ဦးသား စီအိုင်ဒီရုံးခန်းအတွင်း ဝင်ရောက်လာကြသောကြောင့် စုံထောက်များမှာ အသက်ရှူ ချောင်သွားရတော့၏။

'ဟယ်လို. . . မေဂျာ၊ ဟယ်လို နန်းထိုက်၊ ဂွဒ်မော်နင်း'

'မင်္ဂလာပါ မင်းကြီးတို့'

'မင်္ဂလာနံနက်ခင်းပါ ခင်ဗျာ'

၎င်းက ဘိုလိုနှုတ်ဆက်သော်လည်း မေဂျာအောင်ဒင်နှင့် အိုင်အိုနန်းထိုက်တို့က မြန်မာလို ပြန်လည်နှုတ်ဆက်သဖြင့် ဂွကျော်တီး ဂွကျဖြစ်သွားသော်လည်း အရေးမထားဟန်ဖြင့် ပုလိပ်မင်းကြီးက ဆက်လက်၍. . .

'မားပြဂိုဏ်းရဲ့ ခေါင်းဆောင် လွတ်သွားတယ်လို့ကြားရတယ်မေဂျာ၊ ၎င်းကို ပြန်လည်ဖမ်းဆီးလိမ့်မယ်လို့ ယူဆပါသလား'

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။ မေဂျာအောင်ဒင်က. . .

'အချိန်တန်ရင်တော့ မိရမှာပေါ့မင်းကြီး၊ အရှင်သို့မဟုတ် အသေတစ်ခုခုတော့ ဖြစ်လိမ့်မယ်လို့ ယူဆမိတာပဲ'

ဟု ပြောလိုက်တော့၏။

အိုင်အိုနန်းထိုက်ကလည်း. . .

'အချိန်တန်ရင်တော့ နွားပိန်ကန်လိမ့်မပေါ့ဗျာ'

ဟု ဆိုလိုက်ရာ ပုလိပ်မင်းကြီးက. . .

'ဝှတ်. . . နွားပိန်ကန်. . .'

ဟု တအံ့တသြပြန်မေးရာ စီအိုင်ဒီတစ်ရုံးလုံး ဝါးခနဲ ပွဲကျသွားလေတော့၏။ အိုင်အိုနန်းထိုက်က ပြုံး၍. . .

'အချိန်က စကားပြောလိမ့်မယ် ဆိုလိုတာပါ မင်းကြီး'

'အိုး. . . အိုး. . . ကျွန်ုပ်နားလည်ပါပြီ၊ ကောင်းတယ်. . . ကောင်းတယ်. . . ဆက်လုပ်ကြပါ။ လိုအပ်တဲ့ အကူအညီရှိရင် ကျွန်ုပ်တို့ဆီမှာ ပြောပါ၊ ကဲ. . . ကျွန်ုပ်တို့ သွားခွင့်ပြုကြပါဦး'

ထို့နောက် စုံထောက်မင်းကြီးနှင့်အတူ လူအားလုံးကို နှုတ်ဆက်၍ ကားလေးဖြင့် ထွက်ခွာသွားတော့၏။

မကြာမီ စီအိုင်ဒီရုံးခန်းအတွင်း၌ စုံထောက်မင်းကြီး မေဂျာအောင်ဒင်၊ အိုင်အိုနန်းထိုက်တို့နှင့်တကွ စီအိုင်ဒီစုံထောက်များ



အားလုံး ဖမ်းဆီးရမိသော ဓားပြဂိုဏ်းသားများအကြောင်း၊ လွတ်မြောက်သွားသည့် ဓားပြခေါင်းဆောင် ရိုးမကျား တိုင်းချစ်အား ဖမ်းဆီးရမိရေးနှင့် လူသတ်တရားခံတို့အား ဖမ်းဆီးရမိရေးကိစ္စများကို ဆွေးနွေးကြလေ၏။

ရုံးချိန်ကုန်လွန်၍ တော်တော်မှောင်မှပင် ဆွေးနွေးပွဲကို ရုပ်ဆိုင်းကာ တာဝန်ကျရာ နေရာများသို့ အသီးသီး ထွက်ခွာသွားကြတော့သည်။

အိုင်အိုနန်းထိုက်ကာမူ မေဂျာအောင်ဒင်နှင့်အတူ ကားဖြင့် လိုက်ပါခဲ့ရင်း အရေးကြီးသော ကိစ္စ တစ်စုံတစ်ရာကို နှစ်ဦးသား ဆွေးနွေးလာခဲ့ကြတော့၏။

ထူးဆန်းသောလူတစ်ယောက်

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

အနားဆုတ်ပြတ်၍ ဖွာလန်ကျဲလျက်ရှိသည့် ကုတ်အင်္ကျီဟောင်းကြီးနှင့် မြင်းခြံလုံချည် အစိမ်းကွက်မှာ မည်သည့်အရောင်ဟု၍ပင် သတ်မှတ်ရန် ခက်ခဲလှသည့်အပြင် အဖာအထေးရာ ဗရပွနှင့်သော အဆင်းတန်ဆာတို့ကို စီးနင်းကာ ဝတ်ဆင်လျက် ခြေညှပ်ဖိနပ် အဟောင်းညစ်ပေပေကို စီးနင်းကာ လွယ်အိတ်စုတ်ကြီး တစ်

www.burmeseclassic.com

www.burmeseclassic.com



လုံးကိုလွယ်လျက် လွန်စွာမှ စုတ်ချာလှသော လူကြီးတစ်ယောက်သည် ဗနမပူပါဘဲ ဖော့ဦးထုပ်ထူကြီးကို ဆောင်းကာ ဘိုးလိန်းအတိုင်း လျှောက်လာခဲ့လေ၏။

သူသည် တဖြေးဖြေး လျှောက်လာခဲ့ရင်းမှ ကျောက်မြောက်ဈေးနားသို့ ရောက်သောအခါ အနီးအနားရှိ ဆိုင်တစ်ဆိုင်မှ ဆိုင်းဘုတ်ကို ဆေးပေါ့လိပ်တိုအား မီးညှိရင်း အမှတ်မထင် လှမ်းကြည့်လိုက်ရာ. . .

မိုးနတ်မယ်။

ပန်းချီ ပန်းပု အရောင်းဆိုင်။

ဟူသော အထက်ပါ ဆိုင်းဘုတ်ကို တွေ့ရသည်တွင် ဆိုင်ရှေ့၌ ချိတ်ဆွဲထားသော ပန်းချီကားချပ်နှင့် ပလာစတာရုပ်လုံးများကို တစ်ချက်မျှရပ်၍ ငေးမောရင်း တံယောတံဆိပ်မီးခြစ်ဗူးအား ငါးခါတိတိခြစ်၍ ဆေးပေါ့လိပ်ကို မီးညှိသောက်ပြီးလျှင် ရှေ့သို့ ငိုက်စိုက်ငိုက်စိုက်ဖြင့် ဦးတည်လျှောက်လာပြီးနောက် တာမွေသချိုင်းဘက်သို့ ဦးတည်ခဲ့လေသည်။

သချိုင်းအတွင်းရောက်သည်နှင့် လေပူတစ်ချက်ကို 'ဟင်း' ခနဲ မှုတ်ထုတ်ပြီးနောက် လေတိုးသဖြင့် တဂျုန်းဂျုန်း မြည်ဟည်းနေသော သံချေးစား၍ ကွာနေသည့် ဇရပ်အမိုးအောက်မှ တိုင်တစ်တိုင်တွင်မှီ၍ စတိုင်ကျကျ ထိုင်လိုက်တော့သည်။



မကြာမီ သချိုင်းအဝ၌ မိုးမရွာသော်လည်း သက္ကလပ် ဦးထုပ်ဆောင်း၍ မိုးကာခြုံလွှမ်းထားသော လူတစ်ယောက်သည် ရထားလုံးပေါ်မှဆင်းကာ မြေနီလမ်းကလေးအတိုင်း လျှောက်လာနေလေ၏။

ထိုသူသည် ဟိုဟိုသည်သည်ကြည့်၍ အေးအေးသက်သာ လမ်းလျှောက်လာရာမှ မသိမသာ တစ်စုံတစ်ရာကို ကောက်ဟန်ဖြင့် သချိုင်းဝမှ ရထားလုံးကို ပြန်လည်ငဲ့ကြည့်ရာ ရထားလုံးမှာ ပြန်လည်ထွက်သွားကြောင်း သိရသည်၌ ဇရပ်ပေါ်တွင် ထိုင်နေသူထံသို့ သွက်လက်သော ခြေလှမ်းများဖြင့် လျှောက်လာခဲ့ပြီးလျှင် ရှေ့ခဲတောင် စီးကရက်ဘူးကို ထုတ်ယူပြီးလျှင် စီးကရက်တစ်လိပ်ကို ထုတ်ယူလိုက်သည်။

ပြီးလျှင် စီးကရက်အား ကုန်သွားသည့်ဟန်ရှိသည့် ဘူးခွံအား ဖျစ်ညှစ်၍ ခပ်လှမ်းလှမ်းသို့ပစ်လိုက်ပြီးလျှင် ရုတ်တရက် နောက်ကြောင်းသို့ ပြန်လှည့်လာကာ သချိုင်းအတွင်းမှ ထွက်ခွာသွားလေတော့၏။

ဖော့ဦးထုပ်နှင့်လူသည် မျက်စိကိုမှေး၍ အမောပြေနေရာမှ ဖြေးညင်းစွာထလျက် ခပ်မှန်မှန် လမ်းလျှောက်လာပြီးလျှင် အကြီ

www.burmeseclassic.com



အိတ်ထဲမှ မီးခြစ်ဘူးကို ထုတ်လိုက်သည်တွင် ဆေးလိပ်အချို့မြေပြင်ပေါ် ကျသွားလေတော့၏။

ထို့ကြောင့် ဆေးလိပ်များကို ကုန်းကောက်၍ လွယ်အိတ်ထဲသို့ထည့်လိုက်ပြီးနောက် သင်္ချိုင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားတော့၏။

ထူးဆန်းသည်မှာ မိုးကာအင်္ကျီနှင့်လူ လွှင့်ပစ်ခဲ့သည့် ရေခဲတောင်တံဆိပ် စီးကရက်ဘူးခွံလွတ်မှာကား မြေပြင်ပေါ်၌ ရှိမနေချေတော့ချေ။

ဖော့ဦးထုပ်နှင့်လူ ဆေးပေါ့လိပ်များကို ကောက်ယူရာတွင် ပယ်စ်ပါတည်း ကောက်ယူသွားခဲ့ပြီ ဖြစ်လေတော့၏။

ထိုနေ့ညနေစောင်းအချိန်တွင် မေဂျာအောင်ဒင်၏ ကန်တော်ကြီးခြံအတွင်းထဲသို့ လူတစ်ယောက် ဝင်လာခဲ့လေ၏။ ထိုသူမှာ တာမွေ သင်္ချိုင်းအတွင်းမှ ထွက်ခွာလာခဲ့သည့် စုတ်ချာလှသည့်လူပင် ဖြစ်လေတော့သည်။

ထိုသူကို ဖိုးချစ်က ရုတ်တရက် တွေ့မြင်သွားပြီးနောက်. .

'ဟော့. . . အရူး၊ ဟာ. . . ဟုတ်သေးပါဘူး၊ သူတောင်းစား၊ အဲ. . . ခွက်စောင်းခုတ်၊ အင်း. . . ကာလေကချေ၊ အနုတ်စုတ် ဂုတ်စုတ်၊ ကာလေကလွင့်၊ ရေမျောကမ်းတင်၊ အုတ်ကြားမြက်ပေါက်၊ အလေနတော၊ အို. . . စဉ်းစားလို့မရတော့ဘူး၊ တော်ပြီ ဟော့ကောင် ခြံထဲက အခုထွက်သွားစမ်း'



'ဟား. . . ဟား. . . ဟား. . .'

စုတ်ချာလှသည့် လူကြီးက ဖိုးချစ်၏ ကမောက်ကမ စကားများကြောင့် ဟားတိုက်၍ ရယ်လိုက်ရာ ကိုဖိုးချစ်မှာ လွန်စွာ ဒေါသထွက်သွားပြီးလျှင်. . .

'အံမာ. . . မင်းကလား ငါ့ကို၊ အဲဒါ လှောင်ဦးကွ'

'ဝို. . .'

ကိုဖိုးချစ်မှာ ဒေါသကို မထိန်းနိုင်တော့ဘဲ ထိုသူကို ဝင်ရောက်ထိုးကြိတ်ရာ ထိုသူက ပြုံးရယ်လျက် ခြေလှမ်းများကို နေရာပြောင်းလိုက်သောအခါ ကိုဖိုးချစ်၏ လက်သီးများမှာ လေကိုသာ ထိုးမိနေတော့၏။

ဤသို့ဖြင့် ကိုဖိုးချစ်က အတင်းဝင်ထိုး၍ ထိုသူက ခြေလှမ်းများကို ကစားနေသကဲ့သို့ ပြောင်းရွှေ့နေရာ အတန်ကြာသောအခါ ကိုဖိုးချစ်မှာ ဟောဟဲထလျက် ဒေါသဖြစ်ကာ ရှန့်ရင်းကြမ်းတမ်းသော စကားများဖြင့် ဆဲဆိုနေတော့၏။ ထိုအခိုက်. . .

'ဟော့ကောင် ဖိုးချစ်၊ ဘယ်သူနဲ့ ဘာဖြစ်နေတာလဲကွဲ့ဟေ. . .'

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အသံနှင့်အတူ အိမ်ပေါက်ဝတွင် ရပ်နေသည့် မေဂျာအောင်ဒင်ကို တွေ့လိုက်ရတော့၏။

'ဟာ. . . ဆရာ ဒီကောင်၊ အဲ. . . ဒီလူ ခြံထဲကို အတင်းဝင်လာလို့ မောင်းထုတ်နေတာ၊ ကျွန်တော့်ကို လှောင်တာနဲ့ ဆုံးမနေတာ ခင်ဗျ'

'ဟာ. . . ဟား. . . ဟား. . .'

စုတ်ချာလှသည့်လူက ထပ်မံ၍ သဘောကျသွားသဖြင့် သည်းလိုက်အူလှိုက် ရယ်လိုက်ပြန်ရင်းမှ မေဂျာအောင်ဒင်သို့ ဘယ်လက်ဝါးဖြင့် ညာလက်သီးကိုဆုပ်ကိုင်ကာ ထပ်လိုက်လိုက်တော့သည်။ မေဂျာအောင့်ဒင်က. . .

'ဟော့ကောင်ဖိုးချစ်၊ မင်း ဒီလူကို ထိုးလို့ကတော့ တစ်နေ့လုံးထိုးတောင်တစ်ချက်မထိဘူးကွ၊ ဟဲ. . . ဟဲ. . . ဟဲ. . .'

'ဟာ. . . ဆရာ၊ ကျွန်တော်က ဆရာ့တပည့်ပါ၊ ဒီကောင့်လောက်တော့ ကျွန်တော်နိုင်ပါတယ်၊ အကြောင်း ပြလိုက်ရမလားဆရာ'

ဟု ကြိတ်မနိုင် ခဲမရ ပြောလေ၏။

'ကဲ. . . ကဲ. . . မောင်မင်းကြီးသားရယ် တော်ပါတော့၊ ဒီလူကို ငါ ထိန်းထားလိုက်ပါ့မယ်၊ မင်းကသာ လက်ဖက်ရည်ကောင်း



ကောင်းနှစ်ခွက် သွားဖျော်လိုက်စမ်းပါ'

'ဗျာ. . . ကျွန်တော် လက်ဖက်ရည်မကြိုက်တာ ဆရာလဲ သိသားပဲဟာ၊ နှစ်ခွက်လုံး ဆရာသောက်မလို့လား'

ဟု မယုံသင်္ကာဖြင့် လှာရှည်နေပြန်တော့၏။ ထိုအခါ မေဂျာအောင်ဒင်က. . .

'မဟုတ်ပါဘူးကွာ၊ တစ်ခွက်က သူ့ဖို့ပါကွာ'

'ဟာ. . . သူတောင်းစားကို လက်ဖက်ရည်တိုက်ပြီး ဆုံးမတာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ ကောင်းရော'

'ဟား. . . ဟား. . . ဟား. . .'

'ဟဲ. . . ဟဲ. . . ဟဲ. . .'

ကိုဖိုးချစ်စကားကြောင့် မေဂျာအောင်ဒင်နှင့် စုတ်ချာလှသည့်လူတို့ ကွမ်ခွေ မဆည်နိုင်ဘဲ ရယ်နေကြရာ. . .

'ငါတော့ ဒီလူတွေနဲ့ ပေါင်းရင် ရူးတော့မှာပဲ'

ဟူသော အမူအရာဖြင့် စိတ်ညစ်ကာ ခေါင်းကို တဖြင်းဖြင်းကုတ်ရင်း ကိုဖိုးချစ်တစ်ယောက် တိုက်အတွင်းသို့ ဝင်သွားလေတော့၏။

ထို့နောက် မေဂျာအောင်ဒင်က ခြံပတ်လည်ကို မစ်ဆေးကြည့်ရှုလေ၏။ ပြီးလျှင် စုတ်ချာလှသော လူအား ၎င်း၏အိမ်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ ခေါ်ဆောင်သွားတော့၏။

ငင်းတို့နှစ်ဦးသည် လူရှင်းသောလမ်းမှ လျှောက်လာကြပြီးနောက် အသင့်မောင်းနှင့်လာသည့် မြင်းရထားတစ်ဦးကို ခက်ခက်ခဲခဲ ငှားရမ်းစီးကာ ဘိုးလိန်းလမ်း (ဗညားဒလလမ်းသို့) လာခဲ့လေ၏။

မြင်းရထားမောင်းသည့် ကုလားမှာ ငင်းတို့အား သူတောင်းစား ဘိန်းစားများထင်နေ၍ ငွေစကိုအရင်ပေးကာ တောင်းတောင်းပန်ပန်ဖြင့် ငှားရမ်းစီးနင်းခဲ့ရခြင်း ဖြစ်လေသည်။

အမဲဈေး ထိပ်နားတွင် ဆင်း၍ ကျောက်မြောင်းဘက်သို့ ဆက်လက် လျှောက်လာခဲ့ကြပြန်ရာ နာရီဝက်ခန့်သာသာတွင် မိုးနတ်မယ် ပန်းချီပန်းပု အရောင်းဆိုင်နှင့် မျက်စောင်းထိုးသာသာတွင် ရှိသော ကုလားကာကာဆိုင တစ်ဆိုင်သို့ ဝင်ရောက်၍ တိုင်ကီ တစ်လုံးကို နှစ်ယောက်မျှသောက်ကြလေ၏။

မှတ်ချက် ။ ၆ ။ တိုင်ကီ ဟူသည်မှာ ထိုခေတ်က လက်ဖက်ရည်သမားများ သုံးစွဲကြသည့် အာတွေ့သော အခေါ်အဝေါ်တစ်ခုဖြစ်၍နို့ဆီခွက်နှင့် ဖျော်ထည့်ပေးခြင်းကို ဆိုလိုခြင်း ဖြစ်ကြောင်းစာရှုသူများ ဗဟုသုတ ဖြစ်စေရန် အလို့ငှာ ဖော်ပြလိုက်ရပါ၏။

စာရေးသူ

ပူအိုက်လှသော ဧပြီလ၏ ညနေညတစ်ညဖြစ်ပေရာ



အိမ်ပျော်သူများက လာရောက်အားပေးကြသည် ကြောင့်လား မသိ။ ကာကာဆိုင်မှာ လွန်စွာ စည်ကားနေလေတော့၏။

တရုတ်ဘိန်းစားနှင့် သူတောင်းစားကဲ့သို့ စုတ်ချာလှ သူမှာ ပုဂံပြားနှစ်ခုတွင်ထည့်ထားသည့် လက်ဖက်ရည်ကို သောက်သုံးယောင်ဖြင့် ငင်းတို့၏ မျက်နှာများကို လမ်းတစ်ဖက်ရှိ 'မိုးနတ်မယ်' ပန်းချီးပန်းပု အရောင်းဆိုင်ဘက်သို့ မျက်နှာလှည့်ထားကြလေ၏။

မကြာမီ ကိုးနာရီ သံချောင်းခေါက်သံသည် ကင်းတဲတစ်ခုမှထွက်ပေါ်လာ၏။ ထိုသည်နှင့်တစ်ပြိုင်နက်မှာပင် ကာကာဆိုင်အတွင်း၌ လူရှင်းစပြုလေတော့၏။ လမ်းမမှ ကားသွား ကားလာလည်း မရှိသလောက် ရှင်းလင်းသွားကြောင်းပြုမိတော့၏။

ထို့အခိုက် မှောင်ရိပ်ထောင့်ချိုး တစ်ခုမှထွက်ပေါ်လာသော လူတစ်ယောက် မိုးနက်မယ် ပန်းချီပန်းပု အရောင်းဆိုင်၏ မနီးမဝေးသို့ ရောက်ရှိလာခဲ့တော့၏။

သို့ရှိစဉ် လမ်းမပေါ်မှ အပြင်းမောင်းနှင်လာသော ကားတစ်စီးမှ မီးရောင်သည် ထိုသူ၏ မျက်နှာ ဆီသို့တည့်မတ်စွာ ကျလာရာ ထိုသူပေါင်းထားသော တဘက်ဖြင့် မျက်နှာကို အုပ်လိုက်သော်လည်း ထင်းနေသော အမာရွတ်နှင့် ထိုသူ့မျက်နှာကို ကာကာဆိုင်အတွင်းမှ တရုတ်ဘိန်းစားနှင့် စုတ်ချာလှသူတို့က

www.burmeseclassic.com

www.burmeseclassic.com



အထင်အရှား တွေ့လိုက်ကြရသည်တွင် တစ်ဦးနှင့်တစ်ဦး 'ဘယ်လိုလဲ' ဟူသော အကြည့်ဖြင့် ကြည့်လိုက်ကြလေသည်။

ထိုသူသည် မိုးနတ်မယ်ဆိုင်အတွင်းသို့ ဝင်သွားတော့၏။

ဤသို့ဖြင့် အချိန်အတန်ငယ်ကြာသွားပြီးနောက် ဆယ်နာရီသံချောင်းပင်ခေါက်ပြန်လေရာ ကာကာဆိုင်၌ ထိုင်နေရန်မသင့်တော်တော့သဖြင့် ပိုင်ဆံရှင်း၍ ဆိုင်မှ ထွက်ကြမယ်အပြု. . . .

ဒုတိယလူရိပ်တစ်ခုသည် မိုးနတ်မယ်ဆိုင်အတွင်းသို့လည်း မျက်နှာချင်းဆိုင်လမ်းဘက်မှ ကြိုရာမရ ဟိုသည်လျှောက်နေကြလေ၏။ ထိုခဏ၌ မိုးနတ်မယ်ပန်းချီရောင်းဆိုင် အတွင်းမှ ဆူညံနှင့်လဲပြိုကျသံများကြားရပြီးလျှင် 'ဒိုင်း' ခနဲသေနတ်သံတစ်ချက်ထွက်ပေါ်လာလေတော့၏။

သေနတ်သံကြားလျှင် ကြားချင်းပင် တရုတ်ဘိန်နုစားနှင့်စုတ်ချာလှသော သူတို့နှစ်ယောက်သည် လေ၏ လျင်မြန်ခြင်းမျိုးဖြင့်ပေတစ်ရာလမ်းကို ဖြတ်ပြေး၍ ဆိုင်အတွင်းသို့ ခုန်ဝင်လိုက်ကြလေတော့၏။

'ဝုန်း'

'ဖြိုးဖြိုး'

၎င်းတို့နှစ်ဦး၏ ခုန်ဝင်မှုအရှိန်ကြောင့် ပလာစတာ



တိုင်လက်စရုပ်လုံးများသည် လဲပြိုကျကုန်တော့၏။ ထိုစဉ် အမှောင်အတွင်းမှ အသံတစ်သံက . . .

'ဒီကိုလာခဲ့ကြပါမဂျာနဲ့ ကိုနန်းထိုက်၊ သူ့ကို ကျွန်တော်မိထားပါပြီ'

'အေး . . . တို့လာပြီ '

မဂျာအောင်ဒင်နှင့် အိုက်အိုနန်းထိုက်တို့က အသံကြားရာသို့လျှပ်တစ်ပြတ်ရောက်သွားကြ၏။ ထိုအခန်းမှာ ပန်းချီပန်းပုရုပ်လုံးရုပ်တုများ ရှုပ်ထွေးနေသည့်အခန်းဖြစ်ပြီးလျှင် သေနတ်သမားတစ်ယောက်သည် ကြမ်းပြင်ပေါ်၌ ပက်လက်လန်လဲကျနေသူအားရင်ဘက်ပေါ် ခြေတစ်ဖက်တင်၍ ရပ်နေကြောင်းတွေ့ရတော့၏။

လဲကျနေသူက ကြောက်ရွံ့ဟန်လုံးဝမပြဘဲ သူတို့သုံးဦးကိုစူးစိုက်လျှင် အကဲခတ်ကြည့်ရှုနေတော့သည်။ အိုင်အိုနန်းထိုက်က လဲကျနေသူအားပြုံးပြလျက် . . . .

'မိုက်ခဲ . . . ငါနန်းထိုက်ပါ၊ ဒါကငါတို့ဆရာ မဂျာအောင်ဒင်တဲ့၊ အေးအေးသက်သာအဖမ်းခံဖို့ ငါမေတ္တာရပ်ခံပါရစေ'

'ဩော် . . . . ကိုနန်းထိုက်ကိုး '

ထို့သူက တအံ့တသြ ရေရွတ်နေစဉ်မှာပင် လျှင်မြန်လှ

www.burmeseclassic.com

www.burmeseclassic.com



သော အိုက်အိုနန်းထိုက်က လက်ထိပ်ဖြင့် ခပ်လိုက်တော့၏။ ထိုအခိုက် လှုပ်ရှားသံတစ်ခုနှင့်အတူ . . . .

'သြ . . . မင်းတို့က ဒီလိုကိုး ၊ ငါ့တူကိုတော့ အဖမ်းခံစေ ဘူး၊ မင်းတို့သာ . . . ကဲ '

'ငုံ့လိုက်ဟျို့ '

ဒိုင်း . . . ဒိုင်း',

'ခွပ် . . . ခွပ် '

'အင့် '

မေဂျာအောင်ဒင်နှင့် အိုက်အိုနန်းထိုက်တို့က မိုက်မဲဆိုး ကိုပါတွန်းလှဲ၍ ရှောင်တိမ်းလိုက်စဉ် အနီး၌ရပ်နေသည့် သေနတ် သမားသည် ကျားသစ်တစ်ကောင်ကဲ့သို့ ခုန်လွှားဝင်ရောက်သွားက ပစ်ခက်နေသော သေနတ်သမားတစ်ဦး၏ အသံထွက်ပေါ်လာပြန် လေ၏။

'ဟင် . . . . ရှင် . . . . ရှင် . . . . ကျွန်မဘကြီးကံ ရိုက်တယ်ပေါ့၊ လက်စသတ်တော့ ရှင်ဟာ . . ရှင်ဟာ ကိုဇော်ဝိတ် မဟုတ်နိုင်ဘူး၊ ဒါကြောင့် ကျွန်မဇဝေဇဝါဖြစ်နေတာ သိလား'

ထိုအခိုက် ရိုက်ချလိုက်သည့် သေနတ်သမားကပြုံးရယ်၍ 'ဟဲ . . . ဟဲ ဟုတ်ပေတယ် မဝေမွန်ရည်၊ ကျွန်တော်ဟာ



ကိုဇော်ဝိတ်ယောက်ဆောင်ထားတဲ့ စီအိုင်ဒီက စုံထောက် ဂျမဒါမူးသာပါတဲ့ဗျာ၊ ဘာကြောင့် ဒီလိုလုပ်ရသလဲဆိုတော့ ကျွန်တော့်ရုပ်နဲ့ ကိုဇော်ဝိတ်ရုပ်ဟာ ခွဲမရနိုင်အောင် တူခဲ့ကြလို့ပါပဲ။ တဲ . . . ရှင်းရောပေါ့'

'ဒီ . . . ဒီလိုဆို ကိုဇော်ဝိတ်ဟာ'

အမျိုးသမီးစကားမဆုံးမီမှာပင် ဂျမဒါမူးသာ က ဖြတ်၍ . . . 'ဒါတွေနောက်တော့ရှင်းပြမယ် မဝေမွန်ရည်၊ ကဲဗျို့ . . . . အိုနန်းထိုက်၊ ဒီကဦးသီလကိုပါ တစ်ဆိတ်လောက် လက်ထိပ်ခတ် ပေးလိုက်ပါဦးနော် '

ထို့ကြောင့် အိုင်အိုနန်းထိုက်ကလည်း ညာလက်ကိုကိုင်၍ ငုံ့မဲ့နေသည့် ဦးသီလဆိုသူအား သေနတ်ဖြင့်ချိန်၍ လက်ထိပ်ခတ် လိုက်ရပြန်တော့၏။

' ဝူ . . . ဝူ . . . ဝူ '

ထိုအခိုက် ပုလိပ်ကားများ၏ ဥသြသံများကို ဆူ ညံစွာ ကြားရပြီးနောက် မိုးတုတ်မယ်ဆိုင်ခန်းသည် ပုလိပ်အမှုထမ်းဖြင့် ပြည့်ကြပ်သွားလေတော့သည်။

ပုလိပ်များနှင့် စီအိုင်ဒီစုံထောက်များမှာ လူသတ်မှုလေးမှု တရားခံ မိုက်ခဲခေါ်မိုက်ခဲမြွေငန်းခေါ် ကိုဇော်ဟိတ်နှင့် ဦးသီလတို့

www.burmeseclassic.com

www.burmeseclassic.com



အား ဂရုတစိုက် စောင့်ကြည့်နေကြတော့၏။

ထိုအခိုက် မေဂျာအောင်ဒင်၊ အိုင်အိုနန်းထိုက်တို့နှင့် ဂျမဒ
မှူးသာတို့က တစ်စုံတစ်ရာကို အရေးတကြီး ဆွေးနွေးနေကြလေ
၏။ မေဂျာအောင်ဒင်က . . . .

'ဒီကောင် . . . ဒီထဲဝင်သွားတာ ကိုနန်းထိုက်နဲ့
နှစ်ယောက်စလုံး တွေ့လိုက်ရတယ် မှူးသာရ'

'ဟင် . . . ဟုတ်လား ၊ ကျွန်တော်က မိုက်ခဲ့ဝင်သွားပြီး
သူ့နောက်က နောက်ဆုံးဝင်လိုက်လာတာ၊ ဒါဆိုရင် ရိုးမကျားတိုင်
ချစ်က ဒီဆိုင်ထဲကို အရင်ဆုံးဝင်လာတာပေါ့၊ ဒီလိုဆို ဘယ်ပျောက်
နေသလဲ စေ့စေ့စပ်စပ် ရှာကြည့်ရင် ကောင်းလိမ့်မယ်ထင်တယ်
မေဂျာ'

ထို့နောက် ပန်းချီးကားချပ်များ၊ ပလာစတာ ရုပ်လုံးများဖြင့်
ပြည့်နှက်နေသည့် အခန်းတစ်ခုလုံးအား ပိုက်စိပ်တိုက် မွှေလှန်၍
ရှာကြတော့သည်။ သို့ရာတွင် ရိုးမကျား ခေါင်းပြဂိုဏ်းခေါင်းဆောင်
တိုင်းချစ်ကိုကား အစအန ရှာမတွေ့နိုင်အောင်ဖြစ်ကြရလေ၏။

သို့ရှိစဉ် အိုင်အိုနန်းထိုက်သည် အခန်း၏ မှောင်ရိပ် တစ်ခေ
မှနေ၍ ပုန်းကွယ်ကာ ဦးသီလ၏ မျက်လုံးများကို အလွတ်မပေး
စတမ်းစိုက်ကြည့်လိုက်၏။



ဦးသီလသည် ပုလိပ်များ အလုပ်ရှုပ်နေသည်ကို ခပ်ပြုံးပြုံး
ကြည့်၍ ၎င်း၏ တောက်ပသော မျက်လုံးများကို နေရာတစ်နေရာ
သို့ စူးစိုက်ကြည့်ပြီးလျှင် ကျေနပ်သော အမူအရာ ဖြစ်နေသည်ကို
အိုက်အိုနန်းထိုက်တွေ့လိုက်ရတော့၏။

လူအားလုံးပြန်လည်စုံပြီဖြစ်သောအခါ အိုင်အိုနန်းထိုက်က
'အင်း . . . ရိုးမကျားတိုင်းချစ်ဟာ သူ့ရဲ့ခြုံမှုတွက် ဦးသီလ
ဆီကို ရောက်လာခဲ့တာမှာ တော်တော်ကို လုံခြုံသွားတော့တာပါ
ပဲလား။

ဟု ပြောလိုက်၏။

မေဂျာအောင်ဒင်နှင့် ဂျမဒါမှူးသာက နားမလည်စွာဖြင့်
'ဘာကိုဆိုလိုတာတုံ ကိုနန်းထိုက်'

'ဟုတ်တယ်၊ ကျွန်တော်လဲ နားမလည်မိဘူးဗျာ'

'ဒီလိုကွ မှူးသာရ၊ ရိုးမကျားတိုင်းချစ်တာ တို့ပုလိပ်အဖွဲ့နဲ့
မိုက်ခဲ့ရဲ့ရန်ကလွတ်မြောက်ဖို့အတွက် ဦးသီလဆီ အားကိုးအားထား
နဲ့လာခဲ့ရာမှာ ဦးသီလက တစ်သက်လုံး လုံခြုံစိတ်ချရအောင်
ရိုးမကျား တိုင်းချစ်ကို စီမံပေးလိုက်တယ်လေ . . . ဒီမှာ
ကြည့်ကြစမ်း'

အိုင်အိုနန်းထိုက်သည်ပြောပြောဆိုဆိုဖြင့် မခြောက်တ

www.burmeseclassic.com

www.burmeseclassic.com



ခြောက် ရှိနေသည့် စီတန်းထားသော အရွယ်အစား အမျိုးမျိုး ပုံပန်းသဏ္ဌာန်အမျိုးမျိုး ပလာစတာရုပ်လုံးများကြားမှ သတ္တမမြောက် ရုပ်လုံးတစ်ခုကို လက်ညှိုးထိုးပြလိုက်တော့၏။

'အဲဒါ ရိုးမကျားတိုင်းချစ်ပဲ၊ အထဲမှာ သူ့ရဲ့အလောင်းရှိ တယ် . . ကဲ'

အိုင်အိုနန်းထိုက်သည် နံရံ၌ချိတ်ထားသည့် ပန်းပုထုသည့် ဆောက်တစ်ခုဖြင့် ရုပ်လုံး၏ဝမ်းဗိုက်သို့ လျှပ်တစ်ပြက်ထိုး၍ခွဲချ လိုက်တော့၏။

'ဟာ'

'ဟင်'

'အို'

'ဟိုက်'

အထူးထူးသော အာမေဋိတ်သံများထွက်ပေါ်လာပြီးနောက် တွင် အသံတစ်သံထွက်ပေါ်လာတော့၏။ ထိုအသံမှာ ဦးသီလ၏ အသံဖြစ်လေသည်။

'တော်ပါပေ့ အိုင်အိုနန်းထိုက်၊ ကျုပ် ချီးကျူးပါတယ်၊ မောင်ရင်နဲ့ တွေ့ရတဲ့တရားခံတွေဟာ ကြိုးစင်တက်ဖို့ အသင့်ပြင် ထားရင်ကောင်းမယ်လို့ ပြောကြတာ လက်တွေ့ဖြစ်လေးတော့



ကျုပ်လက်ခံလိုက်ပါပြီလေ'

'ကဲ . . . သွားကြစို့မော့ ၊ တိုင်းချစ်ရဲ့ အလောင်းကို ကားပေါ်တင်ခဲ့ကြ'

ဟုမေဂျာအောင်ဒင်က အမိန့်ပေးလိုက်လေ၏။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

အဆုံး၌ . . . .

စတီးဝပ်အချုပ်၌ထားရှိသော မိုက်မဲခေါ် မိုက်မဲမြွေခန်းခေါ် ဖော်ဟိတ်၏ ထုတ်ဖော်ပြချက်အရ စတော့ဂိတ် ဂုံးတံတားကြီး၏ တောင်ဘက် အမှတ်အသားပြုထားသော ဇလီဖားတိုင်တစ်တိုင် အောက်မှ ရတနာ သေတ္တာတစ်လုံးကို ပုလိပ်ဖက်မှ သိမ်းဆည်းရမိ ခဲ့ရာ မြွေခန်းခေါ် ဖော်ဟိတ်က အိုင်အိုနန်းထိုက်အား တွေ့ဆုံခွင့် တောင်း၍ . . .

'ဒါတွေဟာ ကျွန်တော် မိဘပိုင် ရိုးသားစွာ ရှာဖွေစုဆောင်း ထားတဲ့ပစ္စည်းတွေ ဖြစ်ပါတယ်၊ ကိုနန်းထိုက် အသေအချာစုံစမ်း ကြည့်ပါ၊ ခင်ဗျားရဲ့တည်ကြည်မှုနဲ့ စိတ်နေသဘောထားကို ကျွန်တော် လေ့လာပြီးသားပါ၊ ယုံကြည်ပါတယ် ကိုနန်းထိုက် '

'အမှန်တရားအတိုင်း အတတ်နိုင်ဆုံးကျွန်တော် ဆောင်ရွက်ပေးပါမယ် ကိုဖော်ဟိတ် '

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက်က ကတိပြုလိုက်၏။

'ဒီလိုဗျာ၊ ဒီပစ္စည်းတွေဟာ ကျွန်တော်တို့ ညီအစ်ကိုနှစ်ဦး ပိုင်ဆိုင်တဲ့မိဘအမွေအနှစ်တွေပါပဲ၊ ဒီတော့ လောလောဆယ် တစ်ဝက်ကို အခုမှသိရတဲ့ ကျွန်တော့်ကို ကိုဇော်ဝိတ်က ပိုင်ဆိုင်ပါတယ်၊ ဖြစ်နိုင်ရင် သူတို့နှစ်ယောက်အတွက် လက်ဖွဲ့အဖြစ် ပေးခဲ့ချင်ပါတယ်'

စိတ်ချပါ ကိုဇော်ဝိတ်၊ ခင်ဗျားဆန္ဒ ပြည့်ဝအောင် သက်ဆိုင်ရာနဲ့ အမြန်ဆုံးကျွန်တော် ညှိနှိုင်းဆောင်ရွက်ပေးပါ့မယ်'

ထိုနောက် မိုက်ခဲခေါ် မြွေငန်းခေါ် ဇော်ဝိတ်က သူ၏ထွက် ဆိုချက်ကို ပုလိပ်အရာရှိများအားလုံးရှေ့ မှောက်၌ မချွင်းမချန် ထွက်ဆိုလေတော့၏။

မှတ်ချက် ။ ။ မြွေငန်းခေါ် ဇော်ဟိတ်၏ထွက်ဆိုချက်ကို ဖတ်ရှု၍ ကောင်းစေရန် ဝတ္ထုဇာတ်လမ်းသဖွယ်ရှေ့တွင် ရေးသား ဖော်ပြမည် ဖြစ်ပါသည်။

စာရေးသူ



အမှုဆင်ခံရသူတစ်ဦး

မအူပင်မြို့၊ ရွှေဘုန်းပွင့်ဘုရားအနီးနှင့် မနီးမဝေး မြို့လယ် ရပ်ကွက်တစ်ခုမှ တိုက်အိမ်စိမ်းစိမ်းလေးမှာ ဆန်ပွဲစားသူဌေး ဦးထွန်းဝေနှင့် ချစ်ဇနီး ဒေါ်မြသီတို့၏ တိုက်အိမ်လေးဖြစ်လေ၏။

ထိုနေ့က ပင်သံဃာ ငါးပါးကို ဆွမ်းထမင်း ဟင်းများ ဆပ်ကပ်ကျွေးမွေး၍ လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူသော နေ့ဖြစ်လေရာ ၎င်းတို့အိမ်၌ ဧည့်ပရိသတ် အတန်ငယ် စုံလင်နေလေ တော့၏။

ထိုသို့ အလှူဒါနပြုသည့် ရည်ရွယ်ချက်မှာ ၎င်းတို့၏ တစ်ဦးတည်းသောသားလေး မောင်ဇော်ဝိတ်၏ တစ်နှစ်မြောက် မွေးနေ့ဖြစ်သောကြောင့်ပင်။

စီးပွားရေးလည်းပြေလည်၊ စိတ်သဘောထားလည်း ကောင်းမွန်၍ အပေါင်းအသင်းဆန့်သော ဦးထွန်းဝေနှင့်ဒေါ်မြသီ တို့မှာ ဦး၊အဒေါ် အစရှိသည့် တပ်ခေါ်ရလင့်ကစား အသက်နှစ်ဆယ့် ငါးနှစ်ကျော်မကျော်ခန့်စီသာ ရှိကြသေး၍ လူရွယ်ပိုင်းဟုပင် ခေါ်လို့ ရ ခေါ်နိုင်သေးလေ၏။

အိမ်ထောင်သက် ငါးနှစ်ရှိပြီဖြစ်သော်လည်း သားသမီး

www.burmeseclassic.com



ရတနာ တစ်ဦးမျှ ထွန်းကားခြင်းမရှိပဲ လွန်ခဲ့သောနှစ်ကမှ သားဦးရတနာလေး မွေးဖွားခဲ့ရာ ဇမ္ဗူတွင် တလူလူဖြစ်စေရမည့် သားကလေးဟု ဥဒါန်းကျူးကျင့်ကာ 'ဇော်ဝိတ်'ဟူ၍ မှည့်ခေါ် လိုက်တော့၏။

မိဘများမှာ စီးပွားရေးပြည်လည်သည့်အလျောက် သားကလေး ဇော်ဝိတ်မှာလည်း မပူမပင်ဖြင့် တစ်နှစ်ပြီးတစ်နှစ် ကြီးပြင်းလာခဲ့တော့သည်။

ဤသို့ဖြင့် မေ၊ဇော်ဝိတ် သုံးနှစ်သားခန့် အရွယ်တွင် ကိုထွန်းဝေတစ်ယောက် စပါးပေးကိစ္စဖြင့် မအူပင်မြို့နှင့် အနီးအပါးရှိ ရွာများသို့ ခရီးထွက်နေစဉ် လူတစ်ယောက်သည် ၎င်းတို့နေအိမ်သို့ ရောက်ရှိလာခဲ့လေ၏။

ထိုသူမှာ ရန်ကုန်မြို့မှ ကိုထွန်းဝေ၏ ညီဝမ်းကွဲတစ်ဦးဖြစ်၍ ပန်းချီပန်းပုလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူ ဖြစ်ကြောင်း ဒေါ်မြသီသိရလေသည်။

အမည်မှာ ကိုသီလဖြစ်ကြောင်းလည်း သိရပြန်လေ၏။ ဒေါ်မြသီကလည်း မတ်တော်မောင်အား အေးဆေးစွာ အနားယူစေ၍ ဧည့်ခံကျွေးမွေးလေ၏။

ထိုအချိန်၌ သုံးနှစ်သားသာရှိသေးသော ဇော်ဝိတ်ကလေး



သည် ကိုသီလကိုမြင်သည်နှင့် ပြုံးရွှင်စွာ ရယ်မောကာ အတင်းကုပ်ကပ်ဖက်တွယ်ထားလေ၏။

ကိုသီလမှာလည်း ချစ်စနိုးနှင့် မောင်ဇော်ဝိတ်လေးအား ဖက်တွယ် ချောမြူမိလေတော့၏။

ဦးထွန်းဝေ ပြန်လည်ရောက်ရှိသည့် ညနေစောင်းတွင် မောင်ဇော်ဝိတ်ကို ချီပိုး၍ ကိုသီလက ထွက်ကြိုရာ ဦးထွန်းဝေက အံ့အားသင့်လျက်. . .

'ဟ. . . ဟော့ကောင် ညီလေး၊ မင်းဘယ်တုန်းက ရောက်နေတာလဲ၊ ဟား. . . ဟား. . . ကြည့်စမ်း ငါ့သားက ငါနဲ့သူ့အမေကလွဲရင် ဘယ်သူခေါ် လို့မှ လိုက်တာမဟုတ်ဘူးကွ၊ မင်းကြံမှ သွေးကစကားပြောတယ် ထင်ပါရဲ့၊ ဟဲ. . . ဟဲ. . . ဟဲ. . .'

ဟု ဝမ်းသာအံ့သြလျက် ပြောလေ၏။

'ကဲ. . . နောက်ကျမှ သားအကြောင်းနဲ့ ညီအစ်ကိုတွေအကြောင်း ပြောကြပါရှင်၊ လောလောဆယ် ချွေးတွေ သံတွေနဲ့ ခဏအမောဖြေပြီး ရေမိုးချိုးစမ်းပါဦး'

'ဟုတ်တယ်ဟော့၊ ငါ့မိန်းမပြောမှ သတိရတယ်ဟေ့ ညီလေးရေ၊ ကဲ. . . ခဏနေဦး၊ အဝတ်အစားလဲပြီး ရေမိုးချိုးလိုက်ဦးမယ်၊ ပြီးတော့မှ ထမင်းစားရင်း စကားပြောကြတာပေါ့'

www.burmeseclassic.com



'ရပါတယ် အစ်ကိုကြီး'

ထမင်းစားပွဲ၌ မောင်ဇော်ဝိတ်ကလေးက ကိုသီလ ထမင်းပန်းကန်ကို ဆောကစားနေသောကြောင့် မိခင်ဒေါ်မြသီက အမြန်ဆွဲခေါ်သွားရလေ၏။ ဦးထွန်းဝေက. . .

'အင်း. . . ငါ့သားကတော့ မင်းကိုတွေ့တွေ့ချင်း တော်တော့ကိုချစ်နေတာပဲ ညီလေး၊ ငါတောင် အံ့သြနေတယ်ကွ'

'ကျွန်တော်လဲ မောင်ဇော်ဝိတ်လေးကို အတော်ပဲ ချစ်မိပါတယ်၊ အစ်ကိုကြီး'

'အဲဒါ သွေးကွသွေး၊ ဟဲ. . . ဟဲ. . . ဟဲ၊ ထည့်စားကွာ၊ ပုဇွန်ထုတ်ဆီပြန်က မင်းတို့ရန်ကုန်မှာ စားရခဲတယ်ကွ၊ ဒီမှာက လတ်လတ်ဆတ်ဆတ် စားရတာ'

ဦးထွန်းဝေက ညီဖြစ်သူ ကိုသီလ၏ ထမင်းပန်းကန်သို့ ပုဇွန်ထုပ်ဆီပြန်များကို ကော်ခတ်၍ ထည့်ပေး၏။

ကိုသီလကလည်း မြိန်ယှက်စွာ စားသောက်၏။ ဦးထွန်းဝေက. . .

'ဒါနဲ့ မင်းက ဘာကိစ္စကြောင့် ငါ့ဆီရောက်လာရတာလဲ၊ ပြောစမ်းပါဦး၊ ဘာလဲ ဒီမှာနေမလို့လား'

'နေသင့်ရင် နေမလားလို့ပါ'



'ဘာကွ. . . တကယ်ပြောတာလား'

'တကယ်ပြောတာပါ'

ထိုအခါ ကိုသီလက သူသည် ပန်းချီပန်းပုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေရင်း ပုဇွန်တောင်ဈေးမှ အထည်သည် မနွဲ့အေးဆိုသူ အမျိုးသမီးနှင့် ချစ်ကြိုက်မိကြောင်း၊ သို့ရာတွင် မနွဲ့အေးသည် သစ္စာမရှိဘဲ မြို့အုပ်တစ်ယောက်နှင့် ဖောက်ပြန်နေသည့်အပြင်. . .

တစ်နေ့သ၌ ၎င်းအားကိစ္စတစ်ခုဖြင့် လာရောက်တွေ့ဆုံပါရန် ချိန်းဆိုပြီးလျှင် ၎င်းရောက်သွားချိန်၌ အသင့်စောင့်ဆိုင်းနေသော မြို့အုပ်နှင့်သူ့လူများက ဝိုင်းဝန်းဖမ်းဆီးပြီး ကိုသီလအား တာယိက္ကန္ဒြေပျက်စေမှု၊ မိန်းမသားတစ်ဦးအား စော်ကားရန် ကြံရွယ်မှု၊ ပိုင်နက်ကျူးလွန်မှုစသည့် မဖွယ်မရာသော အမြင်ကပ်ပုဒ်မများနှင့် တရားစွဲတော့၏။ ထိုအတွက် ကိုသီလမှာ နာမည်ပျက်ရုံမက ထောင်သုံးနှစ်ပင် ကျခံရလေသည်။

မှတ်ချက်။ ။ ထိုခေတ် ထိုအခါက ငွေများငွေနိုင် ဖြစ်ပြီးလျှင် အမှုထမ်း အရာထမ်းများမှာလည်း ငွေမျက်နှာကိုကြည့်၍ တရားစီရင်ခြင်းဖြစ်သောကြောင့် ထောင်သုံးနှစ်ကျခြင်းမှာ အဆန်းဟု မဆိုနိုင်ပါပေ။

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ။

'နေစမ်းပါဦး ညီလေးရေ၊ မင်းချစ်သူက ဘာရည်ရွယ်ချက်နဲ့ မင်းကို သည်ဆယ်အမှုဆင်ပြီး ထောင်ချရတာလဲ'

ဦးထွန်းဝေက မရှင်းသဖြင့် မေးလိုက်ရာ ကိုသီလက နာကျည်းစွာဖြင့်. . .

'အစ်ကိုကြီးရာ ကျွန်တော် ထောင်ကျသွားတော့ သူတို့နှစ်ဦး အနှောင့်အယှက်ကင်းစွာ လက်ထပ်ကြမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အဲဒီလို အမှုဆင်တာတဲ့ဗျာ၊ ဒါလဲ ကျွန်တော် ထောင်က ထွက်လာပြီး မကြာခင်ကမှ မိတ်ဆွေတစ်ယောက် ပြောလို့သိရတာပါ'

'အေးကွာ. . . တော်တော်ပက်စက်တဲ့ အကြံအစည်ပဲ၊ နို့ သူတို့ကရော လက်ထပ်ဖြစ်ကြသလား'

'လက်ထပ်ဖြစ်ပါတယ်၊ ကျွန်တော် ထောင်ကျပြီးလို့ တစ်လလောက်ကြာတော့ လက်ထပ်ကြတယ် ကြားတာပါပဲ'

'အင်း. . . မင်းအဖြစ်က ကြားရတာ ငါတောင် တော်တော်ပဲ စိတ်မကောင်းဖြစ်မိတယ်၊ ဒါတွေ ငါမကြားမိဘူးကွာ၊ လူတစ်လုံးလူတစ်လုံး နေနိုင်အောင် စီးပွားရေးကို ကြိုးစားပြီးဖိလုပ်နေရတော့ ရန်ကုန်က မင်းသတင်းကိုလဲ ဘာမှအာရုံမစိုက်နိုင်အောင် ဖြစ်သွားရတာပါ'



'ဟုတ်ပါလိမ့်မယ်၊ အစ်ကိုကြီး'

ဦးထွန်းဝေ၏မိခင်နှင့် ကိုသီလ၏ မိခင်မှာ ညီအစ်မအရင်းများဖြစ်ကြ၍ ကျန်မိသားစုများမှာ သေဆုံးကုန်ကြပြီးလျှင် နှစ်ဘက်အမျိုးများ၌ ဦးထွန်းဝေနှင့်ကိုသီလတို့ နှစ်ဦးသာ ကျန်ရစ်လေ၏။

ဦးထွန်းဝေမှာ ဆန်အရောင်းအဝယ်လုပ်ရင်း မအူပင်မြို့မှ ဒေါ်မြသီနှင့် နဖူးစာ ရွာလည်ခဲ့ခြင်း ဖြစ်သည်။

'အမှန်တော့ အစ်ကိုကြီးရာ ကျွန်တော့်ကို အမှုဆင်ပြီး ထောင်မှချလဲ ကျွန်တော်က သူတို့နှစ်ယောက်ကို အနှောင့်အယှက်မပေးပါဘူး၊ ကျွန်တော်ဟာ ယောကျာ်းကောင်း တစ်ယောက်ပါ၊ ဒီလောက် အောက်တန်းကျတဲ့ စိတ်ဓာတ်မမွေးပါဘူး'

ကိုသီလက ထိုသို့ပြောရာ ဦးထွန်းဝေက. . .

'ငါ ယုံပါတယ်ကွာ၊ မယုံကြည်တာ မင်းချစ်သူ မနွဲ့အေးဆိုတဲ့ အမျိုးသမီးပဲ ညီလေး'

၎င်းတို့ ညီအစ်ကိုသည် ထမင်းကို လက်စသတ်လိုက်ကြပြီးနောက် အချိုပွဲမုန့်နှင့် ရေနွေးကြမ်းကိုသောက်ရင်း ဆက်လက်ပြောဆိုနေပြန်၏။

ဦးထွန်းဝေက ထန်းလျက်ခဲတစ်ခဲ နှိုက်စားလျက်. . .

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ မြို့ပိုင် အဲဒီအမျိုးသမီးက အခုဘယ်မှာတဲ့လဲကွ'

'တောင်ငူမှာလို့ ကြားတာပဲ အစ်ကိုကြီး'

'အေးပေါ့ကွာ. . . ဘာပဲဖြစ်ဖြစ် ကိုယ့်ရဲ့ဝဋ်ကြွေး ပါလာလို့ အခုလိုဖြစ်တာပဲဆိုပြီး၊ ဖြေသိမ့်ပါလို့ ပြောချင်တာပဲ ညီလေးရာ. . .'

ကိုသီလကမူ တစ်စုံတစ်ရာကို မပြောဘဲ ခပ်မဆိတ် တိတ်နေလေ၏။ ပြီးမှ. . .

'အခုတော့ ရန်ကုန်မြို့မှာ ကျွန်တော်ဟာ တော်တော်သိက္ခာကျနေတယ် အစ်ကိုကြီး၊ ဒါကြောင့် စိတ်ပြေလက်ပျောက်သဘောနဲ့ အစ်ကိုကြီးဆီ ရောက်လာခဲ့တာပဲ'

ထိုအခါ ဦးထွန်းဝေက. . .

'အမလေးဗျာ. . . ကိုယ့်ညီက ပျော်တယ် ဆိုရင်ဖြင့် ဒီမှာတစ်သက်လုံး မပူမပင်နေစမ်းပါကွာ၊ မင်းနေရင် မင်းရဲ့တူတော်မောင်လဲ ပျော်မှာအမှန်ပဲ'

'ကျေးဇူးတင်လှပါတယ် အစ်ကိုကြီး'

ထိုနေ့မှစ၍ ဦးထွန်းဝေနှင့် ဒေါ်မြသီတို့မိသားစုတွင် မိသားစုတစ်ဦး တိုးလာပြီးလျှင် သားလေးမောင်ဇော်ဝိတ်မှာလည်း ဦးလေးဖြစ်သူ ကိုသီလအား တစ်နေ့တစ်ခြား ချစ်ခင်တွယ်တာလျက် ရှိနေလေတော့၏။

စရိုက်ဆိုးနှင့် အမိုက်ကိုးသူ

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

အချိန်ရာသီတို့သည် တရွေ့ရွေ့ ပြောင်းလဲလာမြဲ အစဉ်အလာအတိုင်း မောင်ဇော်ဝိတ်တလေးပင် လေးနှစ်ကျော်၍ ငါးနှစ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာခဲ့ပြီ ဖြစ်ပေတော့၏။

ကိုသီလသည် ပထမဦးက လူရိုးတစ်ဦး ဖြစ်သော်လည်း ကြာလာသောအခါ သူ၏မကျေနပ်မှုများကို အရက်ဖြင့် ကုစားရင်း အရက်သမားတစ်ယောက် ဖြစ်လာခဲ့တော့သည်။

သူသည် ဘယ်ဆိုင်သို့သွားတိုင်း လေးနှစ်ကျော်ကျော်ခန့်ရှိသော မောင်ဇော်ဝိတ်ကလေးကို ခေါ်သွားတတ်ပေရာ၊ 'သူတော်ချင်းသတင်းမွှေ့လွှေ့ ပေါင်းဖက်တွေ့၏။' ဆိုသကဲ့သို့ပင် မောင်ဇော်ဝိတ်ကလေးမှာလည်း အရက်သမားများကို အပေါင်းအသင်းဟူ၍ မှတ်ထင်နေတော့၏။

မိဘများထက် အရက်သမားဦးလေးဖြစ်သူ ကိုသီလကိုသာ ပိုမိုခင်တွယ်၍ သွားလေရာနောက် တကောက်ကောက်လိုက်၏။

အစပထမတွင် မိဘများမှာ ဤမျှအထိဖြစ်လာမည် မထင်



www.burmeseclassic.com

www.burmeseclassic.com



မိသော်လည်း နေမြင့်လေ အရှူးရင့်လေဆိုသည့် စကားအတိုင်း ကလေးပင်ဖြစ်သော်လည်း တစ်စတစ်စ မိုက်ရိုင်းရမ်းကားသည့် စိတ်ကလေးများ ဝင်ရောက်လာသောကြောင့် မိခင်နှင့်ဖခင်တို့မှာ အထူးစိုးရိမ်လျက် သောက ရောက်နေကြတော့၏။

ဦးလေးဖြစ်သူကို ဆင်ခြင်ရန် ပြောသော်လည်း အရက်သမားကြီး လုံးလုံးဖြစ်နေသည့် ကိုသီလသည် အစ်ကိုကြီး၏ စကားကို နားခံခြင်းမရှိဘဲ၊ သောက်မြဲတိုင်းသောက်၍ နေမြဲတိုင်း နေ၏။ ကြာသော် ဦးထွန်းဝေပါမက ဒေါ်မြသီပါ မပြောတော့ချေ။

မောင်ဇော်ဝိတ်သည် ကလေးပင်ဖြစ်သော်လည်း စိတ်ခက်ထန်လှ၏။ လိုချင်သည်ကိုမရလျှင် စိတ်ကောက်၏။ စားချင်သည်ကို မစားလျှင် လူးလိမ့်၍ငို၏။ သွားချင်သည့် နေရာကို မသွားရလျှင် တွေ့သမျှအရာဝတ္ထုများကို ဆွဲယူပေါက်ခွဲ၏။

ကြာသော် မိဘနှစ်ပါးမှာ တစ်ဦးတည်းသော သားလေးအား စိတ်ကုန်ခမ်းလာကြ၏။ မည်သို့မျှ ချော့၍မပျော့၊ မည်မျှပင် ချောက်သော်လည်း မကြောက်သည့် အပြင် မည်မျှပင် ရိုက်သော်လည်း မိုက်မြဲဆိုးမြဲပင် ဖြစ်နေလေ၏။

သို့ရာတွင် ဦးလေးဖြစ်သူ အမူးသမားကြီး ဦးသီလနှင့်ဆိုလျှင် မည်သို့ပင် နေရသည်ဖြစ်စေ၊ ရယ်ရယ်မောမော ပြုံးပြုံးရွှင်



ရှိနေတတ်၏။

တစ်နေ့တွင် ဘုံဆိုင်၌ အမူးသမားတစ်စုနှင့် ကိုသီလတို့ အများ ရန်ဖြစ်ရာတွင် လူတစ်ယောက်က ဝင်ကူရာမှ ထိုသူနှင့် ကိုသီလတို့ မိတ်ဆွေရင်းချာပမာ ရင်းနှီးသွားတော့၏။

ထိုသူ၏ နာမည်မှာ ကိုတိုင်းချစ်ဖြစ်၍ မအူပင်အနီးရှိ ကျေးရွာမှဖြစ်ကြောင်း သိရပြီးလျှင် မအူပင်မြို့ပေါ်ရှိ မိတ်ဆွေ ထံသို့ အလည်အပတ်လာရောက်ခြင်း ဖြစ်ကြောင်းလည်း သိရှိ

ကိုသီလနှင့် ကိုတိုင်းချစ်တို့မှာ ငယ်ပေါင်းကြီးဖော်များ ဖြစ်နေကြပြီးလျှင် တစ်ခါတစ်ရံ၌ ကိုသီလက ၎င်းနေထိုင်ရာ နန်းဝေအိမ်သို့ပင် အလည်အပတ် ခေါ်သွားတတ်လေ၏။

ဦးထွန်းဝေနှင့် ဒေါ်မြသီတို့က အကြောင်းမသိသည့် လူစိမ်း ကို အိမ်သို့ခေါ်ခြင်းအား မနှစ်သက်သော်လည်း ကိုသီလကို ရသဖြင့် ဆက်လက်ပြောဆိုခြင်းမပြုတော့ဘဲ မသိကျိုးကျွံပြု နေလေတော့၏။

မောင်ဇော်ဝိတ်မှာ မိဘများထံမှောက်၌ နေသည်ကနည်း သီလ ကိုတိုင်းချစ်တို့နှင့်သာ သွားလာနေထိုင်သည်က များလေ

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နှစ်အကြာ၌ ဒေါ်မြသီတွင် ကိုယ်ဝန်အရင့်အမာဖြစ်လာပြီးနောက် သားယောကျ်ားလေးတစ်ဦးကို မွေးဖွားပြန်လေတော့၏။

ထိုသားလေးအား အစ်ကိုဖြစ်သူ ဇော်ဝိတ်နှင့် နာမည်ဆင်စေရန် ဇော်ဟိတ်ဟူ၍ မှည့်ခေါ်လေ၏။

ဇော်ဟိတ်ကို မွေးသည့်နေ့မှစ၍ အပြောအဆိုရခက်ကာမိဘများကို မချစ်သည့် ဇော်ဝိတ်အား ပေလယ်ကျက် ထားလိုက်တော့၏။

ထို့ကြောင့်လည်း ဇော်ဝိတ်သည် အရက်သမားများဖြစ်ကြသည့် ကိုသီလ ကိုတိုင်းချစ်တို့နှင့် ပိုမို၍ ရင်းနှီးခဲ့ပြီးလျှင် စရိုက်ဆိုးများကို ပိုမိုအတုခိုးနိုင်ခဲ့လေတော့၏။

ကိုသီလလည်း ပိုမို၍ မိုးမလင်းအောင်သောက်ကာ အရက်ကျေးကျွန်ကြီးဘဝကို ခံယူနေရှာ၏။

မကြာမီ ကိုတိုင်းချစ်သည် ၎င်း၏ဇာတိကျေးရွာသို့ ရုတ်တရက် ပြန်သွားခဲ့တော့သည်။

သို့သော် ကိုသီလသည် ဘုံဆိုင်သို့ တစ်ယောက်တည်းသော် လည်းကောင်း၊ တစ်ခါတစ်ရံ တူဖြစ်သော ဇော်ဝိတ်ကိုခေါ်၍ လည်းကောင်း ထုံးစံအတိုင်း စားသောက်မြဲဖြစ်လေသည်။



အစ်ကိုကြီး ဦးထွန်းဝေနှင့် မရီးဖြစ်သူ ဒေါ်မြသီတို့က မည်မျှပင် ဆုံးမသော်လည်း ပျက်စီးနေသော ကိုသီလကမူ ငါ့မြင်း ငါစိုင်း စစ်ကိုင်း ရောက်ရောက် ဟူသောဆောင်ပုဒ်အတိုင်း ဆက်လက်၍ ကျင့်သုံးလျက်သာ ရှိနေလေတော့၏။

ပြောမယုံ ကြုံဖူးမှသိ

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ကိုသီလသည် အမြဲတမ်းလိုပင် ဇော်ဝိတ်ကိုခေါ်၍ မြစ်ဆိပ်၌ ရေချိုးတတ်သကဲ့သို့ ဇော်ဝိတ်၏ရင်ဘတ်မှ အမှတ်နီကြီးကို မျှေးတွန်းပေးတိုင်း ထိကိုင်၍ နောက်တတ်၏။

ထိုအခါမျိုး၌ ဇော်ဝိတ်မှာ တစ်ခစ်ခစ်ရယ်မော၍ သဘောကျနေတတ်သည်။

ဇော်ဝိတ် ခုနှစ်သားရောက်၍ ဇော်ဟိတ် နှစ်နှစ်သားသာသာခန့်တွင် ဧရာဝတီမြစ်ဝကျွန်းပေါ်၌ သူပုန်သူကန်တို့ ထကြွသောင်းကျန်းသဖြင့် အင်္ဂလိပ်အစိုးရမင်းမှာ မျက်လုံးပြူးမျက်ဆန်ပြူးနှိမ်နင်းနေရရှာသည်။

တောမီးလောင် တောကြောင် လက်ခမောင်းခတ်သည်သို့ပင် ခိုးဆိုးလုယက် သောင်းကျန်းသူများလည်း နေရာအနှံ့အပြား

www.burmeseclassic.com



မှ ထွက်ပေါ်လာကြရာ ပြည်သူလူတုမှာ ကျီးလန့်စာစားဖြစ်နေရတော့သည်။

ထိုအချိန်၌ ဦးထွန်းဝေမှာ ရှာဖွေစုဆောင်းထားသည့် ငွေကြေးများအား ရွှေငွေများ အဖိုးတန်ပစ္စည်းရတနာများဖြင့် ဝယ်ယူလဲလှယ်၍ အိမ်၏လျှို့ဝှက်ခန်းတစ်ခုတွင် သိမ်းဆည်းထားလေ၏။

တစ်နေ့သ၌ တစ်အိမ်လုံး အနှံ့အပြား ဆော့ကစားတတ်သည့် ဇော်ဝိတ်သည် ကစားရင်းမှ လျှို့ဝှက်သိမ်းဆည်းထားသော ထိုရတနာများအား အမှတ်မထင် တွေ့ရှိသွားသည်တွင် အမူးသမားဖြစ်သည့် ဦးလေးသီလအား ခေါ်ပြတော့သည်။

ကိုသီလမှာ ရတနာများအားကြည့်၍ တုန်လှုပ်သွားပြီးလျှင် ဇော်ဝိတ်အား ချော့မော့၍ မူလနေရာအတိုင်း ပုံမပျက် ပြန်ထားလိုက်သည်။

သို့ရာတွင် ထိုရတနာများသည် ကိုသီလအား နေ့စဉ်နှင့်အမျှ ခြိမ်းခြောက်နေကြလေ၏။ မည်မျှပင် ကြိုးစား၍ မေ့ပျောက်သော်လည်း တစ်နေ့တစ်နေ့ သူ၏မျက်လုံးထဲ၌ ထိုရတနာများသာ မင်းမူနေတော့သည်။

တစ်နေ့တွင် ကိုသီလတစ်ယောက် ညနေစောင်း၌ သွားနေကြ ဘုံဆိုင်ဘက်သို့ ခြေဦးလှည့်၍ အရက်တစ်ပုလင်းမှာကာ



သောက်နေစဉ် လက်တစ်ဘက်သည် ဇင်းအရက်ပုလင်းကို လာရောက်ဆုပ်ကိုင်သောကြောင့် စော်ကားသည်ထင်၍ ခုခံရန်လှည့်အကြည့်၌. . .

'ဟာ. . . ကိုတိုင်းချစ်ပါလား၊ ဆိုင်းမပါ ဗုံမပါနဲ့ ဘယ်တုန်းကပြန်ရောက်လာသလဲဗျ'

'ဟား. . . ဟား. . . ဟား. . . ကိုသီလရေ ဒီလိုပေါ့ဗျာ၊ တောမှာ အခြေအနေမကောင်းတာလဲပါတယ်၊ ပြီးတော့ မိတ်ဆွေဟောင်းတွေကို တွေ့ချင်တာလဲရှိတော့ ခင်ဗျားတို့မြို့ကို တက်လာခဲ့တာပါပဲ'

ဟု ဆိုလေ၏။

ကိုသီလက ဝမ်းသာစွာဖြင့်. . .

'ကဲ. . . ကဲ. . . နောက်မှပြောကြတာပေါ့၊ ခုတော့ ချလိုက်ကြစို့ဦးဗျာ၊ ခင်ဗျား ပြန်ရောက်တဲ့ အထိမ်းအမှတ်အနေနဲ့ ကျွန်တော်က ဒကာခံပါမယ်၊ ရော့. . . သောက်'

ကိုသီလ ငှဲ့ပေးသော အရက်ခွက်ကို ကိုတိုင်းချစ်က ရေမရောဘဲ တစ်ရှိန်ထိုး မော့သောက်လိုက်ပြီးလျှင် အမြည်းပန်းကန်ထဲမှ ကြက်ခြေထောက်တစ်ချောင်းကို ဝါးနေတော့၏။

သူတို့သည် တစ်ယောက်တစ်ခွက် ခွက်လှည့်သောက်ရင်းမှ

www.burmeseclassic.com

www.burmeseclassic.com



အမှုသမားတို့ ဘာသာဘာဝအတိုင်း ရှေးဖြစ်နောက်ကြောင်းများကို စမြုံ့ပြန်ကြ၏။ ပြောပြီးလျှင် သောက်ကြပြန်၏။

အတန်ငယ် ညဉ့်နက်သောအခါ နှစ်ဦးသားမှာ အလွန်ပင်မူးနေကြပြီဖြစ်လေသည်။ ထိုအခါ ကိုတိုင်းချစ်က. . .

'ဒီမှာ ကိုသီလ အေး၊ ကျွန်တော်နဲ့ ရန်ကုန်လိုက်ခဲ့ပါလား။ ရန်ကုန်မှာ အလုပ်သွားလုပ်မယ်လေ. . . ဝေါ့. . .'

ဟု ဖိတ်ခေါ်လေသည်။

ကိုသီလက ဒယိမ်းဒယိုင် လျှာလေးအာလေးဖြင့်. . .

'အေး. . . ဝေါ့. . . ထွီ. . . တော်စမ်းပါဗျာ၊ ကျွန်တော်က ခင်ဗျားတို့လို အလုပ်လုပ်စရာ မလိုပါဘူး'

'အလို. . . ဘာ. . . ဘာဖြစ်လို့. . . ခင်ဗျားက အလုပ်လုပ်စရာ မလိုတာလဲဗျ၊ ဝေါ့. . . ထွီ. . . ပြောစမ်းပါဦး. . . အေး. . .'

ကိုသီလက တဟားဟားရယ်မော၏။

'ဘာလဲဗျ၊ ခင်ဗျားဟာ ဘုရင်ခံရဲ့ သားမက်မို့ အလုပ်လုပ်စရာ မလိုတာလား၊ ထွီ. . . လောကမှာ အလုပ်လုပ်မှ ထမင်းစားရမယ်လို့ လူတိုင်း. . . အေး. . . နားလည်ထားကြတာ ကိုသီလရ. . . ထွမ်. . .'



'ကျုပ်လုပ်စရာ မလိုဘူးဆိုတာက ကျုပ်အစ်ကိုမှာ ရတနာတွေ စုထားတာရှိနေတာပဲ၊ ကျုပ်သာ ချမ်းသာချင်ရင် အချိန်မရွေးသူလို့ရတာပေါ့ဗျာ၊ အေး. . . ဒီတော့ ကျုပ်အနေနဲ့ ဘာအလုပ်လုပ်စရာ လိုသေးလို့လဲ၊ ဟဲ. . . ဟဲ. . . အေး. . . ဝေါ့. . .'

'ဘာ. . . ခင်ဗျား ဘာပြောတယ်'

ကိုတိုင်းချစ်မှာ အမူးများပြေသွားပြီးနောက် မယုံကြည်ဟန်ဖြင့် ကိုသီလကို ပြန်မေးလိုက်ရာ ကိုသီလက. . .

'ဘာလဲ ကျုပ်အစ်ကိုမှာ ရတနာတွေ ရှိတယ်ဆိုတာ ခင်ဗျားမယုံဘူးလား၊ လာ. . . ကျုပ် ခင်ဗျားကိုပြမယ်'

ဟု မူးမူးရူးရူးဖြင့် ပြောဆိုလေတော့၏။

ကိုတိုင်းချစ်က မူးဟန်ဖြင့်. . .

'မယုံဘူးဗျာ'

'ကဲ. . . လာ၊ ဒါဆို လိုက်ခဲ့'

ထို့နောက် ကိုသီလသည် ကိုတိုင်းချစ်အား အိမ်သို့ခေါ်သွားပြီးနောက် လျှို့ဝှက်အခန်းထဲမှ ဝှက်ထားသည့် ရတနာသေတ္တာကို ထုတ်ပြလေတော့၏။

လူမှန်းသူမှန်းမသိအောင် မူးနေသော ကိုသီလမှာ အလုပ်၌ ဘာကိုင်မိနေမှန်း မသိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကိုတိုင်းချစ်က. . .

'အို. . . ရတနာတွေပါလား၊ ယုံပါပြီဗျာ ယုံပါပြီ၊ သူ့ေ
သူ နေသားတကျ ထားလိုက်ပါ ကိုသီလ၊ ကဲ. . . ကဲ. . . ကျွန်ေ
ပြန်ဦးမယ်'

ဟု နှုတ်ဆက်၍ ပြန်သွားတော့၏။

မှတ်ချက်။ ။ ထိုအချိန်က ဦးထွန်းဝေနှင့် ဒေါ်မြသီတို့ လင်မယ
မှာ တစ်ဘက်ခန်း၌ ရှိကြသော်လည်း ဇော်
ကလေး သုံးညခန့် နေထိုင်မကောင်းဖြစ်သောကြ
နေ့ညမဟူ ပြုစုနေရာမှ အိပ်ရေး အပျက်ကြီးပျက်
အိပ်မောကျချိန်ဖြစ်ပါလေ၏။

စာရေးသူ။

ကိုတိုင်းချစ်ပြန်သွားလျှင် ရတနာများကို နေသားတ
ပြန်လည်ဝှက်ပြီးသောအခါ ကိုသီလတစ်ယောက် အိပ်ရာ၌ နှစ်
စွာ အိပ်မောကျသွားတော့၏။

နံနက်လင်း၍ နေအတော်မြင့်မှပင် ဇော်ဝိတ် လာနှိုးသေ
ကြောင့် နိုးလာရတော့၏။

'ဦးလေး ထတော့လေ၊ ထမင်းစားဖို့ အချိန်ရောက်ပြီ
နေတုန်းပဲလား'



'အား. . . အေးကွ ငါ့တူရ၊ အတော်ကြီးရှိတယ် မဟုတ်
လား' ထိုအခါ ဇော်ဝိတ်က သဘောကျစွာ ရယ်၍. . .

'ဖေဖေ၊ မေမေနဲ့ ညီလေးတို့ စားပြီးလို့ တစ်ရေးတစ်မော
တောင် ပြန်အိပ်နေကြပြီ၊ ကဲ. . . လာ၊ ဦးလေးနဲ့ ကျွန်တော်သွား
စားကြစို့'

'ဟုတ်လား. . . မသိပါဘူး၊ ငါ့တူရာ'

ပြောပြောဆိုဆိုဖြင့် တူဝရီးနှစ်ယောက် မီးဖိုခန်းသို့
ဝင်ရောက်ကာ တိတ်ဆိတ်စွာ ထမင်းစားကြလေသည်။ ပြီးလျှင်
တစ်ရေးတစ်မော အိပ်ကြပြန်၏။ အတော်မှောင်မှပင် မြစ်ဆိပ်သို့
ရေချိုးရန် ဆင်းခဲ့ကြလေသည်။

မြစ်ဆိပ်၌ ဝါးဖောင်များရှိ၍ ထိုဝါးဖောင်များဘေး၌
ဘောက်တူခေါ် လှေကလေးများ အစီအရီကြီးဖြင့် ချည်နှောင်ဆိုက်
ကပ်ထားကြ၏။

တစ်ချို့က ဝါးဖောင်ပေါ်တက်၍ အဝတ်များလျှော်လေ့
ရှိပြီးလျှင် ရေကူးမကျင်လည်သူများကလည်း ဝါးဖောင်ပေါ်မှပင် မြစ်
ရေကို ခပ်ချိုးလေ့ရှိတတ်၏။

ဇော်ဝိတ်မှာ ဝါးဖောင်ပေါ်၌လည်းကောင်း၊ ဝါးဖောင်ဘေး
၌ဆိုက်ကပ်ထားသော ဘောက်တူများ၌လည်းကောင်း ဆော့ကစား

www.burmeseclassic.com

www.burmeseclassic.com



ရလျှင် ပျော်တတ်မြဲဖြစ်ရာ. . .

ယနေ့အဖို့ မှောင်နေပြီဖြစ်၍ ဝါးဖောင်ပေါ်မှပင် ရေချိုးရန် ရေခွက်ကို ပေးထားခဲ့ပြီးနောက် ကိုသီလ မြစ်ထဲ၌ ရေကူးနေတော့သည်။

ထိုအချိန်၌ ဇော်ဝိတ်မှာ ဘောက်တူပေါ်သို့ အမှတ်မထင်တက်ရောက်သွားပြီးလျှင် ကြိုးစကို ဆော့ကစားရာမှ ကြိုးပြတ်၍ ဘောက်တူမှာ ရေစီးအတိုင်း မြစ်လယ်သို့ မျောပါသွားတော့၏။

ကနဦးတွင် ဘာမှန်းမသိ၍ ကြောင်နေပြီးမှ ရေလယ်အရောက်တွင် ဇော်ဝိတ်က အော်လေတော့၏။

'ဦးလေးရေ. . . လုပ်ပါဦး. . . ကျွန်တော်. . .'

'ဟာ. . . ဇော်ဝိတ်. . .'

ကိုသီလသည် ဖောင်နှင့်မလှမ်းမကမ်းတွင် ရေကူးနေရာမှ ဇော်ဝိတ်အဖြစ်ကို မြင်သောအခါ ကြက်သေသေပြီးမှ သတိရလျက်. . .

'လုပ်ကြပါဦးဗျို့. . . ဒီမှာ လှေမျောသွားလို့ ကျွန်တော့်တူလေးကို ကယ်ကြပါဦး'

သူ၏ အော်သံမှာ ရေကူးရင်း အော်ဟစ်နေသည်ဖြစ်ရာ ရေများပါးစပ်ထဲသို့ ဝင်လာသည့်အတွက် ဗလုံးဗထွေးဖြင့် သဲကွဲမှု



မရှိဘဲ ဖြစ်နေတော့၏။

ထို့ကြောင့် ဝါးဖောင်ပေါ်သို့ ကတိုက်ကရိုက် ပြန်ကူးခဲ့ရပြန်သည်။

ထိုအချိန်၌ ဇော်ဝိတ်ပါသွားသည့် ဘောက်တူသည် အတော်ခပ်လှမ်းလှမ်းသို့ ရောက်၍ အမှောင်၌ ပျောက်ကွယ်စ ပြုနေပြီ ဖြစ်လေသည်။

ညမှောင်ချိန် ရောက်နေသောကြောင့် လူသွားလူလာလည်း အတော်ပြတ်လပ်လျက်ရှိကြောင်း ကိုသီလ သတိပြုမိလေ၏။ သို့သော် ဇော်ဝိတ်လေးကို ကယ်ဆယ်ရန်အတွက် အော်ဟစ်အကူအညီတောင်းမှ ဖြစ်ပေမည်။ သို့အတွက် အော်ဟစ်ရန် ပါးစပ်ဟလိုက်တော့၏။

'ဝုန်း. . .'

ထိုစဉ် ဝါးဖောင်မှာ သိမ့်ခနဲ တုန်လှုပ်သွားပြီးလျှင် လူတစ်ဦးခုန်ဆင်းလာလေ၏။

'ဟာ. . . ကိုတိုင်းချစ်ပါလား၊ လုပ်. . . လုပ်ပါဦး၊ ကျွန်တော့်တူလေး ဘောက်တူနဲ့ မျောပါသွားလို့. . . ကယ်ပါဦးဗျ'

ဟု သွေးရူးသွေးတန်း အကူအညီ တောင်းနေရှာ၏။

'ဟား. . . ဟား. . . ဟား'

www.burmeseclassic.com

www.burmeseclassic.com



ကိုတိုင်းချစ်ကမူ ကယ်ရမည့်အစား ကိုသီလကို ကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်မောနေလေတော့၏။

'အလို. . . ကိုတိုင်းချစ်၊ ခင်ဗျား ရူးနေလား၊ ကျွန်တော် တူလေးကို ကယ်ပါ ဆိုကာမှ ဘာတွေ သဘောကျပြီး ရယ်နေ လဲဗျ'

ကိုတိုင်းချစ်က အရယ်မပျက်ဘဲ ခါးကြားမှ ဓားမြှောင် ဆွဲထုတ်လိုက်ပြီးလျှင်. . .

'ခင်ဗျား တူကို ကယ်စရာမလိုတော့ဘူး၊ သူ့ထိုက်နဲ့ သူ ပေါ့၊ သူကမှ ကံကောင်းရင် အသက်ရှင်ချင် ရှင်ဦးမယ်၊ ခင်ဗျား တော့ ကျွန်တော့်ကို ဖော်ကောင်လုပ်မှာစိုးတာနဲ့ သတ်ရမှာမို့ . . တမလွန်ကျမှ ကယ်မယ့်သူတွေ့လိမ့်မယ်၊ အေး. . . မသေခင် သွားရအောင် ပြောလိုက်မယ်၊ ကျွန်တော်ဟာ မြစ်ဝကျွန်းပေါ်ဒေသ မှာ သောင်းကျန်းနေတဲ့ ဓားပြအဖွဲ့က ခေါင်းဆောင်တစ်ယောက် ဆိုတာပါပဲ၊ ကဲ. . . သွားပေတော့'

'ဟာ. . . ခင်ဗျား. . . အား'

'ဝုန်း. . .'

'ဟား. . . ဟား. . . ဟား'

စကားအဆုံး၌ ကိုတိုင်းချစ်က ဓားဖြင့် ထိုးချလိုက်သော



ကြောင့် ကိုသီလမှာ စကားတစ်ဝက်တစ်ပျက်ဖြင့် ဗိုက်ကိုနှိပ်ကာ . . . သဲသို့ ထိုးကျသွားတော့၏။

ရေပြင်သည် ခေတ္တမျှ ဂယက်ထသွားပြီးနောက် ပြန်လည် . . . သက်သွားတော့၏။

ထိုအခိုက် မြစ်ပြင်မှ လေတစ်သုတ်သည် ညှင်းညှင်းညှံ့ညှံ့ . . . တိုက်ခတ်လာခဲ့လေ၏။

ဝါးဖောင်ပေါ်မှ ကိုတိုင်းချစ်မှာမူ ထိုလေညှင်း၏ အရသာ . . . ခံစားနိုင်ဘဲ ချွေးသီးများ စို့နေသည်။ နဖူးပြင်ကို လက်ဖြင့်သပ် . . . ကျေနပ်စွာ ပြုံးလိုက်တော့၏။

ထို့နောက် ဦးခေါင်းညိတ်လျက် နောက်ပြန်လှည့်ကာ ကမ်း . . . သို့ ခုန်တက်လိုက်ပြီးလျှင်၊ လက်ဝှေ့ယမ်းပြလိုက်သည်နှင့် . . . နောင်ရိပ်မှ လူသုံးဦးထွက်လာပြီးနောက်၊ တစ်နေရာသို့ ထွက်ခွာ . . . းလေတော့၏။

၎င်းတို့ ထွက်ခွာသွားရာ နေရာကား ဦးထွန်းဝေနှင့်ဒေါ် . . . တို့ နေအိမ်ရှိရာပင် ဖြစ်ပါလေတော့၏။

. . . ပါသော်လည်း ပေါ်လာသည့် ဒုက္ခစည့်သည်

www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းဝေနှင့် ဒေါ်မြသီတို့သည် သားကလေး ဇော်ဟိတ်အားသိပ်ရင်း အိပ်ရာဝင်ကြပြီဖြစ်လေ၏။

ထိုအချိန်၌ အိမ်တံခါးဝမှ တံခါးခေါက်သံ ထွက်ပေါ်လာပြီးနောက်. . .

'ဗျို့. . . ကိုထွန်းဝေ. . . ကိုထွန်းဝေ'

'ဒုန်း. . . ဒုန်း. . . ဒုန်း'

အော်ခေါ်သံနှင့် တံခါးထုရိုက်သံကြောင့် ဦးထွန်းဝေတအိပ်ရာမှ ကပျာကယာထလျက်. . .

'ဘယ်သူလဲ. . . ဘာကိစ္စရှိလို့လဲ'

ဟု မေးလိုက်၏။

အပြင်မှ အသံက အရေးကြီးဟန်ဖြင့်. . .

'ကျွန်တော်ပါ. . . ဟိုမှာ ဆိပ်ကမ်းမှာ ခင်ဗျားသားဇော်ဝိတ်. . . ရေနစ်နေလို့ လာပြောတာပါ၊ တံခါးဖွင့်ပါဦး'

'ဟင်'

ထိုအခိုက် ဒေါ်မြသီကလည်း အခန်းထဲမှ ထွက်လာခဲ့တော့၏။ ဤအခါ၌ ယခင်ကကဲ့သို့ ကိုသီလ အရက်သောက်ရာနောက်လိုက်သွားသည်ဟု ထင်မှတ်မိသည့် သားကြီးဇော်ဝိတ်မှာမှောင်မှ ကိုသီလနှင့်အတူ ရေချိုးဆိပ်သို့ ဆင်းသွားခြင်းဖြစ်ကြောင်း



သတိရမိကြကာ၊ ထိတ်ထိတ်ပျာပျာဖြင့် တံခါးဖွင့်ပေးလိုက်တော့၏။

'ဟိုက်'

'အို'

တစ်ကိုယ်လုံး အနက်ရောင်များ ဝတ်လျက် မျက်နှာတွင်အဝတ်နက်များစွပ်ထားသော လူသုံးယောက်သည် အိမ်အတွင်းဘက်သို့ ခုန်ဝင်ကြပြီးနောက်၊ လင်မယားနှစ်ယောက်အား သေနတ်များဖြင့် ချိန်ထားပြီးလျှင် အိမ်တံခါးကို ပိတ်လိုက်၏။

ပြီးမှ. . .

'မအော်နဲ့. . . လုံးဝမလှုပ်ကြနဲ့၊ ပြောတဲ့အတိုင်း မလိုက်နာရင် အသေသတ်ပစ်မယ် သိလား'

'ဟုတ်. . . ဟုတ်ကဲ့'

ဦးထွန်းဝေက ခံပြင်းလှသော်လည်း ဇနီးသည်နှင့် အိပ်ပျော်နေသည့် သားလေးတို့အတွက် စိုးရိမ်သောကြောင့် ခေါင်းညိတ်၍အဖြေပေးလိုက်ရှာသည်။

လူဆိုးခေါင်းဆောင် ဖြစ်သူက သေနတ် တယမ်းယမ်းလုပ်လျက်. . .

'ကဲ. . . အချိန်မဖြုန်းနဲ့ ဦးထွန်းဝေ၊ ခင်ဗျားတို့မှာရှိတဲ့ ပစ္စည်းတွေထုတ်ကြစမ်း၊ ရီးတီးယားတားတော့ လုပ်မယ်မကြံနဲ့

www.burmeseclassic.com



အသက်ပျောက်သွားလိမ့်မယ်၊ ဒါပဲ'

ဦးထွန်းဝေက ဖနီးသည် ဒေါ်မြသီကို ကြည့်လိုက်သကဲ့သို့ ဒေါ်မြသီကလည်း ခင်ပွန်းဖြစ်သူ ဦးထွန်းဝေကိုကြည့်ကာ သက်ပြင်းကိုယ်စီချလိုက်ပြီးနောက် လက်ရှိဆွဲထားသည့် စိန်နားကပ်၊ အမ်စီကြိုးနှင့် လက်စွပ်များကို ချွတ်ပေးလိုက်သည်။

ဦးထွန်းဝေကလည်း အနီးရှိ အံဆွဲထဲမှ သူဝတ်ဆင်သည့် ရွှေဆွဲကြိုးနှင့် လက်ပတ်နာရီ ကြယ်သီးကြိုးနှင့် လက်စွပ်များကို ချွတ်ပေးလိုက်သည်။

'ဒါ အကုန်ပဲလားဗျ'

'ကုန်. . . ကုန်ပါပြီခင်ဗျာ၊ ရှိသမျှငွေလေးတွေကို အဲဒီ ရွှေတည်လေးတွေ လုပ်ထားလို့ ကုန်ပါပြီ။ မယုံရင် ရှာကြည့်ကြပါ။

'ဟဲ. . . ဟဲ. . . ယုံတော့ ယုံတယ် မယုံဘူးပေါ့ဗျာ၊ တခြားဓားပြတွေ ဆိုရင်တော့ ခင်ဗျားရဲ့ လိမ့်လုံးထဲမှာ ကျသွားပြီး မဖြစ်စလောက် ဒီပစ္စည်းလေးနဲ့ ပြန်သွားကြရမှာ သေချာတယ်၊ ကျုပ်ကတော့ ဒီလို ဓားပြမဟုတ်ဘူးဗျ၊ တိတိကျကျ မိမိရရ ဓားပြဆိုပါတော့ ဟဲ. . . ဟဲ. . . ဟဲ. . . ၊ ဟောကောင်တွေ နှစ်ယောက်စလုံးကို သေနတ်နဲ့ သေသေချာချာ ချိန်ထား၊ အော်ရင် လှုပ်ရင် ပစ်သတ်လိုက်'

မျက်နှာဖုံးစွပ်ထားကြသည့် နောက်လိုက်နှစ်ယောက်က



'တုတ်ကဲ'ဟူသော အမူအယာဖြင့် ခေါင်းညိတ်၍ ဦးထွန်းဝေတို့ လင်မယားကို သေနတ်ဖြင့် ချိန်ထားကြလေ၏။

ခေါင်းဆောင်ဖြစ်သူသည် သပ်ရပ်လှသော အိမ်ကြီးအတွင်းမှ တတိယမြောက် အခန်းတစ်ခုအတွင်းသို့ လှစ်ခနဲ ဝင်ရောက်သွားသည်တွင် ဦးထွန်းဝေနှင့် ဒေါ်မြသီတို့ ဆတ်ခနဲ တုန်လှုပ်သွားကြတော့သည်။

မကြာမီ ခေါင်းဆောင်ဖြစ်သူသည် လှပသည့် သံသေတ္တာလေးတစ်လုံးကို ကိုင်၍ နေရာသို့ ပြန်လည်ရောက်ရှိလာတော့သည်။

'ဟဲ. . . ဟဲ. . . ဟဲ. . . '

'ဟင်. . . မင်းတို့ ဒါကို ဘယ်လိုလုပ်သိတာလဲ၊ ဒါ. . . ဒါ. . . သီလ လက်ချက်ပဲဖြစ်ရမယ်၊ ဟင်း. . . '

ဦးထွန်းဝေသည် ညီဖြစ်သူ၏ လက်ထောက်ချမှုကြောင့်သာ ယခုကဲ့သို့ ဓားပြများ အတိအကျ သိသွားခြင်းဖြစ်ကြောင်း သဘောပေါက်မိတော့၏။

တစ်ဖန် နောက်လိုက် နှစ်ယောက်အနက် တစ်ယောက်မှာ ကိုသီလ၏အလုံးအထည် အရပ်အမောင်းနှင့် ဆင်ဆင်တူကြောင်း သတိပြုမိပြန်သည်။ သို့ရာတွင် အဝတ်နက်ဝတ်၍ ခေါင်းစွပ်နက်များ စွပ်ထားလေရာ အတိအကျ ခန့်မှန်း၍ မရနိုင်အောင် ဖြစ်နေမိ

www.burmeseclassic.com

www.burmeseclassic.com



တော့။ ထိုစဉ် ခါးပြခေါင်းဆောင်က. . .

'ဟဲ. . . ဟဲ. . . ဟုတ်ပါ့ဗျာ၊ ဦးထွန်းဝေတွေးတာ မှန်ပါတယ်၊ ခင်ဗျားညီက ကျွန်တော်တို့ကို လက်ထောက်ချလိုက်လို့ အခုလို အတိအကျ လာယူနိုင်တာပေါ့၊ ကျေးဇူးတင်ပါတယ်။ ကဲ. . . သွားကြစို့'

လူဆိုးများက ထိုသို့ပြော၍ ပြန်ထွက်မည်အပြုတွင် ဒေါ်မြသီမှာ ရူးသွပ်သွားသူတစ်ဦးကဲ့သို့ မယုံကြည်စွာ ခုန်ထွက်လာပြီးလျှင် ခါးပြခေါင်းဆောင်၏ လက်ထဲမှ ရတနာသေတ္တာကို အတင်းလုယူလေ၏။ ပါးစပ်မှလည်း. . .

'မယူရဘူး. . . မယူရဘူး၊ ဒါနင်တို့ဖို့ မဟုတ်ဘူး၊ ငါ့သားလေးနှစ်ယောက်အတွက် စုထားတာ၊ ပေး. . . ပေးကြ'

ဟု အော်ဟစ်နေလေတော့၏။

ပထမတွင် လူဆိုးခေါင်းဆောင်မှာ ကြောင်နေပြီးနောက် သေတ္တာကို မရမကဆွဲလုလေရာ ဒေါ်မြသီကလည်း မလွှတ်တမ်းဖက်တွယ်လုယက်နေပြန်သဖြင့်. . .

'ဒီလောက်ဖြစ်လှတဲ့ ဟာမ၊ ကဲဟာ. . . ကဲဟာ. . .'

'ဒုတ်. . . ဒုတ်. . . ဒုတ်'

ကိုင်ထားသော သေနတ်ဖြင့် သုံးချက်ဆက်တိုက် အားကုန်



ရိုက်ချလိုက်လေ၏။

'အား. . .'

ဒေါ်မြသီမှာ တစ်ချက်မျှသာ အော်နိုင်လျက် ကြမ်းပြင်ပေါ်သို့ ခွေကျသွားရှာ၏။

ဇနီးသည်အဖြစ်ကို မြင်သည်၌ ဦးထွန်းဝေမှာ အန္တရာယ်ကို မကြောက်နိုင်တော့ဘဲ အတင်းပင် ဝင်ရောက်ထိုးကြိတ်ရန် ရှေ့တိုးလာခဲ့၏။

သို့သော် လူဆိုးခေါင်းဆောင်က ဘေးသို့ရှောင်ထွက်လျက် အရှိန်လွန်သော ဦးထွန်းဝေ၏ လည်ပင်းသို့ လက်ဝါးစောင်းတစ်ချက် သွင်းလိုက်တော့၏။

'ဒုတ်. . . အား'

ဇနီးသည်နှင့် မလှမ်းမကမ်းတွင် လဲကျသွားသော ဦးထွန်းဝေအား ကျန်လူဆိုးများက ဖိနပ်များဖြင့် တအားလွှဲကန်ကြရာ ဦးထွန်းဝေမှာ မကြာမီ သတိလစ် မေ့မြောသွားတော့၏။

'ဟော့. . . အချိန်မဖြုန်းနဲ့၊ နည်းနည်းတောင် ကြာသွားပြီ၊ သစ်ကြစို့'

ခါးပြသုံးဦးသည် အိမ်တံခါးဝမှတဆင့် အမှောင်ထွင်းသို့ သုစ်ခနဲ ဝင်လိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ခိုက် အိပ်ခန်းအတွင်းမှ ဇော်ဟိတ်ကလေးမှာ လန့်နိုးလာပြီးနောက်. . .

'ဖေဖေ. . . မေမေ. . . မေမေ'

ဟုခေါ်၍ အခန်းအပြင်ဘက်သို့ မလျှောက်တတ်လျှောက်တတ်ဖြင့် လျှောက်လာခဲ့သည်။

'မေမေ. . . ဖေဖေ. . .'

ပါးစပ်မှလည်း မပီကလာ ပီကလာအော်ခေါ်၍ တလှုပ်လှုပ်လျှောက်လာရာ ခေတ္တအကြာ၌ ဧည့်ခန်းထဲ၌ လဲကျနေသော မိခင်နှင့် ဖခင်တို့ကို တွေ့သွားသဖြင့် ကပျာကယာလျှောက်လာပြီးလျှင် မိခင်နှင့်ဖခင်တို့ အကြားတွင်ထိုင်ကာ ပြုံးရွှင်ရယ်မောနေတော့သည်။

တစ်ခါတစ်ရံ၌ မိခင်နှင့်ဖခင်တို့နှင့် တူတူပုန်းတမ်း ကစားသည့်အခါ၌ ဇော်ဟိတ်ကလေးအား ကျီစယ်သည့်သနေဖြင့် လင်မယားနှစ်ယောက် အိပ်နေလိုက်ကြသောအခါ ဇော်ဟိတ်က လိုက်ရှာရင်း ကျေနပ်စွာဖြင့် ထိုကဲ့သို့ နှစ်ယောက်ကြားတွင်ဝင်ကာ နှဆော့ကစားနေကျဖြစ်လေရာ၊ ယခုလည်း ဘာမျှမသိသေးသည့် ကလေးငယ်ဇော်ဟိတ်မှာ မိခင်နှင့်ဖခင်နှစ်ဦးက ၎င်းအား ကျီစယ်လျက် အိပ်ပျော်ဟန်ဆောင်နေကြသည်ဟု ထင်မှတ်ယူဆနေရှာလေ



၏။

ဦးထွန်းဝေနှင့် ဒေါ်မြသီတို့ထံမှ စီးကျနေသည့် သွေးများမှာ ကလေးငယ်ဇော်ဟိတ် တစ်ကိုယ်လုံးတွင်ပင် ပွံ့နှံ့ စိုရွှဲနေတော့၏။

အိမ်နီးချင်းတစ်ဦးက ညဉ့်နက်သည့်တိုင် တံခါးဖွင့်ထားသည်ကို မသင်္ကာသောကြောင့် လာရောက်ကြည့်ရှုရာမှ ဆိုးရွားလှသည့် အဖြစ်သနစ်ကို သိမြင်ကာ တစ်ရပ်ကွက်လုံးသို့ နှိုးဆော်အသိပေး၍ မအူပင် မြို့မဂါတ်တဲသို့ အကြောင်းကြားကြလေသည်။

ထိုအခါ အဖြစ်ဆိုးလှသော ဦးထွန်းဝေ ဒေါ်မြသီတို့အကြောင်းမှာ မအူပင်မြို့တစ်မြို့လုံး ဟိုးလေးတကျော် ဖြစ်သွားလေတော့၏။

လေ့တစ်စီးနှင့်ကလေးငယ်

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ဒေါ်မြသီမှာ ဦးနှောက်သို့ သွေးဝင်လျက် ချက်ချင်းသေဆုံးသွားပြီး ဦးထွန်းဝေမှာ နံရိုးများ ကျိုးကြေသွားသောကြောင့် ဆေးရုံ၌ တက်ရောက်ကုသနေရလေသည်။

www.burmeseclassic.com



ပုလိပ်အဖွဲ့မှလည်း ထိုအမှု အမြန်ပေါ်စေရန် ထောက်လှမ်းစုံစမ်းလျက် ရှိနေလေသည်။

ဦးထွန်းဝေ ဆေးရုံတက်နေစဉ်အတွင်း ဇော်ဟိတ်ကလေးကို အိမ်နီးနားချင်း မိတ်ဆွေတစ်ဦးအိမ်၌ ခေတ္တ အပ်နှံထားရသည်။

ဇနီးသည်၏ အသုဘကိစ္စအား ရပ်ရွာလူကြီးများက အဆင်ပြေအောင် ကြည့်ရှုစီမံပေးကြသဖြင့် အလောင်းပင် မြေကျပြီးဖြစ်ကြောင်း ဦးထွန်းဝေ ကြားသိရ၏။

ချစ်လှသော ဇနီးသည်မှာ လူဆိုးများ လက်ချက်ကြောင့် မိမိမျက်စိရှေ့မှာပင် မရှုမလှ ခံစားရကာ အသက်ပါဆုံးပါးခဲ့ရသည်။

အလောင်းကိုပင် တွေ့မြင်သင်္ဂြိုဟ်ခြင်း မပြုနိုင်ဘဲ ဖြစ်ရသည်။ တစ်ဖန် ချစ်လှစွာသော သားလေးဇော်ဟိတ်ကိုလည်း သူတစ်ထူးအိမ်၌ ထားရပြန်သည်။

သားကြီးမှာလည်း ဘယ်ရောက်၍ ဘယ်ပေါက်နေသည် မသိရ။

သစ္စာဖောက် သီသခေါ်သွားခြင်းသာ ဖြစ်ရပေမည်ဟု ဦးထွန်းဝေ တွေးမိသည်။

မိမိရှိသမျှ စည်းစိမ်ဥစ္စာများလည်း ကုန်ဆုံးသွားပြီဖြစ်သည့်အပြင် မိမိမှာလည်း ရာသက်ပန် လူလုံးမလှသည့် ဒုက္ခိတတစ်



ယောက်အဖြစ်သို့ ရောက်ရှိရမည့်အရေးကို တွေးမိကာ လောကကြီး၌ ငါကဲ့သို့ ဒုက္ခအဖုံဖုံ စုံပုံနေသည့် လူစားမျိုးမရှိပြီဟု သတ်မှတ်လျက် စိတ်အဆင်းရဲကြီး ဆင်းရဲနေရရှာလေ၏။

ထိုသို့ဖြစ်ရခြင်း၏ အဓိက လက်သည်တရားခံမှာ လူယုတ်မာ သီလသာဖြစ်သည်ဟု အရိုးစွဲ ယုံကြည်လျက် အံတကြိတ်ကြိတ်၊ တက်တစ်ခေါက်ခေါက် ဖြစ်နေတော့သည်။

ဤနေရာ၌ ဦးထွန်းဝေနှင့် ဇော်ဟိတ်ကလေးတို့အကြောင်းကို ဆက်လက်ရေးသားရန်ဖြစ်သော်လည်း စာရှုသူများအနေဖြင့် ဇော်ဝိတ်နှင့် ကိုသီလအကြောင်း သိရှိရန် လိုအပ်သည်ဟု ယူဆမိသည့်အလျောက် အောက်တွင် ဇော်ဝိတ်နှင့် ကိုသီလတို့အကြောင်းအား ဆက်လက်ရေးသားထားပါသည်။

မှောင်မည်းသော မြစ်ပြင်တွင် သောက်တူလှေကလေးတစ်စီးနှင့် ရေစီးကြောင်းအတိုင်း မျောပါနေသည့် ဇော်ဝိတ်ကလေးမှာ ကလေးငယ်တစ်ဦးသာ ဖြစ်သည့်အလျောက် ကြောက်စိတ်ထက် အိပ်ချင်စိတ်များက လွှမ်းမိုးနေလေတော့ရာ မကြာမီ လှေဝမ်းထဲ၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရှာလေတော့သည်။

လှိုင်းပုတ်သံတို့သည်လည်းကောင်း၊ ညဥ့်ငှက်များ၏ အော်သံမြည်သံလည်းကောင်း၊ လေပြည်လေညင်း တသုန်သုန်တိုက်ခိုက်

www.burmeseclassic.com



ခြင်းသည် လည်းကောင်း ကလေးငယ် ဇော်ဝိတ်အား ချော့သိပ်သကဲ့သို့ ရှိလေတော့၏။

ထိုအခိုက် စူးရှသည့် အလင်းတန်းကြီးတစ်ခုသည် မြစ်ကမ်းပါးပေါ်သို့ ဖြာကျလာပြီးနောက် ဟိုသည် ဝှေ့ယမ်းနေပြီး လျှင် မြစ်လယ်မှ ဘောက်တူလှေကလေးပေါ်သို့ ကျရောက်သွားလေတော့၏။

'ဟာ. . . ဆရာ၊ ရှေ့မှာ လှေတစ်စင်းတွေ့တယ်၊ ဧကန္တမျောပါလာတာပဲ ဖြစ်မယ်'

'မင်းဥစ္စာ ဟုတ်ရဲ့လား ဖိုးမောင်၊ ဓားပြတွေများ ဥာဏ်ဆင်ပြီး တို့မော်တော်ဘုတ် ရပ်အောင် လုပ်တာလား မသိဘူး ဒီနေရာက ဓားပြတွေ၊ လူဆိုးတွေ ပေါပါဘိနဲ့'

စက်ခန်းအနီးတွင် ကုလားထိုင်တစ်လုံးဖြင့် ထိုင်ကာ မြစ်ပြင်ညအလှကို ငေးမောကြည့်ရှုလာသည့် မြို့အုပ် ကိုဖေကြိုင်က ဆလင်ဖိုးမောင်ကို လှမ်းပြောလိုက်၏။

ဖိုးမောင်၏ မော်တော်ဘုတ်ဆလိုက်သည် နီးကပ်လာသော လှေကလေးအား နှံ့စပ်စွာ ထိုးကြည့်ပြန်သည်တွင် လှေဝမ်းထဲ၌ နှစ်ခြိုက်စွာ အိပ်ပျော်နေသည့် ဇော်ဝိတ်ကလေးကို တွေ့သွားလေတော့သည်။



'ဟာ. . . လှေဝမ်းထဲမှာ ကလေးတစ်ယောက်ရယ် အိပ်လျက်သား မျောပါလာတယ်ဆရာ'

'ဟေ. . . ဒါဆို မဖြစ်ဘူး၊ ဒီကလေးကို ကယ်ရမယ်၊ တို့မကယ်ရင် လှေတိမ်းမှောက်ပြီး သေသွားနိုင်တယ်၊ မင်းမော်တော်ကို စက်လျှော့လိုက်စမ်း ဖိုးမောင်'

မော်တော်ဘုတ်သည် ရုတ်တရက် စိတ်ရှိန်လျှော့သွားတော့သည်။ လှေငယ်မှာလည်း မော်တော်ဘုတ်နှင့် အတန်ငယ် နီးလာခဲ့လေသည်။

မြို့အုပ်ကိုဖေကြိုင်မှာ အမှုတစ်ခုနှင့် ပတ်သက်၍ ညောင်တုန်းမြို့သို့ သက်သေအဖြစ် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

အမှုမှာ တောင်ငူမြို့ ဘုံဘေဘားမား ကိုယ်စားလှယ် တစ်ဦး၏ တိုင်ချက်အရ ငွေငါးထောင်ခန့်ကို အလွဲသုံးစားပြုခဲ့သည့် ၎င်း၏စာရေးဖြစ်သူသည် ညောင်တုန်းမြို့နယ်၌ ခိုလှုံနေရာမှ အဖျားရောဂါတစ်ခုဖြင့် ရုတ်တရက် သေဆုံးသွားသည်တွင် အမှုကို ပိတ်ပစ်ရန်အတွက် သေဆုံးသူမှာ အမှုဖွင့်ထားခြင်း ခံရသည့် တရားခံ ဟုတ်မဟုတ် မြို့အုပ်ကိုဖေကြိုင်ကိုယ်တိုင် လာရောက်ကြည့်ရှုခြင်း ဖြစ်လေတော့သည်။

ထိုသို့ကြည့်ရှုပြီး ညောင်တုန်းမြို့မှ အပြန်၌ မမျှော်လင့်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်နှင့် ထူးဆန်းစွာ ကြုံဆုံရခြင်း ဖြစ်ပါပေသည်။

မော်တော်ဘုတ်အနီးသို့ ဘောက်တူလှေကလေး နီးကပ်လာသည်တွင် မြို့အုပ်ကိုဖေကြိုင်ကိုယ်တိုင် ကြိုးတစ်ချောင်းဖြင့် ကွင်းလုပ်ပြီးလျှင် လှေဦးသို့ လှမ်း၍ချိတ်လိုက်ပြီးနောက် ဆွဲယူကာ ကလေးငယ်ကို ပွေ့ယူလိုက်လေတော့၏။

'အို . . . ယောကျ်ားလေးကွ၊ ချစ်စရာကလေး၊ တစ်ကိုယ်လုံးလဲ ခြစ်ခြစ်တောက် ပူနေပါလား၊ အတော် နေမကောင်းဖြစ်နေတာပဲ၊ ကေန္တ မြစ်ပြင်က လေအေးတွေကြောင့် ခုလို နေမကောင်းဖြစ်ရမယ်၊ ကဲ . . . ဖိုးမောင်၊ လှမ်းပွေ့လိုက်စမ်းကွာ'

'ဟုတ်ကဲ့ ဆရာ၊ ဟုတ်ကဲ့'

ဖိုးမောင်က မော်တော်ဘုတ်ကုန်းဘောင်ကို ပြေကန်၍ ကလေးငယ်ကို ကပျာကယာလှမ်းပွေ့လိုက်ပြီးလျှင် ကုလားထိုင်ပေါ်၌ တင်ထားလိုက်သည်။

'အင်း . . . အင်း . . .'

ကလေးငယ်သည် ယောင်ယမ်း၍ အားပါးတရ ပြုံးလိုက်ပြီးနောက် ပြန်လည်နှစ်ခြိုက်စွာ အိပ်ပျော်သွားပြန်တော့သည်။



မြို့အုပ်ကိုဖေကြိုင်သည် စိတ်ကူးတစ်ခု ရလေကာ လှေငယ်ကိုစောင်း၍ နှစ်မြှုပ်လိုက်လေတော့၏။

ထို့ကြောင့် လှေငယ်မှာ စောင်းလျက် မျောက်သွားပြီးလျှင် ရေစီးကြောင်းအတိုင်း အမှောင်ထုထဲသို့ ဆက်လက်မျောပါသွားပေ၏။

'ကဲ . . . စက်နှိုးပြီး အမြန်ဆုံးသာ ခုတ်မောင်းကွာ၊ ကလေးက သိပ်နေကောင်းတာ မဟုတ်ဘူး၊ ငါ့ အခန်းထဲမှာ သွားသိပ်လိုက်ဦးမယ်'

'ဟုတ်ကဲ့ ဆရာ'

ဟု ပြောရင်းမှ အဖြစ်သည်းရန်ကော ဟူသောအကြည့်ဖြင့် ဖိုးမောင်က ကြည့်နေတော့၏။

ကလေးငယ်အား မော်တော်အိပ်ခန်းအတွင်းရှိ သူ၏အိပ်ရာပေါ်၌ သိပ်လိုက်စဉ် ဖော်ဝိတ်လေးမှာ ပြုံးလိုက်ပြန်ပြီးလျှင် ယောင်ယမ်း၍ မြို့အုပ်ကိုဖေကြိုင်၏ လည်ပင်းကို မလွှတ်တမ်း အုပ်ကိုင်ထားသဖြင့် ချစ်စရာကောင်းလှသည့် ကလေးငယ်အား မြို့အုပ်ကိုဖေကြိုင် သဘောကျသွားကာ ကလေးငယ်လက်ကို ဖြည်းဖြည်း

www.burmeseclassic.com



သာသာ ဖြေလျော့ချ၍ တယုတယ သိပ်လိုက်တော့သည်။

နှစ်ခြိုက်စွာ အိပ်မောကျလျက်ရှိရှာသည့် ဇော်ဝိတ်နံဘေးရှိ ခုံပေါ်တွင်ထိုင်ကာ ကလေးငယ်အား တစိမ့်စိမ့်ကြည့်နေသည့် မြို့အုပ်ကိုဖေကြိုင်မှာ အတွေးစတို့ ဝေပုံ့လွှင့်ဝဲနေတော့၏။

မိမိနှင့်ဇနီးသည် မန္တလေးအေးတို့မှာ အိမ်ထောင်သက်ဆယ်နှစ် ရှိပြီဖြစ်သော်လည်း ယခုထိ ကလေးတစ်ယောက်မျှ မွေးဖွားခြင်းမရှိသေးပေ။

ဇနီးသည်မှာ မိမိအား အလွန်ချစ်ခင်ရှာ၏။ မိမိကလည်း ချစ်၏။ သို့ရာတွင် ကိုဖေကြိုင်၏ ချင်ခြင်းဖြစ်သော ကလေးငယ်တစ်ယောက်ကိုကား ချစ်ဇနီး မန္တလေးအေးတစ်ယောက် ဖြည့်စွမ်း၍ မွေးဖွားပေးနိုင်ခြင်း လုံးဝမရှိပါချေ။

အဘယ်ကြောင့်ဆိုသော် ဇနီးသည် မန္တလေးအေးမှာ နှလုံးရောဂါ အခံရှိသောကြောင့် ကိုယ်ဝန်ဆောင်နိုင်ခြင်းမရှိကြောင်း မိတ်ဆွေ ဆရာဝန်ကြီးတစ်ဦးက စမ်းသပ်ကြည့်ရှုကာ မှတ်ချက်ချဖူးသောကြောင့် ဖြစ်ပါလေ၏။

ထိုကိစ္စနှင့်ပတ်သက်၍ ခင်ပွန်းအတွက် စိတ်မကောင်းဖြစ်မိကြောင်း ဇနီးဖြစ်သူ မန္တလေးအေးက တဖွဖွပြောရှာသည်။

အဆုံး၌ လင်ဖြစ်သူကို အချစ်ကြီးချစ်ရှာသည့် မန္တလေးအေး



အား ကိုဖေကြိုင်အတွက် ဆန္ဒပြည့်စုံစေရန် နောက်မယားတစ်ယောက်ကိုပင် ယူလိုကယူနိုင်ကြောင်း ခွင့်ပေးလေ၏။

ကိုဖေကြိုင်မှာ ချစ်ဇနီး၏ စေတနာကို ကောင်းမွန်စွာ နားလည်မိသည့်အလျောက် မည်မျှပင် ခွင့်ပြုသော်လည်း မန္တလေးအေးမှလွဲ၍ မည်သည့် မိန်းကလေးကိုမျှ မယူခဲ့ချေ။

ကိုဖေကြိုင်မှာ တောင်ငူမြို့၏ မြို့အုပ်ဟူသော ရာထူးကြီးပုဂ္ဂိုလ်တစ်ဦးဖြစ်သော်လည်း အသောက်အစားကင်း၍ မိန်းမလိုက်စားမှုလည်း လုံးဝမရှိဘဲလျက် တည်ကြည်သော သိက္ခာရှင်တစ်ဦးဖြစ်သောကြောင့် မြို့သူမြို့သား အားလုံးက ကိုဖေကြိုင်ကို ချစ်ခင်ရှာသည်။

မြို့အုပ်ကိုဖေကြိုင်သည် အတွေးမျှင် တစ်သီတစ်တန်းကြီးကို တွေးပြီးနောက် နှစ်ခြိုက်စွာ အိပ်ပျော်နေသည့် ဇော်ဝိတ်ကလေးတိုကြည့်ကာ အနာဂတ်အတွက် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်လိုက်တော့၏။ နှုတ်မှလည်း . . . .

'ဟုတ်ပါတယ် . . . . ဒါ သိပ်ကောင်းမယ်၊ အဲဒီလိုသာဆိုရင်တို့မိသားစု ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲ'

ဟုရေရွတ်နေတော့သည်။

ပြီးလျှင် ခေတ္တအကြံထုတ်ဟန်ဖြင့် ကပ်တျားတဲ့ဆိပ်

www.burmeseclassic.com

www.burmeseclassic.com



စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ လှပသော မီးခြစ်ဖြင့်ခြစ်လျက် မီးညှိလိုက်ပြီးလျှင် ကလေးငယ်ကို တစ်စိမ့်စမ့်ကြည့်ကာ တစ်ရှိုက်ရှိုက်ဖွာနေတော့၏။

ထို့နောက် မော်တော်ဘုတ် အိပ်ခန်းတံခါးဝကို အသေအချာပိတ်လိုက်ပြီးလျှင် ဆလင်ခန်းရှိရာသို့ ထွက်လာခဲ့တော့သည်။ ဖိုးမောင်ကလှမ်း၍ . . .

'ဘယ်နှယ့်လဲဆရာ၊ ကလေးသက်သာရဲ့လား'

ကိုဖေကြိုင်က မဖြေသေးဘဲ မှောင်မည်းနေသည့် မြစ်ပြင်ကိုကြည့်ကာ တစ်ချက်ပြုံးဆိုက်ပြီးလျှင် . . .

'သက်သာပါတယ် ဖိုးမောင်၊ ဒါပေမယ့် မင်းကို ဆရာတစ်ခုပြောချင်တယ်ကွာ၊ ရော့ ဒါကိုယူထား'

'ဘာတွေလဲဆရာ၊ ဟာ ပိုက်ဆံတွေပါလား'

ဖိုးမောင်က ကိုဖေကြိုင် လှမ်းပေးသော အထုပ်ကို အမှတ်မထင် လှမ်းယူလိုက်ရာ ပိုက်ဆံများဖြစ်ကြောင်း သိရသည်နှင့်အံ့သြလျက် တုန်လှုပ်သွားရှာတော့သည်။

မြို့အုပ်ကိုဖေကြိုင်က . . . .

'ဟုတ်တယ်ဖိုးမောင်၊ ငွေတစ်ထောက်တိတိပဲ၊ အဲဒါမင်းယူလိုက်၊ ပြီးတော့ ဒီညမှာ လှေတစ်စီးနဲ့ ကလေးတစ်ယောက်



မျောပါလာပြီး ဆယ်ယူတဲ့ကိစ္စကို မင်းဦးနှောက်ထဲက တစ်ခါတည်းဖျောက်ဖျက်လိုက် ဟုတ်လား'

'ဟုတ် . . . . ဟုတ်ကဲ့ဆရာ၊ ကျွန်တော့်တစ်သက်လုံး ဘယ်သူ့ ကိုမှ မပြောပြပါဘူး'

'အေး . . . . အေး ငါက ဒီကလေးကို ငါ့တို့ရဲ့ သားအရင်းအဖြစ် မွေးစားမလို့ပါကွာ သူ့မိဘတွေ သိမသွားရအောင်နောက်ကြောင်းရှင်းဖို့ ဒီလိုစီစဉ်ပြီး အစဖျောက်ရတာ မင်းနားလည်တယ်'

'ဟုတ်ကဲ့၊ နားလည်ပါတယ်ဆရာ'

'အေး . . . အေး . . . ကလေးဆီ ငါသွားလိုက်ဦးမယ်၊ မင်းတာနဲ့ ရန်ကုန်မြစ်ထဲဝင်နိုင်အောင် အမြန်မောင်းကွာ'

'စိတ်ချပါ ဆရာ'

ဖိုးမောင်မှာ လက်တွင်းမှငွေတစ်ထောင်ထုပ်ကို ကြည့်ရင်း ...ဖြစ်နေသကဲ့သို့ မြို့အုပ် ကိုဖေကြိုင်မှာလည်း ချစ်ဇနီး၏ ...ကိုမှာကို မြင်ယောင်ကာ ပီတိ ဖြစ်နေရှာတော့၏။

မြို့အုပ်ကိုဖေကြိုင်က . . . .

'ဟုတ်တယ်ဖိုးမောင်၊ ငွေတစ်ထောင်တိတိပဲ၊ အဲဒါမင်း...လိုက်၊ ပြီးတော့ ဒီညမှာ လှေတစ်စီးနဲ့ ကလေးတစ်ယောက်မျော

www.burmeseclassic.com

www.burmeseclassic.com



ပါလာပြီး ဆယ်ယူတဲ့ကိစ္စကို မင်းဦးနှောက်ထဲက တစ်ခါတည်း ဖျောက်ဖျက်လိုက် ဟုတ်လား'

'ဟုတ် . . . ဟုတ်ကဲ့ဆရာ၊ ကျွန်တော့်တစ်သက်လုံး ဘယ်သူ့ကိုမှ မပြောပြပါဘူး'

'အေး . . . အေး ငါက ဒီကလေးကို ငါတို့ရဲ့ သားအရင်း အဖြစ်မွေးစားမလို့ပါကွာ သူ့မိဘတွေ သိမသွားရအောင် နောက်ကြောင်းရှင်းဖို့ ဒီလိုစီစဉ်ပြီး အစဖျောက်ရတာ မင်းနားလည် မှာပေါ့'

'ဟုတ်ကဲ့၊ နားလည်ပါတယ်ဆရာ'

'အေး . . . အေး ကလေးဆီ ငါသွားလိုက်ဦးမယ်၊ မိုးလင်း တာနဲ့ ရန်ကုန်မြစ်ထဲဝင်နိုင်အောင် အမြန်မောင်းကွာ'

'စိတ်ချပါ ဆရာ'

ဖိုးမောင်မှာ လက်တွင်းမှ ငွေတစ်ထောင်ထုပ်ကို ကြည့်ရင်း ပီတိဖြစ်နေသကဲ့သို့ မြို့အုပ် ကိုဖေကြိုင်မှာလည်း ချစ်ဇနီး၏ မျက်နှာကို မြင်ယောက်ကာ ပီတိ ဖြစ်နေရှာတော့၏။



ရှုံးစာကံ ဖန်လာပြန်တဲ့အရေး

မြစ်ပြင်၏ ရေစီးကြောင်းအတိုင်း တစ်စုံတစ်ရာသည် မြုပ် ည်ပေါ်ချည်ဖြင့် ပေါလောမျောပါလာလျက်ရှိလေ၏။ ထိုအရာ ည်ကား သတိလစ်မေ့မျောနေသည့် ကိုသီလသာ ဖြစ်ပါချေ၏။

သို့ရှိစဉ် တံငါလှေတစ်စီးသည် ပိုက်ချရန်အတွက် ပြင်ဆင် ရာမှ ကိုသီလကို တွေ့ရှိသွားတော့၏။

' ဟာ . . . ဟိုမှ မျောပါလာတာ လူတစ်ယောက် ဟုတ်လား ကျင်မောင်'

ထိုအခါ လှေပဲ့ပိုင်းမှ လူက . . .

'ဟုတ်တယ် . . . စိုးလှ၊ အမြန်ဆယ်ကြမှ ဖြစ်လိမ့်မယ်၊ သေများသေနေသလားကွာ'

'သေသေချာချာ ကြည့်ကြတာပေါ့ကွာ'

သူတို့သည် လှေနား ကပ်လာသည့် ကိုသီလကို ဖမ်းဆယ် ရင်ပတ်ကို တတ်သရွေ့မှတ်သရွေ့ စမ်းသပ်ကြည့်ရှုသည်တွင် သုံးခုန်သံကို ကြားရလေ၏။ ထို့ကြောင့် . . .

'ဟာ . . . အသက် ရှိသေး တယ်ကွ၊ လှေပေါ် ဆွဲတင်ကွာ၊

www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်လုပ်ဟေ့'

မကြာမီ ကိုယ်သီလမှာ လှေဝမ်ထဲသို့ ရောက်ရှိ၍ ကိုက
မောင်နှင့် ကိုစိုးလှတို့ပြုစုမှုကြောင့် ရေများဝမ်းဗိုက်မှ ထွက်သွ
ပြီးလျှင် အသက်ရှု မှန်လာလေတော့၏။

ထိုစဉ် ကိုကျင်မောင်က ကိုသီလ ဝမ်းဗိုက်မှ သွေးကွ
ကိုမြင်တွေ့သွားပြီး . . .

'အလို . . . ဒဏ်ရာနဲ့ပါလား'

ဟုတ်တယ်ဟေ့ . . . ဧကန္တ တစ်စုံတစ်ယောက်က ဓား
ထိုးပြီး ရေထဲကန်ချလိုက်တာ ဖြစ်လိမ့်မယ်'

'ဟုတ်တယ် . . . ဒါ ဖြစ်နိုင်တယ်'

နှစ်ယောက်သားသည် ထင်မြင်ချက်များကို ပေးရင်း လေ
ကလေးကို ရွာဆီသို့ အမြန်ဆုံး လှော်ခတ်လာခဲ့ကြရာ အချိန်အနည်
ငယ်အတွင်း ကျွဲကုန်းရွာကလေးသို့ ရောက်ရှိလာခဲ့သည်တွ
ရွာသားသူငယ်ချင်းများ အကူအညီဖြင့် ကိုသီလကို အိမ်ရှိရာ
ခေါ်ဆောင်လာတော့သည်။

ဤသို့ဖြင့် ကိုသီလအား ကျွဲကုန်းရွာမှ ရွာသူရွာသားမျ
ကတတ်နိုင်သမျှ ကူညီစောင့်ရှောက်ပြုစုကြလေ၏။

မှတ်ချက်။ ။ ကိုသီလ၏ ဓားဒဏ်ရာမှာ ပြောပလော



ေအာင်မများလှချေ။ အဘယ့်ကြောင့်ဆိုသော် ကိုတိုင်းချစ်က ဓားဖြင့်
ထိုးလိုက်စဉ် အခိုက် ဖောင်လှုပ်သွားကာ ကိုသီလ၏ ကိုယ်ခန္ဓ
အနေအထား ရွေ့သွားကြောင့် ရှပ်ထိုးမိလိုက်ခြင်းသာဖြစ်သည်။
စာရေးသူ

အထူးသဖြင့် ထိုရွာထဲမှ ကလေးတစ်ယောက်အမေ တစ်ခုလပ်မ
လေး မကျော့မေက ကိုသီလအား ဂရုတစိုက်ပြုစုရှာလေ၏။

မကျော့မေမှာ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်း စိုပြည်၍
မျက်နှာအမူအယာ မှာလည်း တောသူဖြစ်ပေမယ့် မြို့သူများကဲ့သို့
ပင်ကြည့်ရှုက စွဲမက်ဖွယ်အထိပင်ဖြစ်လေ၏။

ကိုသီလ နေထိုင်ကောင်းသည့်တိုင် သုံးလခန့်မျှ နေ့ညမဟူ
ပြုစုရှာ၏။ သူမ၏ သမီးလေးဝေမွန်ရည်မှာလည်း စကားတတ်၍
ချစ်စရာကောင်းလှသည်။ လေးနှစ်သမီးလေးဖြစ်ရာ ကိုသီလနှင့်
အဆင်ပြေနေတော့၏။

မကျော့မေ၏ ခင်ပွန်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ
မေးမြန်းသော်လည်း မကျော့မေ စကားကိုလှီးလွှဲ၍သာဖြေ၏။

ရွာသူရွာသားများထံ စုံစမ်းသော်လည်း ဤိုလိုလိုသည့်ပုံလို
ဖြင့်သာ ပြီးလေ၏။ ဂဃနဏ မသိရပါချေ။

သို့ရာတွင် ကိုသီလမှာ မကျော့မေအား စွဲမက်နေပြီ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ၎င်း၏မေတ္တာကိုဖွင့်ဟကာ လက်ထပ်ခွင့်တောင်းသည်တွင်မကျော့မေက . . . . .

'ဟဲ . . . . ဟဲ . . . နှစ်ချက် မဟုတ်ပါဘူး၊ နှစ်ဆယ်ပြောလဲဒီကောင်က လိုက်နာမှာပါ အချစ်ရယ် . . . မဟုတ်ဘူးလား'

ပြောပြောဆိုဆို ကိုသီလ ကျော့မေ မေးစေ့လေးကို ဆွဲကိုင်လိုက် ရာ မကျော့မေက ညင်သာစွာဖယ်ရှားရင်း . . .

'တကယ် အရေးကြီးလို့ တောင်းဆို ရတာပါရှင်၊ ကိုသီလ သေသေချာချာ နားထောင်စေချင်ပါတယ်'

ထိုအခါ ကိုသီလလည်း တည်ကြည်စွာဖြင့်

'ပြောလေ . . ပြောပါ '

'နံပတ်တစ် . . ပြီးဆုံးခဲ့တဲ့ ကျွန်မရဲ့အိမ်ထောင်၊ သမီးလေးရဲ့အဖေကို ဘယ်တော့မှ မမေးရဘူး'

'မမေးပါဘူးဗျာ . . . နောက်တစ်ချက်ကရော'

'ကျော့မေကိုတကယ်လက်ထပ်ချင်ရင် ကျော့မေတို့သားအမိကို ဒီနယ်နဲ့ဝေးရာ ခေါ်သွားရမယ် . . . ဘယ့်နှယ်လဲ'

မကျော့မေ အဖြေကို ငံ့လင့်ဟန်ဖြင့် ကိုသီလကို ကြည့်နေလေ၏။ ကိုသီလက ခေတ္တမျှ စဉ်းစားနေပြီးလျှင် . . . .

'ဖြစ်ပါတယ် . . . တို့တွေ ရန်ကုန်မြို့မှာ သွားနေကြတာ



ပေါ့၊ စားရေးသောက်ရေး၊ ဝတ်ရေး ထိုင်ရေးက အစ ငါ့အနေနဲ့တာဝန်ယူပါတယ် . . . ဘာမှမပူပါနဲ့နော် '

'အဟင်း . . . အခုမှ ရင်ထဲကအလုံးကြီး ကျသွားတော့တယ်'

'ဒီတော့ . . .'

ကိုသီလက ချစ်စဖွယ်ဝဝကစ်ကစ် မကျော့မေ၏ ခန္ဓာကိုယ်လေးကိုရင်ခွင်ထဲသွင်း၍ ပါးပြင်နုနုကို မွှေးမွှေးမေးမည်အပြု . . . .

ဟော . . . ဟိုမှာ သမီးလေး လာနေပြီ'

အမှန်တကယ်လည်း သမီးလေးဝေမွန်ရည်က အိပ်ရာမှနိုး၍ အခန်းထဲမှ ထွက်လာသည်ကြောင့် ကိုသီလမှာ မချင့်မရဲဖြင့် မကျော့ကို လွှတ်လိုက်ရတော့၏။ မကျော့မေကမူ 'ကောင်းတယ်' ဟူသော အကြည့်ဖြင့် ပြုံးကြည့်နေလေ၏။

မကြာလှသော ရက်တစ်ရက်တွင် ညဘက် ခုတ်မောင်းသော သင်္ဘောတစ်စီးဖြင့် ကိုသီလ မကျော့မေနှင့် ဝေမွန်ရည်တို့ မိသားစုသည် ရန်ကုန်မြို့သို့ ရွှေ့ရွှေ့လိုက်ပါသွားခဲ့တော့၏။

www.burmeseclassic.com

www.burmeseclassic.com



မြေဘုရင် (သို့) မိုက်ခဲမြွေဝန်း

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ဦးထွန်းဝေသည် ဆေးရုံမှ ခြေလနီးပါး ကုသပြီးမှအိမ်သို့ ပြန်လည်ရောက်ရှိခဲ့၏။ သို့သော် ဒဏ်ရာ ဒဏ်ချက်များကြောင့် နံရိုးများနိမ့်သွားကာ မစွမ်းမသန်သော ရှုနာ ရှိုက်ကုန်းတစ်ဦးဖြစ်နေလေတော့၏။

ထိုအခါ စားရေး သောက်ရေးအတွက် တိုက်ကြီးကို မှောင်းချကာ ဆိပ်ကမ်းနှင့် မနီးမဝေးတွင် တဲငယ်တစ်လုံးထိုး၍ မုန့်ပဲသွားရည်စာလေးများ ရောင်းချကာ သားအဖနှစ်ဦး အသက်မွေးဝမ်းကြောင်းပြုကြလေ၏။

ဆယ့်ငါးနှစ်ခန့်ကြညောင်၍ သားငယ် မောင်ဇော်ဟိတ် အရွယ်ရောက်စပြုလာသည်တွင် အပေါင်းအသင်းများနှင့် အတူ ဘိုကလေးမြို့နှင့် ကဒုံရော အစရှိသည့်နယ်များသို့ ခနိခုတ်၊ ထင်းခုတ် အငှားလိုက်လေတော့၏။

အပေါင်းအသင်း သူငယ်ချင်း များမှာ ဇော်ဟိတ်အား ချစ်လည်းချစ်၏။ ကြောက်လည်းကြောက်ကြ၏။ ရွံ့လည်းရွံ့မုန်းကြ



သ၏။

အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်းဆိုသော် ဇော်ဟိတ် ည်သန်မာထွားကြိုင်းသော တိုယ်ကာယကို ပိုင်ဆိုင် က်အသက်အပုက် ဝါသနာပါ၍ ကျွမ်းကျင်လှ၏။ ထို့ကြောင့် င်းအား ကြောက်ကြ၏။

စိတ်သဘောထား ကောင်း၍ ပျော်ရွှင်စွာ နေတတ်သော ကြောင့်လည်း သူငယ်ချင်းများများက ချစ်ခင်ကြ၏။

ရွံ့မုန်းကြသည့် အချက်မှာမူ ဇော်ဟိတ်သည် မြွေသတ္တဝါ းကို ကစားစရာအလား ကိုင်တွယ်ယူဆောင်လာတတ်ခြင်းပင် ဖြစ်တော့၏။

သူသည် သာမန်မြွေများကိုသာမက အဆိပ်ပြင်းသည်ဟု တကာ မှတ်ထင်ယူထားသည့် မြွေပွေး၊ မြွေဟောက်၊ ငန်းတော် များနှင့် ငန်းမြွေများကိုပင် တရင်းတနှီး ဆော့ကစားလေ့ရှိ၏။

မည်မျှပင် ဒေါသထန်နေသည့် မြွေဖြစ်ပါစေ၊ ဇော်ဟိတ်နှင့် တွေ့သောအခါ ပျော့ခွေငြိမ်သက်၍ ပကတိ ကြိုးတစ်ချောင်း အလားရှိနေတော့၏။ ဤမျှ မြွေနိုင်လှသော ဇော်ဟိတ်ပါပေ။

ဇော်ဟိတ်သည် အမျိုးအမည်ပေါင်းများပြားလှသည့် မြွေများထဲမှ ငန်းမြွေကိုအထူးနှစ်သက်၍ ချစ်ခင်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါကလည်း အောက်မြို့ပင်လယ်ပိုင်းမှ ရှားရှားပါး ရရှိလေသည့် ငန်းမြွေကြီးကို လည်ဂင်း၌ပတ်၍ တယုတ ယုဆောင်ခဲ့လေရာ အတူလိုက်ကြသည့် လှေသမားသူငယ်ချင်း မလိုက်ဘဲ ထိုဒေသ၌ ကျန်ရစ်ခဲ့ကြသည်အထိ ဖြစ်ရလေ၏။

ထို့အပြင် ၎င်းအား မြွေကိုက်သည်ဟု မည်သည့်အခါ မကြားရချေ။ ထို့ကြောင့်လည်း တစ်မြို့လုံးက မည်သူနှင့်မ ယှဉ်ဖြိုင်သတ်ပုတ်ရဲသည့် ဇော်ဟိတ်အား မိုက်မဲဟူ၍ လည်းကော ငန်းမြွေဟူ၍လည်းကောင်း မှည့်ခေါ်ကြရာ မူရင်းအမည်ဖြစ်သေ ဇော်ဟိတ်ဆိုသည့် နာမည်သည်ပင် ကွယ်ပျောက်လုမတတ် နေလေတော့၏။

မြို့သူ မိန်းမချော မိန်းမလှ ကလေးများက ဇော်ဟိတ် ရွံကြောက်ဖြင့် ရှောင်တိမ်းသကဲ့သို့ ဇော်ဟိတ်ကလည်း မိန်း မှန်လျှင် ဤလောက၌ရှိသည်ဟုပင် မှတ်ထင်ခဲ့ပေ။

ဖခင်ကြီးမှာ သားငယ်အား အထူးချစ်ခင်သည့် အလျော ဇော်ဟိတ်ကလည်း တစ်လောကလုံးတွင် မိမိဖခင်မှလွဲ၍ ချစ်စ မရှိဟု မှတ်ယူထားလေသည်။

တစ်နေ့တွင် ကဒိုဇရာသို့ ခနိုခုတ်လိုက်ပါသွားရင်း ရှေ နေသူတစ်ဦးကို ကယ်ဆယ်ရာမှ ၎င်း၏ ဖခင်မှာကရင်အမျိုးသာ



သိုင်းဆရာကြီးတစ်ယောက်ဖြစ်ကြောင်း သိရလေ၏။

ကရင်အမျိုးသား သိုင်းဆရာကြီး မန်းအောင်ဟိန်းက သူ၏သားလေးအသက်ကို ကယ်တင်ခဲ့သည့်ဇော်ဟိတ်အား ကျေးဇူး ဆပ်သည့်အနေဖြင့် သိုင်းပညာများကိုသုံးလခန့် သင်ကြားပေးရာ မြင်းကိုချိုတင်ပေးသကဲ့သို့ပင်၊ နဂိုက အသတ်အပုတ်ကျွမ်းကျင် လှသည့် ဇော်ဟိတ်မှာ သိုင်းပညာဖြင့် ပိုမိုတိုက်ခိုက် သတ်ပုတ်ချင် နေတော့၏။

ထိုသို့ သိုင်းပညာသင်ကြားရာတွင် ရှားပါးလှသည့် သိုင်း ပညာဖြစ်သော ခဲသီးပစ် ပညာကိုပါ ကောင်းစွာတတ်မြောက်ခဲ့ တော့သည်။

မှတ်ချက်။ ။ ခဲသီးပစ် ပညာမှ အတောင်နှစ်ဆယ်ခန့်ရှိ ကြိုးထိပ်ဖျားတွင် အတန်ငယ်လေးသော ခဲသီး ကို ခိုင်ခံ့စွာတပ်၍ ကြိုးစ၏ ငါးတောင်အကွာ အဝေးမှကိုင်ခါ သုံးလေးပတ်မျှအား ယူ၍ ယမ်း၍ ပစ်မှတ်ကို ချိန်ပစ်ခြင်းဖြစ်၏။ ထိုသို့ ပစ်ရာတွင် ပစ်မှတ်ကို ထိမှန်စေသည့် အတတ်မှာ မခဲယဉ်းလှသော်လည်း၊ လူ (သို့မ

www.burmeseclassic.com



ဖာ့တ်) သစ်ပင်၊ (သို့မဟုတ်) တိုင်စသည်များကိုပတ်စေလို၍ ပစ်ရသည့် ခဲသီးပစ်ပညာမှာမူ အထူးပင်ခက်ခဲလှပါပေ၏။

စာရေးသူ

မအူပင်မြို့သို့ ဇော်ဟိတ် ပြန်ရောက်သောအခါ အိပ်ရာပေါ်၌ အရိုးပေါ်အရည်တင်ဖြစ်လျက်ရှိသည့် ဖခင်ကြီးအားတွေ့ရပြီးလျှင် ဖခင်ကြီးက ဇော်ဟိတ်အား အနီးသို့ ခေါ်ယူလျက်

ပျောက်ဆုံးသွားသော ဇော်ဝိတ်၊ အသတ်ခံရသောဇနီးသည် ဒေါ်မြသီနှင့် အမိုက ကရားခံ ကိုသီလအကြောင်းများကိုခရေစေ့တွင်းကျ ပြောပြအသိပေးပြီးလျှင် တတ်နိုင်သမျှ ကြိုးစားရှာဖွေ၍ လက်စားချေရန် မှာကြားပြီးနောက် ကွယ်လွန်သွားရှာတော့၏။

ဇော်ဟိတ်မှာ ဖခင်ကြီးအတွက် ယူကြုံးမရဖြစ်လျက်. . .

'စိတ်ချပါဖေဖေ၊ ဒီ ကိုသီလဆိုတဲ့ လူယုတ်မာကြီးကို သားမတွေ့တွေ့အောင် ရှာဖွေပြီး ဖေဖေနဲ့မေမေတို့အတွက် လက်စားချေပါ့မယ်၊ သားကတိပေးပါတယ်'

ဇော်ဟိတ်သည် အံကိုတင်းတင်းကြိတ်၍ ဖခင်ကြီး ဦးထွန်းဝေ၏ အလောင်းကို မမှိတ်မသုန်ကြည့်ကာ ရင်ထဲမှ ထွက်ပေါ်လာ



သည့် လှိုက်လှဲသောအသံဖြင့် ကတိပြုလိုက်လေတော့၏။

ပြောင်းလဲမှုနှင့်အတူ

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ဇော်ဝိတ်ကို ခေါ်လာပြီးနောက် မကြာမီမှာပင် မတ္တီလာမြို့သို့ ကိုဖေကြိုင်မိသားစု ပြောင်းရွှေ့သွားရတော့သည်။

မနွဲ့အေးကလည်း မောင်ဇော်ဝိတ်အား သားအရင်းသဖွယ် မြတ်နိုးတွယ်တာသဖြင့် ၎င်းတို့မိသားစုမှာ ပျော်ရွှင်မဆုံး ဖြစ်နေကြတော့သည်။

ယခုအခါ၌ မော်ဇော်ဝိတ်မှာ လူပျိုဖားဖားကြီး ဖြစ်လာပြီးလျှင် ဖခင်၏ ခြေရာကို နင်းနိုင်ရန်အတွက် အမျိုးသားကျောင်း၌ ပညာသင်ကြားလေ့ကျင့်လျက် ရှိသကဲ့သို့ တစ်ဖက်မှလည်း ဝါသနာပါသည့် အားကစားပညာရပ်နှင့် သိုင်းပညာများကို ဆရာသမားကောင်းများထံတွင် သင်ကြားဆည်းပူးလျက် ရှိလေ၏။

ဖခင်ကိုဖေကြိုင်မှာကား လိမ္မာလှသည့် သားအတွက် မည်သည့်ကိစ္စမဆို လိုက်လျော ကြည်ဖြူ ခွင့်လွှတ်ရသည်ချည်း ဖြစ်တော့၏။

မနွဲ့အေးကလည်း သားလိုအပ်သည့် ကိစ္စမှန်သမျှ နှစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



မပြောရပေ။ လင်မယားနှစ်ယောက်မှာ ချောမောလှပ၍ လိမ္မာရေး

ခြားရှိလှသည့် မောင်ဇော်ဝိတ်အား အရိပ်တကြည့်ကြည့်ကြည့်က

ပီတိသောမနာဖြစ်ကာ ရှိနေကြတော့၏။

မောင်ဇော်ဝိတ်မှာ ကြိုးစားမှုနှင့် ပါရမီကို ဆရာကြီး

ဦးထွန်းခင်ကပင် လက်ဖျားခါရကာ ၎င်း၏လက်ထောက် သိုင်းဆရာ

အဖြစ် မောင်ဇော်ဝိတ်အား ခန့်အပ်ထားလေ၏။

မောင်ဇော်ဝိတ်၏ စနစ်တကျ သင်ကြားမှုနှင့် စိတ်ထား

ကောင်းမွန်မှုတို့ကြောင့် သူ၏ တပည့်များလည်း အတတ်မြန်၍

မတ္တီလာမြို့၌ သိုင်းဆရာ ကိုဇော်ဝိတ်၏ သတင်းမှာ မွှေးပျံ့နေပေ

၏။

ဆွတ်ချူက ရရှိနိုင်သော ပန်းပွင့်များသည် ဇော်ဝိတ်၏

လက်တစ်ကမ်းတွင် ရှိနေသော်လည်း၊ ဇော်ဝိတ်မှာ စာပေနှင့် သိုင်း

ပညာမှလွဲ၍ ထိုကိစ္စကို လုံးဝ အာရုံမထားပေ။

တစ်နေ့တွင် မိခင်ကြီး ဒေါ်နွဲ့အေးနှင့် ဇော်ဝိတ်တို့နှစ်ဦး

သား ထမင်းစားရန် ပြင်ဆင်နေကြသည်။ အလုပ်မှပြန်လည်ရောက်

ရှိလာသော ဖခင်ကြီး ဦးဖေကြိုင်က ဇနီးသာအားရဖြင့်. . .

'ဒီမှာ ကြည့်စမ်းဟေ့. . . သားနဲ့ အမေကြီး'

ဟု လက်ထဲမှ စာရွက်ကိုထောင်ပြ၍ ဇော်ဝိတ်သို့ ပေးလေ



၏။

စာမှာ သံကြိုးစာဖြစ်၍ အောက်ပါအတိုင်း ရေးထားသည်

ကို တွေ့ရလေ၏။

ဦးဖေကြိုင်(မြို့အုပ်)

တောင်ငူမြို့ ဘုံဘေဘားမားကုမ္ပဏီအတွက်

အထူးအကျိုးရှိစေရန် သစ်တောများအား စောင့်ရှောက်ထိန်းသိမ်းမှု

နှင့် အုပ်ချုပ်မှုကောင်းခြင်းများကို အသိအမှတ်ပြုသောအားဖြင့်

ကျွန်ုပ် ချီးမြှင့်သော ဂုဏ်ပြုတံဆိပ်နှင့် ရာထူးတိုးတက်မှု ခန့်စာကို

ကျွန်ုပ်၏ရုံးသို့လာရောက်ယူပါရန်။

ဒုံ-ဘုရင်ခံ

မြန်မာနိုင်ငံ

'ဟာ. . . တော်တာပဲ ဖေဖေ၊ ဖေဖေက သိပ်ကိုထူးချွန်တာ

ပဲနော်၊ ဘုရင်ခံကိုယ်တိုင်ကတောင် ဂုဏ်ပြုရပြီး ရာထူးတိုးပေးရ

တယ်'

ထိုအခါ ဒေါ်နွဲ့အေးက. . .

'ဘာလဲ. . . ဖေဖေ့လိုဖြစ်အောင် ကြိုးစားပေါ့ကွယ်၊ ဒါမှ

မေမေတို့ရဲ့သားဖြစ်မှာ'

ဦးဖေကြိုင်ကလည်း. . .

www.burmeseclassic.com



'ဟုတ်တာပေါ့ သားရဲ့'

ဟု ဆိုလေ၏။

ဇော်ဝိတ်က မိခင်နှင့်ဖခင်တို့၏ ပုခုံးများကိုဖက်၍ ပြုံးပြ ပြီး. . .

'စိတ်ချပါဖေဖေနဲ့မေမေ၊ ဟောဒီသားဟာ ဖေဖေမေမေတို့ စိတ်ချမ်းသာမှုကို ဖြည့်စွမ်းပေးမယ့် သားလိမ္မာကြီးပါနော်'

ဟု ပြောပြောဆိုဆို ပါးတစ်ဖက်တစ်ချက်စီကို နမ်းရှုံ့လိုက် တော့၏။

'ဟဲဟဲဟဲ. . . တို့သားကတော့ကွာ. . . တကယ့်ကလေးလေးကျနေတာပဲ'

'ဟင်း. . . ရှင်ကသာ ကလေးလေးလုပ်နေ၊ သားကိုကြိုက်တဲ့ မိန်းကလေးတွေကတော့ ဝိုင်းဝိုင်းလည်နေပြီရှင့်'

ဤတွင် ဇော်ဝိတ်မှာ အရှက်ကြီးရှက်လျက်. . .

'ဟာ. . . မေမေကလဲ. . . ပေါက်ကရတွေ၊ ဘာတွေ ပြော မှန်းလဲ မသိဘူး'

ဟု မျက်နှာကြီး နီမြန်းလျက် ပြောဆိုပြီးလျှင် အခန်းတွင်း သို့ဝင်ပြေးသွားတော့ရာ၊ ဦးဖေကြိုင်နှင့် ဒေါ်နွဲ့အေးတို့မှာ ရယ်၍ မဆုံးအောင် ဖြစ်နေကြရတော့၏။



'ဟား. . . ဟား. . . ဟား. . .'

'ခစ်. . . ခစ်. . . ခစ်. . .'

'သြော်. . . မိန်းမရေ၊ အားလုံးအတွက် အဝတ်အစားတွေ ထုပ်ပိုးထား၊ အဆင်သင့်ဖြစ်ပစေ၊ မနက်ဖြန် မနက်စောစောမှ တို့ မိသားစုအားလုံး ဘုရင်ခံချုပ်ရုံးကို သွားကြမယ်'

'အို. . . ဝမ်းသာလိုက်တာရှင်၊ ကျွန်မလဲ ရန်ကုန်မရောက် တာ ကြာလှပြီ၊ အတော်ပဲ. . . သားလေးလဲ၊ ရန်ကုန်ရောက်ဖူးတာ ပေါ့'

'အေး. . . အေး၊ မင်းရဲ့သားကိုလဲ အဆင်သင့်လုပ်ဖို့ ပြော လိုက်ဦး၊ ရေချိုးလိုက်ဦးမယ်ကွာ'

'ချိုး. . . ချိုး၊ ကျွန်မလဲ ပြင်ဆင်လိုက်ဦးမယ်'

ဟု ဝမ်းပန်းတသာပြောဆို၍ ဒေါ်နွဲ့အေးတစ်ယောက် အိမ်ခန်းအတွင်းသို့ ဝင်သွားလေတော့၏။

မှတ်ချက်။ ။ဇော်ဝိတ်ကလေးမှာ တောင်ငူမြို့သို့ စတင် ရောက်ရှိ ၍လအနည်းငယ်ခန့်အကြာတွင် မိမိ၏ ဖခင် နှင့်မိခင်အား သတိရသောကြောင့် စုံစမ်း ပေးရန် မှုဆာသော်လည်း မြို့အုပ်ကိုဖေ ကြိုင်က ၎င်း၏မိဘများ မီးလောင်ရာတွင် ပါရှိ၍ သေဆုံး

www.burmeseclassic.com



သွားပြီ ဟု သတင်းရသောကြောင့် ယုတ္တိရှိရှိ
ပြောပြလေရာ ကြာသော် မေ့ပျောက်သွားပြီး
ဦးဖေကြိုင်နှင့် ဒေါ်နွဲ့အေးတို့အားသာ မိခင်နှင့်
ဖခင်ရင်းသဖွယ် မှတ်ယူနေခြင်းဖြစ်ပေတော့၏။

အလှည့်ကြရင် မနွဲ့ကြနဲ့

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ရန်ကုန်မြို့သို့ ရောက်ရှိလာသည့် ကိုသီလနှင့် မကျော့မေတို့ လင်မယားအပြင် သမီးကလေး ဝေရည်မွန်အား ကိုသီလ၏ မိတ်ဆွေဖြစ်သော ပန်းချီဆရာ ဦးဝေလုက ကျောက်မြောင်းရှိ ၎င်း၏နှမပိုင်ဆိုင်သော အိမ်ကလေးတွင် ဘင့်တော်သော လခပေး၍ နေထိုင်စေသဖြင့် အခက်အခဲမရှိလှဘဲ အဆင်ပြေနေလေတော့သည်။

တစ်ဖန် မိတ်ဆွေတစ်ဦး၏ အကူအညီဖြင့်ပင် ဆူး၊ ဆောက် ကိရိယာနှင့် ပလာစတာကိုင်ရန် ပစ္စည်းပစ္စယများ ဝယ်ယူပြီးလျှင် ၎င်းတတ်မြောက်သည့် ပန်းချီပန်းပုလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုရာ ကောင်းမွန်စွာ စီးပွားဖြစ်လာသည့်အပြင် မိဘ၏ အကြွေးများကို ပြန်ဆပ်နိုင်ရုံမျှမက ငှားနေသည့် အိမ်က



...းကိုပင် အပိုင်ဝယ်ယူလိုက်နိုင်တော့၏။

ဆိုင်ကိုလည်း အောက်ပါအတိုင်း ဆိုင်းဘုတ်တင်လိုက်လေ...တော့၏။

'မိုးနတ်မယ်'

ပန်းချီ၊ ပန်းပုအရောင်းဆိုင်

...တ်ချက်။ ။ ထိုခေတ်ထိုအခါက ပန်းချီ၊ ပန်းပု လုပ်ငန်းများ လုပ်ကိုင်သူ ရှားပါးလှပြီး နိုင်ငံခြားသားများ အထူးနှစ်သက်အားပေးကြသောကြောင့် လွန်စွာ စီးပွားဖြစ်ထွန်းလေတော့သည်။

...ရေးသူ

ထိုသို့ စီးပွားဖြစ်ထွန်းလာသော်လည်း အတိတ်မှ ထောင်...သည့်ကိစ္စကိုတွေး၍ အရှက်ကြီးရှက်နေမိသူ ကိုသီလသည် ...တ်ဆွေများကို အတတ်နိုင်ဆုံးရှောင်၍ မိသားစုဖြင့်သာ အချိန်ကုန်...ထိုင်သည်က များလေ၏။

ထိုအချိန်၌ မြန်မာပြည် အနှံ့အပြားတွင် 'ရှိုးမတျား ဓားပြ...း'ကြီး ထကြွသောင်းကျန်းလျက်ရှိကြောင်း သတင်းစာများက ...သားဖော်ပြနေချိန် ဖြစ်လေ၏။

ဇနီးသည် ဒေါ်ကျော့မေသည် သမီးလေးဝေရည်မွန် တစ်

www.burmeseclassic.com



ဆယ့်သုံးနှစ်ခန့် အပျိုပေါက်အရွယ်ရောက်ချိန်မှာပင် ပန်းနာရင်ကျပ် ရောဂါဖြင့် နေ့မအိပ်၊ ညမအိပ်ဖြစ်လာတော့၏။

ထိုအခါ ကိုသီလက ချစ်ဇနီး မကျော့မေအား ဆေးဆရာ များ၊ နာမည်ကြီး ဆရာဝန်များနှင့် ပြသ၍ ကုသစေလေ၏။ သို့သော် မကျော့မေ၏ ဝေဒနာမှာ လျော့ပါးသွားသည်ဟု မရှိခဲ့ပါပေ။

ဤသို့ဖြင့်ပင် နောက်သုံးနှစ်ခန့်ကြာသည်အထိ သားအ[...] နှစ်ဦး နေ့မအိပ် ညမအိပ် စောင့်ရှောက်ပြုစုသော်လည်း မကျော့ မေမှာ ဘဝတစ်ပါးသို့ ပြောင်းသွားလေ၏။

ထိုသို့ မသေဆုံးမီတွင် စာတစ်စောင်ပေး၍ ထိုစာကို သူ[...] သေသောအခါ သမီးလေးမသိအောင် ဖက်ပါဟု မှာကြားသွား[...] ၏။

မကျော့မေ ဈာပနကိစ္စ ပြီးမြောက်အောင် ဆောင်ရွက်ပြီ[...] သောအခါ၌ ထိုစာကို ဖောက်ဖတ်ကြည့်ရာ အောက်ပါအတိုင်[...] ရေးသားထားကြောင်း တွေ့ရတော့၏

ကိုသီလ. . .

ကျွန်မကို လက်ထပ်ခဲ့စဉ်က ကတိနှစ်[...] တောင်းခဲ့ပါတယ်။ ပထမအချက်ဖြစ်သည့် ကျွန်မ၏ ခင်ပွန်းသ[...] ကို မမေးရန်နှင့် ဒုတိယအချက် ကျွန်မတို့ကို မအူပင်မြို့နှင့်ဆေး[...]



သို့ ခေါ်ဆောင်သွားပါရန်ကိစ္စ ဖြစ်ကြောင်း ရှင်မေ့လိမ့်မည် မထင်ပါ။

ပထမအချက်မှာ ကျွန်မ၏ ယောကျ်ားသည် မအူပင်နှင့် အနီးအနားရွာများတွင် ဆိုးသွမ်း သောင်းကျန်းနေသည့် ဓားပြခေါင်း ဆောင် တိုင်းချစ်ဆိုသူဖြစ်ပြီးလျှင် ကျွန်မအား အဓမ္မ အနိုင်ကျင့်၍ ထုလိုက်ခြင်း ဖြစ်ပါတော့၏။

'ဟိုက်'

စာ၏ ထိုနေရာသို့ ရောက်သောအခါ အံ့ဩလွန်းသဖြင့် ကိုသီလမှာ မိမိနဖူးကိုပင် လက်ဖြင့်ရိုက်မိသည်အထိ အံ့ဩသွား ရှာလေတော့၏။ ပြီးမှ ဆက်လက်ဖတ်ရှုပြန်ရာ. . .

တိုင်းချစ်သည် လာချင်သည့်အခါ လာ၍ ပြန်ချင်သည့် အခါတွင်ပြန်ကာ ကျွန်မအား လူမဆန်စွာ ပြုမူဆက်ဆံခြင်းကို ရွာသားများက မကျေနပ်လှသော်လည်း ဤအတိုင်းပင် လက်ပိုက် ကြည့်နေရုံမှလွဲ၍ မတတ်နိုင်အောင် ဖြစ်နေကြရတော့သည်။

ကိုသီလ မရောက်လာမီ နှစ်ရက်ခန့်ကစ၍ လုံးဝ ပေါ်လာ ခြင်းမရှိတော့ပဲ ထူးဆန်းစွာ ပျောက်နေတော့သည်။

ထို့နောက် အချိန်ကို စောင့်ကြည့်၍ ကိုသီလနှင့် လက်ထပ် ခဲ့ခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မပြောလိုသည်မှာ သမီးလေးမှာ လူဆိုးဓားပြ၏ သမီးလေးဖြစ်သော်လည်း ကိုသီလအား ဖခင်ရင်းခြာပမာ ချစ်ရှာသောကြောင့် သမီးအရင်းကဲ့သို့ စောင့်ရှောက်ပါလျှင် တမလွန်မှနေ၍ ကျွန်မ သာဓုခေါ်နိုင်မည် ဖြစ်ပါသည်။

ကိုသီလ၏ မေတ္တာစေတနာကို အကြွင်းမဲ့ ယုံကြည်လေးစားလျက်. . .

ကျော့မေ

'ဟင်း'

ဦးသီလသည် စာဆုံးသွားလျှင် ထူးဆန်းလှသည့် ကံကြမ္မာအတွက် အထူးပင် အံ့အားသင့်မိပြီးလျှင် ၎င်း၏ရန်သူသမီးကို မွေးမြူရမည့်အရေးအတွက် မည်သို့စဉ်းစားရမှန်းမသိအောင် ဖြစ်နေတော့၏။

သို့ပါသော် မိမိဖခင်အရင်းကဲ့သို့ ချစ်နေရှာပြီးလျှင် မိခင်သေဆုံးသွားသည်ကလည်း မကြာလှသေးရာ သနားစရာ ဖြစ်နေကြောင်း တွေးမိလေ၏။

တစ်ဖန် ရုပ်ရည်မှာ မိခင်နှင့်အထူးတူညီကာ ချောမောလှပြီး ယဉ်ကျေးသိမ်မွေ့သူလေး ဖြစ်သောကြောင့်လည်း မိမိက သမီးအရင်းကဲ့သို့ အချစ်ပိုခဲ့ကြောင်း ပြန်လည်သုံးသပ်မိသည်တွင်



ဦးသီလမှာ မတွေးနိုင် မအံ့နိုင် ဖြစ်နေရတော့၏။

အဆုံး၌ အာယာသထက် မေတ္တာတရားက လွှမ်းစွဲအနိုင်ရသွားကာ ဝေမွန်ရည်လေးအား တစ်သက်တာ စောင့်ရှောက်ကြည့်ရှုသွားရန် ဆုံးဖြတ်လိုက်တော့၏။

ထိုဆုံးဖြတ်ချက်ကြောင့်လည်း ယခင်ကထက် ပိုမို၍ ချစ်ခင်ရှာ၏။ ဝေရည်မွန်ကလည်း ဖခင်ကြီး၏ ဝေယျာဝစ္စများကို လုံးဝလစ်ဟင်းခြင်းမရှိရလေအောင် တတ်နိုင်သမျှ ဂရုစိုက်ရှာသည်။

တစ်ခါတစ်ရံ၌ ဖခင်ကြီး၏ ပန်းချီ ပန်းပုရောင်းရငွေလက်ကျန်များကို စကော့ဈေးနှင့် သိမ်ကြီးဈေး၊ ပန်းဆိုးတန်းစသည့် ဆိုင်များတွင် သွားရောက်တောင်းရလေ့ရှိသည်။

ထိုတာဝန်များကို ဝေမွန်ရည်က တာဝန်ယူသကဲ့သို့ ဦးသီလက ပုံဆွဲခြင်း၊ ပုံသွန်းခြင်းများကို တာဝန်ယူပြုလုပ်လေသည်။ သို့ဖြင့် သားအဖနှစ်ဦး နေထိုင်လာခဲ့ရာ တစ်နေ့တွင် ဝေရည်မွန်မအားလပ်သဖြင့် ဦးသီလတစ်ယောက် စကော့ဈေးဘက်သို့ ထွက်လာခဲ့ရာမှ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ခန့်က ၎င်းအားရက်စက်စွာ ဒုက္ခပေးခဲ့သည့် မိသားစုကို အမှတ်မထင်တွေ့ရတော့သည်။

ထိုသူများမှာ မြို့အုပ်ကိုဖေကြိုင်နှင့် ဇနီးဖြစ်သူ ဒေါ်နွံ့အေး

www.burmeseclassic.com



တို့အပြင် သားဖြစ်သူ ဖြူဖြူချောချော လူငယ်လေးတစ်ဦးကို လူအုပ်ထဲတွင် အမှတ်မထင် တွေ့ရတော့သည်။

ထိုအခါ ၎င်း၏ငုပ်လျှိုးနေသော လက်စားချေလိုမှုသည် မီးတောက်ထဲသို့ ဓာတ်ဆီလောင်းလိုက်သကဲ့သို့ ဟုန်းခနဲ တောက်လောင်လာလေရာ ဦးသီလသည် အမှတ်မထင် ထိုမိသားစုနောက်မှ ထပ်ကြပ်မကွာ နောက်ယောင်ခံ လိုက်လေတော့၏။

ကိုဖေကြိုင်တို့ မိသားစုသည် ကန်တော်ကြီးစောင်းမှ တိုက်အိမ်တစ်ခုသို့ ဝင်သွားကြောင်း တွေ့ရသည်တွင် မှတ်ထား၍ နေအိမ်သို့ ပြန်လာခဲ့တော့၏။

စိတ်ထဲမှာမူ 'အလှည့်ကျရင် မနွဲ့ကြနဲ့ပေါ့ ဖေကြိုင်နဲ့ မနွဲ့အေးရယ်'ဟူ၍ ကြုံးဝါးနေပေတော့၏။

အမှတ်မထင် သူတော်စင်

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

တည်းခိုသောတိုက်မှ အိမ်ရှင်ဖြစ်သူ ဝန်ထောက်ဦးထွန်းမြင့်နှင့်မိသားစုက ရန်ကုန်မြို့အနှံ့ လိုက်လံပြသပေးမည် ပြောသော်လည်း မြို့အုပ်ကိုဖေကြိုင်က အားနာသောကြောင့် အတန်တန်ငြင်းဆန်ပြီးလျှင် သားအမိသားအဖ သုံးဦးအား ပလာဇာရုံ၌ပြသနေသည့် ဓာတ်ရှင်ကားတစ်ကားကို ဝင်ကြည့်ပြီးနောက် ဓာတ်ရှင်အပြီး (အနော်ရထာလမ်းတွင်) ဖွင့်လှစ်ထားသော ဘုံဘောရက်စ်တောရင့်သို့ဝင်ကာ ဗိုက်ဖြည့်ကြလေ၏။



စားသောက်ကြရင်းမှ ဒေါ်နွဲ့အေးက. . .

'ရန်ကုန်မရောက်တာ ကြာလို့လား မသိဘူးမောင်ရယ်၊ မြင်သမျှ တွေ့သမျှတော့ အသစ်အဆန်းတွေချည်း ဖြစ်နေတော့တာပဲ'

ဟု ဆို၏။

ကိုဖေကြိုင်ကလည်း ပြုံး၍. . .

'မောင့်မိန်းမ မပြောနဲ့ အလုပ်ကိစ္စနဲ့ မကြာခဏ ရောက်တာတဲ့ မောင်တောင် အခုတစ်ခေါက် ရန်ကုန်လာရတာ အတော်တော့ကို ဆန်းနေတယ်လို့ ထင်မြင်မိတာကွ'

ထိုအခါ သားဖြစ်သူ ဇော်ဝိတ်က. . .

'ဟား. . . ဟား. . . ဖေဖေနဲ့မေမေက အဲဒီလိုပြောနေတော့ တစ်ခါမှ မရောက်ဖူးတဲ့သားက ပြောစရာစကားတောင် ရှာမရတော့ဘူးလေ. . . ဟဲ. . . ဟဲ. . . ဟဲ'

'အို. . . ဟုတ်ပါရဲ့၊ တစ်ခါမှ မရောက်ဖူးရှာတဲ့ ကျွန်မတို့သားလေးအတွက် ရန်ကုန်မြို့ဟာ ပိုပြီး ဆန်းကြယ်နေတော့မှာပေါ့နော်'

'ဒါပေါ့ကွယ်၊ ဖြစ်နိုင်ရင် မနက်ဖြန်မှာ ဘုရင်ခံချုပ်ရုံးကို

www.burmeseclassic.com

www.burmeseclassic.com



သတင်းသွားပို့ရင်း ရန်ကုန်မြို့ကို ပြောင်းပေးဖို့ ပြောကြည့်ရမ မိန်းမရေ. . . အားလုံးအတွက် ပိုပြီး အဆင်ပြေအောင်ပေါ့ကွ မဟုတ်ဘူးလား'

'ကောင်းတာပေါ့ရှင်'

'ဟာ. . . သိပ်ကောင်းတာပေါ့ ဖေဖေ၊ ကျွန်တော် ရန်ကုန်မြို့ကို သိပ်သဘောကျတာ'

ဟု ဇော်ဝိတ်က ဆိုလေ၏။

ပေးဆပ်ခြင်းနှင့်အတူ

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

နောက်တစ်နေ့ နံနက်စောစောတွင် ဘုရားဖူးရန် ဟူသေ အကြောင်းပြချက်ဖြင့် သားအမိသားအဖ သုံးဦးသည် မြင်းရထ တစ်စီးငှား၍ ကျောက်မြောင်းရပ်သို့ ထွက်လာခဲ့လေ၏။

အဖြစ်မှန်ကို မပြောခဲ့ခြင်းမှာ အိမ်ရှင်ဝန်ထောက် ဦးထွ နိုင်နှင့် မိသားစုမှာ ခေတ်ပညာတတ်များဖြစ်၍ ဘိုဆန်ဆန် ေ ခေါ် နေထိုင်တတ်ရာ၊ အကြောင်းမှန်လို ပြောပြပါက အယူသည်း များဟု အထင်သေးမည်စိုးရိမ်သောကြောင့် အမှန်အတိုင်း မပြေ ခြင်းဖြစ်လေ၏။

မြင်းရထားသည် ကျောက်မြောင်းဈေးအနီးတွင် ရပ်လို



သောအခါ ကျသင့်ငွေပေးပြီးလျှင် ကိုဖေကြိုင်တို့ မိသားစုသည် ကား လမ်းတစ်ဖက်သို့ ကူးလေ၏။ ထိုအခါ 'မိုးနတ်မယ် ပန်းချီပန်းပု အရောင်းဆိုင်'ဟူသော ဆိုင်းဘုတ်ကို တွေ့ရသဖြင့် ဆိုင်ခန်းထဲသို့ ဝင်လာခဲ့တော့၏။

မှတ်ချက်။ ။ ထိုအချိန်၌ ကြိုတင်ကြံစည်ထားသော ဦးသီလသည် သမီးဖြစ်သူ ဝေရည်မွန်အား စုတ်တံ၊ ဆေးဘူး၊ ထုံးမှုန့်နှင့် ပန်းပု ထုရန် သစ်သားမကျန် ဝယ်ခဲ့ရန် အချိန်ကြာနိုင်သမျှ ကြာအောင် ရမယ်ရှာ၍ လွှတ်လိုက်ပြီး ဖြစ်လေသည်။

စာရေးသူ

ဆိုင်အတွင်း၌ ပန်းချီ၊ ပန်းပုကားချပ်၊ ရုပ်လုံးများနှင့်အတူ ပလာစတာကိုင်ထားသည့် ရုပ်လုံးများဖြင့် ပြည့်နှက်လျက်ရှိကြောင်း တွေ့ရလေ၏။

'ဩ. . . ရောက်လာကြပြီကိုး၊ လူကလေးကို အပြင်မှာထား ခဲ့ပြီး မောင်ရင်တို့ လင်မယား ဟောဒီ ဘုရားခန်းထဲကို လာခဲ့ကြ ပေတော့ဟေ့'

ရုပ်လုံးများထားရာ အခန်းကို လွန်သောအခါ ဘုရားခန်း ဟု ယူဆရသည့် အခန်းမှ ထွက်ခေါ် လာခြင်းဖြစ်၍ ကိုဖေကြိုင်က ဇော်ဝိတ်အား. . .

www.burmeseclassic.com

www.burmeseclassic.com



'သားရေ. . . ခဏလေးနေဦးနော်၊ ဖေဖေနဲ့မေမေ အရင် သွားလိုက်ဦးမယ်'

ဇော်စိတ်ကပြုံးလျက်မှ. . .

'သွားပါဖေဖေ၊ သားအပြင်မှာ ရုပ်ထုတွေ ကြည့်ရင်းနေခဲ့ ပါ့မယ်၊ သားပန်းချီပညာကို ဝါသနာပါတာလဲ ဖေဖေအသိပဲဟာ . . .'

'အေး. . . အေး. . . လာ သွားကြစို့ မိန်းမ'

အခန်းတွင်းသို့ ရောက်သည်တွင် ဘုရားစင်ဘက်သို့ လှည့်၍ ဆောင့်ကြောင့်ထိုင်ကာ ဘုရားအာရုံပြုနေသည့် ဘိုးတော် ကြီးကို တွေ့လိုက်ရ၏။ ဘိုးတော်ကြီးက လှည့်မကြည့်ဘဲ. . .

'ထိုင်ကြကွယ်. . . အဲဒီမှာ ရေနွေးကြမ်း သောက်ကြဦး၊ ဘဘ ဘုရား အာရုံပြုလိုက်ဦးမယ်'

ဟု ဆိုလေ၏။

လင်မယားနှစ်ယောက်လည်း ရေနွေးကြမ်း သောက်ရင်း အသံမပြုဘဲ စောင့်နေကြ၏။

ဘိုးတော်ကြီးက ပါးစပ်မှ တတွတ်တွတ် ရွတ်ဆို၍ ဘုရား ရှိခိုးနေ၏။ လင်မယားနှစ်ယောက်ကို ရှိသည်ဟုပင် မမှတ်မိတော့။

ထို့ကြောင့် စောင့်ရင်းမှ ရေနွေးကြမ်းကို ငုံ့သောက်ကြ



ပြန်၏။

ဤသို့ဖြင့် ရေနွေးကြမ်း အတော်များများသည် လင်မယား နှစ်ယောက်၏ ဝမ်းဗိုက်အတွင်းသို့ ရောက်ရှိသွားပြီး ဖြစ်နေတော့၏။

ထိုအခိုက် ဘုရားဝတ်ပြုပြီးဟန်ဖြင့် ဘိုးတော်ကြီးက ခေါင်း ပေါင်းဖြုတ်၍ မျက်နှာကို ခေါင်းပေါင်းစဖြင့် သုတ်ပြီးနောက် လှည့် လိုက်တော့သည်။

'ဟင်. . . ရှင်. . . ရှင်'

'အို. . . ခင်. . . ခင်ဗျား'

'ဟဲ. . . ဟဲ. . . ဟုတ်ပါတယ် သီလပါ၊ မင်းတို့နှစ်ယောက် ရဲ့ ယုတ်မာမှုကြောင့် ထောင်သုံးနှစ် ကျခံခဲ့ရပြီး အရှက်တကွဲ အကျိုး နည်းဖြစ်ခဲ့ရတဲ့ သီလလေ၊ ကိုယ်က သူများကို နိုင်တုန်းကတော့ တစ်မျိုးပေါ့၊ ခုတော့ မင်းတို့ အလှည့်ရောက်လာပြီ ဆိုရမယ်၊ အလှည့်ကျတော့ မခွဲ့စတမ်းပေါ့ကွာ၊ ဟဲ. . . ဟဲ'

'ကျွန်. . . ကျွန်တော်. . . တောင်းပန်ပါတယ်ဗျာ'

'ကျွန်မလဲ. . . တောင်း. . . တောင်းပန်'

'ဝုန်း'

'ဝုန်း'

'ဟား. . . ဟား. . . ဟား. . .'

www.burmeseclassic.com

www.burmeseclassic.com



ကိုဖေကြိုင်တို့ လင်မယားမှာ ရေနွေးကြမ်းအိုးထဲ၌ အဆိပ်ခပ်ထားသည့် ပြင်းထန်သော အဆိပ်ကြောင့် ချက်ချင်းပင် လဲကျသေဆုံးသွားတော့၏။

ဘုရားခန်းတံခါးမှာ အလိုလျောက် ပြန်စေ့သည့် တံခါးဖြစ်သောကြောင့် လုံနေလေရာ အတွင်းမှ အသံများကို အပြင်၌ ပန်းချီကားနှင့် ရုပ်တုများကို စိတ်ဝင်စားစွာ ကြည့်ရှုနေသည့် ဇော်ဝိတ်တစ်ယောက် လုံးဝမကြားမိခြင်း ဖြစ်လေ၏။

ဦးသီလသည် အလောင်းနှစ်လောင်းကို သဘောကျစွာ ကြည့်၍ လျှို့ဝှက်နေရာသို့ ဆွဲယူကာ ဖွက်ထားလိုက်တော့သည်။

သေသပ်ကျနစွာ ထားသိုပြီးလျှင် အပေါ်မှ သတင်းစာစက္ကူများနှင့် ကျကျနနအုပ်ဆိုင်းထားလိုက်ပြီးနောက် ကျေနပ်စွာ ခေါင်းညိတ်လျက် အခန်း၏ တစ်နေရာသို့ လျှောက်သွားလေ၏။

ပြီးလျှင် ချောင်းကြည့်ပေါက်မှ ကြည့်လိုက်ရာ ကိုဖေကြိုင်နှင့် မနွဲ့အေးတို့၏သားဖြစ်သူမှာ ပန်းချီကားနှင့် ပလာစတာရုပ်လုံးများကို စိတ်ဝင်စားစွာ ကြည့်ရှုနေသည်ကို တွေ့ရလေ၏။

ဦးသီလသည် ကျေနပ်စွာ ပြုံးရယ်၍ နံရံတွင် ချိတ်ဆွဲထားသည့် ပန်းပုထုသော တူကြီးကို ဆွဲယူလိုက်တော့၏။

ပြောမယုံ ကြုံမှသိ



◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

'အပြင်က သူယေ် . . . ဝင်ခဲ့တော့ဟေ့'

'ဟုတ် . . . ဟုတ်ကဲ့ခင်ဗျ'

အခန်းတွင်းမှ ခေါ်သံကြောင့် လန့်ဖျပ်သွားပြီးလျှင် ဇော်ဝိတ်မှာ အလန့်တကြားထူးလိုက်ပြီးနောက်၊ ဘုရားခန်းအတွင်းသို့ စိတ်ချလက်ချ ဝင်လာခဲ့သည်တွင် . . .

'ဒုတ်'

'အား'

လေးလံသော သစ်သားတူကြီး၏ ပြင်းထန်လှသည့် အရှိန်ကြောင့် ဇော်ဝိတ်မှာ တစ်ပတ်လည် ကျသွားပြီးနောက် ပန်းချီပန်းပုစွန့်ထားရာသို့ လိမ့်ဆင်းသွားလေ၏။

ထိုသို့ လိမ့်ဆင်းသွားရာတွင် တစ်စုံတစ်ရာနှင့် ငြိသွားသောကြောင့် အင်္ကျီမှာ စုတ်ပြဲ၍ ကြယ်သီးများ ပြုတ်ထွက်ကုန်ပြီးလျှင် ရင်ပတ်မှလည်း ဟင်းလင်းပွင့်လျက်သားရှိကာ ပက်လက်လန်ကာနေတော့၏။

ဦးသီလက ခမ့်မြောနေသော လူရွယ်အား တစ်ချက်ကြည့်လိုက်ပြီးလျှင် ခေါင်းညိတ်၍ . . .

'အင်း . . . ကျုပ်ပင်ခုတ် ကျုပ်ငုတ်မကျန်စေနဲ့တဲ့ကွ၊ မီးပွား

www.burmeseclassic.com



ဆိုတာ ထားရင် တစ်နေ့လောင်နိုင်တယ်၊ ဒီတော့. . . ဟဲ. . . ဟဲ'

ပြောပြောဆိုဆိုဖြင့် နံရံတွင် ချိတ်ဆွဲထားသော အသွားထက်လှသည့် ဆောက်ပြားကြီးတစ်လက်ကို ဆွဲယူလိုက်ပြီးလျှင် သတိလစ်မေ့မြော၍ လဲကျနေသည့် လူရွယ်အနီးသို့ တစ်လှမ်းချင်း လျှောက်လာခဲ့သည်။

ဘယ်လက်တွင် ဆောက်ကိုကိုင်၍ ညာလက်တွင် တူကြီးကို ကိုင်က ဦးသီလက လူရွယ်၏ဘေးတွင် ဒူးထောက်၍ ထိုင်ချလိုက်ပြီးနောက်. . .

လူရွယ်၏ ရင်ဝကို ဆောက်ကိုချိန်ရွယ်ကာ တူကြီးဖြင့် ထုမည်အပြုတွင် ၎င်း၏မျက်လုံးများ ပုစွန်မျက်လုံးများကဲ့သို့ ပြူးထွက်သွားတော့၏။

'ဟင်. . . ဇော်ဝိတ်. . . ဇော်ဝိတ်၊ ငါ့တူလေး. . . ငါ့တူလေး၊ ဟုတ်ပါတယ် ဇော်ဝိတ်ပါ၊ ဒီလို ကျပ်ဝိုင်းသုံးဝိုင်းစာ ရှိတဲ့ အမှတ်နီမျိုးက. . . ဇော်ဝိတ်မှာသာ ရှိတာပါ၊ အို. . . ဖြစ်မှဖြစ်ရလေ၊ ဆန်းကြယ်လှတဲ့ ကံတရားပါလား၊ ဘုရား. . . ဘုရား'

ဦးသီလသည် လက်ထဲမှဆောက်နှင့်တူကို အခန်းထောင့်ကို လွှင့်ပစ်လိုက်ပြီးနောက်၊ ရင်ဝတို့ လက်ဖြင့်ဖိ၍ ဘုရားတနေတော့၏.



ပြီးမှ ဇော်ဝိတ်၏ပုခုံးကိုဖက်၍ လှုပ်နှိုးတော့သည်။

'ဇော်ဝိတ်. . . ဇော်ဝိတ်၊ ငါ့တူ. . . တူလေး. . . ဇော်ဝိတ်'

ဦးသီလ၏ ရိုက်အားမှာ ပြင်းထန်သည်မှန်သော်လည်း သစ်သားတူဖြစ်သည်က တစ်ကြောင်း၊ တစ်ဖန် ဇော်ဝိတ်မှာ သိုင်းသမားတစ်ဦးပီပီ အခံအား ကောင်းသည်က တစ်ကြောင်း ထို့ကြောင့် မကြာမီမှာပင် သတိရလာတော့၏။

သတိရသည်နှင့် ဦးသီလကို တွန်းထုတ်လိုက်ကာ တိုက်စစ်ဆင်ရန် နေရာယူလိုက်တော့၏။ ထိုအခါ ဦးသီလမှာ အခန်းထောင့်ကို လွင့်စဉ်သွားလျက်. . .

'ဇော်ဝိတ် တူလေးမှားမယ်၊ ဦးလေးဟာ မင်းအဖေရဲ့ ညီအရင်းပါကွ၊ ဦးလေးဟာ မင်းကို လိုက်ရှာခဲ့တာ ကြာလှပါပြီ မင်းမှတ်မိတယ်မဟုတ်လား၊ ငယ်ငယ်က ဦးလေးနဲ့အတူ လျှောက်သွားကြတာလေ၊ ဦးလေးဟာ မင်းရဲ့ဦးလေး ဦးသီလတဲ့၊ ငယ်ငယ်က အကြောင်းတွေ ပြန်တွေးစမ်းပါ တူလေး'

"ဟင်. . . ဦးလေးဟာ ဦးသီလ ဟုတ်လား၊ ဒါဆို ကျွန်တော့ ဦးလေးပေါ့'

'အို. . . ဟုတ်ပြီ သတိရလာပြီ၊ မင်းနဲ့ဦးလေး ရေသွားချိုးရင်း လှေပေါ်မှာ တက်ဆော့တာလေ၊ ရေလယ်ကို မင်းမျောသွား

www.burmeseclassic.com

www.burmeseclassic.com



တာလေ၊ မှတ်မိပြီလား တူလေး'

ဇော်ဝိတ်မှာ မျက်စိမှိတ်၍ တွေးကြည့်ရာ ခုနှစ်နှစ်သား အရွယ်က အဖြစ်အပျက်များကို လုံးစေ့ပတ်စေ့ မဟုတ်သော်လည်း ဝိုးတဝါးမျှ ပြန်လည်မြင်ယောင်မိနေလေ၏။ ထို့ကြောင့် . . .

'ကျွန်တော် မှတ်မိပြီ ဦးလေး'

'အေး . . . အေး . . . ကောင်းတာပေါ့ကွယ်၊ ဦးလေးလဲ မင်းကို လုံးဝမမှတ်မိဘူးကွ၊ မင်းက ငယ်ရုပ်ပြောင်းပြီး ချောမောနေတာကိုး၊ မင်းရဲ့ရင်ဘတ်က ကျပ်ဝိုင်းသုံးဝိုင်းစာ အမှတ်နီကိုသာ မတွေ့ခဲ့ရင် အားလုံးမှားတော့မလို့ပဲ လူလေးရယ်'

'ဒါနဲ့ ကျွန်တော်ရဲ့ ဖေဖေနဲ့ မေမေရောဟင်'

'ဦးဖေကြိုင်နဲ့ ဒေါ်နွဲ့အေးတို့လား'

'ဟုတ်ပါတယ် ဦးလေး'

'ရှိပါတယ်၊ ကဲ . . . ဒါတွေထားဦး၊ မင်းခေါင်းက ဒဏ်ရာကို ဆေးထည့်ကြဦးစို့၊ ပြီးမှ ဦးလေး အကြောင်းစုံ ပြောမယ် မောင်ဇော်ဝိတ်'

ဦးသီလသည် ဘုရားစင်မှ ဆေးပုလင်းကိုယူ၍ မောင်ဇော်ဝိတ်ခေါင်းမှ ဒဏ်ရာကို သူကိုယ်တိုင် တယုတယ ဆေးထည့်ပေးလေ၏။



ဇော်ဝိတ်မှာကား မယုံကြည်နိုင်အောင် အံ့သြနေလျက် ခေါင်းမှဒဏ်ရာကိုပင် ဂရုမစိုက်နိုင်အောင် ဖြစ်နေရတော့၏။

ခေါင်းမှ ဒဏ်ရာကို ဆေးထည့်ပြီးသောအခါ ဦးသီလက . . .

'ကဲ . . . ဇော်ဝိတ် တူလေး၊ ဦးလေး ပြောပြမယ့် အကြောင်းအရာတွေကို ငါ့တူလေး သေသေချာချာ နားထောင်စမ်းကွာ၊ အဲဒီအခါကျမှ ဦးလေးအပေါ်မှာ နားလည်လာပါလိမ့်မယ်'

'ဟုတ်ကဲ့၊ ပြောပါဦးလေး'

ထိုအခါ ဦးသီလက ဇော်ဝိတ်တို့အိမ်သို့ မရောက်လာမီ ထောင်ကျခံရသောဘဝ ထောင်ကျရသောအမှု၊ ထောင်ကျအောင် လုပ်သူများ၊ ထောင်ကျအောင် ပြုမူဖန်တီးမှုများအား အစအဆုံး တစ်လုံးမကျန်အောင် ပြောဆိုပြလေတော့၏။

ဇော်ဝိတ်မှာလည်း မတရားသက်သက် အမှုဆင်မှုကြောင့် အပြစ်မဲ့သည့် ဦးသီလခမျာ မည်မျှခံစားရမည်ဖြစ်ကြောင်း သဘောပေါက် နားလည်မိပြီးလျှင် ကရုဏာသက်စွာ ကြည့်မိလေ၏။ ဦးသီလက . . .

'အဲဒါပါပဲကွာ၊ ဦးလေးဟာ သူတို့လင်မယားကို ဒီတစ်သက်မှာ မဖြစ်ဖြစ်တဲ့နည်းနဲ့ လက်စားချေမယ်လို့ ရည်ရွယ်ထားပြီးသား

www.burmeseclassic.com



ပါ၊ သို့ပေမယ့် ငါ့တူရဲ့ မွေးစား အဖေအမေလာဖြစ်ရတော့ ...
အတော်အံ့ဩမိတယ် ဇော်ဝိတ်ရာ'

'ဟင်. . . ဒီလိုဆို. . . သူတို့. .'

ဇော်ဝိတ်က စိုးရိမ်စွာဖြင့် စကားကို တစ်ဝက်တစ်ပျက် ...
ရပ်တန့်ထားလိုက်တော့၏။

'အေးကွာ. . . ငါ့တူသတ်မယ်ဆိုရင်လဲ ဦးလေး ပြုံးပြုံး ...
ခံဖို့ အသင့်ပါပဲ၊ ငါ့တူရဲ့ မွေးစားအဖေနဲ့အမေမှန်းသိရင် ဦးလေ ...
အစီအစဉ် ဖျက်လိုက်ပါတယ်၊ အခုတော့. . . အခုတော့. . .'

'အခုတော့. . . ဘာဖြစ်လဲ ဦးလေး'

'လက်လွန်သွားပြီ ငါ့တူ'

'ဟင်. . .'

ထိုအခါ ဦးသီလသည် ထိုင်ရာမှထ၍ ဖုံးအုပ်ထားသော ...
သတင်းစာစက္ကူများကို ဖယ်ရှားလိုက်ရာ ဦးဖေကြိုင်နှင့်ဒေါ်နွဲ့အေ ...
တို့၏ အလောင်းနှစ်လောင်းကို ဇော်ဝိတ်တစ်ယောက် တွေ့လိုက် ...
ရတော့၏။

'အို. . . ဖြစ်မှဖြစ်ရလေ ဖေဖေနဲ့မေမေ. . .'

'မသိလိုက်လို့ဖြစ်သွားရတာပါ လူလေးရယ်၊ မင်းကိုတော ...
အစဖျောက်ပစ်မလို့ပဲ၊ မင်းရှင်ဘတ်က ကျပ်ပိုင်းသုံးခန့် အမှတ် ...



လေးကို တွေ့ရမှ ငါ့တူလေးဇော်ဝိတ်ဆိုပြီး မသတ်တော့တာကွယ်'

ဇော်ဝိတ်မှာ အလောင်းနှစ်လောင်းကို ကြည့်၍ ငိုင်နေသည်။

သူ၏စိတ်အစဉ်၌ သူ့အပေါ် အထူးကောင်းမွန်ရှာသည့် မိဘနှစ်ပါး၊ သူ့အပေါ် အလွန်အားထားရှာသည့် မိဘနှစ်ပါး၊ သူ့အပေါ် အလွန်ချစ်ရှာကြသော မိဘနှစ်ပါးစသည့် အတိတ်မှ အရိပ်တို့ ပြန်လည်မြင်ယောင်လာမိသည်တွင် အံကို တင်းတင်းကြိတ်၍ မျက်စိကို မှိတ်လိုက်တော့၏။

သို့ရာတွင် ဦးလေး ဦးသီလဘက်မှကြည့်လျှင် လွန်စွာ မျှတ၍ မတရားမှုများကို မတရားမှုဖြင့် ပေးဆပ်လိုက်ခြင်းဖြစ်ကြောင်း၊ တစ်ဖန် မိမိ၏မွေးစားဖခင်နှင့် မိခင်ဖြစ်ကြောင်း မသိခဲ့ခြင်းနှင့် မိမိအားသတ်၍ ရပါလျက် မသတ်ဘဲ အားလုံးကို ရှင်းပြရခြင်းမှာ ရဲရင့်၍တည်ကြည်သည့်စိတ်ရှိသူတို့ လုပ်လေ့လုပ်ထရှိသည့် အပြုအမူဖြစ်ခြင်းတို့ကြောင့်. . .

လွန်လေပြီးသော အမှုအတွက် ပြည်ဖုံးကားချလိုက်ပြီးလျှင် မိမိဦးလေး၏ အပြစ်ကို သင်ပုန်းချေလျက် မိခင်ဖခင်အရင်းနှင့် ညီငယ်တို့အား တွေ့ဆုံလိုစိတ်များ ဖြစ်ပေါ်လာတော့၏။

ထို့ကြောင့်. . .

www.burmeseclassic.com

www.burmeseclassic.com



'ပြီးခဲ့တဲ့ ကိစ္စအတွက် ဘာလုပ်လို့ရတော့မှာလဲ ဦးလေး ရယ်၊ ဒါနဲ့ ဒီအလောင်းတွေကို ဘယ်လိုလုပ်မယ်လို့ ဦးလေး စီစဉ် ထားသလဲ'

'လွယ်ပါတယ် ဇော်ဝိတ်၊ အပြင်မှာစောင့်နေ၊ ပန်းချီကား ဝယ်မယ့် ဧည့်သည်တွေဝင်လာရင် မင်းက သင့်သလို တားဆီးထား ပါ၊ ဒီအလောင်းတွေကို ဦးလေးရှင်းလိုက်ပါမယ် ဟုတ်လား'

'ဟုတ်ကဲ့'

ဦးသီလက ပြုံး၍ ခေါင်းညိတ်လျက်. . .

'ဒီကိစ္စပြီးတော့မှ မင်းကို အစကနေ ပြောပြမယ်၊ ခုတော့ အပြင်မှာ ခဏသွားနေဦး'

'ဟုတ်ကဲ့ ဦးလေး'

ဇော်ဝိတ်မှာ စိတ်မသက်သာဖြင့် ဘုရားခန်းမှ ထွက်၍ စောစောက ငှင်းကြည့်နေခဲ့သည့် ပန်းချီပန်းပုကားချပ်နှင့် ရုပ်လုံး များထားရှိရာသို့ ထွက်လာခဲ့လေသည်။

ဇော်ဝိတ်မှာ ဝမ်းနည်းဝမ်းသာ ဖြစ်ရမည့် ကိစ္စများအတွက် တွေးတော၍ မဆုံးနိုင်အောင် ဖြစ်နေပြီးလျှင် ပန်းချီကားချပ်နှင့် ရုပ်လုံးများကို စိတ်မပါသော်လည်း အချိန်ကုန်ခံ ကြည့်ရှုနေမိတော့ ၏။



အချိန်အတော်လေးကြာသောအခါ ကြိမ်ခြင်းတောင်းတစ် ခုကို မနိုင့်တနိုင် ဆွဲယူလာသော ချောမောလှပသည့် မိန်းမပျိုတစ် ယောက်သည် ပန်းချီခန်းမအတွင်းသို့ ရုတ်တရက် ဝင်ရောက်လာ တော့၏။

ဇော်ဝိတ်မှာ ထိတ်ထိတ်ပျာပျာဖြစ်လျက် ကိုယ်ကာထား တာ. . .

'အို. . . သည်းခံပါခင်ဗျာ၊ ပန်းချီကားနဲ့ ရုပ်လုံးတွေကို ဒီနေ့ မရောင်းပါဘူး၊ ဆိုင်ပိတ်တယ်၊ မနက်ဖြန်မှ လာဝယ်ပါ'

ဟု ပြောလိုက်၏။

မိန်းမပျိုမှာ အံ့အားသင့်လျက်. . .

'အလို. . . ရှင်က ဘယ်သူလဲ၊ ဘယ်ကနေ ဘယ်ကိုရောက် လာတာလဲ'

ခါးထောက်လျက်မေးရာ. . .

'ဟိုဟ. . . ဟို. . . ကျွန်တော်က ဒီနေ့မှ ချက်ချင်းခန့်လိုက် တဲ့ ပန်းပုဆရာကြီး ဦးသီလရဲ့ မန်နေဂျာ အသစ်ပါခင်ဗျာ'

'ဟွန်း. . . လာလာချည်သေး၊ ဖေဖေက ဘာကိစ္စဖြစ်ဖြစ် ကျွန်မကို အသိပေးပြီးမှ လုပ်တာရှင့်၊ ဆံပင်တွေလဲ စုတ်ဖွားဖွား၊ အဝတ်အစားကလဲ ကပိုကယိုနဲ့၊ ဘယ်လမ်းပေါ်က လူကများ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအဖေ ဦးသီလရဲ့ မန်နေဂျာ လာဖြစ်နေရတာလဲ. . . ဟင်း'

'ဟိုက်. . .'

ဇော်ဝိတ်မှာ အံ့ဩလွန်းသဖြင့် ဘာပြောရမှန်းမသိတော့ဘဲ ငိုင်ကျသွားတော့သည်။

သူဇာနတ်နွယ် လှမျိုးကြွယ်ရယ်

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

'ဟော. . . သမီးတောင် ပြန်လာပြီလားကွယ့်'

ဦးသီလက ခန်းမအတွင်းသို့ လျှောက်ဝင်လာရင်း အေးအေးဆေးဆေးဖြင့် နှုတ်ဆက်လိုက်၏။

ဇော်ဝိတ်မှာလည်း ဦးသီလ ရောက်လာသောကြောင့်သာ အနေချောင်၍ အဖြေသက်သာခြင်းဖြစ်ကြောင်း သဘောပေါက်မိ၏။

မိန်းမပျိုမှာ ချောမောလှပသည်နှင့်အမျှ ပိုင်းစက်သော မျက်နက်ဝန်းများနှင့်အတူ အထူးခြားဆုံးမှာ အနည်းငယ် မြင့်မား၍ ဒူးကောက်ကွေးအထိ ဝဲကျနေသည့် နက်ပြောင်သော ဆံကေသာများ ပိုင်ရှင်ဖြစ်ပါပေ၏။

ထိုမျှ တဒင်္ဂအတွင်း မိန်းမပျို၏ ရှမ်းပုံလွှာသည် ဇော်ဝိတ်



အသည်းနှလုံး၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်လိုက်ပြီး ဖြစ်ပေတော့၏။

'ဟုတ်ကဲ့ ပြန်လာပါပြီ ဖေဖေ၊ ဒီလူက ဖေဖေခန့်လိုက်တဲ့ န်နေဂျာအသစ်လို့ ပြောနေတယ်၊ အဲဒါ ဟုတ်ကဲ့လားဟင်၊ မဟုတ် င်တော့ ဒီလို မဟုတ်တပုတ်တွေပြောတဲ့ ကလေကချေလူကို သမီး ာင်းထုတ်လိုက်မယ်'

ဟု ဒေါနှင့်မောနှင့် ပြောနေလေရာ ဦးသီလက ပြုံး တ်. . .

'မန်နေဂျာတင် ဘယ်ကမလဲကွယ်၊ သူ့ကိုမွေးစားလိုက်ပြီး ကွယ့်'

'ဟင်. . .'

ယခုတစ်ခါ ပြုံးလိုက်သည်က ဇော်ဝိတ်ဖြစ်၏။ ဤအခိုက် တန့်၌ ဇော်ဝိတ်ရင်ထဲတွင် စောစောက အဖြစ်များပင် မေ့ပျောက် းလေတော့၏။

'ဟုတ်တယ် သမီးရဲ့၊ အဲဒါ ဖေဖေ့အစ်ကိုကြီး ဦးထွန်းဝေ ဒေါ်မြသီတို့ရဲ့သားပေါ့၊ ကိုဇော်ဝိတ်တဲ့၊ သမီးနဲ့ မောင်နှမတော် ယ်လေကွယ်၊ ဒီတော့ သူက ဖေဖေ့သားမို့ မွေးစားရမှာပေါ့ တ်ဘူးလား၊ ဟား. . . ဟား. . . ဟား. . . လာကြလာကြ၊

www.burmeseclassic.com



ဘုရားခန်းထဲသွားကြရအောင်၊ အဲဒီကျမှ အကြောင်းစုံ ဖေဖေပြော ပြမယ် သားတို့သမီးတို့'

ဦးသီလက ဝေမွန်ရည်နှင့် ဇော်ဝိတ်တို့၏ လက်များကို တစ်ဘက်တစ်ချက်စီဆွဲ၍ စောစောက ထိုင်ခဲ့သည့် ဘုရားခန်းထဲသို့ ခေါ်လာခဲ့၏။

ထူးဆန်းသည်မှာ ဦးဖေကြိုင်နှင့်ဒေါ်နွဲ့အေးတို့၏ အလောင်းများ ပျောက်ကွယ်နေပြီးဖြစ်၍ အခန်းထောင့်၌မူကား ပလာစတာကိုင်ပြီးကာစ မခြောက်သေးသော ရုပ်တုနှစ်ခုကို ဇော်ဝိတ် တွေ့လိုက်ရခြင်းဖြစ်၏။

'ကဲ. . . ကဲ. . . ဖေဖေပြောပြမယ်၊ နားထောင်ကြ'

ဟု အစချီလျက်. . .

မောင်ဇော်ဝိတ်တို့ မိသားစုအိမ်သို့ ရောက်ရှိလာပုံ၊ အရက်သမားကြီး အဖြစ်ရှိပုံနှင့် ဇော်ဝိတ်အား အထူးခင်မင်တွယ်တာပုံ၊ တစ်ဖန် အရက်သောက်ရင်း တိုင်းချစ်ဆိုသူ လူတစ်ယောက်နှင့် သိကျွမ်းရာမှ အစ တစ်နေ့တွင် ရေချိုးကြရင်း ဇော်ဝိတ် ဒုက္ခရောက်ရပုံ၊ ထို့နောက် တိုင်းချစ်ရောက်လာ၍ ဓားနှင့်ထိုးပုံကအစ မကျော့မေနှင့် အိမ်ထောင်ကျပုံအထိ အစအဆုံးပြောပြလိုက်တော့၏။

ဦးသီလ၏ စကားဆုံးသောအခါ ဝေမွန်ရည်မှာ ဖခင်၏



အဖြစ်သနစ်ကို သနားသောကြောင့် တဟင့်ဟင့် ငိုနေလေ၏။

ဇော်ဝိတ်မှာလည်း အဖြစ်ဆိုးလှသော မိမိတို့တူဝရီး ဘဝကို တွေးမြင်မိကာ ကြီးစွာသော စိတ်မကောင်းခြင်း ဖြစ်မိပေတော့၏။

'ဒါနဲ့ အဖေနဲ့ ညီလေးဇော်ဝိတ်တို့ရဲ့ သတင်းကော ဘာရသလဲ၊ မီးလောင်လို့ မီးထဲပါသွားကြတယ်ဆို'

'မဟုတ်ရပါဘူး ငါ့တူရယ်၊ မအူပင်မြို့သားတစ်ယောက်နဲ့ ဒီရောက်ပြီး မကြာမီမှာတွေ့လို့ မေးကြည့်တော့မှ တိုင်းချစ်ဆိုတဲ့ ဓားပြက ပစ္စည်းတွေ ဓားပြတိုက်ပြီး မင်းအမေကိုသတ်၊ အဖေကို ဒုက္ခိတဖြစ်အောင် ရိုက်နှက်သွားတယ်တဲ့၊ နောက်မကြာခင်မှာ မင်းအဖေဆုံးသွားလို့ မောင်ဇော်ဟိတ်လည်း ဘယ်ထွက်သွားမှန်း ဘယ်သူကမှ မသိကြဘူးဆိုပဲ'

'ဟာ. . . ဒါဆိုရင် ကျွန်တော့်ညီလေး၊ ဇော်ဟိတ် ရှိသေးတယ်ပေါ့နော် ဦးလေး'

'ဟုတ်တာပေါ့ ငါ့တူရာ'

'တစ်နေ့နေ့တော့ ဘယ်နည်းနဲ့ဖြစ်ဖြစ် ပြန်တွေ့ရမှာပဲ ဦးလေး'

စိတ်အား ထက်သန်စွာ ပြောဆိုနေသော ဇော်ဝိတ်ကို ကြည့်၍ ဝေမွန်ရည်နှင့် ဦးသီလတို့ သားအဖမှာ အထူးပင် စိတ်မ

www.burmeseclassic.com



ကောင်း ဖြစ်မိကြတော့၏။

'ဩော် . . . စိတ်မကောင်းစရာပေမယ့် တစ်ခု ပြောရဦး မယ် သမီးရယ်'

'ဘာများပါလိမ့် ဖေဖေရ. . .'

'ဒီလိုပါကွယ်၊ ပြောလက်စနဲ့ အားလုံးပြောပြတော့မယ်၊ သမီးဟာ ဖေဖေရဲ့ သမီးအရင်းမဟုတ်ပါဘူး'

'ဟင် . . . ဘယ်လိုပြောလိုက်တာလဲ ဖေဖေရယ်'

'စိတ်မကောင်းမဖြစ်ပါနဲ့ သမီးရယ်၊ ဖေဖေမွေးတဲ့ သမီးရင်း ကိုတောင် ဟောဒီသမီးလေး ဝေမွန်ရည်လောက် ချစ်မိမှာ မဟုတ်ပါ ဘူး၊ သမီးက သမီးအမေ ပထမအိမ်ထောင်နဲ့ ရတဲ့ကလေးပါကွယ်'

'အို. . .'

'ဒီအကြောင်းကို ဖေဖေမပြောလဲဖြစ်ပါတယ်၊ ဘာကြောင့် ပြောရတယ်ဆိုတာ တစ်နေ့တော့ သမီးသဘောပေါက် နားလည်လာ ပါလိမ့်မယ်'

ဝေမွန်ရည်လေးမှာ စိတ်မကောင်းဖြစ်ကာ ငိုရှိုက်နေတော့ သည်။ ပြီးမှ. . .

'ဒီလိုဆိုရင် သမီးအဖေအရင်းက ဘယ်သူလဲဟင်'

'ဒါတော့ ဖေဖေ မသိဘူးကွယ်၊ သမီးကိုမွေးပြီး မကြာခင်



မှာပဲ သမီးအဖေဟာ သေဆုံးသွားတယ်လို့ သမီးအမေပြောခဲ့တာ ပဲလေ'

ဇော်ဝိတ်မှာ စိတ်မကောင်းဖြစ်နေသော ဝေမွန်ရည်လေး အား သနားမိသကဲ့သို့ ဦးလေးဖြစ်သူ၏ ဘဝအတွက် အထူးပင် အံ့သြနေမိတော့၏။

'ဦးလေး'

'ဟေး . . ဘာတုန်း ငါ့တူဇော်ဝိတ်'

'ပြီးတာတွေ ထားလိုက်ပါတော့၊ ညီမလေးအတွက်လဲ အစ်ကို စိတ်မကောင်းဖြစ်မိကြောင်း ပြေပါရစေ'

ဝေမွန်ရည်ကမူ မျက်ရည်ကျလျက်မှ လှပသော မျက်လုံး ကြီးများဖြင့် ဇော်ဝိတ်ကို စိုက်ကြည့်နေလေ၏။

'ဘာကို ပြောချင်တာလဲ ငါ့တူရဲ့'

'ဩော် . . . ကျွန်တော်တို့မှာ တာဝန်တွေ ကျန်သေးတာ ကို ပြောမလို့ပါ'

'ဘာတာဝန်များပါလိမ့်'

ဦးသီလနှင့် ဝေမွန်ရည်က ဘာမျှနားမလည်နိုင်သဲ ဇော်ဝိတ်ကြည့်နေကြ၏။ ဇော်ဝိတ်က. . .

'ဒီလိုလေ၊ အဖေနဲ့အမေအတွက် စားပြလုံး တိုင်းချစ်

www.burmeseclassic.com



ဆိုတဲ့လူကို လက်စားချေဖို့ တာဝန်ရှိသေးတယ် မဟုတ်လား ဦးလေးရဲ့'

'ဟေ. . . ဟုတ်ပေတာပေါ့၊ သိပ်ဟုတ်တာပေါ့ကွယ်'

'ဒီအတွက် ဘယ်လိုလုပ်ကြမလဲ၊ ဓားပြလူဆိုး တိုင်းချစ်က အခုဘယ်မှာရှိတယ်ဆိုတာ စုံစမ်းလို့ လွယ်ပါ့မလား၊ ဦးလေးရဲ့'

'ဟား. . . ဟား. . . ဟား. . . မပူပါနဲ့ ငါ့တူရယ်၊ ဦးလေးမှာ အစီအစဉ်တွေ ရှိပါတယ်၊ ဖြစ်ရမှာပေါ့၊ ကဲ. . . ကဲ. . . သမီး စားဖို့သောက်ဖို့ သွားလုပ်ချေ၊ ဒီမှာ ဖေဖေနဲ့ သမီးအစ်ကို ဆွေးနွေး လိုက်ဦးမယ်'

'ဟုတ်ကဲ့ ဖေဖေ'

ဝေမွန်ရည် ထွက်ခွာသွားသောအခါ ဦးသီလနှင့် ဇော်ဝိတ်တို့သည် နှစ်ဦးသား အစီအစဉ်များကို တိုင်ပင်ဆွေးနွေး၍ သဘောတူညီမှုကို ရယူလိုက်တော့၏။

ကတုံးပေါ် ထိပ်ကွက်၊ အဖြူပေါ် အမည်းစက်တစ်ဝက်

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ငမိုးရိပ်ချောင်းနှင့် မနီးမဝေးတွင်ရှိနေသည့် အိမ်ပျက်ကြီး တစ်ခုတွင် လူတစ်စုသည် တီးတိုးတိုင်ပင်လျက် ရှိလေ၏။ ခေါင်း



ဆောင်လုပ်သူ အမာရွတ်နှင့်လူမှာ အထူးစိတ်ဆိုးလျက်. . .

'ဘာကွ. . . သာကျော်နဲ့ ထူးအံ့သေဆုံးသွားပြီ၊ အောင်ချစ်နဲ့ ဉာဏ်ရင်၊ ကျော်လေးတို့ ပုလိပ်အဖွဲ့ အဖမ်းခံရတယ် ဟုတ်လား၊ လုံးဝကို ယုံကြည်စရာမရှိဘူးကွာ. . . တောက်'

ထိုအခါ ဂိုဏ်းချုပ်၏ လက်ထောက်ဖြစ်သူ မဲလုံးက. . .

'ဟုတ်တယ်. . . ကိုတိုင်းချစ်၊ ကျွန်တော်တို့ရိုးမကျားအဖွဲ့ဟာ ဆရာကိုတိုင်းချစ် ခေါင်းဆောင်လုပ်ကတည်းက အပွဲပွဲ အဆင်ပြေလာခဲ့တာမှာ. . . လွန်ခဲ့တဲ့ သုံးနှစ်လောက်ကမှစပြီး လုပ်သမျှ ဆုံးရှုံးမှုနဲ့ချည်း ရင်ဆိုင်နေရတယ်၊ အခုဆိုရင် အဖွဲ့ထဲမှာ လူများများ မကျန်တော့ဘူး၊ အလွန်ဆုံးရှိမှ ဆယ်ယောက်လောက်ပဲ ရှိတော့မယ်'

'ဟေ့. . . ဟုတ်တယ်၊ မဲလုံးပြောတာ သိပ်ဟုတ်တယ်၊ ဒီကိစ္စ ဖြစ်လာတာ လွန်ခဲ့တဲ့ သုံးလေးနှစ်ကတည်းကပဲ၊ တို့ဝင်စီးမယ် ကြံတိုင်း ပုလိပ်ဖက်က အမြဲသတင်းရနေတတ်တယ်၊ ဒါမှမဟုတ်ရင် လဲ တို့ဂိုဏ်းသားတစ်ချို့ဟာ ဟိုလိုလိုသည်လိုလိုနဲ့ မရေမရာ သေဆုံးနေတတ်ကြတယ်'

ဂုဏ်းခေါင်းဆောင် ကိုတိုင်းချစ်က ကျန်လူများကို စူးရှသော မျက်လုံးများဖြင့် ဝေ့ကြည့်လိုက်ပြီးနောက်. . .

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ဘာဖြစ်လို့ ဖြစ်နေရတာလဲလို့ ဆင်ခြင်ကြည့်တဲ့ အခါမှာ တို့ဂိုဏ်းထဲမှာ သစ္စာဖောက် တစ်ယောက်ရှိနေပြီဆိုတာ မပြောဘဲနဲ့ သဘောပေါက်စရာပေါ့'

ကျန်လူဆိုးရှစ်ယောက်မှာ တုန်တုန်ရီရီ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတော့၏။ ခေါင်းဆောင်က. . .

'အေးလေ. . . ကိစ္စမရှိပါဘူး၊ သိပ်မကြာခင်မှာ ဘယ်သူဟာ သစ္စာဖောက်ဆိုတာ သေသေချာချာ သိရတော့မှာပေါ့၊ အဲဒီအခါကျရင် တိုင်းချစ်က ကောင်းကောင်းကြီး အရေခွံနွှာပြရမှာပေါ့လေ၊ ဟား. . . ဟား. . .'

'ဟဲ. . . ဟဲ. . . ဟဲ'

လက်ထောက်ခေါင်းဆောင် မဲလုံးတလည်း ရောယောင်ရယ်၏။

'ကဲဟေ့. . . ဒီည ချစ်တီးတိုက်ကို ဓားပြတိုက်မယ့် အစီအစဉ်ကို အနီးကပ်ကျမှ ငါ ညွှန်ကြားမယ်၊ ဒီည ခြောက်နာရီမှာ စုရပ်ကို အရောက်လာကြ၊ လူစုခွဲပြီး မင်းတို့ သွားလိုရာ သွားနိုင်ပြီ'

'ဟုတ်. . . ဟုတ်ကဲ့'

'ဟုတ်ကဲ့. . . ခင်ဗျ'

လူဆိုးများသည် ထိုသို့ပြောပြီးနောက် တစ်ယောက်စ နှစ်



ယောက်စ ထိုနေရာမှ ပျောက်ကွယ်သွားကြတော့၏။

လက်ထောက်ဖြစ်သူ မဲလုံးနှင့် ခေါင်းဆောင် တိုးချစ်တို့ နှစ်တည်းသာ ကျန်ရစ်စဉ်တွင် တိုင်းချစ်က. . .

'ကျန်တဲ့ တို့ လူရှစ်ယောက်ထဲမှာ သစ္စာဖောက်တော့ ကိန်းသေပါမှာ သေချာတယ် မဲလုံး'

'မှန်တာပေါ့ ဆရာ'

'မင်းဟာ ငါ့ရဲ့ သစ္စာရှိ တပည့်တစ်ယောက် ဖြစ်တာကိုတော့ ငါအသိဆုံးပါကွာ'

မဲလုံးက ခေါင်းညိတ်လျက်. . .

'စိတ်ချပါဆရာ. . . မအူပင်မှာကတည်းက ဆရာ ခိုင်းသမျှ ကျွန်တော် တိကျစွာ ဆောင်ရွက်ခဲ့တာ ဆရာအသိပါ'

တိုင်းချစ်က ကျေနပ်စွာပြုံးလျက်. . .

'မှန်ပါတယ်. . . ငါသိပါတယ်၊ ဒီအတွက် မင်းကို တစ်သက်တာ အဆင်ပြေအောင် ငါ ထောက်ပံ့ပါ့မယ်'

'ဗျာ'

မဲလုံးမှာ မထင်မှတ်သောစကားကြောင့် အံ့အားသင့်သွားစဉ်အခိုက် တိုင်းချစ်က အနီးသို့ တိုးကပ်၍. . .

'ဟေ့ကောင်. . . ဟို. . . ကျွဲတန်း ကျေးရွာက ကျော့မေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အမျိုးသမီးနဲ့ ငါရလို့ သမီးလေးတစ်ယောက် မွေးခဲ့တာ မင်း သိတယ် မဟုတ်လား'

'သိတယ်လေ. . . သိလို့ပဲ တစ်ခါက ဆရာခိုင်းလို့ ရုပ်ဖျက်ပြီး ကျွဲတန်းရွာကို သွားစုံစမ်းပေးရသေးတာပဲ၊ သူတို့ဟာ လူတစ်ယောက်နဲ့ ရွာက ရုတ်တရက် ပျောက်သွားတာရယ်၊ ခေါ်သွားတဲ့ လူဟာ ဒဏ်ရာရလို့ ရွာကိုဧည့်သည်အဖြစ် ရောက်လာခဲ့တဲ့ လူတစ်ယောက် ဖြစ်ကြောင်းလဲ သိခဲ့ရတယ်လေ'

'အေး. . . ဟုတ်ပါတယ်၊ ငါ ပြောချင်တာက သမီးလေးဟာ တစ်နေရာမှာတော့ အသေအချာ ရှိနေလိမ့်မယ်. . . မဲလုံးရေ'

'မှန်ပါတယ် ခင်ဗျာ'

'အေး. . . ငါ့သမီးအတွက် ရည်ရွယ်ပြီး. . . ဟို မအူပင်မြို့ ဆန်ပွဲစား ဦးထွန်းဝေတို့အိမ်က ဓားပြတိုက်လို့ ရလာတဲ့ ရတနာသေတ္တာအနီလေးကို ငါသိမ်းထားခဲ့တာ. . . မင်းလဲ သိသားပဲ မဟုတ်လား'

'သိပါတယ်ဆရာ၊ အဲဒီပစ္စည်းတွေကို ဆရာ့သမီးလေး အတွက်ရည်ရွယ်ထားတာမို့ ဝေစုမခွဲကြဖို့နဲ့. . . ကျန်တဲ့ကိစ္စတွေမှာ ဆရာက ကျွန်တော့်ကို ဝေစုများများ ခွဲပေးတဲ့အတွက် ကျွန်တော် တို့ ကျေနပ်ပြီးသားပါ'



ခေါင်းဆောင်ဖြစ်သူ တိုင်းချစ်က. . .

'အေးကွာ. . . ဒီမှာ မဲလုံး. . . မနက်ဖြန်မှာ မင်းရဲ့ ဝေစုတွေကို ယူပြီး တစ်နေရာကို ရှောင်သွား၊ ပြီးတော့. . . နည်းနည်း ပါးပါးရုပ်ဖျက်ပြီး ငါပြောတဲ့ လိပ်စာအတိုင်း သွားရင် စတီးဘာရား သား အဝယ်တော်ဖြစ်လိမ့်မယ်၊ အဲဒီပုဂ္ဂိုလ်ကြီးက ငါ့ကျေးဇူးမကင်း ဘူးကွ၊ နောက်တော့ မင်းဘဝကို မြင့်အောင် ကြိုးစားပေါ့ကွာ၊ သား မယား ယူချင်လဲ ယူနိုင်တယ်'

မဲလုံးက စိတ်မကောင်းစွာဖြင့်. . .

'ဒီလိုဆို. . . ဆရာကရော. . . ဟင်'

'ငါ့အတွက် မပူနဲ့ မဲလုံး၊ ငါက သမီး ရှာပုံတော် ဖွင့်လိုက် ဦးမယ်၊ အရေးကြီးတာက သမီးအတွက်ရည်ရွယ်ထားတဲ့ ရတနာ သေတ္တာလေးကို မင်းအနေနဲ့ အသက်ထက်ဆုံး လုံခြုံအောင် ထိန်း သိမ်းထားပေးပါ'

'ဖြစ်ပါတယ် ဆရာ'

'ငါ့သမီးကိုပတွေ့လို့ အဆင်ပြေတဲ့နေ့မှာ ငါလာယူမယ်၊ ဟုတ်လား မဲလုံး'

'စိတ်ချပါဆရာ'

ထို့နောက် ဆရာတပည့်နှစ်ဦးသည် ယခုညတွင် စီးနင်း

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်မည့် ချစ်တီးယား၏တိုက်ကိစ္စကို အသေးစိတ်တိုင်ပင် ဆွေး နွေးပြီးနောက် တစ်ရေးတစ်မော အိပ်ကြလေတော့၏။

ထိုညတွင် ည ဆယ်နာရီခန့်၌ ကန်တော်ကြီးအနီး မှော် ရိပ်တွင် လူဆယ်ယောက် စုဝေးမိကြ၏။

ပုင်းတို့သည် လက်နက်မျိုးစုံကိုင်စွဲ၍ မအူကုန်းရှိ ချစ်တီး ယား၏တိုက်ကို ဓားပြတိုက်ရန် အစီအစဉ်အရ စုဝေးရောက်ရှိလာ ကြခြင်း ဖြစ်သည်။

'ကဲ. . . အစီအစဉ်အတိုင်း စံမြင့်နဲ့သုံးဦးက တိုက်နောက် ဘက်မှာ နေရာယူထား၊ မြလွင်နဲ့ သုံးယောက်က အိမ်ရှေ့မှာ သစ်ပင်တွေကွယ်ပြီး နေရာယူ၊ သွားကြ၊ ပြီးတော့မှ မဲလုံးနဲ့ ငါက အိမ်ရှေ့ပေါက်က ခပ်တည်တည်ဝင်မယ်'

'ဟုတ်ကဲ့ဆရာ'

'ဟုတ်ကဲ့'

လေးယောက်အဖွဲ့ နှစ်ဖွဲ့သည် မှောင်ရိပ်မှ တစ်ဒင်္ဂအတွင်း ပျောက်ကွယ်သွားတော့သည်။ တိုင်းချစ်က. . .

'ဟား. . . ဟား. . . ဟား. . . တိုင်းချစ်ကို သစ္စာဖောက် တဲ့ကောင်တွေ တွေ့ကြရမှာပေါ့ကွာ'

ဟု ရယ်မော၏။



'ဆရာ. . . ကျွန်တော်တို့ သွားကြမလား'

'သွားမှာပေါ့ မဲလုံး'

'ဟိုကောင်တွေ စောင့်နေပြီ'

'ဟေ့ကောင် တို့သွားမှာက ကိုယ့်နေရာကိုယ် ပြန်ဖို့ကွ၊ . . .းလည်လား'

'ဗျာ'

'မဗျာနဲ့၊ လာ. . . သွားကြမယ်၊ ခဏကြာရင် ပစ်ခတ်သံ . . .တွေ ကြားရတော့မယ်'

ငင်းတို့နှစ်ဦး ခပ်လှမ်းလှမ်းသို့ ရောက်သောက်အခါ ခေါင်း . . .ဆောင်တိုင်းချစ်ပြောသည့်အတိုင်းပင် ချစ်တီးယား၏ တိုက်ဘက်မှ . . .ညံသော သေနတ်သံများကို ကြားရတော့၏။

'ဘယ်လိုဖြစ်တာလဲ ဆရာ'

ဟု မဲလုံးက မေး၏။

'ဘယ်လိုဖြစ်ရမှာလဲကွ၊ ငါကြိုတင်ပြီး ပုလိပ်ဘက်ကို အကြောင်းကြားထားလို့ ဒီကောင်တွေကို ပုလိပ်တွေက လေးဘက် . . .းတန် ပိတ်ဖမ်းနေတာပေါ့ကွ'

'အိုး. . . ဒီလိုကိုး'

'လုပ်ချင်လို့တော့ မဟုတ်ဘူး မဲလုံး၊ ဒီကောင် ရှစ်ယောက်

www.burmeseclassic.com



ထဲမှာ သစ္စာဖောက်တွေပါတာ မင်းလဲ အသိပဲလေ၊ ဒီလို မလုပ်ရင် ဖြစ်မှမဖြစ်တာပဲ'

'စိတ်တော့မကောင်းစရာပဲ ဆရာ'

'ကိစ္စမရှိပါဘူးကွာ၊ ငါ့မှာ သစ္စာရှိတပည့်တပန်းတွေ ရှိ တယ်၊ မကြာခင် ရိုးမကျားဆိုတဲ့ ဓားပြဂိုဏ်းကြီးကို ပြန်ပြီး တည် ထောင်ရမှာပေါ့၊ မင်းသာ မနက်ဖြန်မှာ ငါ ပြောတဲ့အတိုင်း လုပ် မမေ့နဲ့မဲလုံး'

မဲလုံးက ရိုကျိုးစွာဖြင့်. . .

'ဟုတ်. . . ဟုတ်ကဲ့. . . စိတ်ချပါဆရာ၊ ဆရာပြော အတိုင်း တစ်သွေမတိမ်း ဆောင်ရွက်ပါ့မယ်'

'အေး. . . အေး. . . သေနတ်သံတွေ ခုထိ ကြားနေရသေး တယ်ကွာ၊ နားထောင်စမ်း'

'အင်း. . . ဒီကောင်တွေ ပုရွက်အုံကို တုတ်နဲ့ထိုးမိတာက တော်ဦးမယ်ဆရာ၊ ပုလိပ်တွေက သူတို့ကို လုံးဝညှာမှာ မဟုတ် ဘူးနော်'

'ဟား. . . ဟား. . . ဒီတော့လဲ သူတို့ထိုက်နဲ့ သူတို့ကံ ဆိုရတော့မှာပေါ့ကွာ၊ လာ. . . သွားကြစို့'

ထို့နောက် ဆရာတပည့်နှစ်ဦးသည် ပုဇွန်တောင် ချော



အနီး၌ အသင့်ဝှက်ထားသော လှေတစ်စီးကို ဆွဲယူလျက် ငမိုးရိပ် ချောင်းအတိုင်း စုံဆင်းပြီးလျှင် ငမိုးရိပ်တံတားကြီးဆီသို့ ဦးတည် လိုက်လေတော့၏။

မြားတစ်ချောင်း စာတစ်ရွက်

ရိုးမကျား တိုင်းချစ်သည် ဓားပြဂိုဏ်း သစ်များကို စုစည်း၍ လျှို့ဝှက်စွာ ပြန်လည်ဖွဲ့စည်းပြီးလျှင် ယခင်အတိုင်း ပြန်လည်လှုပ် ရှားပြန်တော့သည်။

လုပ်ဆောင်သမျှ အဆင်ပြေ၍ ချောမောလှပေ၏။ အဘယ် ကြောင့်ဆိုသော် ယခုအခါ၌ ၎င်းတွင်ရှိနေသည့် တပည့်များမှာ အသေအချာ စီစစ်၍ ရွေးချယ်ထားသော သစ္စာရှိတပည့်များ ဖြစ် နေခြင်းကြောင့်ပင်။

မဲလုံးမှာမူ တိုင်းချစ်ညွှန်ကြားသည့်အတိုင်း ဆောင်ရွက် သဖြင့် ယခုအခါတွင် စတီးဘရားသား အဝယ်ကိုယ်စားလှယ် ဦး ကျော်ခေါင်အဖြစ် တင့်တင့်တယ်တယ် ရှိနေချေပြီတည်း။

ထို့ကြောင့်လည်း သူ၏သမီးအတွက် ရည်ရွယ်ထားသော ရတနာသေတ္တာလေးကို ဦးကျော်ခေါင်ထံ အပ်နှံထားလေသည်။

ဦးကျော်ခေါင် ခေါ် မဲလုံးကလည်း သစ္စာရှိစွာဖြင့် သူ၏

www.burmeseclassic.com

www.burmeseclassic.com



ဆရာ အပ်နှံထားသော ရတနာများကို ၎င်းကိုယ်တိုင် အမှတ်တရ ထားရှိသည့် ကျားခေါင်းပုံ ပလာစတာရုပ်လုံး အခေါင်းထဲ၌ လုံခြုံစွာ သို့ဝှက်ထားပြီးလျှင် ၎င်းအလှူထားသည့် စန္ဒယားကြီးပေါ်၌ မသိမသာထင်ထားလေတော့၏။

မျှားမကြာမီပင် ရိုးမကျားတိုင်းချစ်၏ ခွင့်ပြုချက်အရ သေဆုံးသွားသော အိုင်စီအက်စ်တစ်ယောက်၏ ဇနီး ကလေးတစ်ယောက်အမေ(တစ်ခုလပ်)ဒေါ်ထားအိနှင့် လပ်ထပ်လိုက်တော့၏။

ရိုးမကျားတိုင်းချစ်သည် တပည့်များကို နိုင်နင်းစွာ စီစဉ်ညွှန်ကြား၍သာ နေလေ၏။ စတီးဘရားသားအဝယ်ကိုယ်စားလှယ်လုပ်ငန်းများကို လုပ်ကိုင်နေသည့် ဦးကျော်ခေါင်မှာ အပေါင်းအသင်းဝင်ဆန့်လျက်ရှိသောကြောင့် ၎င်း၏သမီးလေးသတင်းအား ဆက်လက်စုံစမ်းရန် တာဝန်ပေးထားလေသည်။

ဦးကျော်ခေါင်ခေါ် မဲလှုံးကလည်း တာဝန်ယူ စုံစမ်းပေးမည်ဖြစ်ကြောင်း ကတိပြုရှာလေသည်။

တစ်နေ့သ၌ ရိုးမကျားတိုင်းချစ်သည် အရေးကြီးသော ကိစ္စတစ်ခုဖြင့် တောလမ်းတစ်ခုမှ မြင်းစီး၍လာခဲ့ရာ အတန်ကြာဝယ် အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ ခေတ္တနားနေစဉ်. . .



'ရှီး. . .'

'ဒေါက်. . .'

'ဟာ. . .'

သစ်ပင်ကြီး၌ စိုက်ဝင်နေသော တုန်ခါနေသည့် မြားတံတစ်ချောင်းနှင့်အတူ မြားတံ၏နောက်၌ လိပ်ထားသည့် စက္ကူလိပ်အလေးကိုလည်း တွေ့မြင်ရသဖြင့် ဆွဲဖြုတ်၍ ဖြန့်ကာ ဖတ်ကြည့်ရာ အောက်ပါအတိုင်း ရေးထားလေ၏။

တိုင်းချစ်. . .

မင်းသတ်ပေးမယ့် ငါမသေပါဘူး၊ ဒါတွေ ထားလိုက်ပါ၊ အာဃာတတွေ ချေလိုက်စို့၊ အရေးကြီးတာက မင်းရဲ့ သမီးကို တွေ့ချင်ရင် အောက်မှာရေးထားတဲ့ လိပ်စာအတိုင်း မင်းတစ်ယောက်တည်း လာခဲ့ပါ၊ တစ်ယောက်ထက်ပိုရင်တော့ ငါလဲ တာဝန်မယူနိုင်ဘူး။

သိလ
မိုးနတ်မယ်

ဝန်းချိုပန်းပုအရောင်းဆိုင်၊ ကျောက်မြောင်းဈေးအနီး၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်. . . သီလ. . . သီလ. . . ဟုတ်ဖြို၊ သတိရပြီ၊ မအူပင်မြို့မှာ ငါ့ဓားနဲ့ထိုးပြီး သတ်ခဲ့တဲ့ သူငယ်ချင်းပဲ၊ အင်း. . . ဒင်းအသက်က မြင်းလှချည်လား၊ ဘယ်လိုကြောင့် အသက်ရှင်ရတာပါလိမ့်'

ရိုးမကျားတိုင်းချစ်သည် အတိတ်ကို ပြန်လည်မြင်ယောင်မိကာ သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက် ရေဗူးထဲမှ ရေကို မော့သောက်လိုက်ပြီးလျှင် ချည်နှောင်ထားသော မြင်းအားဖြုတ်လျက် ဆက်လက်၍ ခရီးထွက်ခဲ့တော့၏။

ပျောက်ဆုံးနေသော သမီးငယ်သည် မည်သည့်အရပ်သို့ ရောက်၍ မည်သည့်အရွယ် ဖြစ်နေပြီနည်း။

အဘယ်ကြောင့် သူသတ်ခဲ့သော သီလနှင့် တစ်နည်းအားဖြင့် ဆက်စပ်ပတ်သက်နေသနည်း။

ဇနီးဖြစ်သူ မကျော့မေတစ်ယောက်လည်း အသက်ရှင်လျက် ရှိပါသေး၏လော။

ဤသို့ အတွေးပေါင်းစုံတွေးရင်း မြင်းကို အသော့နှင်လာခဲ့ရာ မကြာမီ ၎င်းစခန်းချလျက်ရှိသည့် လှည်းကူးမြို့အမိုင် ရွာတစ်ရွာအနီးရှိ တဲကြီးတစ်လုံးသို့ ရောက်လာခဲ့တော့၏။

တပည့်များက စမ်းမြောက်ဝမ်းသာ ကြိုဆိုကြ၍ မြင်းကို



ဆွဲယူ၍ ရေတိုက်သူကတိုက်၊ အစာကျွေးသူကကျွေးနှင့် အလုပ်ရှုပ်နေသကဲ့သို့. . .

ခေါင်းဆောင်ဖြစ်သူ တိုင်းချစ် အမောပြေစားသောက်ရန်အတွက် ထန်းရည်မြူအိုးသုံးအိုးအပြင်၊ ကြက်ကြော်၊ ကြွက်ကြော်များကိုလည်း လိုလေသေးမရှိ စီစဉ်ပေးကြလေ၏။

ခေတ္တမျှအကြာတွင် ခေါင်းဆောင်တိုင်းချစ်က သူ၏လက်ရွေးစင် ဗလကြီးသုံးယောက်အား ခေါ်ယူ၍ အထူးအစီအစဉ်တစ်ခုတွင် ပါဝင်ကြရန်နှင့် လိုအပ်သော အသေးစိတ် အစီအစဉ်များကို ပြောပြလေတော့သည်။

ထို့နောက် တခြားအစီအစဉ်များကို ဆက်လက် တိုင်ပင်ဆွေးနွေးကြပြီးလျှင် မှုးမူးနှင့် တစ်ရေးတစ်မော အိပ်စက်ကြလေ၏။

တိုင်းချစ်၏ အိပ်မက်ထဲ၌ သမီးလေးနှင့် တွေ့ရသည်တွင် ပင် မက်နေမိလေတော့၏။

စုဝေးမိကြခြင်း၏အဖြစ်

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

'ဘယ့်နှယ်လဲ. . . အဆင်ပြေရဲ့လား ငါ့တူ'

'ဦးလေး ပြောတဲ့အတိုင်း ဦးလေးမိတ်ဆွေရဲ့ အိမ်မှာ တည်း

www.burmeseclassic.com

www.burmeseclassic.com



ခို့နေထိုင်စဉ် အိမ်ရှင် ဦးတက်ပြားက စုံစမ်းပေးတာနဲ့ ရိုးမကျား တိုင်းချစ်အလာကိုစောင့်ပြီး လမ်းကနေ မြားနဲ့စာကို ပစ်ပေးလိုက်တာပါ'

ဦးသီလက သဘောကျစွာ ခေါင်းညိတ်နေ၏။ ပြီးမှ. . .

'ဒီကောင့်ကိုတွေ့တော့ ငါ့တူ ဘယ်နှယ်နေသလဲ'

'ဟာ. . . မပြောပါနဲ့တော့ ဦးလေးရာ၊ ချက်ချင်းပဲ ဓင်ရောက်တိုက်ခိုက်ပြီး သတ်ပြစ်မိမလို့ဟာ၊ ပြီးမှ ဦးလေးပြောတာ နားထဲပြန်ဝင်လာပြီး လက်လျှော့လိုက်ရတော့တယ်လေ'

ထူတော်မောင် ဇော်ဝိတ်အား သဘောကျစွာ ကြည့်လိုက်ပြီးနောက်. . .

'ဦးလေးပြောသားပဲ၊ တို့ ညီအစ်ကိုမောင်နှမတွေရဲ့ သွေးကြွေးကို လွယ်လွယ်လေး မဆပ်လိုက်ပါနဲ့လို့၊ ဒီကောင့်ကို ဦးလေးကိုယ်တိုင် ပြောပြပြီးမှ သူ့မိုက်ကြွေးကို ပေးဆပ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့. . . ဦးလေးကို သူကိုယ်တိုင် သတ်ခဲ့တာပဲ မဟုတ်လား ငါ့တူ'

'ဟုတ်ပါတယ် ဦးလေး'

'ဩော်. . . မောင်ဇော်ဝိတ်ရေ၊ မင်းညီမတော့ မြို့ထဲမှာ အကြွေးတွေ သွားတောင်းနေတယ်၊ တို့တူဝရီးနှစ်ယောက်စာ ထမင်း



စားကြဖို့ လုပ်ကြစို့၊ ဩော်. . . ဒါနဲ့ မင်းကိစ္စတွေရော ဘယ်လိုစီစဉ်ထားသလဲကွ၊ ဆိုစမ်းပါဦး'

ထိုအခါ ဇော်ဝိတ်က သက်ပြင်းချလျက်. . .

'ဦးလေးပဲ စဉ်းစားကြည့်ပါ၊ ကျွန်တော်ရဲ့ မွေးစားဖခင်နဲ့ မိခင်ဟာ ဘုရင်ခံချုပ်ကိုယ်တိုင် ရာထူးတက်ပေးမည့်ဆဲဆဲ အစိုးရအရာရှိတွေဖြစ်ပြီး ဖြုတ်ခနဲ ပျောက်ကွယ်သွားတယ်ဆိုရင် ကျွန်တော့်ကိုရော ကျွန်တော်နဲ့ ပတ်သက်တဲ့ ဦးလေးကိုရော မသင်္ကာဖြစ်ပြီး စစ်ဆေးကြည့်မှာ အမှန်ပဲ၊ ဒီအခါမှာ အမှုဟာ ဘူးပေါ်သလိုပေါ်သွားမှာပဲ'

'အင်း. . . ငါ့တူပြောတာလဲ ဟုတ်ပါတယ်လေ၊ နို့ မိတ္ထီလာမြို့မှာ ကျန်ရစ်တဲ့ အိမ်နဲ့ပစ္စည်းတွေရော ဘယ်လိုလုပ်မလဲ မောင်ဇော်ဝိတ်'

'ဘာလုပ်စရာလိုလဲ ဦးလေး၊ ဒီအတိုင်းထားရုံပေါ့၊ အရေးကြီးတာက ကျွန်တော့်ကိုယ်ကို သူတို့ရဲ့သား ဇော်ဝိတ်အဖြစ် မသိရအောင် ရုပ်ဖျက်ပြီး နေထိုင်ဖို့ လိုလိမ့်မယ်လို့ ယူဆမိတယ်'

ဦးသီလက ဝမ်းမြောက်ဝမ်းသာဖြင့်. . .

'ဟဲ. . . ဟုတ်လှချည်လား ငါ့တူ၊ ငါ့တူက သိပ်ပြီး စိတ်ကူးကောင်းပေတာပဲ ဒါမှ. . . မြို့အုပ် ဦးဖေကြိုင်တို့ မိသားစု သုံးဦးဟာ

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးက ထူးဆန်းစွာ ရုတ်တရက် ပျောက်ဆုံးသွားတယ်လို့ ယူဆကြမယ် မဟုတ်လား'

ဇော်ဝိတ်က ဦးခေါင်းညိတ်လျက်. . .

'မှန်တာပေါ့ ဦးလေး၊ ကြာရင်ကော့ ဒီကိစ္စတွေကို လူတွေအားလုံး မေ့ပျောက်သွားမှာ အမှန်ပဲ၊ အဲဒီအခါကျမှ နဂိုရှိအတိုင်း ပြန်နေကြတာပေါ့'

'ကောင်းတယ် ငါ့တူ၊ ဩော်. . . ဒါနဲ့ ငါ့တူကို ပြောရဦးမယ်၊ မင်း. . . ဝေရည်မွန်ကို သဘောမကျဘူးလား'

'ဟင်. . . ဦးလေး၊ ဘာပြောတာလဲ'

ဇော်ဝိတ်မှာ အထူးအံ့အားသင့်သွားလေ၏။

'အခုမပြောလဲ. . . နောက် ပြောရမှာပဲကွ၊ ဒီမှာ မောင်ဇော်ဝိတ်၊ ငယ်ငယ်ကလေးတည်းက မင်းဟာ ငါ့ကိုသိပ်ချစ်တယ်၊ ငါကလဲ မင်းကို ပြောစရာမလိုအောင် ချစ်တယ်၊ ဒီမှာတင်. . . တို့တူဝရီးနှစ်ယောက် ကွဲသွားရတာကွ'

'ဒါတွေ ဘာဖြစ်လို့ ပြန်ပြောနေရတာလဲ ဦးလေး'

'အကြောင်းရှိလို့ပေါ့ ငါ့တူရာ၊ ရှင်းရှင်းပြောရရင် မင်းဟာ ငါ့အစ်ကိုကြီးက မွေးတယ် ဆိုပေမယ့်. . . ငါ့ရဲ့ သားအရင်းလို့ ပြောရမလိုဘဲ၊ အစ်ကိုကြီးတို့ လင်မယားကလဲ မင်းထက် မင်းညီလေးဇော်ဟိတ်ကိုသာ ချစ်ကြတာပါ'



'ဟုတ်ကဲ့. . . ဒါဆိုလဲ ဆက်သာပြောပါတော့ ဦးလေး'

ဟု ဇော်ဝိတ်က ဆိုလေ၏။

'နောက်တစ်ခါ မလွဲမရှောင်သာ အိမ်ထောင်ပြုရပြန်တော့ သမီးလေး ဝေမွန်ရည်ဟာ. . . ငါ့အတွက် သံယောဇဉ် ဖြစ်စရာ ကောင်းလာပြန်ရော၊ ပိုပြီး သံယောဇဉ်ဖြစ်ရတာက သူကလေးဟာ လောကကြီးမှာ ဦးလေးထက် ဘယ်သူ့ကိုမှ ခင်တွယ်စရာ မရှိပါဘူးကွယ်'

ဦးသီလက ဆွေးဆွေးမြေ့မြေ့ပြောရင်း ဇော်ဝိတ်ကို တစ်ချက်လှမ်းကြည့်လိုက်၏။ ပြီးမှ. . .

'အဲဒီတော့. . . လောကကြီးမှာ ဦးလေးအချစ်ဆုံး လူနှစ်ယောက် ချစ်ချစ်ခင်ခင်နဲ့ လက်ထပ်ကြတာကို ဦးလေးမသေခင် မြင်တွေ့သွားလိုတယ်၊ ရှင်းရှင်းပြောရရင် ဦးလေးဟာ အခုအခါမှာ ကျန်းမာတယ်ဆိုပေမယ့်. . . တစ်ခါတစ်ခါ ချောင်းဆိုးသွေးပါ ရောပါက နှိပ်စက်တတ်တယ် မောင်ဇော်ဝိတ်၊ အဲဒီတော့. . . ငါ့တူ စဉ်းစားပါလေ'

ဇော်ဝိတ်က သက်ပြင်းချလျက်. . .

'ရှင်းရှင်းပြောရရင်. . . တစ်သက်လုံး ဘယ်မိန်းကလေးကို

www.burmeseclassic.com

www.burmeseclassic.com



မှ သံယောဇဉ်မထားတတ်တဲ့ ကျွန်တော်ဟာ ဝေမွန်ရည်ကို စတွေ့တွေ့ချင်း မေတ္တာရှိခဲ့ပါတယ် ဦးလေး၊ သို့ပေမယ့် . . . မိန်းကလေးရဲ့ သဘောထားက အရေးကြီးပါတယ်လေ . . . မဟုတ်ဘူးလား'

ဟု ပြောလိုက်၏။

ထိုအခါ ဦးသီလသည် ဇော်ဝိတ်၏ပုခုံးကို ဖက်လျက် . . .

'ဟာ . . . ဒါဆို နေရာကျပြီကွ၊ ဒီလိုဆို ဦးလေးပြောပြမယ် ငါ့တူ၊ မင်းညီမဝေမွန်ရည်နဲ့ ဦးလေးတို့ ညက ဒီအကြောင်းပြောဆို ဆွေးနွေးကြတော့ . . . သူကလဲ မင်းကို မြင်မြင်ချင်း မေတ္တာရှိတယ်လို့ မရှက်မကြောက် ပြောရှာတယ်၊ ကဲ . . . အဲဒီတော့ ဘာလိုသေးလဲ၊ ဟဲ ဟဲ ဟဲ'

ဤဝမ်းမြောက်ဖွယ်သတင်းကြောင့် ယောက်ဖနှင့် ယောက်မ . . . 

တူဝရီးနှစ်ယောက်သား ပြုံးရွှင်စွာ ရယ်မောလျက် ရှိကြလေတော့၏။ သို့ရှိစဉ် အခန်းတံခါးသည် ရုတ်တရက် ပွင့်လာခဲ့ပြီးလျှင် လူတစ်ယောက် လှစ်ခနဲ ဝင်ရောက်လာတော့သည်။

'ဟား . . . ဟား . . . ဟား . . .'

ထိုသူက အပေါက်ဝ၌ ခြေကိုခွရပ်ပြီးလျှင် လက်နှစ်ဖက်ကို ခါးထောက်လျက် မျက်နှာကို မော့၍ ဟန်ပါပါ ရယ်မောနေတော့၏။ ပြီးမှ . . .

'ဒွာလိုက်ရတာ . . . လူယုတ်မာကြီး ကိုသီလရယ်၊ ခင်ဗျား



ကို ကျုပ်ရှာနေတာ နှစ်ပေါင်းမနည်းတော့ဘူး၊ ခင်ဗျားက ဒီနေရာမှာလာပြီး လျှို့ဝှက်နေတာကိုး'

'အလို . . . မောင်ရင်က ဘယ်သူလဲ၊ ဘာကိစ္စ ကျုပ်ကို လူယုတ်မာလို့ စော်ကားရတာလဲ ပြောစမ်းပါဦး'

ထိုအခါ . . . ထိုလူက . . .

'ဩ . . . ခင်ဗျား အပြစ်တွေ ခင်ဗျား မသိတော့ဘူးပေါ့၊ မသေခင် သိသွားအောင် ပြောရမှာပေါ့ဗျာ၊ ခင်ဗျားသာ ကျေးဇူးရှင်ဖြစ်တဲ့ ကိုယ့်ရဲ့ အစ်ကိုရင်း ဦးထွန်းဝေနဲ့ မိသားစုဒုက္ခတွေ ပင်လယ်ဝေအောင် . . . ဓားပြတိုင်းချစ်နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တယ် မဟုတ်လား'

'ဦးသီလနှင့် ဇော်ဝိတ်မှာ အံ့အားသင့်လျက် ပါးစပ်အဟောင်းသား ဖြစ်နေကြတော့၏။ ထိုလူက ဆက်လက်၍ . . .

'ကျုပ်တို့ မိသားစုပိုင် ရတနာတွေယူပြီး . . . ခင်ဗျားကတော့ စိမ်ကျနေတယ်ပေါ့လေ၊ ကျုပ်တို့မိသားစုမှာဖြင့် သေသူသေ ကွဲသူကွဲနဲ့ . . . ကျုပ်ဘဝမှာ ခင်ဗျားကို လက်စားချေရေးသာ အဓိကပဲ၊ ဒါတာ လောကကြီးကို ကျုပ်အလို အပ်ဆုံးအရာပဲ ဟဲ . . . ဟဲ . . . ဟဲ'

ဦးသီလနှင့် ဇော်ဝိတ်မှာ ထိုလူအား အငေးသားကြည့်

www.burmeseclassic.com

www.burmeseclassic.com



လျက်သာ ရှိနေကြလေ၏။ ဦးသီလက စိတ်မသက်သာစွာဖြင့်. . .

'ဒီလိုဆိုရင်လဲ မောင်ရင်ဟာ ဦးလေးရဲ့တူ မောင်ဇော်ဟိတ် ထင်ပါရဲ့နော်'

'ဟုတ်တယ်. . . ဇော်ဟိတ်တဖြစ်လဲ မိုက်ခဲမြွေငန်းဆိုရင် လူဆိုးလူမိုက်လောကမှာ သိပြီးသားပါ၊ ခင်ဗျားရဲ့တူ ဆိုတာတော့ ကျုပ်လုံးဝ လက်မခံဘူး၊ ကိုး. . . ခင်ဗျား အပြစ် ခင်ဗျားခံဖို့ ပြင်ပေတော့'

ပြောပြောဆိုဆို မိုက်ခဲမြွေငန်းက ခါးကြားမှ ဂေါ်ရခါးဓား ကိုဆွဲထုတ်၍ မြှောက်ရွယ်လိုက်၏။ ထိုအခါ ဇော်ဝိတ်က တည်ငြိမ် စွာဖြင့်. . .

'ညီလေးဇော်ဟိတ်. . . မင်းမှားနေပြီ၊ သေသေချာချာ စဉ်း စားစမ်း ပြီးမှအလုပ်လုပ်ရင် ကောင်းလိမ့်မယ်လို့ အစ်ကိုကြီး ပြောပါ ရစေကွာ'

'ဟင်. . . မင်း. . . မင်းက ဘာကောင်လဲကွဟင်၊ ငါ့ကို ညီလေးလို့ ခေါ်ရအောင်. . . ကဲကွာ'

'ဒိုး. . .'

'ဝုန်း. . .'

မိုက်ခဲမြွေငန်းက ဓားဖြင့်အခုတ်တွင် ဇော်ဝိတ်သည်



ဦးသီလကို ပန်းပုရုပ်လုံးများ ရှိရာသို့ တွန်းထုတ်လိုက်ပြီးနောက်၊ ဝင်လာသော ဓားချက်အား ကိုယ်ကိုရှိ၍ ရှောင်တိမ်းလိုက်ပြီး. . .

'ရပ်လိုက်စမ်းပါ ညီလေး၊ ငါဟာ. . . မင်းရဲ့ အစ်ကိုကြီး ဇော်ဝိတ်ပါကွာ'

ဟု ပြောလိုက်၏။

'ဘာ. . . မင်းက ငါ့အစ်ကို ဇော်ဝိတ်ဟုတ်လား၊ ငါစုံစမ်း လို့ သိရသလောက်တော့ ငါ့အစ်ကို ဇော်ဝိတ်ဟာ ကလေးဘဝမှာ လှေတစ်စီးနဲ့ မျောပါသွားတယ်တဲ့၊ အခုလောက်ရှိ သေရောပေါ့၊ မင်းက ဘာသာပြီး ငါ့အစ်ကိုအဲတု လုပ်ရတာလဲ၊ သစ္စာဖောက် လူ ယုတ်မာ သီလရဲ့တပည့် သေပေတော့'

'ဒိုး. . .'

'ဒိုး. . .'

ဂေါ်ရခါးဓားသည် ဟိုမှသည်မှ လူးပျံ့ဝဲကာ ဇော်ဝိတ်၏ ခန္ဓာကိုယ်အနှံ့အပြားသို့ ကျရောက်နေ၏။

ဇော်ဝိတ်သည်လည်း မျက်တောင်မခတ်ဘဲ လျှင်မြန်စွာ ရှောင်တိမ်းနေရှာ၏။ တစ်ခါတစ်ရံ၌ အနီးရှိပလာစတာ ရုပ်လုံးများ သို့ ဓားချက်မိ၍ လည်ပင်းများ ပြတ်ကျပြီးလျှင် ကြမ်းပြင်ပေါ်သို့ လိမ့်ဆင်းသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'ငါ အမှန်တွေ ပြောနေတာပါ ညီလေးဇော်ဟိတ်၊ မယုံရင် တို့ဦးလေး ဦးသီလကို မေးကြည့်ပါကွာ၊ ငါ့မှာ အမှတ်နီကြီးတစ်ခု ရင်ဘတ်မှာ ရှိတယ်ဆိုတာ ဖေဖေနဲ့မေမေ ပြောဖူးလို့ မင်းသိထား မှာပေါ့၊ ဒီမှာလေ ကြည့်လိုက်စမ်းပါ'

ဇော်ဝိတ်က ရှောင်တိမ်းရင်း ထိုသို့ပြော၍ အင်္ကျီရင်ဘတ် ကို ဆွဲဖွင့်ပြလိုက်၏။

'ဟင်. . .'

ထိုအခါ ဓားချက်များသည်လည်း ပြန်လည် ငုတ်လျှိုး၍ ပျောက်ကွယ်သွားတော့၏။

'အစ်ကို. . . အစ်ကိုကြီး ဇော်ဝိတ်'

'ညီလေး. . . ဇော်ဟိတ်'

ဦးသီလကလည်း လဲနေရာမှ ထလာ၍ အနီးသို့ လာရှာ ၏။

'အို. . . မထူးဘူး၊ ဖေဖေ့ရဲ့ ဆန္ဒအတိုင်း ဒီလူယုတ်မာကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ရှင်းပစ်ရမယ်'ဟု ပြောဆိုကာ ဓားကို မြှောက်ရွယ် လိုက်ပြန်၏။ ဇော်ဝိတ်က. . .

'မင်းမှားမယ် ညီလေး၊ အစ်ကိုရှင်းပြမယ်. . .'

ထိုအခိုက်မှာပင် အခန်းဝမှ ခြေသံများ ကြားလိုက်ရတော့



၏။

သို့အတွက် လျင်မြန်ဖျပ်လတ်သော ဇော်ဝိတ်နှင့်မိုက်ခဲ မြွေနန်းဇော်ဟိတ်တို့သည် ရုတ်တရက် ပလာစတာ ရုပ်လုံးများ နောက်သို့ ခုန်ဆုတ်၍ ပုန်းကွယ်လိုက်ကြတော့သည်။

မြင်ရသည့်မြင်ကွင်းမှာ ကြွေးမောင်းတောင်းရာမှ ပြန်လာ သည့် ဝေမွန်ရည်အား လူထွားကြီးသုံးယောက်က ချုပ်ကိုင်ဖမ်းဆီး ၍ သေနတ်များ၊ ဓားများနှင့် ချိန်ပြီးလျှင် အခန်းတွင်းသို့ ဝင်လာခဲ့ ခြင်းဖြစ်တော့၏။

'ဟဲ. . . ဟဲ. . . ဦးသီလ ကျုပ်တို့ကလဲ ဝင်မလို့ အလုပ် ဟောဒီ မိန်းကလေးကလဲအဝင်၊ လက်ထဲမှာ ပန်းချီပစ္စည်းအချို့ တွေ့ရတော့ ခင်ဗျားသမီးဆိုတာ သိတာနဲ့ ဓားစာခံလုပ်လိုက်ရတာ ပဲ ပန်းချီဆရာကြီးရဲ့'

ဟု ပြော၏။ ဦးသီလက ထိတ်လန့်စွာဖြင့်. . .

'ကလေးမကိုတော့ ဘာမှ မလုပ်ကြပါနဲ့ နောက်ပြီး မင်းတို့ က ဘယ်သူတွေလဲ'

ဟု မေးလိုက်၏။

'ဟား. . . ဟား. . . ကျုပ်တို့ကလား၊ ရိုးမကျား ခေါင်း ဆောင်ကြီး တိုင်းချစ်ရဲ့ လက်ရွေးစင် သုံးယောက်ပေါ့ဗျာ၊ ဒီကောင်

www.burmeseclassic.com

www.burmeseclassic.com



မလေးကို လက်ဖျားနဲ့ မတို့စေချင်ရင် ခင်ဗျားတို့သားအဖ ကျွန် နောက်လိုက်ခဲ့ရမယ်၊ ဘယ့်နှယ်လဲ. . .'

ဟု မုတ်ဆိတ်ဖြူဖြူ နှုတ်ခမ်းမွေးကားကားနှင့် ဗလကြီးက ဆို၏။

'ဒါဆို တိုင်းချစ်နဲ့ တွေ့ရမယ်ပေါ့ ဟုတ်လား'

'သိပ်ဟုတ်တာပေါ့ဗျာ၊ ကဲ. . . သွားကြစို့ဟေ့. . .'

ထို့နောက် လူကြမ်းဗလကြီး သုံးဦးသည် ဦးသီလတို့ကို ခေါ် ဆောင်လျက် ဗန်းချီအရှေ့ဘက် အတွင်းမှ ထွက်ခွာသွားတော့၏။

ဇော်ဝိတ်နှင့်မိုက်ခဲမြွေငန်းခေါ် ဇော်ဟိတ်တို့နှစ်ဦးလုံးမှာ လုံးဝ စကားမပြောအားသေးဘဲ အပြင်ဘက်သို့ ထွက်လိုက်ရာ အဝေးဆီတွင်မောင်းနှင်သွားသော မြင်းရထားတစ်စီးကို တွေ့လိုက်ရလေ၏။

ဤတွင် ညီအစ်ကိုနှစ်ဦးမှာလည်း အသင့်မောင်းနှင်လာသည့် မြင်းရထားတစ်စီးကို လှမ်းတားကာ အရှေ့တွင် မြင်ရသည့် မြင်းရထားနောက်သို့ လိုက်ပါလေတော့၏။

မြင်းရထားနှစ်စီးကား လမ်းမပေါ်တွင် ကြွေးရစ္စာဖြင့် ရှေ့ဆင့်နောက်ဆင့် မောင်းနှင်လေတော့၏။



ခုင်ဆိုင်ယှဉ်ပြိုင်ကြသော်လည်း

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

အရှေ့မှ မြင်းရထားသည် မင်္ဂလာဒုံ၊ အင်းစိန် လမ်းနံဘေးရှိ အိမ်ပျက်ကြီးသို့ ညနေအချိန် အမှောင်တွင် ဝင်ရောက်သွားတော့၏။

ထိုအခါ နောက်မှမြင်းရထားလည်း အတော်ခပ်လှမ်းလှမ်း၌ ရပ်တန့်လိုက်ပြီးလျှင် လူနှစ်ယောက် ခုန်ဆင်းပြီးနောက် တစ်ယောက်က အိမ်ကြီးနောက်ဖက်တွင် ဝင်ရောက်ပျောက်ကွယ်သွားပြီးလျှင် ကျန်တစ်ယောက်က မရမ်းပင်အုပ်များ၏ မှောင်ရိပ်၌ ပျောက်ကွယ်သွားတော့၏။

ည ကိုးနာရီကျော်ကျော်တွင် လူရိပ်တစ်ခုသည် ခြံကြီးအတွင်းသို့ လှစ်ခနဲ ဝင်ရောက်လာပြီးလျှင် ယိုင်နဲ့နေသော လှေကားမှ အပေါ်ထပ်သို့ တဒုန်းဒုန်း တက်ရောက်သွားတော့၏။

ခေတ္တမျှ စကားပြောသံများကြားရချိန်တွင် လူရိပ်တစ်ခုသည် အခန်းတွင်းသို့ ရုတ်ချည်းဝင်ရောက်လာလေတော့၏။

သို့ရာတွင် အခန်းထဲ၌ရှိနေသူ လူသုံးဦး မသိရှိနိုင်မီ ဗီရိုဟောင်းကြီးတစ်လုံးဘေးသို့ ပြေးဝင်ပျောက်ကွယ် နေလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မီးခွက်၏ မြင်နေရသော ကုတင်ဘေးမှ မျက်နှာအမာရွတ်နှင့်လူကြီးက. . .

'ဒီမှာ သီလ. . . ငါ့သမီး ဘယ်မှာဆိုတာ မပြောရင်တော့ အရင်တစ်ခါ မသေခဲ့တဲ့ မင်းအသက်အပြင် မင်းသမီးရဲ့ အသက်ကိုပါ အဆစ်ထည့်ပြီး ငါတပါတည်း ငရဲပြည်အရောက် ပို့ပေးလိုက်ပါ့မယ် ဟား. . . ဟား. . .'

ကာပိုကရိုဖြင့် ဆံပင်ဖားလျားဖြစ်နေသည့် မိန်းမပျိုက. . .

'ကျွန်မကို သတ်ချင်သတ်ပါရှင်၊ ချောင်းဆိုးရောဂါ သွေးပါရောဂါထနေတဲ့ ကျွန်မအဖေကိုတော့ ဝဲညှာသနားပြီး ချမ်းသာပေးပါ'

'ဟား. . . ဟား. . . ဟား. . . အမှန်က မင်းအဖေဟာ ချောင်းဆိုးသွေးပါရောဂါ အခံရှိရုံမကဘူး၊ ငါ့တပည့်တွေက ဖမ်းတယ်ဆိုကတည်းက သူသေရတော့မယ်ဆိုတာသိပြီး ကြောက်လန့်သွားလို့ အခုလိုဖြစ်သွားရတာကွ၊ သိလား'

ခုတင်ပေါ်က ဖြူလျော်လျော်ရှိနေသည့် ဦးသီလကမူ မခို ပြုံးပြုံးလျက် တည်ငြိမ်စွာ ရှိနေလေ၏။

ထိုအခိုက် အပြင်မှ ဝုန်းဒိုင်းကျဲသံများနှင့် တိုက်ခိုက်သံများကို ကြားရသည်တွင် မျက်နှာတွင် အမာရွတ်ရှိသူက. . .



'ကဲ. . . မင်းမြန်မြန်ပြောစမ်း သီလ၊ ငါ့သမီး ဘယ်မှာရှိသလဲဆိုတာ၊ မပြောရင် ချက်ချင်း မင်းကိုသတ်ရလိမ့်မယ်'

'မင်းသမီးလား. . . မင်းသမီး'

'ဝိုး. . .'

'ဒုတ်. . .'

'အ. . .'

ဦးသီလက ပြောမည်အပြု၌ ဗီရိုအဟောင်းကြီးကြားမှ သက်သီးတစ်လုံးသည် လျှပ်တစ်ပြက် ထိုးထွက်လာပြီးနောက် အမာရွတ်နှင့်လူကြီးအား ထိုးထည့်လိုက်တော့၏။

အမာရွတ်နှင့်လူကြီးမှာ ရုတ်တရက်ဖြစ်၍ လဲကျသွားပြီးနောက် အခန်းအပြင်သို့ လည်ထွက်သွားတော့၏။ ဗီရိုကြားမှ လူကထွက်၍လိုက်သော်လည်း အမာရွတ်နှင့်လူကြီးမှာ အခန်းအပြင်ဘက်ရှိ လျှို့ဝှက်လှေကားမှ ဆင်းပြေးကာ ပျောက်ကွယ်သွားတော့၏။

အခန်းထဲသို့ ထိုလူ ပြန်လည် ဝင်ရောက်လာသောအခါ. .

'ဟင်. . . မောင်ဇော်ဝိတ် လူကလား၊ တိုင်းချစ်ကို မမိဘူးလား'

'အို. . . အဒ်ကိုဇော်ဝိတ်'

www.burmeseclassic.com

www.burmeseclassic.com



'တောက်. . . တစ်ခါတည်း သတ်လိုက်ရင်တော့ ရတာပေ့ ဦးလေး၊ ဒါပေမယ့် အသေအချာမေးချင်လို့ လက်သီးနဲ့ မေ့အော ထိုးလိုက်တာ၊ ဒီလူဟာ ထင်ထားတာထက်တောင် ပိုပြီးခံနိုင်ရည် ရှိတဲ့လူပဲ၊ လျှို့ဝှက်လှေကားက ဆင်းပြေးပြီလေ'

'အစ်ကို ဇော်ဝိတ်ကိုရော ဒဏ်ရာရအောင် လုပ်သွားသေ လားဟင်'

'သူမှာ ပြန်ပြီးတိုက်ဖို့ အခွင့်အရေး ရမသွားပါဘူး၊ ညီမ ရယ် ဪ. . . ဒါနဲ့ အပြင်မှာ သတ်ပုတ်တိုက်ခိုက်သံတွေက ညီ လေး ဇော်ဟိတ်ရဲ့ လက်ချက်ဖြစ်ပုံရတယ်၊ သွားကူဦးမှထင်တယ်

ထိုအခါ ဦးသီလက. . .

'နေဦး အရမ်းမသွားနဲ့၊ ပုလိပ်တွေရှိရင် ခက်ကုန်မယ်၊ ဗျ ပေါက်က ချောင်းကြည့်စမ်းသမီး'

မှတ်ချက်။ ။ အခန်းအပြင်ဘက်မှ မိုက်ခဲမြွေငန်း၏ သက်ပုတ် စွန့်စားခန်းကို ဤစာအုပ်၏အစ စာမျက်နှာ၌ ပွဲဦးထွက် အခန်းအ ဖြစ် ဖော်ပြပြီး ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

စာရေးသူ

'ဖေဖေ လူသုံးယောက်လဲနေပြီ၊ လူရွယ်တစ်ယောက် ဓား ကိုင်ပြီး ရပ်နေတယ်'



'ဒီလိုဆို မီးပြန်ထွန်းလိုက်၊ ပြီးတော့ ညီမကသွားခေါ်ပါ' ဟုဇော်ဝိတ်က ပြန်ပြောလိုက်၏။

ထို့နောက် ငြိမ်းသွားသော မီးခွက်ကို ပြန်ထွန်းလိုက်ပြီး နောက် လိုရမည်ရ သဘောမျိုးဖြင့် ဇော်ဝိတ်က ဗီရိုကြီးနောက်သို့ ဝင်ရောက်လိုက်တော့၏။

ဦးသီလအပေါ် အခဲမကျေသော ဇော်ဟိတ်ခေါ် မြွေငန်း ကဓားဖြင့် အခုတ်တွင် ဖြေရှင်း၍မရနိုင်သော ညီငယ်အားနောက် မှရှင်းပြရန် စိတ်ဆုံးဖြတ်ပြီးလျှင် ဇော်ဝိတ်သည် မီးခွက်အား မှုတ် လိုက်ပြီးနောက် ကလျှပ်တစ်ပြက်၌ မှောင်ထဲမှာပင် ဦးသီလအား ခုတင်ပေါ်မှ အမြန်ဆွဲချ၍ ဝေမွန်ရည်ကိုလည်း လက်ဆွဲကာ လျှို့ဝှက်လှေကားပေါ်မှ ခုန်ဆင်းသွားကြတော့၏။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ကံဆိုးသူတစ်ဦး

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ရိုးမကျားဓားပြဂိုဏ်း၌ မထင်မရှား ဂိုဏ်းသားအဖြစ်ဖြင့် ဇာတ်မြှုပ်နေထိုင်ကာ ပုလိပ်ဖက်အား သတင်းပေးသကဲ့သို့ပင်လျှင် လစ်သလို အချင်းချင်းသတ်ဖြတ်ကာ ရိုးမကျား ဓားပြဂိုဏ်းကြီးအား

www.burmeseclassic.com

www.burmeseclassic.com



အမှည့်ခြွေနေခဲ့သည့် မိုက်မဲခေါ် မြွေငန်းခေါ် ဇော်ဟိတ်သည် ဂိုဏ်းကြီး ပြိုကွဲသွားသောအခါမှ ဂိုဏ်းခေါင်းဆောင် တိုင်းချစ်ကို အသေသတ်ရန် စိတ်ကူးထားခဲ့သည်။

သို့ရာတွင် ရိုးမကျားဂိုဏ်းနှင့် ခေါင်းဆောင်ဖြစ်သူ တိုင်းချစ်က အကြံဦးကာ ချစ်တီးယားအိမ် ဓားပြတိုက်မှုတွင် ပုလိပ်ဘက်သို့ သတင်းပေးပို့ခဲ့သောကြောင့် ပုလိပ်များ၏ လက်ချက်ဖြင့် ဓားပြဂိုဏ်းသားသုံးဦး သေဆုံးခဲ့ပြီးနောက် လေးယောက်အဖမ်းခံရပြီးလျှင် မိုက်မဲတစ်ယောက်သာ လွတ်မြောက်ခဲ့လေသည်။

ထိုနေ့ညက ရောက်ခဲ့ရသည့် မဂ်လာဒုံ အင်းစိန်ကားလမ်းနံဘေးရှိ အိမ်ပျက်ကြီးမှာ မကြာခဏ ရိုးမကျားဂိုဏ်းသားများ စတည်းချနေထိုင်လျက်ရှိသည့် အိမ်ပျက်ကြီးဖြစ်ကြောင်း မိုက်မဲမြွေငန်း သတိပြုမိ၏။

သူသည် ရိုးမကျားဓားပြဂိုဏ်းခေါင်းဆောင် တိုင်းချစ်နှင့် လူယုတ်မာ ဦးသီလကို လက်လွတ်လိုက်ရသဖြင့် မကျေမနပ်ဖြစ်လျက်ရှိပြီးလျှင် ကုက္ကိုင်းရပ်ရှိ ညလုံးပေါက် ဖွင့်လှစ်ထားသည့် မေဖဲယားကလပ်တွင် အချိန်ဖြုန်းရင်း အရက်သောက်ရာမှ . . .

အပေါင်းအသင်းများနှင့် သောက်စားနေသည့် စတီးဘရားသား အဝယ်ကိုယ်စားလှယ် ဦးကျော်ခေါင် လက်ထောက်



ဂိုဏ်းခေါင်းဆောင် မဲလုံးကို အမှတ်မထင် တွေ့ရှိလိုက်ရတော့သည်။

ထို့ကြောင့် ဦးကျော်ခေါင်အပြန်၌ ကားနောက်ခန်းတွင် သို့ဝင်ရောက်ပုန်းအောင်း၍ နေအိမ်သို့ လိုက်ပါသွားတော့သည်။

ခြံတွင်းသို့ ကားဝင်ရောက်၍ ကားကို ဂိုဒေါင်အတွင်းသွင်းပြီးသောအခါ မိုက်မဲမြွေငန်းသည် စေ့ထားသည့် ဂိုဒေါင်တံခါးအား ဖွင့်လှစ်ပြီးနောက် ခြံပြင်သို့ထွက်၍ ပျောက်ကွယ်သွားတော့၏။

ထိုနေ့ည မှောင်ရည်သန်းချိန်၌ ထပ်မံရောက်ရှိလာပြီးလျှင် ၎င်း၏ လက်ထဲမှ ခဲသီးတပ်ကြိုးခွေဖြင့် အိမ်နှင့် နီးကပ်လျက်ရှိသည့် စိန်ပန်းပင်ကြီး၏ အကိုင်းတစ်ခုသို့ လွှဲပစ်လိုက်၏။

ခဲသီးသည် သစ်ကိုင်းအားလုံး လေးပတ်ပတ်ချိန်တွင် ကြိုးကိုဆွဲ၍ ပင်စည်ကို ခြေဖြင့်ကန်ကာ အပင်ပေါ်သို့တက်ရောက်သွားတော့၏။

ထိုမှတစ်ဆင့် အိမ်ကြီးအတွင်းသို့ ကြည့်ရှုလိုက်ရာ မှူးနေပုံရသည့် ဦးကျော်ခေါင် ခေါ်မဲလုံးမှာ စန္ဒယားကြီးပေါ်ထိုင်၍ စန္ဒယားခလုပ်များကို ဟိုနှိပ် သည်နှိပ်နှိပ်နေလေရာ ပုံပန်းမကျ နားကလောစရာသံစဉ်များထွက်ပေါ်နေတော့၏။

ထို့နောက် ရှုတ်ချဉ်းရပ်တန့်လိုက်ပြပြီးလျှင် စန္ဒယားပေါ်၌ တင်ထားသည့် ကျားခေါင်းရုပ် ပလာစတာရုပ်ကြီးကို ကိုင်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကာခေါင်းညိတ်လျက် ပြန်ချထားလိုက်ပြန်၏။

အချိန်ဆိုင်းမနေတော့ဘဲ မိုက်ခဲမြွေငန်းက ကြိုးစကိုလွှဲ၍ စန္ဒယားကြီးရှိရာ 'အနောက်ဘက်အခန်းမှ ပွင့်နေသော ပြတင်းပေါက်ဆီသို့ ကူးလိုက်ပြီးလျှင် ပြတင်းဘောင်မှတစ်ဆင့် အခန်းတွင်းသို့ လှမ်းဝင်လိုက်တော့၏။

'ဒိ . . . ဒလ . . . ဒုံဒင် . . . ဒေါင်'

စန္ဒယားမှ ကိုးရိုးကားရား အသံများသည် ဆက်လက်ထွက်ပေါ်လာလျက်ရှိသေး၏။

ထိုစဉ် မိုက်မဲမြွေငန်းသည် အခန်းတွင်းမှ လှစ်ကနဲထွက်လိုက်ပြီးနောက် လည်ပင်း၌ ပတ်ထားသောအရာရှိ ဖြေညှင်းစွာ ဖြည်လိုက်တော့၏။ ထိုအရာကား စူးရှသော မျက်လုံးပိုင်ရှင်ထုတ်ခိုက်လှသည့် ငန်းမြွေကြီး တစ်ကောင်ပင် ဖြစ်ပါလေတော့၏။

တရွေ့ ရွေ့ လှမ်းသွားပြီးနောက် ကျောပေးထားသည့် ဦးကျော်ခေါင်ခေါ် မဲလုံး၏လည်ပင်းတွင် တင်းကြပ်းစွာ ရစ်ပတ်၍ ပါးစပ်ကိုလည်းပိတ်ထားလိုက်တော့၏။ ပြီးမှ . . .

'ဟဲ့ကောင် . . . မဲလုံး၊ ငါဘယ်သူလဲဆိုတာ တစ်ချက်ကြည့်လိုက်စမ်း'

ဟုပြောပြောဆိုဆို စန္ဒယားဘေးမှပတ်၍ မျက်နှာချင်းဆိုင်



သို့ရွေ့ပြောင်းခဲ၏။

အဆိပ်ပြင်းထန်လှသည့် ငန်းမြွေကြီး၏ ခေါင်းမှာမူ မိုက်ခဲမြွေငန်း၏လက်ထဲတွင် ရှိနေရာ မြွေကြီး၏ ကိုယ်လုံးမှာ ဒေါသဖြင့် တလူးလူးတလွန့်လွန့်ရှိနေတော့၏။

ဦးကျော်ခေါင်ခေါ် မဲလုံးမှာ ကြောက်စိတ်များ ဝေသီနေရာ မှမိုက်ခဲ မြွေငန်း၏ မျက်နှာကို တွေ့ရသောအခါ . . .

' ဟင် . . . မိုက်ခဲမှခွေး . . . . . ခွေးမသား သစ္စာဖောက်'

ထိုအခါ မိုက်ခဲမြွေငန်းက . . .

'သစ္စာဖောက်တဲ့၊ ဟုတ်လိုက်လေ မဲလုံးရာ၊ ငါဟာမထင်မရှားနဲ့ မင်းတို့ဂိုဏ်းထဲဝင်ပြီး အမှည့်ချွေးချွေနေတာကွ၊ ဒါနဲ့ မင်းဆရာ ဘယ်မှာနေသလဲ၊ အဲဒါပြော . . . မပြောရင် ငါမြွေခေါင်းကို လွှတ်လိုက်တော့မယ်၊ ဒီမြွေဟာ ဘိုကလေးမြို့အောက်ဖက်တဒုံရွာဆိုတဲ့ တောထဲကရလာတာလေ၊ အဆိပ်ကတော့ ဘာပြင်းသလဲမမေးနဲ့၊ ထိလိုက်တာနဲ့ တုန်းကနဲပဲ'

ဦးကျော်ခေါင်ခေါ် မဲလုံးမှာ ကြောက်စိတ်ဖြင့် အဆတ်ဆတ် တုန်လှုပ်လျက် . . .

'ကြောက် . . . ကြောက်ပါပြီ၊ ပြော . . . ပြောပါမယ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုတော့ မြွေကိုက်မခိုင်းပါနဲ့ဗျာ'

'ဟုတ်ပြီ၊ မြန်မြန်ပြောစမ်း'

'ဒေါ်ပုံ အီတာလျှံရပ်ကွက် အမှတ် . . . . မှာနေပါတယ်

ကျေးဇူးပဲဟေ့ . . . .'

မိုက်ခဲသည် ပြောပြောဆိုဆိုနှင့် ငန်းမြွေ၏ ခေါင်းကိုလွှတ်လိုက်ရာ ဒေါသထွက်နေသည့် ငန်းမြွေကြီးမှာ ၎င်း၏ ဦးခေါင်းနှင့်နီးရာ ဦးကျော်ခေါင်ခေါ် မဲလုံး၏ လည်ပင်းသို့ ပေါက်ချလိုက်တော့၏။

'အား . . .'

ဦးကျော်ခေါင်သည် ကြောက်အား လန့်အားဖြင့် မြွေ၏ခေါင်းနှင့်ကိုယ်လုံးကြီးအား တင်းကြပ်စွာ အားကုန်ဖြစ်ညှစ်ထားရာ မြွေကြီးမှာ တွန့်လိမ်ရုန်းကန်နေရှာ၏။

သို့ရာတွင် ဦးကျော်ခေါင်ခေါ် မဲလုံးမှာ မလှုပ်မယှက်ရှိနေတော့၏။ မြွေဆိပ်ကြောင့် ချက်ချင်းသေဆုံးသွားပြီ ဖြစ်ပေတော့၏။

ထိုအခါ မိုက်မဲမြွေငန်းက ဦးကျော်ခေါင်လက်ထဲမှ ငန်းမြွေကြီးကို ခက်ခဲစွာဖြေယူကြည့်ပြီးလျှင် ခေါင်းခါ၍ စန္ဒယားပေါ် ချထားရာမကြာမီမှာပင် ငန်းမြွေကြီး လုံးဝငြိမ်သက်သွားလေ၏။

ဤတွင် ဦးကျော်ခေါင် ကြည့်ခဲ့သော ကျားခေါင်းရုပ်



ကလေးအား ကိုင်ကြည့်ရာ လေးပင်လျက်ရှိပြီး နောက်ဖင့်ပိတ်၌လျှို့ဝှက်အဖုံး တစ်ခုကို တွေ့ရသည်နှင့် ဖွင့်ကြည့်သည်တွင် ရတနာပစ္စည်းများကို တွေ့ရလေ၏။

လေတစ်ချက်ချွန်ပြီးနောက် ရတနာများကို အကျီအိတ်သို့ထည့်ပြီးချိန်တွင် မည်သို့ဖြစ်သည်မသိဘဲ စန္ဒယားတီချင်စိတ်ပေါက်လာသောကြောင့် ဦးကျော်ခေါင်၏ အလောင်းကြီးအားတွန်းဖယ်လျက် ခုံတွင် ဝင်ရောက်ထိုင်ကာ ယမုန်နာပတ်ပျိုးကိုစိတ်ပါလက်ပါ တီးနေမိတော့၏။

အတန်ငယ်ကြာကြာတီးခတ်ပြီးမှ လှေကားအတိုင်းတက်လာသော ခြေသံကြားသဖြင့် စန္ဒယားနောက်ဘက်ရှိ အခန်းတွင်းသို့ ဝင်ရောက်ပုန်းအောင်းနေစဉ် . . .

'အမလေး . . . လုပ်ကြပါဦး၊ သူဌေးမင်း ဘာဖြစ်သွားလဲမသိဘူး'

ဟူသည့် အိမ်စေအမျိုးသမီး၏ အော်သံကြောင့် အပေါ်ထပ်သို့ ထပ်မံတက်လာသည့် ခြေသံများ ကြားရသည့်တွင် မိုက်မဲမြွေငန်းသည် လာစဉ်ကလမ်းအတိုင်း ပြန်လည်၍ ထွက်ခွာပျောက်ကွယ်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရိုးမကျား၏ ဇာတ်သိမ်း

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ထိုနေ့ညက ဇော်ဝိတ်ဟု နာမည်ရေးထိုးထားသည့် ၎င်း၏ လက်ပတ်နာရီသည် ဗီရိုဟောင်းကြီးနံဘေး၌ ပုန်းကွယ်စဉ် ရိုးမကျား ဓားပြဂိုဏ်းခေါင်းဆောင် တိုင်းချစ်အား လှမ်းထိုးရာမှ အခန်းထောင့်၌ ကျန်ရစ်နေခဲ့ခြင်းကို သတိပြုမိသော်လည်း ညီဖြစ်သူဇော်ဟိတ်၏ အခဲမကျေနိုင်သော ဒေါသကို ရှောင်တိမ်းရသော အခါ လက်ပတ်နာရီကို ပြန်လည်ရှာကာကောက်ယူနိုင်ခြင်း မရှိတော့ပေ။

ထို့ကြောင့် နောက်တစ်နေ့၌ နာရီကို ပြန်လာယူသော ကိုဇော်ဝိတ်သည် အိုက်အိုနန်းထိုက်နှင့် တွေ့ကာ အဖမ်းခံရတော့ သည်။

မှတ်ချက် ။ ။ ထိုအခန်းကိုလည်း ပြီးခဲ့သော စာမျက်နှာ၏ ရှေ့အခန်းတွင် ဖော်ပြပြီးဖြစ်၍ စာရှုသူများ သတိပြုမိလိမ့်မည်ဟု ယုံကြည် မျှော်လင့်မိပါသည်။

စာရေးသူ

ထိုအခါ မမျှော်လင့်ဘဲ ရုပ်ရည်ချင်းမှအစ အရပ်အမောင်း အထိ တူညီလှသည့် ဂျမဒါမူးသာနှင့် လူချင်းလဲလှယ်ကာ ဂျမဒါမူး



သာအား ဇော်ဝိတ်အဖြစ် ဦးသီလထံသို့ ပြန်လွှတ်လိုက်တော့၏။

ဦးသီလ၏ ခိုင်းစေချက်အရ တိုင်းချစ်ကို စုံစမ်းရာတွင် ညီးကူမြို့အပိုင် ကျေးရွာတစ်ရွာ၏အနီးမှ ရိုးမကျား ဂိုဏ်းဝင် ဟောင်းဦးတက်ပြား၏ သတင်းပေးမှုအရ ကြည့်မြင်တိုင် တစ်ဘက် ကမ်းရှိ ဆန်စက်ဟောင်းကြီးတွင် ရိုးမကျားဂိုဏ်းမှ လျှို့ဝှက်အစည်း အဝေး ပြုလုပ်မည်ဖြစ်ကြောင်း မေဂျာအောင်ဒင်နှင့် အိုင်အိုနန်း ထိုက်တို့ထံ ဂျမဒါမူးသာက သတင်းပို့နိုင်ခဲ့သည်။

ထို့ကြောင့်လည်း ဂိုဏ်းခေါင်းဆောင် တိုင်းချစ်မှအပ မကျားဂိုဏ်းသားများ အားလုံးကို ပုလိပ်အဖွဲ့မှ အလွယ်တကူ ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်ပေ၏။

ကိုဇော်ဝိတ်၏ အစစ်ခံချက်ကြောင့် အစအဆုံး သိထား သည့် ဂျမေဒါမူးသာမှာ မကြာမီတွင် အကြီးမားဆုံး တိုက်ခိုက်မှုကြီး ပေါ်လာတော့မည်ကို ကြိုတင်ခန့်မှန်းမိပြီး ဖြစ်ပေတော့၏။

အဘယ်ကြောင့်ဆိုသော် ဂိုဏ်းတစ်ဂိုဏ်းလုံးအား ဖမ်းဆီး ရသဖြင့် ဒေါသဖြစ်ခနေသော ဓားပြခေါင်းဆောင် တိုင်းချစ်မှာ သူ၏ ညီအား မေးမြန်းလိုသောကိစ္စဖြင့် ရန်သူဟောင်း ဦးသီလအား ရောက်သတ်ဖြတ်မည်မှာ မလွဲသကဲ့သို့. . .

ဦးသီလအားလည်းကောင်း၊ ဓားပြခေါင်းဆောင် တိုင်းချစ်

www.burmeseclassic.com



အားလည်းကောင်း၊ လက်စတုံးနိုင်ရန်အတွက် မိုက်ခဲမြွေငန်းဓေ ဇော်ဟိတ်မှာလည်း မကြာမီ ရောက်လာပေတော့မည်သာ ဖြစ်ေ ၏။

ထိုသို့စဉ်းစားချိန်မှာပင် အိမ်ရှေ့၌ရပ်၍ ပန်းချီကားမ ကြည့်နေသူ ဟန်ဆောင်ထားသော အိုင်အိုနန်းထိုက်က သတင်းေ လိုကြောင်း မီးခြစ်ခြစ်၍ အချက်ပြသည်တွင်. . .

ဂျမဒါ မူးသာလည်း မြင်းလှည်းတစ်စီးကိုငှား၍ အိုင် နန်းထိုက်ဝင်သွားရာ တာမွေသချိုင်းအတွင်းသို့ ဝင်ရောက်ခဲ့ နောက် မြင်းရထားပေါ်၌ အသင့်ရေးထားသည့် သတင်းပို့ စီးကရက်ဗူးခွံကို ပစ်ချထားခဲ့ကာ ပြန်လာခဲ့လေတော့သည်။

'သြော်. . . မောင်ဇော်ဝိတ်ရေ၊ မင်းနှမကို လုံခြုံစိတ်ခ တဲ့ ကြည့်မြင်တိုင်က ဦးလေးမိတ်ဆွေ ပန်းချီဆရာတစ်ဦးအိမ် သွားပို့ပေးစမ်းပါကွာ'

'ဟုတ်ကဲ့ ဦးလေး၊ ပိုကောင်းတာပေါ့၊ ဒါမှ အဆင်ပြေ မဟုတ်လား၊ ကျွန်တော်ထင်တယ်၊ ဒီညမှာတင် တိုင်းချစ် ယောက် ဒီကို ရောက်လာလိမ့်မယ်ဆိုတာ'

'ဟဲ. . . ဟဲ. . . ဟဲ. . . ငါ့တူကလဲ ဦးလေး ထင်ထ လိုပဲကိုး၊ ဒါကြောင့်မို့လဲ မင်းညီမကို ဘေးကင်းရန်ကင်းရာ ပို့ထ



တာပဲလေ၊ ကဲ. . . ကဲ. . . ဝေမွန်ရည်ကို သွားခေါ်ပြီး ထွက်ကြပေ တော့ဟေ့'

ဂျမဒါမူးသာလည်း ဝေမွန်ရည်ကိုခေါ်၍ မြင်းရထားတစ်စီးအား ငှားကာ ကြည့်မြင်တိုင်ဘက်သို့ ထွက်ခွာသွားလေတော့၏။

ကြည့်မြင်တိုင် ဝေဠုဝန်အရပ်သို့သွား၍ ဦးသီလပေးထားသော လိပ်စာအတိုင်း ရှာကြည့်ရာတွင် ပန်းချီဆရာကြီး ဦးလွင်မြင့်မှာ စမ်းချောင်းရပ်သို့ ပြောင်းရွှေ့သွားကြောင်း အိမ်နားနီးချင်းတစ်ဦးမှ ပြောဆိုသဖြင့် စမ်းချောင်းသို့ သွား၍ရှာပြန်ရာ အတန်ငယ်မိုးချုပ်မှပင် ရှာတွေ့တော့၏။

ထို့နောက် ဦးသီလ၏ စာနှင့်အတူ အကျိုးအကြောင်း အသင့်အတင့်ပြောပြကာ ဝေမွန်ရည်အား အားမငယ်ရန်နှင့် နောက်တစ်နေ့တွင် လာရောက်ခေါ်ယူမည် ဖြစ်ကြောင်းအားပေးနှုတ်ဆက်၍ ထွက်လာခဲ့တော့၏။

အရေးထဲ အရာပေါ် ဆိုသကဲ့သို့ ထိုအချိန်၌ မြင်းရထားကလည်း ပေါ်မလာဘဲ ရှိပြန်တော့သည်။

ဂျမဒါမူးသာတစ်ယောက် ထိုကဲ့သို့ အခက်အခဲဖြစ်နေစဉ်တွင် လူတစ်ယောက်သည် မိုးနတ်မယ် ပန်းချီပန်းပု အရောင်းဆိုင်အတွင်းသို့ ရုတ်တရက် ဝင်ရောက်လာခဲ့တော့၏။

www.burmeseclassic.com

www.burmeseclassic.com



'မိုးချုပ်လှချည်လား မောင်ဇော်ဝိတ်'

'ဟဲ. . . ဟဲ. . . ဟဲ၊ ကျုပ်အတွက်တော့ မိုးချုပ်လေ ကောင်းလေပဲ ကိုသီလရေ'

'ဟင်. . . တိုင်းချစ်'

'ဟုတ်ပါ့ဗျာ၊ ခင်ဗျားရဲ့ ဇီဝိန်ကိုခြွေမယ့် ရိုးမကျားဂိုဏ်း ခေါင်းဆောင် တိုင်းချစ်လေ၊ ကဲ. . . ပြောစမ်း၊ ကျုပ်သမီးဘယ်မှာ လဲ၊ သူ့နာမည် ဘယ်သူလဲ၊ မြန်မြန်ပြောပေတော့'

လူဆိုးခေါင်းဆောင်တိုင်းချစ်က ပြောပြောဆိုဆို သေနတ် ကိုထုတ်၍ မောင်းတင်လိုက်၏။ ဦးသီလကမူ ဘာမှမဖြစ်သလို ခပ်ပြုံးပြုံးဖြင့်. . .

'ငါကလဲ မင်း မမေးခင်ကတည်းက ပြောပြချင်တာပေါ့ တိုင်းချစ်ရဲ့၊ ကိုင်း. . . အေးအေးဆေးဆေးပေါ့၊ ဒီအိမ်မှာ ဘယ်သူ မှမရှိပါဘူး၊ မင်းနဲ့ငါ နှစ်ယောက်ထဲပါ၊ မင်းစိတ်ထဲမှာ ငါကလိမ်လည် လုပ်တယ်လို့ ထင်ရင် မင်းလက်ထဲက သေနတ်နဲ့ ချက်ချင်းပစ်သတ် လိုက်ပါ၊ ငါပြောမှာ နည်းနည်းရှည်မှာမို့ သည်းခံပြီး ဟောဟိုကုလား ထိုင်မှာထိုင်ပြီး နားထောင်ပါလို့ တောင်းပန်ပါရစေကွာ'

ဦးသီလက ထိုသို့ပြောသည့်အခါ တိုင်းချစ်မှာ မကျေနပ် သော်လည်း ဘာမျှမတတ်နိုင်ဘဲ ဦးသီလညွှန်ပြသည့် ကုလားထိုင်



၌ သွားရောက်ထိုင်ရင်း သေနတ်ဖြင့် သေသေချာချာ ချိန်ကာနား စွင့်လျက် ရှိနေတော့၏။

ဦးသီလက ဆေးတံကို မီးညှိဖွာရှိုက်ရင်း. . .

'မင်းရဲ့သမီးဟာ. . . ငါရဲ့ သမီးလေးဝေမွန်ရည်ပါပဲ တိုင်း ချစ်'

ဟု ရုတ်တရက် ပြောလိုက်တော့၏။

'ဟင်. . . ဘာပြောတယ်၊ မင်း ညာတာ'

တိုင်းချစ်က မယုံကြည်နိုင်ဟန်ဖြင့် ဗလုံးဗထွေး အော်ဟစ် လိုက်တော့၏။

'ဟား. . . ဟား. . . ဟား. . . သိပ်ဟုတ်တာပေါ့ကွ၊ မင်း က ငါ့ကို ဓားနဲ့ထိုးပြီး ရေထဲမျှောလိုက်တာမှ ငါ့ဒဏ်ရာဟာ မင်း ထင်သလောက် မကြီးကျယ်ဘဲ. . . သေကံမရောက် သက်မပျောက် ဆိုတာလို ကျွဲတန်းရွာက တံငါသည်တွေက ကယ်ဆယ်သွားလို့ အသက်ချမ်းသာရာရပြီး မင်းပစ်ထားတဲ့ မင်းရဲ့မိန်းမ မကျော့မေ နဲ့ ဆုံဆည်းခဲ့ရတာ ဆိုပါတော့ကွာ'

တိုင်းချစ်မှာ ဘာမှမပြောနိုင်တော့ဘဲ ပါးစပ်ဟလျက်သား အံသြတကြီး ဖြစ်နေတော့၏။ ထိုစဉ် ဦးသီလက. . .

'ဒီမှာတင်. . . ဝေမွန်ရည်လဲ ငါ့သမီးလေး ဖြစ်လာတော့

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့'

'ဒီ. . . ဒီလိုဆိုရင် ကျော့မေတော့ကော. . . ဟင်'

'သူလား. . . သူတော့ လွန်ခဲ့တဲ့ နှစ်ကပဲ ရောဂါကြောင့် ဆုံးပါးသွားရပြီလေ'

'ဟင်. . . ဒါဆိုရင်. . . သမီးလေးရော'

'ငါ. . . လုံခြုံတဲ့ တစ်နေရာမှာ ပို့ထားလိုက်ပြီ'

'ဟော့တောင်. . . ဘယ်နေရာမှာ ပို့ထားသလဲ၊ မှန်မှန်ပြော စမ်း၊ မပြောရင် ပစ်သတ်လိုက်မယ်'

ဦးသီလကမူ အေးဆေးသော အမူအရာဖြင့်. . .

'အခုအချိန်မှာ မင်းကို ငါ ကြောက်နေစရာ မလိုပါဘူး တိုင်းချစ်ရာ၊ ဘာဖြစ်လို့လဲဆိုရင် မင်းရဲ့သမီးဟာ ငါ့လက်ထဲမှာ ရှိနေ သလိုပဲ. . . ငါသေသွားတာနဲ့ မင်းရဲ့ သမီးလေးလဲ လုံးဝအဆက် ပြတ်သွားမှာ သေချာတယ်၊ မယုံရင် မင်းပစ်သတ်လိုက်လေ၊ ငါ သေရဲပါတယ်၊ ဟား. . . ဟား. . . ဟား. . .'

သေနတ်ဖြင့် ချိန်ရွယ်ထားသည့် ဓားပြခေါင်းဆောင် တိုင်း ချစ်မှာ သေနတ်ကိုင်ထားသည့် လက်မှာ တုန်ရီနေလျက် နဖူးပြင် တွင် ချွေးသီး ချွေးပေါက်များ ကျရောက်လျက် ရှိချေတော့၏။

ထိုအခါ ဦးသီလက. . .



'အေး. . . ငါက မင်း ငါ့အပေါ် ညစ်ပတ်ခဲ့တဲ့ အပြုအမူ တော့. . . ငါ့အစ်ကိုကြီးနဲ့ မိသားစုကို ရက်ရက်စက်စက် သတ်ပြီး သားစု တကွဲတပြားဖြစ်အောင် လုပ်ခဲ့တဲ့ မင်းရဲ့ အပြုအမူတွေ တွက် ရက်ရက်စက်စက် တုံ့ပြန်တဲ့သဘောနဲ့ မင်းရဲ့သမီးလေး မင်းရှေ့မှောက်မှာ သတ်မလို့ပဲ တိုင်းချစ်၊ ဒါပေမယ့်. . . ငါကိုယ် ိုင်လဲ မင်းရဲ့သမီးလေးကို ဖခင်တစ်ယောက်လို သံယောဇဉ် ထား တာကြောင့်. . .'

ဦးသီလက တိုင်းချစ်ကို တစ်ချက်ကြည့်ပြီးနောက်. . .

'ဖခင်တစ်ယောက်ရဲ့ မေတ္တာကို နားလည်မိပြီး မင်းတို့ကို ခွင့်ပေးပါတော့မယ်၊ ရော့. . . ဒီလိပ်စာအတိုင်း သွားပေတော့'

ပြောပြောဆိုဆို အနီးရှိ စားပွဲအပေါ်မှ စာရွက်တစ်ရွက်ကို ယူလိုက်ရာ၊ ထိုင်ခဲ့သည့် ကုလားထိုင်စွန်းကို ဝင်တိုက်လိုက်

'ဝုန်း'

'အား'

ထိုကုလားထိုင်နှင့် လျှို့ဝှက် ဆက်သွယ်ထားသည့် ကြေး နန်းကြိုးများ လှုပ်ရှားသွားပြီးနောက် ကြေးနန်းကြိုးနှင့် ချည်နှောင် ထားသည့် ထုပ်တန်းပေါ်မှ ခြောက်ပေါင်တူကြီးသည် ဝေ့ပြုဂိုဏ်း

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင် တိုင်းချစ်၏ ဝေယ်ထိပ်တည့်တည့်သို့ အရှိန်ပြင်း
ကျရောက်လာပြီးလျှင်. . .

ဦးခေါင်းစိစ်ညက်ညက်ကြေကာ တိုင်းချစ်မှာ ကုလားထိ
ပေါ်မှ လွင့်စဉ်ကာ သေဆုံးသွားတော့၏။

'ဟား. . . ဟား. . . ဟား. . . ဘယ်နှယ်ရှိစ တိုင်းချ
သီလဟာ ဒီဘဝမှာ လူကောင်းဖြစ်ချင်ပေမယ့်. . . မင်းတို့
ကောင်မျိုးတွေကြောင့် အမှုတွေတိုးပြီး လူဆိုးဖြစ်နေရပြီ
အင်း. . . ကျွတ်. . . ကျွတ်. . . မင်းကို သေပြီးတာတောင် ခေါ
တစ်လုံးနဲ့ သချိုင်းမှာ အေးအေးဆေးဆေး နေခွင့်မပေးဘဲ လှော
ထားရဦးမယ်၊ ဟဲ. . . ဟဲ. . . ဟဲ'

ထို့နောက် ဦးသီလသည် လျင်မြန်ဖျတ်လတ်စွာဖြင့် အ
မှ ထုံးပုံနှင့် ကော်ပုံးများကိုဆွဲယူကာ တိုင်းချစ်၏အလောင်းကို သု
နေတော့၏။

ပြီးလျှင် သတင်းစာစက္ကူများဖြင့် ရစ်ပတ်ပြီးနောက် ဆေ
သုတ်ပြန်လေ၏။ ဤသို့ အထပ်ထပ် ပြုလုပ်ရာ မကြာမီမှာပင် ဦး
ကျားတိုင်းချစ်၏ အလောင်းကြီးမှာ ပလာစတာ ပုံသွင်းအရုပ်ကြ
တစ်ရုပ်ကဲ့သို့ ခွဲမရအောင် ဖြစ်သွားလေတော့၏။

ထိုအခါ ဦးသီလက မနိုင်မနင်းဖြင့် အခြားပလာစတာ



ရုပ်လုံးများထားရှိရာ စင်မြင့်တွင် ထိုအလောင်းကြီးကို ရောနှောထား
လိုက်တော့၏။ ပြီးလျှင် တစ်စိမ့်စိမ့်ကြည့်၍. . .

'အင်း. . . တိုင်းချစ်. . . တိုင်းချစ်၊ မင်းဘဝဟာ ဒီလောက်
မြန်မြန်ဆန်ဆန် ဇာတ်သိမ်းရလိမ့်မယ်လို့ မင်းတောင် ယူဆခဲ့မှာ
မဟုတ်ဘူးနော်၊ ဟား. . . ဟား. . . ဟား. . .'

ဟု ကျယ်လောင်စွာ ဟစ်အော်ရယ်မောနေတော့၏။

ဖုံ့နှင့် ကျားသစ်(သို့) ပန်ရှာနှင့်ဝက်အူရှစ်

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ဦးဇကျော်ခေါင်ခေါ် မဲလုံး၏ သတင်းပေးချက်အရ ဒေါ်ပုံ
အိတာလျံ ရုပ်ကွက် အမှတ်. . . သို့ ရောက်ရှိလာခဲ့သော မိုက်ခဲ
မြွေငန်းမှာ ထိုအိမ်၌ လူဆိုးခေါင်းဆောင် တိုင်းချစ်ကို မေးကြည့်ရာ
မရှိဟု ပြောဆိုကြသည်၌ အိမ်တွင်ရှိသော လူနှစ်ဦးအား ထိုးကြိတ်
သတ်ပုတ်၍ ဂေါ်ရခါးမားကောက်ဖြင့် ခြိမ်းခြောက်ရာမှ ပန်းချီပန်းပု
ဆရာကြီးဆီသို့ သွားကြောင်း သိရတော့၏။

မိုက်ခဲမြွေငန်းသည် အချိန်ဆိုင်းမနေဘဲ ထိုအိမ်မှ လျင်မြန်
စွာ ထွက်ခွာ၍ မြင်းရထားတစ်စီးဖြင့် ကျောက်မြောင်းရှိ ဦးသီလ
နေထိုင်ရာ မိုးနတ်မယ်ပြခန်းသို့ ဒုန်းစိုင်းခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲတွင်လည်း ပျော်ရွှင်နေ၏။ အဘယ်ကြောင့်ဆိုသော် လူယုတ်မာနှစ်ယောက်အား တစ်ပြိုင်နက် သတ်ရမည် ဖြစ်သောကြောင့်တည်း။

မိုက်ခဲမြွေငန်းသည် မြင်းရထားကို ခပ်လှမ်းလှမ်းတွင် ရပ်၍ မိုးနတ်မယ်ပန်းချီအရောင်းဆိုင်ဘက်သို့ ခပ်သွက်သွက် လျှောက်လာခဲ့တော့၏။

ထိုအခိုက်မှာပင် မြင်းရထားတစ်စီးနှင့် ဆိုက်ရောက်လာသော ဂျမဒါမူးသာလည်း မိုက်ခဲမြွေငန်းကို တွေ့ရှိသွားကာ ခပ်သွက်သွက်လိုက်ပါလာခဲ့တော့၏။

ဆိုင်ထဲရောက်သည်တွင် ပလာစတာရုပ်လုံးများ ရှိနေသည့် အမှောင်ခန်းအတွင်းမှ ဟက်ဟက်ပက်ပက် ရယ်မောနေသည့် ဦးသီလ၏ အသံကို ကြားလိုက်ရ၏။

'ဖျပ် . . . ဖျပ်'

လှမ်းဝင်လိုက်သော မိုက်ခဲမြွေငန်း၏ ခြေသံကို ကြားလိုက်ရသည်တွင် ဦးသီလက. . .

'ငါ့တူ မောင်ဇော်ဝိတ်၊ မိုးချုပ်လှချည်လားကွ လူလေး'

ထိုအခါ မိုက်ခဲမြွေငန်းက. . .

'ကျုပ် ဇော်ဝိတ်မဟုတ်ဘူး လူယုတ်မာကြီး၊ ခင်ဗျားရဲ့ သေ



ခင်း၊ မိုက်ခဲမြွေငန်းခေါ် ဇော်ဟိတ်ပဲ၊ ဘယ်မှာလဲ. . . ဖိုး. . . လူသုတ်မာ တိုင်းချစ်ရော၊ ခင်ဗျားတို့ကို အခုချက်ချင်း လူ့ပြည်က နှင်ထုတ်ပေးရမယ်'

'ဗိုး. . . ဗိုး. . .'

'ဒုတ်. . .'

'ဒုန်း. . .'

မိုက်ခဲမြွေငန်းက ပြောပြောဆိုဆို ဝေါ ရခါးမားကောက်နှင့် အရစပ်ထိုးခုတ်လိုက်လေရာ ဦးသီလမှာ ငုံ့၍ထိမ်း၍ ရှောင်နေပြီး လျှင် ပလာစတာရုပ်လုံးများကို တွန်းလှဲ၍ ခုခံနေရတော့၏။

'ဟေ. . . ရပ်လိုက်စမ်း ဇော်ဟိတ်၊ မင်းမရပ်ရင် ငါဝင်လာရလိမ့်မယ်'

ဟူသော ဇော်ဝိတ်၏ လေသံကို ကြားလိုက်ရတော့၏။

သို့ရာတွင် မိုက်ခဲမြွေငန်းသည် ရုတ်တရက် တိုက်စစ်ကို ဇော်ဝိတ်အယောင်ဆောင် ဂျမဒါမူးသာထံသို့ ဦးတည်လိုက်တော့သည်။

ရုပ်လုံးများမှာ ရင်းတို့နှစ်ဦး၏ တိုက်ခိုက်မှုကြောင့် လဲပြို၍ လည်းကောင်း၊ ထိုခိုက်ပြတ်သတ်၍လည်းကောင်း မြင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



အောင်ဖြစ်နေတော့၏။

'ဟိတ်. . .'

'ကျား. . .'

'ဝုစ်. . .'

'ဝှီး. . .'

ဓါးသွင်းတိုက်ခိုက်သံ၊ ကျူးဝါးအော်ဟစ်သံများနှင့် ဂေါ်ရခါးဓားကောက်ကြီး၏ လေထဲသို့ တိုးဝှေ့တိုက်ခတ်သံကလည်း မိုးနတ်မယ် ဆိုင်ခန်းကလေးအတွင်း ဆူညံစွာ ထွက်ပေါ်နေလေတော့၏။

တစ်ကြိမ်တွင် မိုက်ခဲမြွေငန်းက ဂေါ်ရခါးဓားကောက်ကို ဂျမဒါမူးသာက လုံးဝရှောင်တိမ်းခြင်းမပြုဘဲ မျက်နှာနားသို့ ဓားရေ ရောက်လာသည့်အခါကျမှ အသည်းယားစဖွယ် အနည်းငယ်မျှသာ တိမ်းပေးလိုက်ရာ ဓားကြီးမှ မျက်စိရှေ့မှ ဝှီးကနဲ ဖြတ်သန်းသွားလေ၏။

သို့စဉ် အရှိန်မြင့်၍ ခန္ဓာကိုယ် ဟန်ချက်ပျက်သွားသော မိုက်ခဲမြွေငန်း၏ ပုခုံးစောင်းအား ပြင်းထန်စွာ လက်ဝါးစောင်းရိုက်ချက် သွင်းလိုက်ရာ. . .

'ဖြောင်း. . .'



'အား. . .'

'ဒလောင်'

မိုက်ခဲမြွေငန်းမှာ ကိုယ်တစ်ပတ်လည်၍ ကြမ်းပြင်ပေါ်ပစ်ကျ သွားပြီးနောက် ပက်လက်လန်လျက် ရှိနေလေတော့၏။

'ကဲ. . . ဘယ်နှယ်ရှိစ မြွေငန်း'

'တောက်. . . နိုင်တုန်းလုပ်ပေါ့ကွာ'

မိုက်ခဲမြွေငန်းက ပက်လက်လန်လျက်မှ အံကြိတ်၍ ပြောလိုက်ရာ ဂျမဒါမူးသာက ခါးကြားထဲမှ သေနတ်ကိုဆွဲထုတ်၍ ချိန်ထားလိုက်တော့သည်။

'မလုပ်နဲ့လူလေး မောင်ဇော်ဝိတ်'

ဦးသီလက အနားသို့ တိုးကပ်၍ စိုးရိမ်တကြီး ပြောသော်လည်း ဂျမဒါမူးသာက သေနတ်မောင်းခလုတ်ကို ဆွဲညှစ်လိုက်တော့၏။

'ဒိုင်း. . .'

'ဟာ. . .'

သို့ရာတွင် သေနတ်ကျည်ဆံမှာ မိုက်ခဲမြွေငန်း၏ ရင်ဘတ်သို့ ဝင်ရောက်ခြင်းမရှိဘဲ တစ်တောင်အကွာမှ ကြမ်းပြင်တွင် ဝင်ရောက်သွားသည်ကို တွေ့ရသောအခါ ဦးသီလနှင့်မိုက်ခဲမြွေငန်း

www.burmeseclassic.com



တို့နှစ်ယောက်မှာ နားမလည်နိုင်ရှာဘဲ ဇော်ဝိတ် အယောင်ဆောင် ဂျမဒါမူးသာကို ကြည့်နေကြစဉ် မေဂျာအောင်ဒင်နှင့် အိုင်အိုနန်းထိုက်အပြင် ပုလိပ်အမှုထမ်းများ ဝင်ရောက်လာခဲ့လေတော့၏။

စားပွဲတစ်လုံး၌ စားကောင်းသောက်ဖွယ်များကို စားသောက်လျက် ရှိရင်းသတို့သားနှင့် သတို့သမီးရှိရာသို့ လှမ်းကြည့်မိကြရာမှ ဂျမဒါမူးသာကပြောသည်။

'အေးဗျာ. . . ဒီစုံတွဲကတော့ နတ်ဖက်တယ်လို့ ပြောရမတ္တတ် အင်မတန်လိုက်လျောညီထွေရှိတဲ့ စုံတွဲပေပဲဗျာ'

ထိုအခါ အိုင်အိုနန်းထိုက်က. . .

'ဟုတ်ပါတယ် မူးသာ. . . ငါလဲ မင်းပြောသလို မင်္ဂလာစုံတွဲအတော်များများကို တွေ့ဖူးပါရဲ့၊ ဒါပေမယ့် သူတို့နှစ်ယောက် လိုက်ဖက်တဲ့ စုံတွဲမျိုးတော့ရှားတယ်လို့ ပြောရပေမှာပဲ'

ဟု ဆိုလိုက်၏။

ထိုအခိုက်. . . ပုလိပ်မင်းကြီး စုံထောက်မင်းကြီးတို့နှင့် အတူ ထိုင်နေသော ရိတ္တာတော်ရ ရာဇဝတ်ဝန်ဟောင်းမေဂျာအောင်ဒင်က သူတို့ရှိရာသို့ ရောက်ရှိလာသည်။

ရောက်မဆိုက်ပင် မေဂျာအောင်ဒင်က. . .

'မင်္ဂလာပွဲမှာ အမင်္ဂလာဖြစ်မယ့် အကြောင်းကို မပြောချင်ပါဘူးလေ. . . ဒါပေမယ့်. . . ဝမ်းနည်းဝမ်းသာ ဆိုတာလို ပြောရမှာက. . . မနေ့ကတင် စက်ရှင်တရားရုံးက အမိန့်ချမှတ်လိုက်တဲ့ သတင်းပဲ'ဟုဆို၏။



အိုင်အိုနန်းထိုက်က ထိုင်ခုံတစ်လုံး ထိုးပေးလိုက်ပြီးလျှင် 'ထိုင်ပါဆရာ၊ အမှုကို ဘယ်လိုအမိန့်ချမှတ်ပါသလဲ. . . ကျွန်တော်တို့ သိပါရစေ'ဟုဆို၏။

လူအားလုံးက မေဂျာအောင်ဒင်ပြောလာမည့် စကားကို ငံ့လင့်လျက် ရှိနေကြသည်။

ဤတွင် မေဂျာအောင်ဒင်က. . .

'ဦးသိလဲကိုတော့ မြို့အုပ်ဦးဖေကြိုင်နဲ့ မန္တလေးတို့ လင်မယားကို သတ်မှုအတွက် ခိုင်လုံနေတာမို့ သေစားသေစေ အမိန့်ချမှတ်လိုတ်တယ်'ဟုဆို၏။

စုံထောက်များအားလုံးက သက်ပြင်းကိုယ်စီချရင်း ဆက်လက်ပြောလာမည့်စကားကို ငံ့လင့်လျက်ရှိနေကြသည်။

ဤတွင် မေဂျာအောင်ဒင်က ဆက်ပြောသည်။

'အဲ. . . မိုက်ခဲမြွေခွင်နန်းလို့ အမည်ရတဲ့ဇော်ဟိတ်ကတော့ ရိုးမကျားဂိုဏ်းကြီးကို ပြိုကွဲအောင်စွမ်းဆောင်မှု ပုလိပ်ဖက်က ပုဂ္ဂိုလ်တွေကို မချွင်းမချန် ကူညီမှုကြောင့် အမှုက ကွင်းလုံးကျွတ်လွှတ်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်လေ’ဟု ပြောကာ အဆုံးသပ်လိုက်တော့၏။

ထိုအခါ ဂျမဒါမှူးသာက. . .

‘ဝမ်းသာစရာပေပဲ. . . ဒါနဲ့များတောင် မောင်ဇော်ဟိတ်ဟာ သူ့အစ်ကိုတို့ရဲ့ မင်္ဂလာပွဲကို ဘာကြောင့် မတက်ရောက်တာလဲ မသိဘူးနော်. . . ဟုဆိုရာ အိုင်အိုနန်းထိုက်က စိတ်မကောင်းသော မျက်နှာနှင့် ဦးခေါင်းကို ယမ်းခါလျက်က. . .

‘ခက်တယ် မှူးသာ၊ မကြာခင်က ဇော်ဟိတ်နဲ့ ငါတွေ့ပြီးပါပြီ. . . ရှင်းရှင်းပြောရရင်. . . ဇော်ဟိတ်ခမျာမှာလဲ၊ သူ့တစ်သက်မှာ မမျှော်လင့်ဘဲ ကြုံကြိုက်တိုက်ဆိုင်ပြီး ပတ်သက်ခဲ့ရတဲ့ ဝေမွန်ရည်ကို အသဲနင့်အောင် ချစ်နေမိတာမို့ ဒီပွဲကို သူမလာရပါရစေနဲ့တဲ့ဗျာ’ဟု ဆွေးဆွေးမြွေမြွေပြောလိုက်ရှာလေ၏။

အိုင်အိုနန်းထိုက်၏ စကားအဆုံးတွင် စီအိုင်ဒီစုံထောက်များသည် မိုက်ခဲမြွေငန်းခေါ် ဇော်ဝိတ်၏အကြောင်းမလှသော ဖူးစာကံကို တွေးမိကာ ပြိုင်တူ သက်ပြင်းချလိုက်မိကြရှာလေသည်။

ပြီးပါပြီ

သူရိန်ဆွေ

BURMESE CLASSIC

www.burmeseclassic.com